


လမင်းမိုမို
နှစ်ဦးအတူ

ပုံနှိပ်ခြင်း၊ ပထမအကြိမ်
၁၉၉၃ ခုနှစ်၊ မေလ
အုပ်ရေ ၁၀၀၀
အဖုံးပန်းချီ မောင်ကျော်ညွန့်✱အဖွဲ့
ရုပ်ပန်းချီ မောင်မြင့်ရွှေ
စာအုပ်ချုပ် သီဟစာအုပ်ချုပ်အဖွဲ့
အမှတ် ၂၄၊ ၉၇ လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ခွင့်ပြုချက်
စာမူ ၂၀၄/၉၃(၃)
မျက်နှာဖုံး/ရောင် ၁၉၀/၉၃(၄)
တန်ဖိုး ၃၀ - ကျပ်

●အောင်မြင့်ထွန်း✱စာပေ
●-ရပ်ကွက်၊ မြို့သစ်
အင်းစိန်။


# လမင်းရိုရို

'နှစ်ဦးအတူ'

ထုတ်ဝေသူ - ဒေါ်လှမြတ်မို(မြ ၀၃၃၇၉)
လှမြတ်မိုစာပေ
အမှတ် ၁၃၅၊ ဒီ(၁)၊ သံလွင်လမ်း
ကမာရွတ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်တင်ရွှေ(မြ၀၁၄၄၀)
အောင်ချမ်းသာပုံနှိပ်တိုက်
အမှတ် ၅၄၊ ၉၃လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အဖုံးရိုက် - ဦးတိုးဝင်း(မြ၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်
အမှတ် ၉၆(ခ)၊ ၁၁ လမ်း၊ ရန်ကုန်မြို့။



## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
ရိုးသားကြိုးစား လုပ်အားဖြင့် နိုင်ငံတည်
ရစ်ရွာအေးချမ်းစေလို့ ဥပဒေရိပ်ကိုခို
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်

## အခန်း (၁)

အိပ်ခန်းတံခါးကို အသာကလေး တွန်းဖွင့်လိုက်တာ ဘောင် တံခါးပတ္တာများက တိုးတိုးကလေးတော့ အသံထွက် ချင်သေးသည်။ တံခါးပတ္တာများကို သည်နေ့တော့ ဆီထည့်ဖို့ မမေ့မလျော့အောင် သတိထားမှဟု 'ဂုဏ်' တွေးလိုက်မိလေ သည်။ သည်လောက် သံချေးကိုက်ပြီး သည်လောက်အထိကျပ် နေတာတောင် အသံတိုးတိုးပဲထွက်ရှာတာကို ဂုဏ် ကျေးဇူး တင်လျက် အခန်းထဲ ဖွဖွကလေး ဝင်လိုက်သည်။

ညီလေး အိပ်ရှာပါစေ။ မနိုးပါစေနှင့်ဦး။

ဂုဏ်သည် နှစ်ယောက်အိပ်ခုတင်နှင့် ထိမနေရုံတစ်မည် နီး ကပ်လှသော စားပွဲရှိရာသို့ ခပ်ဖြည်းဖြည်း ဂရုတစိုက်လျှောက် သွားခဲ့သည်။ ခြေလှမ်းနှစ်လှမ်းတွင် တစ်ချက်တော့ ထောက် ရချိဖြစ်သော ညာလက်မောင်းရင်းနှင့် မိစိုက်အားပြုထားရ သည့် ချိုင်းထောက်တုတ်ဖျားနှင့် သမံတလင်း ထိရာမှ အသံ မြည်မှာကိုတော့ ဂုဏ် မပူရတော့ပေ။

တုတ်နှင့် ဆံမတော်လင်း ထိစေတဲ့သက်က ဂုဏ်သွားနေရာတယ် တစ်လှမ်းပြီး ညာတစ်ချက်တိုင်းနှင့် စည်းချက်ကျ 'တူဒေါက် ရှဒေါက်'မြည်ပြီး လိုက်ပါနေတတ်တာကို ကာယကံရှင်ဖြစ်သော ဂုဏ်ပင်လျှင် စိတ်အနှောင့်အယှက် ဖြစ်လွန်းမက ဖြစ်ရသည်။ အဲဒါကြောင့် တုတ်ဖျားထိပ်မှာ တပ်ဆင်ဖို့ ရာဘာတုံးကလေး တစ်ခုလောက် ရှာလုပ်ပေးပါလို့ ညီလေးကို ဂုဏ်ပူဆာခဲ့တာ။ ညီလေး မြို့ထဲက ဝပ်ရှော့ပ်တစ်ခုမှာ လုပ်ခိုင်းခဲ့တာဟု ဆိုသည်။ ကားတီးတာယာအသားမျိုး ရာဘာတုံး မည်းမည်းကလေးအတွက် အဖိုးအခ တစ်ပြားမှ မကျခဲ့ပေ။

ထိုဝပ်ရှော့ပ်က ညီလေးသူငယ်ချင်းလည်းဖြစ်၊ ညီလေး ကားအမြဲပြင်နေကျလည်းဖြစ်သော ကိုလှဦး၏ ဝပ်ရှော့ပ် ဖြစ်သည်။ ရာဘာတုံးကလေးကို ဦးထုပ်ကလေးလို ခါးလယ်ထွင်းပြီး တုတ်ဖျား စွပ်ထားလိုက်ရုံပင်။ လမ်းလျှောက်ရာမှာ တဒေါက်ဒေါက်သံ မပါတော့သည့်အတွက် ဂုဏ် ကျေနပ်ပျော်ရွှင်ခဲ့ရသည်။

ဂုဏ်သည် စားပွဲရှေ့ရပ်ကာ စားပွဲကို ခါးကိုင်းကျော်လျက် စားပွဲနောက် နံရံမှ ပြတင်းပေါက်ကို အသံမထွက်အောင် ဖွင့်လိုက်သည်။ အပေါ်ချက်ဖြုတ်ဖို့ ခြေဖျားထောက်တိုင်း ဂုဏ်မှာ အခက်အခဲ တွေ့ရမြဲ။ ခုလည်း ခက်ခက်ခဲခဲပင် ပြတင်းပေါက် ပွင့်သွားပြီးသောအခါ ဂုဏ်က အခန်းဆီး အပြာနုကလေးကို ဘေးသို့ တစ်ဝက်ဆွဲကပ်လိုက်၏။



အခန်းထဲဝင်လာသော နေရောင်ခြည်၏အားဖြင့်သာ ညီလေး အလိုအလျောက် နိုးလာစေချင်သည်။ အသံဗလံ တစ်ခုခုကြောင့် ဆတ်ခနဲ လန့်နိုးရတာမျိုး မဖြစ်စေချင်ပေမယ့် အလုပ်ပိတ်ရက် မဟုတ်တာမို့ ညီလေး ကြာကြာခင် နိုးလာဖို့လည်း လိုအပ်သည် မဟုတ်လား။ ရှစ်နာရီ ထိုးခါနီးနေပြီ။

ဂုဏ်သည် ချိုင်းထောက်ကို စားပွဲမှာ မမှီဘဲ ကြမ်း[illegible] လှဲချထားလိုက်သည်။ စားပွဲမှာ မှီထားရင်း မတော်တ[illegible] ကျသော် 'ဖြောင်း'ခနဲ အသံကျယ်ကြီး ထွက်လာမှာ[illegible] ရှေ့မှာ ဆွဲထုတ်ပြီးသား အသင့်ဖြစ်နေသော [illegible] ကုလားထိုင်၌ ဂုဏ်ဝင်ထိုင်လိုက်သည်။ ညီလေး ညက ကုလား[illegible] ထိုင်မှ ထပြီး အိပ်ရာထဲ တန်းဝင်လိုက်တဲ့အထိ အိပ်ချင်နေခဲ့[illegible] သည်။

ညီလေး ဘယ်နှစ်နာရီမှ အိပ်ရရှာပါလိမ့်။

ညက ညီလေးထိုင်ဆွဲနေခဲ့သော အဆောက်အအုံပုံစံ စာရွက်ဖြူကြီးတွေ စားပွဲမှာ ပြန့်ကျဲနေသည်။ ခဲတံ ခဲဖျက်တွေသည်အတိုင်း။ ခဲတံသုံးချောင်းစလုံး တုံးနေသည်။ ဂုဏ်သည် ခဲတံချွန်စားကလေးကိုကိုင်ရင်း ခဲတံသုံးချောင်းကို ပုံဆွဲလို့ကောင်းရုံ အနေတော် အဆင်သင့်အထိ တစ်ချောင်းပြီး တစ်ချောင်း ထိုင်ချွန်နေလိုက်သည်။

“အင်း”

ခုတင်ဆီမှ အိပ်ချင်မူးတူး သံရှည်ဆွဲ အပျင်းဆန့်လိုက်သံ ထွက်လာတာမို့ ဂုဏ် ခေါင်းလေးငဲ့ကာ လှမ်းကြည့်လိုက်သည်။ ဂွမ်းစောင်အဝါကြီးနှင့် လုံးထွေးကာ အ တ်အစား

တွန့်တွန့် ဆံပင်ပွပွနှင့် ညီလေးက ခြေကိုဆန့်ထုတ် လက်ကို မြှောက်ကာ ကြောင်တစ်ကောင် အပျင်းဆန့်သလို အားရ ပါးရ အပျင်းဆန့်လိုက်ရင်းမှ မျက်စိပွင့်လာ၏။

"ဂုဏ်"

နိုးနိုးချင်းပင် ဂုဏ်ကို လှမ်းမြင်ကာ ညီလေးက အသံပြု ရ[?]ည်သည်။

တုံးကရေ

[?]လုပ်နေတာလဲ"

ဂုဏ်ပူဆ

ခတ်ချွန်နေတာ ညီလေး"

"လက်ထိမယ်နော်၊ ဘယ်နှစ်နာရီ ရှိပြီလဲ"

"ရှစ်နာရီထိုးဖို့လို့ ငါးမိနစ်"

"ဟာ...."

စောင်ကို ဆတ်ခနဲ ကန်ထုတ်ခွာလိုက်ကာ ညီလေး အိပ်ရာမှ လူးလဲထလိုက်သည်။ ခုတင်ထောင့် ရောက်သွားသော စောင်ကို ပြန်ဆွဲယူကာ ကမန်းကတန်း ခေါက်လိုက်ပြီး ခုတင် ခြေရင်းသို့ ပစ်လျက် ခုတင်ပေါ်မှ ခပ်သွက်သွက် ဆင်းလိုက် သည်။

"ညက ဘယ်နှစ်နာရီမှ အိပ်လဲ"

"နှစ်ချက်ခွဲ၊ ဂုဏ်ကလဲ နှိုးလိုက်တာမဟုတ်ဘူး၊ ဂုဏ်နိုး တာနဲ့ နှိုးလိုက်ရောပေါ့၊ နောက်ကျကုန်ပြီ...နောက်ကျကုန် ပြီ"

ပါးစပ်က အော်ဟစ်ကာ အင်္ကျီကြယ်သီးဖြုတ်ရင်း ညီ လေးက အခန်းပြင် ပြေးထွက်သွားလေသည်။



"ညီလေး၊ ဂုဏ် ထမင်းအိုးလဲ တည်ပြီးပြီ၊ ကော်ဖီလဲ ဖျော်ထားပြီးပြီ၊ ရေချိုးပြီး သွားရုံပဲ၊ သိလား၊ ထမင်းက ခု ကျ[?]ပ်တော့မယ်၊ ထမင်းဘူးက...."

"ဂုဏ်...."

အော်ပြောနေသော ဂုဏ် စကားမဆုံးခင် ညီလေး က အခန်းဝမှ ပြန်ပြူလာသည်။မျက်မှောင်ကုတ်ကုတ်ကတည်းက မကောင်းဖြစ်သွားတာရော၊ အချိန်ပု လုပ်ကိုင်စရာတွေ[?]များ တော့ပြီမို့ စိတ်သက်သာသွားတာရော နှစ်ခုပေါင်းနှင့် ဂုဏ်းလို ကိုကြည့်သည်။ ဂုဏ် စကားရပ်ကာ ပြုံးလိုက်မိ၏။

"လျှောက်လုပ်ထားပြန်ပြီ၊ ဒီတစ်ခါ ခင်ဗျားချော်လဲရ[?] ကျုပ် လေးထပ်ကနေ မြေပေါ်ခုန်ချပြီး ကိုယ့်ကိုယ်ကို သေ ကြောင်းကြံဖို့ပဲရှိတယ်၊ သိလား"

ကရုဏာဒေါသ၌ ကရုဏာပိုတာ ဂုဏ်သိနေသော်လည်း ဂုဏ် စိတ်မကောင်းဖြစ်ပြီး မျက်ရည် ဝိုင်းသွားမိလေသည်။

"ညက ညီလေး ညဥ့်နက်မှန်းသိလို့ တစ်နေ့တာလေ မနှိုး တာပါ"

"စိတ်ညစ်တယ်၊ ဒါတွေကို စိတ်ညစ်တယ်၊ ကျုပ် ဒါတွေ ကို စိတ်ညစ်တယ် ဂုဏ်ရဲ့၊ တင်း...."

ညီလေးသည် အခန်းထဲ ပြန်ဝင်လာကာ အံကြိတ်သံနှင့် ပြောရင်း ဂုဏ့်နဖူးကို နမ်းရှုပ်လိုက်သည်။ ရေချိုးဖို့တစ်ခုပဲ ကျန်တော့တာမို့ စိတ်က အေးဆေးသွားပုံလည်း ရလာကာ သူ့ထုံးစံ အီးရောရော လေးကန်ကန်ပုံစံ ပြန်ဖြစ်သွားလေ သည်။

ရေချိုးခန်းတက်ဆီထွက်သွားသော ညီလေးနောက်ကျော ကိုကြည့်ရင်း ခဲတံချွန်စ အမှိုက်တို့ကို ဘယ်လက်ဖဝါးထဲ စု ထည့်သိမ်းကာ ဂုဏ် မီးဖိုထဲ လိုက်ဝင်ခဲ့သည်။ အမှိုက်တွေကို အမှိုက်ပုံးထဲထည့်ကာ ထမင်းစားပွဲလေး၌ ဂုဏ်ဝင်ထိုင်လိုက် … ကော်ဖီကို အဆင်သင့်ငှဲ့ထည့်ပေးကာ ပေါင်မုန့်မှာ ထော …ပေးလိုက်သည်။ ရိုက်စ်ကွတ်ကာက ခလုတ်တက်သံ ရသည် …ညီလိုက်တာကို လှည့်ကြည့်ရင်း ညီလေး မျက်နှာ သုတ်ပဝါ ပါမသွားတာကို သတိမြင်မိသည်။

ဂုဏ် … နေရာမှထဖို့ ချိုင်းထောက်ကိုဆွဲတုန်းရှိသေး ရေချိုး ခန်းတံခါးပွင့်ကာ ညီလေးထွက်လာသည်။

"ဒါက ဘယ်သွားဦးမှာလဲ"

"မျက်နှာသုတ်ပဝါပါ၊ ညီလေးထွက်လာပြီဆိုတော့ ညီ လေးပဲ တစ်ခါတည်း သွားယူတော့"

ဂုဏ် တလှုပ်လှုပ် တရွေ့ရွေ့နှင့် တစ်ခုခုလုပ်ဖို့ ကြိုးစား နေလျှင် ညီလေး စိတ်တိုင်းမကျဘဲ မျက်နှာထင်းမာတတ်လေ သည်။ ဂုဏ်ကိုချစ်စိတ်နှင့် ညီလေးညှာတာတာကို သဘော ပေါက်သော်လည်း ဂုဏ် စိတ်မကောင်းပေ။ စိတ်ကူးယဉ် မျှော်လင့်ခဲ့ရသော တက်ကြွရှင်သန်းစဖွယ် အိမ်ထောင်ရေး ခရီးသည် အလှမ်းဝေးဝေး၌ မှုန်ပျပျလောက်သာ မြင်ရနိုင် တော့လျက် တကယ်ဘဝ လက်တွေ့ဘဝက လူ့လောကထဲ အများသူငါလို တိုးဝင်လမ်းလျှောက်နေဖို့ မပြောနှင့်၊ အိမ် ခန်းမကျဉ်းမကျယ်လေး တစ်ကွက်ထဲမှာပင် ဟိုဟာမလုပ်နိုင်၊



သည်ဟာမဖွမ်းနိုင်ဘဝနှင့် အသုံးမကျစွာ စိတ်ဓာတ်ကျကျ ထိုင်နေရသောဘဝ။

စိတ်မြန်လက်မြန်နှင့် ဖျတ်လတ်တက်ကြွသော ဂုဏ်ခင်တာ မိန်းကလေးတစ်ယောက်အဖို့ သည်လို ဘဝအခြေအနေသော နှုတ် အော်ဟစ်ငို ရှုံးပစ်ချင်လောက်စရာ၊ စိတ်ဓာတ်ပျ… လောက်စရာ အခြေအနေတစ်ခု ဖြစ်သည်။ ဂုဏ်…းဖူးကတည်းက ထစ်ချက်ချပြီး ပေါင်မုန့်တစ်ချပ် ကောက်ယူပြီး …ပ်လောက်များ ဖတ်ခနဲ ခေါင်းကို အဖုတ်ခံလိုက်ရလျက်… …ညီလေးလို

"လင်ယောက်ျား မစားခင်စားသော ဇနီးမယား… သလို လတ်တလော ဆုံးမရတယ်"

နောက်ပြောင်စကားမှန်း သိသော်လည်း စိတ်အားငယ် နေသော ဂုဏ်မှာ မပြုံးနိုင်ဘဲ ဖြစ်နေလေသည်။ ဆံပင်ရေ စို၊ မျက်နှာသုတ်ပဝါကို လည်ပင်းမှာချိတ်ကာ အင်္ကျီကျွတ် နှင့် ပုဆိုးတိုတိုက မရေစိုလျက် ညီလေးပုံစံသည် ကျောင်းသား ကလေးတစ်ယောက် ပုံစံနှယ် နုမျစ်နေတုန်း၊ ဖြူဖွေးသော အသားရောင်နှင့် ဆံပင်၊ မျက်ခုံး၊ မျက်လုံးတို့၏ နက်မှောင် သော အရောင်သည် ညီလေးရုပ်ကို ပိုပြီး ဖြတ်သားထင်ရှား စေကာ ပိုပြီးတော့လည်း ကြည့်ကောင်းစေသည်။

ညီလေးရဲ့ရုပ်ရည်သည် ပါးနပ်ပြီး လျို့ဝှက်တတ်သော မျက်လုံးအစုံကြောင့် တစ်ခါမြင်ဖူးလျှင် မှတ်မိနေစေနိုင်သည့် ရုပ်မျိုး ဖြစ်သည်။ ထိုမျက်လုံး၏ လျှင်မြန်ရှုးရဲမှုကို မေမေနှင့် မေမေ မနှစ်မြို့ချေ။ သို့သော် ညီလေးတစ်ကိုယ်လုံး၌ ဂုဏ် ရင်အမှိုဆုံးမှာ ထိုမျက်လုံးဖြစ်သည်။

ဟန်ဆောင်ကောင်းတတ်မည့် လူတစ်ယောက်ဆိုတာ မျက် [illegible]ကြည့်ရုံနှင့် သိသာသလို ဂုဏ်၏အဖိုးကတော့ ရည်းစား အမှုကိုပစ်နှစ်ခွဲ၊ အိမ်ထောင်သက် တစ်နှစ် စုစုပေါင်း နှစ်နှစ် [illegible]ကော်မှာပေါ့အကြုံအရ ဟန်ဆောင်မှု အကြိမ်ကြိမ် ကြုံခဲ့ [illegible]ခေါမကကတွေ့အရ သေချာလို့ နေပေပြီ။ ရ[illegible]သလို ဟန်ဆောင်ကောင်းသည်။ ထို့အပြင် လူရည် [illegible] ဝင်ထွက် ပေါင်းသင်းတတ်သည်။ လူချစ် လူခင် [illegible] လူမှုန်းလည်းများတတ်သော စရိုက်မျိုးရှိသူ တစ် ယောက်ဖြစ်သည်။ ညီလေးသူငယ်ချင်းများဆိုလျှင် ညီလေး ကို အင်မတန် ချစ်ခင်[illegible]သည်။ ညီလေးနှင့် မိတ်ဆွေသူငယ် ချင်း ဖြစ်သွားသူတို့သည် တခြားမိတ်ဆွေ အပေါင်းအသင်း ထက် ညီလေးကို ပိုမိုခင်တွယ် လိုလားသွားတတ်ကြသည်။

နောက်ဆုံးမှ ခင်သူဖြစ်သော်လည်း အရင်းဆုံး ဖြစ်သွား စေသည့် အရည်အချင်းမျိုး ညီလေး၌ ရှိသည်။ ညီလေးရဲ့ ပတ်ဝန်းကျင်လောကတွင် ညီလေးသည် မရှိမဖြစ်။ ညီလေး သည် အကြွေးကိုပေးပြီးတော့လည်း ဆရာလုပ်တတ်သည်။ နည်းနာယူပြီးတော့လည်း တပည့်ခံတတ်သည်။ လက်ညှိုးညွှန် ပြီး ခိုင်းစေတတ်သလို ဖင့်ပေါ့ပေါ့နှင့် အောက်သက်ကျေ တတ်သည်။ ညီလေးပါသောကိစ္စတွေ အောင်မြင်မှုရတာများ သည်။ ညီလေးသည် မှင်နှင့်မောင်းနှင့် ဟောက်ဟန်၍ လည်း ကောင်း၊ ယို့ယို့ ကျိုးကျိုးခေါင်းငုံ့ လျှိုး၍လည်းကောင်း လို တာကိုရအောင်ယူတတ်သည်။ ညီလေးက ပုံစံမျိုးစုံနှင့် နေရာ တကာ အသုံးကျသော သူမျိုး ဖြစ်သည်။



ထို့ကြောင့် ညီလေးမိတ်ဆွေတို့ထဲက အကြောင်းသိ လူ ရင်းတွေက ညီလေးကိုတင်စားသောအမည် ရှိသည်။ 'မာစတာ ကီး'....။ ညီလေးသည် နည်းမျိုးပေါင်းစုံနှင့် ပိတ်နေသော နှတ် ခမ်းအစုံကို ပွင့်စေတတ်သူတည်း၊

'မာစတာကီး' ဆိုသောအမည်ကို ကြားဖူးကတည်းက ဖေဖေရောမေမေပါ နှာခေါင်းရှုံ့သည်။ ဘယ်လောက်များ လူလည်ကျလိုက်မယ့် နာမည်မျိုးလဲ....တဲ့။ ဂုဏ်တို့ ညီလေးလို လူရဲ့ လက်ညှိုးလေး တစ်မွေ့စာပဲ ရှိတဲ့သူ ဟု ဂုဏ်မိဘတို့က ဆိုသည်။

ဟုတ်တော့လည်း ဟုတ်ပါရဲ့။

ညီလေးဆိုသော မာစတာကီးသည် တခြားသော့တွေကို တော့မသိ၊ ဂုဏ်နှလုံးသား တံခါးသော့ကိုတော့ အလွယ် တကူ အချိန်တိုနှင့် ဖွင့်လှစ်ဝင်ရောက် နိုင်ခဲ့တာပဲ။

''ဂုဏ်....ဒီနေ့ည ညီ အိမ်ပြန်နောက်ကျမယ်''

ကော်ဖီငုံ့သောက်နေရာမှ ဂုဏ်မျက်နှာမပျက်စေဘဲ မော့ ကြည့်လိုက်သည်။ ညီလေးရဲ့အလုပ်ချိန် နံနက်ရှစ်နာရီခွဲမှ ည နေ လေးနာရီခွဲ။ စုစုပေါင်း ရှစ်နာရီ။ ထိုရှစ်နာရီအချိန်ကို ကုန်မှန်းမသိကုန်သွားအောင် ဂုဏ် ဘယ်လိုကုန်ဆုံးစေရသလဲ၊ ညီလေး မသိပါ။ ဂုဏ်လည်း ပထမတော့ ဘယ်လိုကုန်ဆုံးစေရဲ့ မလဲ မသိပါ။ နောက်တော့လည်း တဖြည်းဖြည်း နှင့် လ ပေါင်းများစွာ လေ့ကျင့်ကာ နေတတ်ခဲ့ရတော့သည်ပဲ။

အိမ်ရှေ့က တိုင်ကပ်နာရီမှ တစ်နာရီပြည့်တိုင်း ဒေါင်ဖင် သံ တစ်ကြိမ်ကြားရမြဲဖို့ အသံတစ်ကြိမ်ကြားတိုင်း ဒိတ်ခနဲ ရင်ခုန်ကာ ဂုဏ်ပျော်ရသည်။ ညီလေးပြန်ရောက်ချိန်နှင့် နီးသော နောက်ဆုံးပိုင်း ဒေါင်ဒေါင်ဒင်ဒင်တို့သည် ဂုဏ့်နား ထဲ၌ ဂီတသံသက်ဝင် ချိုမြိန်သည်။

စောင့်ရဖန် များလာသော် ဂုဏ်သည် ငါးမိနစ်ပိုစောင့် ရလျှင်ပင် ငါးမိနစ်စာ သိသိသာသာ ပိုကြာတာကြီးကို မုန်း လှသည်။ ငါးနာရီထိုးလို့မှ ညီလေး ပြန်မရောက်သေးလျှင် တစ်မိနစ်တိုင်း၊ တစ်မိနစ်တိုင်း၌ ဂုဏ့်စိတ်သည် စိုးရိမ်ပူပန် ခြင်း၊ အလိုမကျခြင်း၊ ဆောက်တည်ရာမရခြင်းတို့နှင့် မထိန်း နိုင်မသိမ်းနိုင် ယောက်ယက်ခတ်လို့ နေတတ်လေသည်။

တစ်သက်လုံး မိန်းမစွဲခဲ့သော ယောကျ်ားချောချောကို ပိုင်ဆိုင်ထားရသည့် ဒုက္ခိတ မိန်းမတစ်ယောက်အဖို့ တစ် မိနစ် နောက်ကျလျှင်ပင် သူ ပစ်ပြေးပြီလားဟု အားငယ် သံ သယ ဝင်ရခြင်းနှင့် စိတ်မအေးလက်မချနိုင်အောင် ပူလောင် စရာ ကောင်းလှ၏။ သို့သော် ဂုဏ်သည် ဒါတွေကို ညီလေး ထံ ဖွဲ့နွဲ့ရင်ဖွင့်နေခြင်းဖြင့် ညီလေးအား စိတ် အနှောင့် အယှက် မပေးလိုပေ။ ညီလေးလို လူတစ်ယောက်၏ ဘဝထဲ၌ နောက်ဆံတင်းချင်စရာ၊ စိတ်ခုတ်ကျချင်စရာ မစွမ်းမသန် နေထိုင်သည့်တစ်ဦးရန်ရာမှ ပါဝင်ကပြ ပတ်သက်နေရခြင်းသည် ပင်လျှင် တော်တော်ကြီး စိတ်အနှောင့်အယှက် ပေးထားရာ ကျနေပြီးပြီ မဟုတ်လား။ သို့သော် ထိုသို့ပြောလျှင် ညီလေး စိတ်တိုမည်။



ဂုဏ်သည် ခုနောက်ပိုင်း အလိုအလျောက် စကားနည်း ကာ ဘာကိုမဆို မျိုသိပ်လိုက်ဖို့ မခက်ခဲလှသူလေး ဖြစ်မှန်းမသိ ဖြစ်လို့နေပေပြီ။

"ဂုဏ်...ညီပြောနေတာ ကြားရဲ့လား"

"ကြားပါတယ်"

"ကြားရင် ပြန်မေးလေကွာ၊ ရှင် ဘယ်လျှောက်သွား မလို့လဲ၊ လျှောက်လည်မှာလား၊ လက်ဖက်ရည်ဆိုင်လား၊ ဘာလားညာလား၊ အိမ်မှာ မိန်းမ တစ် ယောက် တည်း... စသဖြင့်ပေါ့၊ ရည်းစားဘဝတုန်းက ဗလစ်ဗလစ်နဲ့ အား ကြီး နားငြီးဖို့ကောင်းတဲ့ ဒီပါးစပ်ကို ဘာလို့ ပိတ်ထား တာလဲ၊ ရန်လုပ်မှာပဲ၊ စွာမှာပဲ ဆိုတဲ့ ပါးစပ်လေ၊ ဟောဒီ ပါးစပ်"

ဂုဏ့်နှုတ်ခမ်းကို လာထောက်သော ညီ့လက်ညှိုးကြောင့် ဂုဏ်က ခေါင်းကလေး မသိမသာ တိမ်းလိုက်သည်။

"ဂုဏ်မမေးတော့ပါဘူး ညီလေးရယ်၊ စစ်ဆေးမေးမြန်း နေတာ မယုံကြည်ရာကျပါတယ်၊ ညီလေး သွားစရာရှိတာ သွားပေါ့"

"ဂုဏ်..."

ညီလေး မျက်မှောင်ကုတ်ကာ စိတ်ညစ်သွားပုံရသည်။

"အဲသလို စိတ်ကူးယဉ်သလိုလို၊ စိတ်ခုတ်ကျသလိုလို စကားမျိုးတွေ ညီ မကြိုက်ဘူး၊ မပြောပါနဲ့လို့ အကြိမ်ကြိမ် ပြောဖူးထားပြီးပြီ၊ ခင်ဗျားနဲ့ကျုပ် လင်မယားပဲ၊ ကျုပ် ဘယ်တွေလျှောက်သွားနေမလဲ၊ ခင်ဗျားစစ်ရမယ်၊ မေးတဲ

ပစ်မထားနဲ့၊ သိလား....ပစ်မထားနဲ့၊ထင်ရာလျှောက်လုပ်သွားတတ်တယ်၊ စိတ်ချသလိုလို၊ လက်လျှော့သလိုလို လုပ်မနေနဲ့၊ ကျုပ်က ခွင့်မပြုဘူးယောက်ျား"

ညီလေး ဒေါသထွက်ပြီ။ ခုတလော တိုတောင်းလွယ်နေသော ညီလေးစိတ်ကို ဂုဏ် သတိပြုမိလျက် စိတ်မကောင်းဖြစ်မိလေသည်။ ညီလေး ကိုယ့်ကိုယ်ကို မရိုပ်မိဘူးနော်။ လန်းဆန်းတက်ကြွလွန်းသော ညီလေး ကိုယ့်ဘဝကို ကိုယ် မကျေမနပ် ဖြစ်စပြုနေပြီ မဟုတ်လား။ အဲသလို ရိပ်မိခံစားနေရသော ဂုဏ့်မှာတော့ ကိုယ့်ဘက်ကို သူ စိတ်ကွက်သွားနိုင်မည် ထင်သမျှ အလိုက်တသိ ရှောင်ရှားပေးနေမိတာ။

ဘာမှ အသုံးမကျသော မိန်းမတစ်ယောက်ဟာ အသုံးမကျရင် မကျသလို အေးအေးနေနေဘဲ ပူညံညံစွက်ဖက်နေခြင်းအားဖြင့် ညီလေး ပိုမို စိတ်ပျက်လာတာမျိုး ဖြစ်မှာကို ဂုဏ်ကြောက်တာပါ။

"ကဲ....မေးမှာလား၊ မေးမှာလား"

လက်ဝါးနှစ်ဖက်ဖြန့်ကာ ညီလေးက ဂုဏ့်ကို ခပ်ဆတ်ဆတ် မေးသည်။ ဂုဏ့် အဖြေကိုမစောင့်ဘဲ ထမင်းဘူး ကယူကာ လျှပ်စစ်ထမင်းအိုးမှ ထမင်းတွေ ခူးခပ်ကော်ထည့်နေသော မျက်နှာသည် မှုန်သိုးသိုး။

"ညီလေး....ဘယ်သွားမလို့လဲ"

ဂုဏ်က သူ့စိတ်တိုင်းကျ မေးပေးလိုက်ရင်း အသံတုန်သွားလေသည်။အဲသလို သူ့အလိုက် လျှောနေရတာဟာ ကိုယ့်ကို ပစ်ပြေးမှာ ကြောက်လို့။ ကိုယ့်ကို ပစ်ပြေးမှာ ကြောက်နေ



ရအောင်လဲ ကိုယ်ဟာ သူ့ဘဝမှာ ခြေလှမ်းညီညာပါနိုင်မည့် အဖော်မဟုတ်တော့ဘဲ တကူးတက စောင့်တွဲခေါ်ယူရမည့် အဖော်ဝန်ပိုဖြစ်နေတာ။ ဂုဏ်သည် မေးလိုက်ရခြင်းအပေါ် ခါးသီးသော ခံစားမှုကို မနည်းမျိုချလိုက်ရသည်။

"ဦးခင်မောင်ဇော် သိလား၊ သူ့မိန်းမ ဆေးရုံတင်ထားတာ သွားကြည့်ရမယ် ဂုဏ်ရဲ့၊ တစ်ခေါက်မှ မရောက်သေးဘူး"

"ခြော်....ညီလေးတို့ဆိုက်က ဦးခင်မောင်ဇော် မိန်းမ ဆေးရုံတင်ရတယ်၊ ဘာရောဂါ ဖြစ်လို့လဲဟင်"

"ဗိုက်ရောဂါဖြစ်လို့"

"ဗိုက် ဘာဖြစ်လို့လဲဟင်၊ အစာအိမ်လား"

"ဗိုက်မှုတဲ့ရောဂါ ဖြစ်လို့တဲ့ကွာ၊ အဲဒါ ဆေးရုံတက်ပြီး ဗိုက်ထဲက ကလေးတစ်ကောင် ထုတ်လိုက်တာ ရောဂါပျောက်သွားပြီ၊ နက်ဖြန် ဆေးရုံက ဆင်းရမှာမို့လို့....တစ်ခေါက်မှ မရောက်လိုက်ရင် တာဝန်မကျေ ရှိမှာစိုးလို့ အချိန်မီလေး ဒီညနေ ပြေးရမှာ၊ ကဲ....သိပြီလား"

ဂုဏ်သည် ညီလေးကို ချစ်စနိုးကြည့်ကာ ရယ်မောနေမိသည်။ သို့သော် ဂုဏ့်ရယ်လက်စသည် မဖော်ရှည်ပေ။ ကလေးတဲ့နှင့် ဤမျှနှင့် ရပ်မသွားဘဲ....

"အထီးလေးတဲ့ကွ"

ဟု စကားဆက်လိုက်သော ညီလေးကြောင့် ဂုဏ့်ရယ်သံတိတ်သွားရလေသည်။ ထမင်းဘူးကို လက်သုတ်ပဝါနှင့် ထုပ်တာ ညီလေးက အိပ်ခန်းဆီ အပြေးရောက်သွားသည်။ အင်္ကျီ

တ ကမန်းကတန်း လဲလှယ်ဝတ်စားကာ လွယ်အိတ်တစ်ဖက်၊ ကျူ့ကျူ့လိုပ်တွေတစ်ဖက်နှင့် ခေါင်းရေစိုကို မသုတ်ဘဲ ဖရိုဖရဲ ဥချိန်းသုန်းကား ထွက်လာသည်။ ထမင်းဘူးကို လွယ်အိတ်ထဲ သေပုံးထည့်လျက်....

“လုပ်စိလုပ်စိနဲ့ မတော်တရော်တွေ လျှောက်မလုပ်နဲ့၊ ချော်မလဲစေနဲ့၊ ထမင်းများများစား၊ အောက်က လမ်းပေါ်က တွေ့ကရာ မုန့်သည်ကို ဝရန်တာက ထွက်ခေါ်ပြီး အပေါ်လာ ကိုခိုင်းတာမျိုး လုံးဝ မလုပ်ပါနဲ့၊ မရင် အဝတ်လျှော်ပြီး ပြန် တာနဲ့ ဂုဏ် တစ်ရေးတစ်မောအိပ်၊ တောင်တောင်အီအီ လျှောက်တွေးနေတာတို့၊ အညောင်းဆိုင်းပြီး ပန်းချီဆွဲနေတာ တို့ မလုပ်ပါနဲ့၊ မရင် ယူလာတဲ့ ဟင်းချိုင့်ကိုလဲ သူ့ဟာသူ လုယ်ပြီး ဆေးပါစေ၊ ဝင်မပါနဲ့၊ ကြားတယ်နော်”

“ချွန်ထားတဲ့ ခဲတံတွေ ထည့်ပြီးပြီလား။ ကျန်ခဲ့ဦးမယ်၊ ကားသော့ကော”

ဂုဏ်က ခေါင်းညိတ်ပြနေရင်းက ကိုယ်ပြောချင်တာ ဖြတ် ပြောလိုက်သည်။ ချိုင်းထောက်ကိုလည်း လှမ်းဆွဲယူ ထရပ် လိုက်၏။ နေ့တိုင်းမှာနေကျ ညီလေးစကားတွေကို ဂုဏ် အလွတ်ရလျက်ရှိပြီ၊ အားလုံးကိုလည်း လိုက်နာတာ မဟုတ် ပေ။ ပျင်းလွင် ပျင်းသလို မုန့်သည်နှင့် အာလူးဖုတ်ရ နည်း သလားဆိုပြီး ဂုဏ်က မုန့်အော်ခေါ် ဝယ်စားသည်။ ပန်းချီ ဆွဲတာကလည်း တတ်လွန်းလှလို့ မဟုတ်ပေမယ့် အချိန်ဖြုန်း နည်း တစ်မျိုးမို့ ဂုဏ် နေ့စဉ်လုပ်နေကျ။ တောင်တောင်အီအီ



တွေးဖို့ကိုတော့ ဘယ်လိုမှ ထိန်းမရပေ။ တစ်ရေးတစ်မော အိပ်ဖို့ရာကိုလည်း မျက်စိက အမြဲဆန့်ကျင်ကန့်ကွက်သည်။

“ကဲ....တံခါးသော့ခတ်”

ညီလေးက နောက်ဆုံးခြေလှမ်းအထွက်မှာတောင် မှာစရာ မကုန်ပေ။ ဂုဏ်သည် ညီလေးကို တစ်နေကုန်စာ ကြိုတင်လွမ်း ဆွတ်မှုနှင့် တဝကြည့်ရင်း....

“ဆံပင်ရေစိုနဲ့ နေပူထဲ ရုတ်တရက် မထွက်နဲ့နော် ညီ လေး”ဟု နောက်ဆုံးတစ်ခွန်း အော်ဟစ်မှာလိုက်သည်။ လှေ ကားမှ ပြေးဆင်းသွားသော ညီလေးခြေသံတွေလုံး ပျောက် သွယ် အဆုံးသတ်သွားမှ ဂုဏ် တံခါးကို ဆွဲပိတ်လိုက်လေ သည်။

တိတ်ဆိတ်ပြီး ကျန်ရစ်သော အခန်းကလေးကို စိတ်ကျဉ်း ကျပ် အလိုမကျမှုနှင့် ခပ်ကြမ်းကြမ်း ဝေ့ကြည့်လိုက်ရင်း ဂုဏ် အောက်နှုတ်ခမ်း တင်းတင်းကိုက်လျက် မျက်ရည်မကျ အောင် တားထားရသည်။ ဂုဏ် ဘာကိုမှ စိတ်တိုင်းမကျ။ ဤအခြေအနေ ဤဘဝကို ဂုဏ် မကျေနပ် မပျော်ပိုက်ပေ။

“ညီရှင်းရေ....ညီရှင်း”

“ဗျား....ရှိတယ်”

အပြင်ဘက်က ခေါ်သံကို အသံပြန်ပြုလိုက်ရင်း ညီ စား ပွဲမှ ရုတ်တရက် မထနိုင်ပေ၊ သူဆွဲထားသော အစည်းအဝေး ဆောင် ပုံစံကို ဘယ်ဟာလိုချင်သေးသည်၊ ဘယ်ဟာဖြည့်ချင် သေးသည် ကြေးများထားသော သူ့ဆရာရဲ့ မှတ်ချက်စာရွက် ကလေးကို ဖတ်ရင်း ဆရာလုပ်သူပြောသလို ပြင်ဆင်ဆွဲလိုက်

ရင် ဘယ်အချက်တွေ အဆင်မပြေနိုင်စရာ ရှိသည်ဆိုတာ ပြန်
ပြီး တင်ပြကန့်ကွက်ဖို့ အသေးစိတ် စဉ်းစားရေးမှတ် နေမိ
သည်။

အက်ဒ်ဗိုက်စာလို့လည်း နာမည်တပ်ထားသော ညီ့ဆရာ
ဦးလူကလေးသည် ညီတို့ထက် အများကြီး ပညာစေတတ်ခဲ့
ပြီး အများကြီး ပိုပိုစီနီယာကျပေမယ့် ကိုယ်တိုင်မလုပ်ဘဲ ငွေ
ရင်းနှင့်သာ လုပ်စားလာတာ နှစ်ပေါင်းကြာသောအခါ
ပညာရပ်ပိုင်းကို အမေ့မေ့အလျော့လျော့ ပေါ့ပေါ့ဆဆ ရှိ
လာသည်။ သူကိုယ်တိုင် ပုံစံတစ်ခုထုတ်ဖို့ကို အပျင်းကြီးပျင်း
သော်လည်း သူများထုတ်ထားသော ပုံစံကိုတော့ အနည်းဆုံး
အချက်ငါးချက်လောက် ကြေးများကာ စိတ်ကူးတည့်သလို
ပြင်ဆင်ဖို့ အမြဲနိုင်ထွက်လာတတ်မြဲ။

သူ့လက်ရာ လုံးဝကင်းနေသည် ဆိုတာမျိုး မဖြစ်လိုတာ
တစ်ခုကြောင့် သူ့စိတ်ကူးထဲ ပေါ်သည့်အတိုင်း ဆတ်ခနဲ ပြင်
ခိုင်းလိုက်တာမျိုးသာ ဖြစ်လျက် တကယ်တမ်း ရှည်ရှည်ဝေး
ဝေး အလေးအနက်တွေးတာမျိုး မပါဝင်ကြောင်း အသေ
အချာ သိသောညီသည် ဆရာဖြစ်သူကို အလိုလိုက်တန်တာ
လည်းလိုက်၊ ကန့်ကွက်တာလည်း ပြန်ကန့်ကွက် လျှော့ချည်
တင်းချည် ဆက်ဆံနိုင်လွန်းသဖြင့် သူ့လက်စွဲအဖြစ် ကြာကြာ
မြဲခွင့် ရနေခြင်းပင်တည်း။

တစ်ချက်တလေမှ သူ့စိတ်ကူးစိတ်သန်း မပါလိုက်ရလျှင်
ဆရာဦးလူကလေးလိုလူမျိုး ဘယ်ကျေနပ်မလဲ။ 'ကျုပ်က ဒီနေ
ရာကို ဒီလိုအိုက်ဒီယာနဲ့ လုပ်လိုက်တယ်' ဆိုတာမျိုး သူ့မှာ



ပြောကွက်ရဖို့ လိုအပ်သည်။ ငွေရှင်လည်း ငွေရှင်၊ မေ့လျော့စ
ပြီဆိုသော်လည်း ပညာတွေ တတ်တော့တတ်ထားဖူးသော
ဘဝင်မြင့်မြင့် ဦးလူကလေးလို လူမျိုးအတွက် တပည့်ကချန်
ထားပေးလိုက်ရသော ဆရာစား ချန်နည်းမျိုးပဲ ဖြစ်ဖြစ်ပေါ့။

"ညီရှင်းရေ၊ ဒီမှာ ညွှန်သည်ကွ"

"ဘယ်သူလဲဗျို့....လာမယ်၊ ကျွန်တော့် ညွှန်သည်လား"

"ဆရာ ဦးလူကလေးတဲ့"

ဆရာ့ညွှန်သည်ပဲ။ ဒါဆို ထွက်မှ။

ညီသည် ပုံဆွဲစဉ်ကတည်းက ဆရာမြင်လို့ရအောင် တမင်
ချန်ရစ်ပေးသော အကွက်ကို ဆရာက မြင်တွေ့ထောက်ပြထား
တာကို ပြုံးရင်း နေရာမှ ထလိုက်၏။ ခေါင်းမိုးစောက်တစ်ခု၏
အားနည်းချက်တွေ ညီမသိတာမှ မဟုတ်ဘဲ။ သည်လောက်
ထင်ရှားနေတာမျိုးကိုတော့ ဆရာလည်း အပြစ်မှန်း သိမည်
ပင်၊ ဒါကြောင့် ဆရာ ပြင်ကိုပြင်လိမ့်မည်ဟု ညီတွက်ဆလျက်
တမင် မဖြစ်သင့်တာကို ထည့်ပေးထားခဲ့သည်။ ဒါမှ ဦးလူ
ကလေး မြင်တဲ့အခါ 'ဟုတ်တယ်ဆရာ၊ အဲဒါမှ ကောင်းပေါ့
တယ်' ဟု ညီ လက်သင့်ခံ လိုက်လျောနိုင်မှာ။

သူပြင်ဆင်သမျှ တစ်ခုမှ ညီကလက်မခံလျှင် ညီ ဘယ် သက်
ဆိုးရှည်မလဲ။ လက်ခံပြင်ဆင်လိုက်သော အဖြစ်ကို ဆရာအသိ
အမှတ် ပြုစေလိုသဖြင့် ဆရာ ပြင်ကိုပြင်လိမ့်မည် ထင်သည့်
အပြစ်ကလေးတွေကို နမူနာပုံကြမ်း၌ ထည့်ဆွဲနေရတာဟာ
လည်း တာဝန်တစ်ခု ဖြစ်နေခဲ့ပြီ။ ဒါမှလည်း သူပြင်တာကို
လက်ခံခေါင်းညိတ်ခြင်းအပေါ် မျက်နှာကောင်းရလျက် ညီ

မမြင်လိုတာကို ဇွတ်တိုးကန့်ကွက် ငြင်းဆန်ခွင့် သာပေလိ
မည်။ ဒါကြောင့်လည်း ဆရာက ညီ့ကို ခင်မင်စွာ လက်ခွဲပြ
သည်။ "သူလို ဖင်ပူအောင် မထိုင်ချင်ဘဲ လမ်းများချင်သူ တ
ယောက်အဖို့ လက်စွဲတပည့်ကျော် ရှိကိုရှိမှ။ မျက်နှာလွှဲနိုင်သ
ရှိကိုရှိမှ"။

ထိုတပည့်ကျော်သည် သူ့ဂုဏ်ကိုလည်း ဆောင်နိုင်ရမည်
သူ့မျက်နှာကိုလည်း မဖျက်ရ။ သူ့ပညာကိုလည်း အလေ
ထားရမည်။ သူ့ကိုယ်ရည်ကိုယ်သွေးကို သူ ယုံကြည်ဘဝင်မြ
နေနိုင်သော အခြေအနေရှိအောင် ညီက ဖေးကူ တွန်းပို့ရပေ
မည်။

တစ်ခါတစ်ရံတော့ သိသိကြီးနှင့် သူမြင်နိုင်ဖို့ ချန်ရစ်
သော အကွက်တို့အတွက် 'မစ်းကလဲ ဒါလေးတောင် မတွေ
တတ်ဖြန်ဘူး' အစရှိသော ကိုယ်ရည်သွေး ဖြစ်တင်စကားတ
ကို အောင့်သက်သက် သွားဖြဲခေါင်းညိတ်ရလေသည်။ 'ဒီ
ရာမှာ ဒီလိုကလေး လုပ်လိုက်တယ်' ဟု သူ့ အိုက်ဒီယာအဖြစ်
အကြီးအကဲထံ ရောက်သွားသော အခါမျိုး၌လည်း စိတ်ကို
ဖြေသိမ့်နိုင်အောင် ညီ ကျင့်ထားရသည်။

သူ့အတွက် ဖြစ်သွားတတ်တာတွေဟာ ညီ့အတွက်လည်း
ပါတာပ ပါ။ ညီ အလုပ်ထဲ မြဲနေဖို့အတွက်ပေါ့။ အဆက်အသွယ်
ကောင်းကောင်း၊ နာမည်ကောင်းကောင်းနှင့် အလုပ်များစွာ
ရတတ်သော ဦးလှကလေးထံမှာ ညီ မြဲနေသမျှ ညီလည်း ဝင်
ငွေကောင်းဖို့သာ။ ညီနှင့် ညီ ဆရာ ဦးလှကလေးသည် တစ်ဦး
ကိုတစ်ဦး ထိုသို့ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဖြစ်နေသဖြင့်



ရုံပန်ရုံခါ ဦးနှောက်ခြောက်ရ၊ နားပူရ၊ စိတ်ညစ်ရသော
အသေးအဖွဲ့ ကိစ္စကလွဲလျှင် ယနေ့ထိ ပြဿနာမရှိ။

ငွေနှင့်ပေါက်ပြီး ညီ့လို နောက်တစ်ယောက်မက ရှာနိုင်
သော ဦးလှကလေးအပေါ် ညီကတော့ ပိုမိုပေးဆပ်ရမှု များ
ပေသည်။

"ဆရာ မြို့ထဲသွားတယ်ဗျ၊ ဘယ်မှာလဲ ညွှဲသည်"

ညီသည် ယာယီ ရုံးခန်းလေးတံခါးကို ဖွင့်ထွက်ကာ တံခါး
ဝမှာ အင်ဂျင်နီယာ ကိုဝင်းမြင့်ကို မေးဆတ်ပေးလိုက်သည်။

"ဟိုမှာ"

ကိုဝင်းမြင့်က မလှမ်းမကမ်းရှိ ဆန်နီအနီရဲရဲ ဆလွန်းကား
လေးကို မေးငေါ့ရင်း ညီ့ လက်ထဲ ဖိတ်စာတစ်စောင် မြုံး
မြုံးဖြဲထည့်သည်။ ကိုဝင်းမြင့်၏ မြုံးမြုံးဖြဲသည် ကားနံဘေးမှာ
ညီ့ဘက် ကျောခိုင်းရပ်နေသော အမျိုးသမီးတစ်ယောက်
အတွက် ဖြစ်ပေါ်နေသော မြုံးမြုံးမှန်း ညီကရိပ်မိကာ ကို
ဝင်းမြင့်၏ ခေါင်းဆောင်း ဖိုက်ဘာဦးထုပ်ကို လက်သီးနှင့်
တစ်ချက်ထိခတ်လိုက်သည်။

"ဒါက ဘာလဲ"

"ဒီဖိတ်စာ လာပေးတာတဲ့၊ ဦးလှကလေး မရှိဘူးလို့ ငါ
ပြောပါတယ်၊ ဘယ်အချိန် ပြန်ရောက်မလဲရယ်၊ သူ့ အိမ်ကို
ဘယ်အချိန်ပြန်လဲရယ် သိချင်လို့တဲ့၊ မင်းဆက်လုပ်လိုက်ပေါ့"

"ခင်ဗျားပဲ ပြောလိုက်လေဗျာ၊ အိမ်ပြန်ချိန် ပုံမှန်မရှိ၊
အခုပြန်ရောက်နိုင်တဲ့အချိန် မသိလို့"

"မင်းပဲပြောကွာ၊ ငါက မိန်းမခပ်လှလှတွေနဲ့ စကား မပြောတတ်ဘူး"

ပြောပြောဆိုဆို ကိုဝင်းမြင့်သည် ဦးထုပ်ကို မြင်ဆောင် ရင်း အမျိုးသမီးဘက်သို့ လှည့်ကြည့်လှည့်ကြည့်လုပ်ကာ ထုံး အတိုင်း ပြုံးဖြီဖြီ ထွက်သွားလေသည်။ ညီက ရယ်ချင်စိတ်နှင့် ကိုဝင်းမြင့်ကို လိုက်ကြည့်နေရာမှ အမျိုးသမီးဆီ လှမ်းကြည့် လိုက်သည်။ ကျောခိုင်းလျက်သားနှင့် အဝေးက အဆောက် အအုံတစ်ခု ဆောက်လုပ်နေရာကို စိတ်ဝင်တစား ငေးကြ နေသော အမျိုးသမီးသည် အင်္ကျီနီရဲရဲ ကော်မိုနိုလုံချည် အဖြ အဝါ အနီပွင့်ကျားနှင့် အိတ်အဖြူကြီးကြီး တစ်ခုကိုလွယ်ကာ ကျောတစ်ဝက်လောက် ဆံပင်ကို ဖားလျားချထားသည်။

နေပူကျဲကျဲတွင် နီရဲရဲနှင့် တော်ရုံလူဆို ပြောင်ကျားကျား အချိုးမပြေ ဖြစ်နိုင်သော်လည်း သူမက အသားဖြူလှသဖြ အနီရောင်နှင့် မျက်စိထဲ ဆိုးရွားစရာ သိပ်မရှိပေ။ ညီ ဖိတ်စ ကိုကိုင်ကာ သူမထံ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

"ဆရာက မြို့ထဲသွားတယ်ခင်ဗျ၊ ဘယ်အချိန်ပြန်ရောက်"

ညီ့စကားသည် လှည့်ကြည့်လိုက်သော အမျိုးသမီး မျက်နှာကြောင့် တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်ကြောင်အသွား လေသည်။ သူမကလည်း မျက်ခုံးပင့်တက်သွားပြီးမှ နှစ်ဦး သား အနေခက်စွာ တဒင်္ဂ ဆိတ်ငြိမ်သွားပြီး ညီက အလျင် ဦးအောင် အမူအရာကို ထိန်းလိုက်နိုင်သည်။ သွားအထပ်လေး တွေပေါ်အောင် ညီက သန့်သန့်ရှင်းရှင်း ပြုံးလိုက်ရင်း....

"ဘယ်သူလဲလို့၊ နန္ဒာပဲ"



"ကိုညီရှင်း...."

နန္ဒာက နှုတ်ခမ်းကိုတွန့်ကာ မျက်နှာထားရ ခက်သလိုပြုံး ရင်း ညီ့အမည်ကို ရေရွတ်သည်။ ညီက ခေါင်းဆတ်လိုက် ရင်းက....

"ဦးလူကလေးက ဘယ်အချိန်ပြန်ရောက်မလဲမသိဘူးနန္ဒာ၊ မြို့ထဲခဏသွားတယ်၊ ညနေလဲ ပြန်ချိန်အတိအကျမရှိဘူး၊ အရေးကြီးလား၊ ဘာပြောပေးရမလဲ"

"ဟုတ်တာပေါ့၊ နန္ဒာ့....နန္ဒာ့ဖိတ်စာ လာပေးတာပါ ကိုညီ ရဲ့၊ အဲ....ကိုညီရှင်းရယ်၊ အရေးမကြီးလှပါဘူး၊ ဒါပေမယ့် သူနဲ့လဲ တွေ့ချင်သေးတယ်"

ကိုညီ ဆိုသော နာမ်စားကို ပြုပြင်ထိန်းသိမ်းလိုက်တာ ညီက မကြားချင်ယောင်ဆောင်ကာ အမှတ်တမဲ့ ထားလိုက် သည်။

"ဘာကိစ္စနဲ့ တွေ့ချင်တယ် ပြောထားရမလဲ"

'နန္ဒာနဲ့ သိပ်ခင်ပါတယ်၊ မေမေတို့နဲ့ ပိုခင်တာပေါ့၊ ဦး လေးလိုပါပဲ၊ နန္ဒာတို့ မြေတစ်ကွက်ရှိနေတာ၊ အဲဒီမှာ အိမ် ဆောက်ချင်တာလေ၊ ဦးရဲ့ အိမ်ပုံစံဆိုရင် သိပ်လှတယ် ဆန်း တယ်ဆိုပြီး နာမည်ကြီးတာကိုး၊ ခင်လဲ ခင်နေတော့ သူနဲ့ ဆောက်ချင်တာ၊ အိမ်မှာလဲမရှိတာများတယ်ဆိုတာနဲ့ ဒီအထိ လိုက်လာတာ၊ နန္ဒာလဲ ဒီနားမှာ ကိစ္စတစ်ခုလာရင်းနဲ့"

"နန္ဒာလာသွားတယ်လို့ ပြောထားလိုက်မယ်လေ"

"ဟုတ်ကဲ့၊ ဪ....တစ်ခါတည်း ကိုညီရှင်းကိုလဲ ဖိတ် စာပေးရင် ကောင်းမလားမသိဘူး"

ဦးလူကလေးကို ဖိတ်စာလာပေးပါလျက် ညီ့ကို တွေ့လျက်သားနှင့် ဖိတ်စာမပေးပဲ ထားရမှာလည်း အားနာ၊ ပေးဖို့ရာလည်း အထင်လွဲစရာ ဖြစ်မှာစိုးသလို နေကိုခဲနေရင်း နန္ဒာ မစဉ်းစားတတ်ဘဲ ဖြစ်နေတာ ညီက ရိပ်မိလေသည်။

"ရပါတယ်၊ ပါလဲပေးပေါ့၊ မပါလဲ ကိစ္စမရှိဘူး၊ သူငယ်ချင်းဟောင်းတွေပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေပါတယ်၊ နန္ဒာ့ ဝက်ဒင်ပေါ့ ဟုတ်လား၊ ဘယ်တော့လဲ"

ညီက အမင်ပဲ ရီးသားစွာ ရဲတင်းမှုရှိအောင် စကားကြောင်းခင်းလိုက်သည်။ ရှိန်နေကြလို့လဲ မထူးပါဘူး၊ အေးအေးဆေးဆေး ပြောလိုက်တော့ ပြီးရောပေါ့။

"နှစ်ပတ်လောက် လိုပါသေးတယ်"

ညီက ဖိတ်စာကို အမှတ်တမဲ့ ထုတ်ကြည့်ကာ စိတ်ထဲမှာ မျက်နှာပူရှိန်နေတာတွေ တစ်စတစ်စ လျော့လာ၏။ လက်ထပ်တော့မှာကိုး။ ကောင်းတာပေါ့လေ။ ဦးလူကလေးနှင့် လက်တွဲလာသော ကာလတစ်လျှောက် ဦးလူကလေးမိတ်ဆွေတွေထဲ နန္ဒာနှင့်မိသားစုပါဝင်နေတာ သူ လုံးဝမသိခဲ့။ ခုလိုသိလိုက်ရချိန်မှာ နန္ဒာက လက်ထပ်တော့မည့်သူအဖြစ်နှင့်မို့ စိတ်သန့်ရှင်းသွားကာ ရင်အေးနိုင်တာပေါ့။ ဦးလူကလေး မိတ်ဆွေမို့ ဆက်ကို ဆက်ဆံရတော့မှာ မဟုတ်လား။

နန္ဒာက ကားမောင်းလာသော ဒရိုင်ဘာကို တစ်စုံတစ်ခု လှမ်းပြောလိုက်တာမို့ ဒရိုင်ဘာက ကားထဲမှ ဖိတ်စာတစ်စောင် ထုတ်ယူလက်ကမ်းသည်။ နန္ဒာ့လက်မှတစ်ဆင့် ညီ့လက်ထဲ ရောက်လာ၏။



"နာမည် ရေးမနေပါဘူးနော်"

"ရပါတယ်"

"အိမ်ထောင်ကျနေပြီဆို၊ သူငယ်ချင်းတစ်ယောက် ပြောတယ်"

"ဟုတ်တယ် နန္ဒာ၊ ဒီလိုညှော်ခံပွဲလဲ မလုပ်ဖြစ်ဘူးလေ၊ ခိုးပြေးရတာဆိုတော့ ရုံးတက်လက်မှတ်ထိုးလိုက်တယ်၊ သူငယ်ချင်းတွေတောင် များများစားစား မသိကြဘူး ဖြစ်သွားတယ်၊ တစ်နှစ်လောက်ရှိပြီ"

ညီ့အပြုံးကြောင့် နန္ဒာကပါ လိုက်ပြုံးရင်း....

"ကလေးရော ရှိပြီလား"

ဟင့်အင်း ဟု ညီက ခေါင်းခါလိုက်သည်။

"လာဖြစ်ရင် အမျိုးသမီးကိုလဲ ခေါ်ခဲ့ပါနော်၊ မမျှော်လင့်ပဲ မြန်တွေ့ဖြစ် ဖိတ်ဖြစ်ပြီးမှတော့ လာဖြစ်အောင်လဲ ကြိုးစားနော်"

"ကြိုးစားပါ့မယ်၊ ဒါပေမယ့် ဂုဏ်တော့ ပါနိုင်မှာ မဟုတ်ဘူး"

"ဂုဏ်...."

"ကိုယ့်မိန်းမနာမည်က ဂုဏ်တဲ့၊ သူက အပြင်သိပ်မထွက်ဖြစ်ဘူး၊ ပွဲတွေ လမ်းတွေ သူမလိုက်တတ်ဘူး နန္ဒာ၊ ကိုယ်က သူ့ကို အပြင်ထွက်စေချင်တယ်၊ သူက ဘယ်မှခေါ်လို့မရဘူး၊ အိမ်မှာပဲ ကြုံလို့ တွေ့ခွင့်ရခဲ့ရင် နန္ဒာ သူ့အကြောင်း သိပါလိမ့်မယ်"

ပြောရင်းက ညီသည် ဂုဏ်ကိုဖျတ်ခနဲ သတိတရဖြစ်မိလေသည်။ ခုချိန်လောက်ဆို မုန့်သည်ခေါ်ကာ လေးထပ်အထိ တက်လာရသော မုန့်သည်ကို ပိုက်ဆံပိုပေးရတာအတွက် စိတ်အနှောင့်အယှက်မရှိဘဲ အာလူးပေးဖော် ရတာအတွက်သာ အပျင်းပြေ ကျေနပ်နေလိမ့်မည်။ ဂုဏ် ပျင်းရှာမှာပေါ့၊ ဂုဏ်အတွက် အဖော်တစ်ယောက်လောက် အိမ်မှာခေါ်ပေးထားနိုင်လျှင် အဆင်ပြေမှာပဲ။ သို့သော် ထိုအဖော်က မကောင်းလျှင် စိတ်ချမ်းသာရမှာထက် စိတ်ဆင်းရဲရမှာ ပိုလိမ့်မည်။ ဂုဏ် လို မိန်းကလေးအတွက် ထိုအဖော်ကြောင့်ပင် ပိုပြီး စိတ်မှု နောက်ဆံတင်းရမှာမျိုးလည်း ဖြစ်နိုင်သည်။

"ကိုညီရှင်း၊ ဒီမှာလုပ်တာ ကြာပြီလား"

"ကိုယ်က ဦးလူကလေးရဲ့ အဖွဲ့ဝင် တပည့်တစ်ယောက်ပေါ့၊ ဦးလူကလေးနဲ့ အလုပ်တူတူလုပ်ဖြစ်နေတာတော့ ကိုးလဆယ်လရှိပါပြီ၊ ဦးလူကလေးနဲ့ပဲ တွဲနေရတယ်လေ"

"ဒါဆို ဦးရဲ့ အိပ်ပုံစံတွေထဲ ညီ့လက်ရာလဲ မကင်းဘူးပေါ့နော်"

"ဆိုပါတော့လေ၊ ဒါပေမယ့် သူကဆရာ ကိုယ်ကတပည့်လေ၊ ကိုယ်ထွင်လိုက်တဲ့ပုံစံကို သူက မြင်ဆင်ဖြည့်စွက်သေးတာပေါ့၊ ဆရာ မြင်ဆင်ပြီးတာကိုမှ အလုပ်ရှင်လက်ကို အပ်တာပါ"

"ကိုယ်လဲကျွမ်းကျင် ဝါသနာလဲပါတာကို လုပ်နေရတော့ ကောင်းပါတယ်၊ နန္ဒာကတော့ ဘာခြား ဘာမှလဲ လုပ်တတ်ဘူးလေ၊ မေမေတို့ ငယ်ကတည်းက စိန်ရွှေရတနာပွဲစား လုပ်



လာတာဆိုတော့ နန္ဒာလဲ အဲဒီခြေလှမ်းပဲ နင်းရတော့တာပေါ့၊ မေမေကတော့ ပွဲစားအကြီးစား၊ နန္ဒာတော့ ပွဲစားကလေးဖြစ်နေပြီ၊ ကျောင်းပြီးတော့ ဘာမှ မလုပ်ဘဲ ပျင်းနေရမှာကို ညီရဲ့"

အခေါ်အဝေါ်ကို သူ့ဘာသာ သတိပြုမိတော့တာလား အမှတ်မဲ့ထွက်သွားတာကို ပြင်မနေတော့ဘဲ ထားလိုသလား မသိပေ။ ညီက ခေါင်းကိုသာ ညိတ်ပြလိုက်၏။

"နန္ဒာပြန်တော့မယ်၊ ဦးလာရင် ပြောပေးထားနော်၊ သူ့အိမ်ကို ဒီနေ့ည ရှစ်နာရီလောက် မေမေနဲ့ လာခဲ့မယ်လို့လဲ ပြောပေးပါနော်၊ မအားလို့ မတွေ့ရလဲ နောက်တစ်နေ့ ဆက်လာဦးမယ်လို့"

"ပြောထားလိုက်မယ်လေ"

နန္ဒာက ခေါင်းညိတ်နှုတ်ဆက်ကာ ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်၏။ ညီက နောက်ဆုတ်ကာ ကားထွက်သွားသည်အထိ နေရာမှာ ရပ်နေလိုက်သည်။ ကားကလေး တော်တော်ဝေးမှ ယာယီရုံးခန်းဆီ ပြန်လျှောက်လာခဲ့သည်။ နန္ဒာနှင့် မမျှော်မလင့် ဆုံလိုက်ရတာကို ရယ်ချင်စိတ်နှင့် ဆတ်ခနဲ ပခုံးတွန့်ကာ တစ်ချက်ရယ်မောမိသည်။ ငယ်ငယ်က အဖြစ်တွေဟာ ခုတော့လည်း ရယ်မော ရှက်ရွံ့ချင်စရာ။ ရည်းစားဟောင်းဆိုသော ပတ်သက်မှုက တကယ်တော့ ရယ်ချင်စရာလည်းကောင်း၊ မျက်နှာပူဖို့လည်း ကောင်းလှသည်။ သည်လိုမိန်းကလေးဟောင်းတွေကို လမ်းတွေ့ပေမယ့်လည်း ညီ မသိသလို ခပ်တည်တည်ဖြတ်ကျော် မမြင်ယောင်ဆောင်လေ့မကို

မယ့် ခုတော့ မမြင်ယောင်ဆောင်လည်းမရ၊ ရှောင်လွှဲလို့လည်း ရမှမရတော့ဘဲ၊ သူမဘက်က လက်ထပ်တော့မှာမို့ ပိုပြီး စိတ်ရှင်းခွင့်ရတာကိုပဲ ကျေးဇူးတင်ရပေဦးမည်။

ညီသည် ဖိတ်စာတစ်စောင်ကို ဦးလူကလေး စားပွဲပေါ် သပ်သပ်ရပ်ရပ် တင်လျက် ကိုယ့်အတွက် ဖိတ်စာကိုတော့ စာအုပ်မှ စာရွက်ထပ်နှင့် ရှုပ်ပွေနေသော ကိုယ့်စားပွဲပေါ် ဖြစ်သလို သုံးပစ်တင်လိုက်မိသည်။

စားပွဲ့ ပြန်ထိုင်ကာ ဦးလူကလေး မှတ်ချက်တွေအတွက် မြေရှင်း ငြင်းဆန်စကားကို ချက်ကျလက်ကျအောင် ပြန်လည်စဉ်းစားခန်း ဝင်ရတော့၏။

* * *

## အခန်း (၂)

မီးခိုးရောင်ဆေးကို ဘရပ်ရှ်လိုင်းများ ပေါ်သည်ထိ ထူကြမ်းကြမ်း အောက်ခံ သုတ်ခြယ်ထားသော ဂုဏ် ပန်းချီကားတွင် အလယ်မဟုတ်တည့်တည့်၌ အနီရောင်ရဲရဲ စက်ဝိုင်းကြီးက ထင်းနေလေသည်။ ဂုဏ်သည် စိတ်ထဲပေါက်သလို လုပ်လိုက်ပြီးမှ ထို အရောင်နီရဲကြီးကို စိတ်က ဘယ်လိုမှ မနှစ်မြို့နိုင်ဘဲ စုတ်တစ်ချက်သပ်ကာ ဘရပ်ရှ်တွေကို ဆေးကရေပုံးကလေးထဲ အားလုံးပစ်ချလိုက်သည်။

ဆေးနံ့ရှိမှာ မှီထားသော ချိုင်းထောက်ကို ဆွဲယူလျက် ဝရန်တာဘက် ထွက်လာခဲ့ကာ ဝရန်တာမှာ ချိုင်းထောက်ကို မှီပြီး သူကိုယ်တိုင်လည်း မှီရပ်လျက် အောက်ကိုငုံ့ကြည့်နေမိသည်။ ပျင်းရိ ငြီးငွေ့လိုက်တာ။ ဂုဏ် ဘာလုပ်ရပါ့မလဲ။ တိတ်ဆိတ်နေသောအခန်းကို ကျောခိုင်းကာ လူတွေ ပျားပန်းခပ် ရှုပ်ယှက်နေသော ကားသံ၊ ဈေးသည်သံ၊ ဈေးဝယ်သံတွေနှင့် စည်စည်ကားကား ညံညံစာစာရှိနေသော လမ်းမကို

တပ်မက်စွာ ငုံ့ကြည့်နေမိသော ဂုဏ် မျက်လုံးလေးတွေသည် ထိုလူ့ခတွေထဲ သူပါ မျောပါနေချင်ဇော ထက်သန်လျက် အရောင်လက်ခနေရလေသည်။ လွယ်အိတ် လွယ်ထားသော ကျောင်းသူကလေး သုံးယောက်သည် ကားလမ်းမကို လက်တွဲကာ အပြေးဖြတ်ကူးရင်း မလွတ်တလွတ် လွတ်သွားသော ကားဆီကိုလှည့်ကြည့်ကာ အလန့်တဖျပ် သဘောတကျ ရယ်မောလျက် တစ်ယောက်ကိုတစ်ယောက် သူနှေးလို့ ငါနှေးလို့ တုအပြစ်လွှဲချ ရိုက်ပုတ်ကြရင်း တစ်ဖက် ပက်လက်ဖောင်း ပေါ် တက်သွားကြလေသည်။

လမ်းထဲဝင်လာသော တို့ဟူးသုပ်သည်သည် လက်ခုပ်တီး ခေါ်သံကြောင့် ခြေလှမ်းရပ်ကာ ဘေးဘီရော အပေါ်ထပ် တွေပါမကျန် ခေါင်းမော့ကာ ခေါ်သူ ရှာဖွေနေ၏။ ဘာမှ မတွေ့ဘဲ ခြေလှမ်းကို ဆက်လိုက်ပြန်လျှင် နောက်တစ်ကြိမ် လက်ခုပ်တီးကာ ခေါ်သံ ထွက်လာပြန်လေသည်။ ဈေးသည် သည် သည်တစ်ကြိမ်တော့ ခပ်ကြာကြာ ရပ်တန့် မော့ရှာနေ ၏။ လက်ခုပ်သံသည် အပေါ်ထပ်တွေဆီက လာမှန်း သူ မှန်း ဆနိုင်သွားပြီ။

ဂုဏ့်ထံ မျက်စိ ရောက်လာသော တို့ဟူးသုပ်သည် ကြောင့် ဂုဏ်သည် သူ့ကိုထင်မှာ ရုတ်တရက် လန့်သွားပြီးမှ ရယ်ချင်စိတ်က ပိုကဲသွားရ၏။ ဟီခနဲ ကျိတ်ရယ်လိုက်သော ဂုဏ် စပ်ဖြဲဖြဲ မျက်နှာကလေးကြောင့် ဈေးသည်သည် မှုန် ကုပ်ကုပ်နှင့် ခပ်သုတ်သုတ် ဆက်လျှောက်သွားလေသည်။



မျက်နှာချင်းဆိုင်တိုက် ဒုတိယထပ်က ဝရန်တာမှာ လှန်း ထားသော အဝတ်တွေကို အကာအကွယ်ယူရင်း ဈေးသည် လာတိုင်း လက်ခုပ်တီး စတတ်သော ငါးနှစ်ကျော် ခြောက် နှစ်ရွယ် ကောင်ကလေးကို ဂုဏ် သိနေတာမို့ ပုကွယ်နေရာဆီ သူ့ဝိုးဖမ်းကာ လှမ်းကြည့်နေလိုက်၏။ ကောင်ကလေးသည် ကုန်းကွနေရာမှ ကြွထွက်လာရင်း၊ ခုန်ဆွဆွနှင့် အားရနေပုံ ရရင်း ဂုဏ့်ကို လှမ်းမော့ကာ မြင်သွားလေသည်။ ရယ်မော နေသော မျက်နှာလေး ဖျတ်ခနဲ လန့်တည်သွားရင်း သူ့ အိမ်ထဲ လှစ်ခနဲ သုတ်ခြေတင် ပြေးတော့၏။ ဂုဏ် ပြုံးစိစိနှင့် ကျန်ရစ်ရလေသည်။

ဟော....ပြုံး လက် စ တောင် မ ပြီး သေး။ အောက်မှာ လျှောက်သွားသော ပူဖောင်းသည် တစ်ယောက်သည် ရုတ် တရက် ဖောင်းခနဲမြည်ကာ ပေါက်သွားသော သူ့ပူဖောင်း တစ်လုံးကြောင့် လန့်လည်းလန့် စိတ်လည်းတိုသွားကာ လက် သည် ရှာဖွေနေလေသည်။ ကြည့်ရတာ နေပူလွန်းလို့ သား ရေပြား ပါးပါး တင်းတင်းပဲကျန်အောင် လေသွင်းထား သော်ပူဖောင်းက အလိုလို ပေါက်သွားတာ ဖြစ်နိုင်ပါသည်။ သို့သော် ပူဖောင်းသည်က တစ်ယောက်ယောက် အပေါ်ထက် မှ လှမ်းလုပ်ကြံလိုက်တာဟုပဲ တစ်ဖက်သတ် စိတ်တိုနေပုံရ တာမို့ ဂုဏ်သည် ပါးစပ်ကို လက်နှင့်ပိတ်ရင်း တဟင်းဟင်း ရယ်မောနေမိ၏။

လမ်းထဲ တအီအိဝင်လာသော ပစ္စည်းအပြည့် ဒေါ့ဂျစ် ကြီးတစ်စင်းသည် သူ့ရှေ့က စက်ဘီးဆိုက်ကား လူသူတွေကို

လွှတ်အောင် မနည်း ရှောင်ကွင်း ရှေ့တိုးနေရရှာသည်။ ကားသေးတွေလို ဝင်သာဆန့်သာလည်း မဟုတ်။ ကားပေါ်မှာ ဈေးပွဲကုလားထိုင်တွေ၊ ထင်းရှူးသေတ္တာ တောင်းပလုံးတွေ။ အိမ်ပြောင်းရွှေ့ရာမှာ အသုံးပြုသော ကား ထင်ပါရဲ့။

နောက်ဖေးဆီမှ တရှူးရှူး ရေနွေးဆူသံ ထွက်လာတာမို့ ဂုဏ် ချိုင်းထောက်ကိုယူကာ နောက်ဖေးဘက် ခပ်သွက်သွက် ဝင်ခဲ့ရသည်။ ကော်ဖီမှုန့်ရော၊ သကြားရော၊ နို့ဆီရော အဆင်သင့် မှန်းဆထည့်ထားပြီးသား စတီးမတ်ခွက်ကလေးထဲ ရေနွေးဆူကို ငှဲ့ကာ အနေတော်ထည့်ရင်း ဂုဏ်က ကမန်းကတန်း မွှေနှောက် ဖျော်လိုက်သည်။

လျှပ်စစ်မီးဖိုခလုတ်ကို ပိတ်ကာ ရေနွေးကရား သေးသေးကိုလည်း နေရာတကျ ပြန်ထားလိုက်၏။ ဂုဏ် ရေနွေးကျိုတာဘာညာ ညီလေးသိလျှင် မနိုင်မနင်း အပူလောင်မှာကို စိုးရိမ်တွေးနှင့် မပြီးနိုင်အောင် တဖျစ်တောက်တောက် ဆူလိမ့်မည်။ အပူမလောင်လို့ပဲ ကိစ္စပြီးနေပြီ ဖြစ်သော်လည်း ဆူတာကတော့ ဆူဦးမှာ။ ရေနွေးကိုလည်း နံနက်ကတည်းက သူ ကျိုပေးသွားတတ်၏။ ဂုဏ် ကော်ဖီဖျော်ချင်လျှင် တနိုင်တနင်းရှိအောင် ဂုဏ်တို့အိမ်က ရေနွေးထည့် ဓာတ်ဘူးသည် ခပ်သေးသေးလေးတွေ။

နံနက်က ညီလေး ရေနွေးကျိုဖို့ မေ့သွားပုံရသည်။ ရေနွေးမရှိလို့ ဂုဏ်ကျိုရတာ ဖြစ်သော်လည်း ညီလေးမေ့သွားတာအတွက် ဂုဏ် ဘယ်လိုမှမနေသည့်အပြင် ညီလေးမှာ ဝေ



ယျာဝစ္စ ဗျာများလှတာကို သနားတောင် သနားရပါသေးသည်။ ခုတလော ညီလေးလည်း အမေ့မေ့ အလျော့လျော့တွေ များလာသည်။ ဂုဏ်ကသာ ရေနွေးမရှိလို့ ကျိုလိုက်တာဟု ပြောမိလျှင် ညီလေးတစ်ယောက် သူမေ့သွားတာအတွက် မပြီးနိုင်မစီးနိုင် အနေခက် မျက်နှာပျက်နေဦးမှာ က်အသိအှုံးပါပဲ။

ညီလေးသည် ဂုဏ် မဟုတ်တကဟုတ်ကတွေ တစ်ရှည်တစ်ျား လျှောက်တွေးကာ အလကားနေရင်း အားငယ်ဝမ်းည်းစိတ် ဝင်မှာမျိုးကို အမြဲတမ်း ပူပန်နေသည်။ တစ်ခုခု ပျက်ကွက်မိပြီးလျှင် ဂုဏ့်ကို ခါတိုင်းထက်ပိုပြီး တယုတယ ဘ်သီးပွတ်သပ်နှင့် ဂုဏ် တစ်မျိုးမထင်အောင် မသိမသာ အနုအရာနှင့် ဖြေရှင်းတတ်သည်။

ဆိုးတာက ညီလေး အဲသည်လို ဂုဏ်တစ်မျိုးမထင်အောင် ကျန်ဘာတွေကို ပိုမို ဂရုတစိုက်လုပ်လာလျှင် ဂုဏ် တစ်မျိုးထင်ချင်သလို ဖြစ်ဖြစ်လာမိတာ။ အပြစ်ရှိသူတစ်ယောက်သာ သူ့အပြစ်ကို ဖုံးကွယ်ဟန်ဆောင်တတ်မှာ။ အပြစ်မရှိလျှင် ဘာ ဖုံးဖုံးအုပ်အုပ် ချော့မော့ဖြေရှင်းနေဖို့ မလိုဘူးဟု ထင်သော ဂုဏ်သည် ညီလေးရဲ့ မေ့လျော့ပျက်ကွက်မှုတို့ကို အပြစ် မထင်သောအခါ ညီလေး သည်လိုလုပ်နေတာဟာ တခြားဘာအပြစ် လုပ်ထားသေးလို့ပါလိမ့်ဟု တွေးချင်လာသည်။

ထိုအတွေးသည် မဝင်ဘဲလည်း မနေ။ ဝင်မိတိုင်းလည်း ဏ်မှာ ကြီးလေးသော အားနာ နောင်တနှင့် ဖြစ်မှုကြီးတစ်ခု ညီလေးအပေါ် ပြုမိသလို ခံစားရပါသည်။ ဂုဏ့်ဘာ

သာဂုဏ်၊ ကိုယ့်အားနည်းချက်နှင့် ကိုယ် အားငယ်တွေးမိ တာ။ တကယ်တမ်း ဂုဏ်ဘာသာ ချွတ်ယွင်းချက် မရှိဘူးဆို လျှင် ညီလေးသည်လည်း ရေချိုးကျိုဖို့ မမေ့ခဲ့တာလောက်နှင့် အိမ်ပြန် မိနစ်ပိုင်းလေး နောက်ကျတာလောက်နှင့်၊ ဂုဏ်မှာ လိုက်သော ကက်ဆက်ခွေကလေး တစ်ရက်လောက် မေ့ကျ ခဲ့တာလောက်နှင့် အိမ်အပြန် တံခါးပေါက်မှ ဝင်ဝင်ချင်း ဂုဏ့်နဖူးကို အဦးဆုံး ချက်ချင်း မရှိုက်နမ်းမိဘဲ မိနစ်ပိုင်း နောက်ကျ ကြန့်ကြာမိရုံဖြင့် သည်လောက်ကြီး အနေခ မျက်နှာပျက် အမှားကျူးလွန်မိသလို ဖြစ်နေဖို့အကြောင်းတွေ လုံးဝမရှိပေ။

ဒါတွေဟာ ဘာမှမဟုတ်သော အသေးအဖွဲ့ကလေးတွေ ပဲ။ အသေးအဖွဲ့ ကလေးတွေဟာ ကြီးကြီးမားမားတွေ အရေးပါနေရတာ ဂုဏ့်ရဲ့ လူစဉ်မမီ ချွတ်ယွင်း အားနည်း ချက် တစ်ခုကြောင့်သာ။ ဂုဏ်သည် တွေးရင်း မျက်ရည်လည် လာ၏။ သူတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးမှာ ဘယ်အရာမှ ပုံမှန် သာမန် အတွေးအခေါ် မျိုးနှင့် မပြီးနိုင်တော့ပေ။ ဒါ ဂုဏ် အနှေးမြောဆုံးဖြစ်သည်။

ပုံမှန်မဟုတ်သော ဂုဏ့်အမြင်တွေ ပုံမှန်မဟုတ်ဘဲ သော ချော် တိမ်းစောင်း အားငယ်မှာစိုးလျက် ညီလေးကလည်း ပုံမှန်မဟုတ်တာတွေ ဖြေရှင်းနှစ်သိမ့်နေရတာ ဘယ်တော့ 'ပုံမှန်' ဆိုသည့် အနေအထားကို ရောက်တော့မှာမဟုတ်ပါဘူး လေ။ သူ့အလိုလိုဖြစ်လာသော အကျိုးတရားတွေကို သူ အတိုင်းပဲ ရင်ဆိုင်နေရုံသာပါပဲ။ ဂုဏ့်ကို သာမန်ထက် ပို



ဂိုက် ကြင်နာရလိမ့်မည်ဟု ညီလေး ဦးနှောက်၌ စွဲနေကာ အဲ သည်အတိုင်း လိုက်လုပ်နေတာဟာ ညီလေး လူကောင်းမို့။ ဂုဏ့်ကိုလည်း ချစ်လို့မို့။

သို့သော်လည်း....

ဂုဏ်သည် ရည်းစားဘဝတုန်းကလို ညီလေးကစပြီး ဂုဏ့် ကို စိတ်လှုပ် စိတ်ကောက်နေတာ။ ဂုဏ့်ကို ရုံဖန်ရံခါတွင် ညစ်ကျယ်ဗိုလ်ကျတာ၊ သူမှန်တယ်ထင်လျှင် အလျှော့မပေး တော့ဘဲ ဂုဏ် ဝမ်းနည်းရင်လည်းနည်း သူက တင်းတတ်တဲ့ ထိုအရာတို့ကို ဘယ်သောအခါမှ ပြန်မရနိုင်တော့ဘူးဟု နာ လည်စိတ်နှင့် တသသ လွမ်းဆွတ်နေတာ ညီလေးသိပါ့မလား။

ညီလေးဟာ ဒုက္ခိတ ဂုဏ့်ကို ဘယ်တော့မှ စိတ်ကောက် တော့မှာမဟုတ်။ ဘယ်တော့မှ ညစ်စုတ်စုတ် အထက်စီးက ဗိုလ် ကျတော့မှာမဟုတ်။ ဂုဏ် ဝမ်းနည်းလိမ့်မည်ထင်လျှင် သူ ဘယ် လောက်မှန်မှန်လျှော့ထားလိုက်တော့မှာ။

ဒါတွေဟာ ညီလေးဆိုးနေတာမဟုတ်၊ သိပ်ကိုကောင်းနေ တာ။ အကောင်းတိုင်းကို အကြိုက်မဖြစ်နိုင်တာကတော့ ဂုဏ် တို့ ပုထုဇဉ်တွေရဲ့ ဖြစ်လေ့ သဘာဝပဲ။

ကော်ဖီခွက်ကိုင်ကာ ဝရန်တာပြန်ရောက်လာသော ဂုဏ် သည် ခုနက ဒေါ်ဂျစ်ကြီး ဂုဏ်တို့တိုက်အောက်နား ရပ်နေ တာမြင်လျှင် အတွေးတွေ လွင့်စဉ်ကာ စိတ်ဝင်တစား ဖြစ် သွားရ၏။ အဲဒီကမှတစ်ဆင့် ပစ္စည်းတွေ သယ်တင်သယ်ပို့နေ သော အလုပ်သမားတို့ ဂုဏ်တို့ တိုက်လှေကားပေါက်ထဲ ဝင်

ဝင်သွားကြတာကို မြင်လျှင် ပိုပြီးပေါ့ပင် အံ့ဩစိတ်ဝင်စားသွားရလေသည်။

ကြည့်စမ်း ဟိုတက်ခန်းဟာ သော့ပိတ်ထားတာ ဘယ်လောက်ကြာပြီလဲ။မေ့နေလိုက်တာ။အဲသည်ကိုဖြစ်မှာပေါ့။သို့သော်-ဂုဏ်တို့တိုက်ဖြစ်ရုံနှင့် ဟိုတက်ခန်း ဖြစ်ရောလား။လေးခပ်မို့ ဟိုတက် သည်တက် ရှစ်ခန်းတောင်ရှိတာ၊ ဂုဏ် စပ်စုချင်လာသည်။ တံခါးဖွင့်ထွက် ရပ်လိုက်ရုံနှင့်တော့ ဂုဏ်တို့ဟိုက်ပုံစံကြောင့် မမြင်ရနိုင်။ လှေကားက တစ်ဖြောင့်အမတ်မဟုတ်ဘဲ တစ်ထပ်စီမှာ နှစ်ဆစ်ချိုးကွေ့ လှေကားမို့ အောက်ထပ်တွေ၏ တံခါးဝကို လှေကားတိပ်ရပ်ရုံနှင့် မမြင်ရနိုင်။

ဂုဏ် တွေဝေနေတုန်းပင် ဂုဏ်တို့ အခန်းတံခါးအပြင်ဘက်ခုန်းဗိုင်း ဝုန်းဗိုင်းသံတွေ ကြားလိုက်ရတာမို့ မျက်နှာလေးဝင်းလက်သွားရ၏။ ဟုတ်ပြီ၊ဟိုတက်ခန်းကိုပဲ။ ဂုဏ် မှာ ဘေးခန်း၌ အခန်းဖော်မရှိသဖြင့် ပျင်းတာထက်ကို ပိုပျင်းစရာကောင်းနေရတာ။ ခုတော့ ဘေးခန်းကို လူလာပြီ။ အမျိုးသမီး ရွယ်တူလောက် ပါပါစေ။ မပါရင်လည်း အမျိုးသမီး ဖြစ် ပြီးတာပါပဲ။သိပ်အသက်ကြီးနေလည်း ‘အန်တီ...အန်တီ’ နှင့် စကားသွားပြောလို့တော့ ရမှာပဲ။ ကိုယ့်ထက်ငယ်နေလည်း သူက ကိုယ့်ကို ‘မမ...မမ’ နှင့်ပေါ့။ ကလေးပေါက်စနဖြစ်လျှင်တော့လည်း ကလေးအမေပါမှာ။

ဂုဏ်သည် အခန်းဝကိုလျှောက်သွားကာ အတွင်းဘက်သစ်သားတံခါးကို ချက်ရော သော့ပါ ဖွင့်လိုက်၏။ အပြင်မှာ သံပန်းတံခါးတစ်ထပ်ရှိသည်။ သူမရှိတုန်း သံပန်းတံခါးကို



လုံးဝဖွင့်ခွင့်မရှိဟု ညီလေးက တစ်ချက်လွှတ် ဆိုထားသည်။ သစ်သားတံခါးကိုတောင် မှန်သည်ခေါ်စားတတ်သော ဂုဏ် အကျင့်ကြောင့် အင်တင်တင် ခွင့်ပြုရတာ။

သစ်သားတံခါး ဖွင့်လိုက်သောအခါ တစ်ဖက်တံခါးဝနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားရလျက် အလုပ်သမားတွေ ပစ္စည်းတွေသာမက ဟိုတက်ခန်းထဲထိ ဟင်းလင်းတောက်လျှောက်မြင်လိုက်ရလေသည်။

အလုပ်သမားတွေကို ကြီးကြပ်ပြီး ဘယ်ဟာဘယ်နားထားစေခိုင်းနေသူဟာ အမျိုးသမီး။ ဂုဏ် တံခါးပွင့်လာတာမြင်လျှင် အမျိုးသမီး ဖျတ်ခနဲ လှမ်းကြည့်လေသည်။ အသက်သုံးဆယ်ကျော်ရုံလောက်အရွယ် ၊ခပ်လှလှ ခေတ်ဆန်ဆန် မျက်နှာမှာ ရောင်စုံနီးပါး ရှိနေလျက် ရှိနေသလောက်လည်း အကြည့်ရ မဆိုးဘဲ အချိုးကျနေသည်။

“ဆောရီးနော်၊ရှင်တို့ကို သူများအခန်းတံခါးတွေ မခိုက်မိပါစေနဲ့လို့ ပြောထားတာ၊ အခု အားနာစရာကောင်းနေပြီ”

ဂုဏ် ကို ဆောရီးပြောရင်း တစ်ဆက်တည်း အလုပ်သမားတွေကိုပါ တစ်ချက် အပြစ်တင်လိုက်ရှာလေသည်။ ဂုဏ်ဖြင့် ဂုဏ် အခန်းတံခါးကို ပစ္စည်းတွေနှင့် ခိုက်မိသလား မခိုက်မိဘူးလား မသိပါ။

“ရပါတယ် မမ၊ ထိမိ ခိုက်မိလို့ ထွက်ကြည့်တာ မဟုတ်ပါဘူး၊ လူတွေပြောင်းလာပြီဆိုပြီး ထွက်ကြည့်တာပါ”

ဂုဏ်မှာ ပြေပြေပြစ်ပြစ်သာ ပြောလိုက်ရသော်လည်း အမျိုးသမီးပုံစံကိုကြည့်လျက် ခင်မင်လို့ ပေါင်းလို့မှ ရပါ့မလား သံသယ ဖြစ်လာရတော့သည်။ မျက်နှာက မချိုသာ။ ခပ်တင်းတင်းနှင့်။ လူတစ်ယောက် အသစ်တွေ့လျှင် ကြည်ကြည်လင်လင် ဆီးကြို နွေးထွေးတတ်သော မျက်နှာထား မဟုတ်။ အကဲစမ်း အကဲခတ်မည့် မျက်နှာလား။ ဘယ်သူ့မှ သိပ်မယုံ၊ ဘယ်သူ့မှ သိပ်မပုံမည့် မျက်နှာ မာမာတည်း။

သူမက ဘာမှ ပြောစရာမရှိ လှုပ်ရသော်လည်း ဂုဏ်က ဝင်သွားဘဲ ရပ်ကြည့်နေတာမို့ တစ်ချက် ဖျတ်ခနဲ ထပ်ကြည့်ရင်း....

"ဝယ်ထားတာ ကြာပါပြီ၊ ခုမှ ပြောင်းလာနေမှာ"

"ဪ....ဂုဏ်ကလဲ နေ့ခင်းဆို တစ်ယောက်တည်းမို့လို့ ပိတ်ထားတဲ့အခန်းကို ဘယ်သူ ပြောင်းလာမလဲပဲ မျှော်နေတာ၊ ဂုဏ် ဘာကူရမလဲ မမ"

မေးပြီးမှ ကိုယ့်စကားကိုယ် ဂုဏ် ရယ်ချင်သည်။ ဂုဏ်က များ ဘာကူရမလဲတဲ့။ ကိုယ့်ကိုယ်ကိုတောင်တတ်နိုင် ထောက်သယ်ရတာများ။ သို့သော် ဒါကို ဂုဏ်သတိမရဘဲ အရိုးခံစေတနာနှင့် မေးလိုက်မိတာ ဖြစ်သည်။

"ရပါတယ်၊ မကူရပါဘူး၊ ကိုယ်ကိုယ်တိုင်တောင် ဘာမှ မလုပ်နိုင် မလုပ်တတ်တော့ အားလုံး အလုပ်သမားနဲ့ပဲ"

အိမ်ပြောင်းရာမှာ ဦးစီးနေတာက မိန်းမဖြစ်နေတော့ ဂုဏ် ထူးဆန်းနေမိသည်။ အပျိုကြီး ပေါင်းရခက်ခက်ကြီးများလား ဟု တစ်ချက်တွေးမိသည်။ သိပ်လည်း စကားပြော



ချင်လှပုံမရ။ ဂုဏ့်မှာ မိသားစု ဘယ်နှစ်ယောက်လဲ ဘာလဲ စကားလက်ဆုံ ကျချင်သော်လည်း ကိုယ်က အထီးကျန်လွန်းတာမို့ စကားပြော ခင်မင်ချင်တာကို စပ်စပ်စုစုနိုင်လှသည် အထင်ခံရမှာလည်း ရှက်တာမို့ အခန်းထဲ အသာပြန်လျှိုဝင်ပြီး တံခါးပိတ်ဖို့ပဲ စိတ်ကူးရတော့သည်။

"ဪ....ကူညီနိုင်ရင် တစ်ခုတော့ ကူညီပါလား"

ကျောခိုင်းခါနီးဆဲဆဲ အမျိုးသမီးထံမှ ထွက်လာသော စကားကြောင့် ဂုဏ်က ခေါင်းကလေးညိတ်ရင်း....

"ပြောပါမမ"

"ကိုယ့်မှာ တံမြက်စည်း မပါလာဘူး၊ ဝယ်လဲ မဝယ်ရသေးဘူး၊ အိမ်ထဲမှာ နည်းနည်းလှည်းဖို့ လိုနေတာနဲ့ တံမြက်စည်းများ ခဏငှားနိုင်မလား"

"ရပါတယ် မမ၊ ငှားနိုင်ပါတယ်"

"မီးမီး....ငြိမ်ငြိမ်လေး နေစမ်းကွယ်၊ သေတ္တာပေါ် တက်ထိုင်မနေနဲ့"

ဂုဏ် လှည့်အဝင်မှာ အမျိုးသမီးက အိမ်ထဲ တစ်ချက်လှည့်ပြောလိုက်တာ ကြားရသည်။ မီးမီးတဲ့။ ကလေး တစ်ယောက်ပါသည်ထင်သည်။ ဂုဏ်သည် မဝေးလှသော နေရာမှ တံမြက်စည်းနှင့် ဂေါ်ပြားကို သွားယူကာ တံခါးဝ ပြန်လျှောက်လာသည်။ သည်တစ်ကြိမ်တော့ တံခါးကို ခပ်ကျယ်ကျယ် ဟ၍လိုက်ကာ တံခါးရွက် တစ်ခုလုံးလုံး နံရံကပ်လိုက်၏။ သံပန်းတံခါးနားထိ တိုးကပ်ကာ သံပန်းကွက်ကြားမှ တံမြက်စည်းရော ပလတ်စတစ်ဂေါ်ပြားပါ ထုတ်ပေးလိုက်

သည်။ ရွှေ့တိုးလာသော အမျိုးသမီးသည် ခုမှပဲ ဂုဏ့်လက်မောင်းအောက်မှ ချိုင်းထောက်ကို ဂရုတစိုက်တွေ့သွားပုံနှင့် မျက်နှာတစ်မျိုး ပြောင်းသွားလေသည်။

ခုနက တင်းသောမျက်နှာသည် နူးညံ့ ပြေစန့်သွားကာ စိတ်မကောင်းလှသလို ဂုဏ့်ကို ကြင်ကြင်နာနာကြည့်လိုက်သည်။

"ညီမရဲ့ ခြေထောက်က ဘာဖြစ်တာလဲ"

စကားပလ္လင်တွေဘာတွေ မခံတဲ့ ရိုးရိုးနှင့် တည့်တည့်ဝင်တန်းမေးလိုက်လေသည်။

"ဒီလှေကားကပဲ လိမ့်ကျတာပါ"

"ဪ...."

ခေါင်း တဆတ်ဆတ်ညိတ်လိုက်ရင်း 'မီးမီးရေ' ဟု သူ့အခန်းထဲ ပြန်လှည့်ကြည့်ကာ အသံပြုလိုက်သည်။

"ခဏနော်....ညီမ၊ ညီ-နဲ့ ကိုယ့်သမီး မိတ်ဆက်ပေးရဦးမယ်"

အခန်းထဲ လှစ်ခနဲ သွက်သွက်ဝင်သွားကာ ဘာမှမကြာဘဲ တစ်စုံတစ်ယောက်ကို လက်တွဲကာ ခေါ်ထုတ်လာလေသည်။ ဂုဏ့်ကို ခုနကနှင့် ဘာမှမဆိုင်သော မျက်နှာမျိုးနှင့် ပြုံးကြည့်ကာ....

"ဒါ....ကိုယ့်သမီး၊ ခင်ပန်းဖူးတဲ့၊ မီးမီးလို့ပဲ ခေါ်တယ်"

ဂုဏ်သည်အမျိုးသမီးမျက်နှာကိုတစ်လှည့် ကလေးကို တစ်လှည့် အံ့ဩဝမ်းနည်းစွာကြည့်မိသည်။ ကလေးမလေးက ဂုဏ်ကိုမျက်လုံးပြူးကလေးနှင့်စိုက်ကြည့်နေလေသည်။ သုံးယောက်



သား တစ်ယောက်ကိုတစ်ယောက် ပြုံးပြီး ကြည့်လိုက်မိကြခြင်း တစ်ခဏတွင် ဂုဏ်သည် ခင်ပန်းဖူးတို့ သားအမိနှင့် ခင်ခင်မင်မင် ပေါင်းလို့ရပြီဆိုတာကို စိတ်က အလိုလို သိလိုက်၏။

"ကိုယ့်နာမည် ဒေါ်ခင်လေးနွယ်လို့ ခေါ်တယ်၊ မီးမီးက ငယ်ငယ်ကလေးတုန်းက ကားတိုက်ခံရပြီး ကျောက်ပတ်တီး အကြာကြီးကိုင်ထားရလို့ အရိုးသိမ်သွားတာလေ"

ဂုဏ်သည် ချိုင်းထောက်သေးသေးကလေးနှင့် ဆယ်နှစ်နီးပါးအရွယ် ကလေးမလေးကို အငေးသား ကြည့်မိကာ ကရုဏာကြီးမားစွာဖြင့် စိတ်မကောင်းနိုင်ဘဲ ရှိတော့သည်။

"ကိုယ်တို့ သားအမိ နှစ်ယောက်ပဲ နေမှာ၊ ညီမကိုပဲ ခင်မင်ရင်းနှီးပြီး အားကိုးပြီး ပေါင်းရမှာပဲ၊ လိုအပ်တာရှိရင် ပြောမယ်နော်၊ ညီမလဲ နေ့လယ်နေ့ခင်း ဘာအရေးကိစ္စရှိရှိ လိုတာရှိရင် ကိုယ့်ကိုခေါ်လိုက်ပါ"

"ဟုတ်ကဲ့ မမနွယ်"

ဂုဏ်သည် ဝမ်းသာသွက်လက်စွာ ခေါင်းကလေး ဆတ်ခနဲ ညိတ်ပြလိုက်၏။

* * *

တံခါးချက်ပွင့်သည်နှင့် ညီက အပြင်ဘက်မှကူတွန်းဖွင့်ပေးကာ သံပန်းတံခါးမှာ ခတ်ထားသော သော့ခလောက်အတွက် ဂုဏ်ကိုင်ထားသော သော့တွဲကို သံပန်းကွက်မှ လှမ်း

ယူလိုက်၏။ ဂုဏ့်မျက်နှာကို စိုးရိမ်မကင်းကြည့်ကာ မြင်လိုက်ရင်း....

"ဂုဏ် အတွက် ညီ ဘာဝယ်လာသလဲ ပြောစမ်း"

လက်တစ်ဖက်ကို နောက်ပစ်ထားကာ ခပ်မြူးမြူး မေးလိုက်သည်။ ညီ အိမ်ပြန်နောက်ကျသည်လေ။ သည်အတွက် ဂုဏ့်ကို အားနာတာတစ်မျိုး၊ ဂုဏ် တစ်မျိုးတွေးနေမှာ စိုးရိမ်တာတစ်မျိုး၊ ဂုဏ် တစ်ယောက်တည်း ကျန်ရစ်သော အခန်းကို သူ့အချိန်အတိအကျ ပြန်မရောက်နိုင်ခဲ့တာအတွက် သနားတာတစ်မျိုး အမျိုးမျိုးနှင့် ညီ စိတ်မကောင်းဖြစ်မိသော်လည်း ဂုဏ်သည် ခါတိုင်း ညီ ဆယ်မိနစ်ဆယ့်ငါးမိနစ် နောက်ကျလျှင်ပင် ဆီးကြိုကြည့်တတ်သော စူးစမ်းညိုးနွမ်း မျက်လုံးကလေး မရှိဘဲ ရွှင်မြူးရိပ်စွန်းစွန်းနှင့် တစ်ချက်ရယ်မောလိုက်လျက်....

"ဖိုးရွှေညီလေးရယ်....ကော်ပြန့်ကြော်ပေါ့ကွယ်"

ဂုဏ်ကလေးက ပိုင်နိုင်နေလိုက်တာ။ နံနက်က ဂုဏ်ကိုယ်တိုင် မှာလိုက်တာပဲလေ။ ဂုဏ်မှာလိုက်တာကို တခြားနေ့ မေ့ချင်မေ့၊ သည်နေ့ ဘယ်လိုမှ မေ့လို့မဖြစ်ဘူးဟု ညီ စိတ်ထဲမှာ ကော်ပြန့်ကြော်....ကော်ပြန့်ကြော်ဟု တတွတ်တွတ် ရွတ်ဖတ်နေခဲ့ရသည်။ သည်နေ့ သူနောက်ကျတော့မည်ဆိုတာကို နေ့လယ်တည်းက သိသည်။ ခါတိုင်းထက်ကို နောက်ကျမှာမို့ ဂုဏ် မှာလိုက်သော စားစရာကိုပါ မေ့ကျန်ရစ်တာမျိုးတော့ မဖြစ်သင့်။

"ပိုင်လှချည်လား"



ညီက ကော်ပြန့်ထည့်ထားသော ကြွပ်ကြွပ်အိတ်လေးကို ဂုဏ့်ထံ လက်လျှိုပေးလိုက်ရင်း သော့ခလောက်ကို ဖွင့်လိုက်လေသည်။

"ဂုဏ်၊ ညီ နည်းနည်းနောက်ကျသွားတယ်"

"အလုပ်တွေ များလို့လား"

"ဦးလူကလေးကွာ၊ သူသွားစရာရှိတာကို ဇွတ်ပဲခေါ်သွားတော့ ငြင်းမကောင်းလို့ ပါသွားရတာ၊ အိမ်တောင် တစ်ခေါက်ဝင်ပြောဦးမလို့၊ မိနစ်လေးဆယ်တောင် နောက်ကျသွားတယ်၊ ဆောရီးဂုဏ်ရယ် နော်၊ ဂုဏ် ကြောက်နေသေးလား၊ စိတ်ပူနေလား၊ ပျင်းနေလား"

"စိတ်တော့ ပူတာပေါ့၊ စိတ်ပူတာကလဲ ညီလေးကို မြင်တော့ ပျောက်သွားပြီ၊ ဂုဏ် ကြောက်လဲမကြောက်ဘူး၊ ပျင်းလဲ မပျင်းဘူး၊ ဂုဏ် ဒီနေ့ ပျော်တယ် သိလား"

ညီက ဂုဏ့်နဖူးလေးကို ရှုပ်ခနဲမွှေးရင်း ဂုဏ့်ကို တအံ့တဩ ငုံ့ကြည့်လိုက်မိသည်။ ဂုဏ်ပျော်တယ်တဲ့။ ရွှဲ့တာလား ဘာလား အကဲခတ်လိုက်သော ညီ့မျက်လုံးတို့သည် ရိုးသားစင်ကြယ်သော ဂုဏ့်မျက်နှာပေးလေးကြောင့် သက်ပြင်းကျသွားရကာ....

"ကဲ....ပြောစမ်း၊ ဘာတွေပျော်လဲ၊ လမ်းပေါ်က လူတွေထဲမှာ ရယ်ရတဲ့လူတွေ အများကြီးတွေ့တယ်ထင်တယ် ဟုတ်လား၊ ပြောစမ်း၊ လမ်းပေါ်မှာတွေ့တဲ့ ရယ်စရာတွေ"

"ဟင်....ညီလေးကလဲ၊ ဒါတွေက ရိုးနေပြီ"

ညီ အဝတ်လဲနေရာနောက် တကောက်ကောက် လိုက်ကပ်ကာ ဂုဏ်က ကလေးလေးလို ပြောသည်။ မျက်နှာသုတ်ပဝါကို လှမ်းဆွဲချင်း ညီက အခန်းပြင် ပြန်ထွက်လိုက်သည်။ ရှေ့ဆက် ညှော်ခန်းနေရာတည့်တည့်မှာ သောင်ထားသော ဂုဏ် ပန်းချီဆွဲသည့် ဒေါက်နှင့် ဘုတ်ပြားကို လှမ်းကြည့်ကာ တိတ်တိတ်ကျိတ်ရယ်ရင်း....

"ဒီနေ့ ဂုဏ်ဆွဲတာ ဘယ်နိုင်ငံရဲ့ အလံပုံလဲ ဟင်၊ မီးခိုးပေါ် အနီဝိုင်းဆိုတော့ ဘာနိုင်ငံရဲ့ အလံပါလိမ့်"

"ညီလေးနော်"

"ကဲပါ ဂုဏ်ရယ်၊ နောက်က တကောက်ကောက်နဲ့ မေးပါတယ်၊ ဘာပြောချင်သလဲ၊ လမ်းမှာ ဘယ်သူချော်လဲသလဲ၊ ဘယ်သူ့ကို ရှုံ့ဖွက်စဉ်လဲ"

"ဟင့်အင်း....ဟိုအိမ်ရှေ့ကကောင်လေး တို့တူးသုပ်သည့်ကြီးကိုခေါ်တာ သူက အဲဒီကောင်လေးခေါ်မှန်း မသိဘူး၊ ပုခုံးဖောင်းသည့်ကြီးတစ်ယောက်ကျတော့ သူ့ဟာသူ နေပြင်းလို့ ပုဖောင်းတစ်လုံး ဖောင်းခနဲပေါက်တာ သူများ တစ်ခုခုနဲ့ လှမ်းပစ်ပြီး ဖောက်တာမှတ်လို့....ဟီဟီ...."

"ဒါပဲလား၊ ဟား...ဟား"

ညီ ထုံးစံအတိုင်း ဂုဏ်ကျေနပ်အောင် ရယ်လိုက်သည်။ ဂုဏ့်ခမျာ တစ်နေကုန် သူပျင်းပျင်းနှင့် ဟိုငေးသည်ငေး တွေ့သမျှ ဘာမှမဆန်းတာတွေကို ညီ့ကို ရယ်စရာလုပ်ပြောရလျှင် ညီက ရယ်မှောမှ သဘောကျသည်။ သို့သော် သည်တစ်ကြိမ်



တော့ ဂုဏ်က ထူးထူးဆန်းဆန်း ညီ့လက်ကို ဖတ်ခနဲ ရိုက်ရင်း....

"ညီလေးနော်...ရယ်လဲမရယ်ရဘဲ လုပ်ရယ်မနေနဲ့၊ ဂုဏ်ပြောမှာ တခြား"

"ကဲ...ဒါဖြင့် ညီရေချိုးမယ်၊ ဂုဏ် ထမင်းစားပွဲမှာ ထိုင်ပြီး ရေချိုးခန်းထဲက ကြားအောင် လှမ်းပြော...ဟုတ်လား နှင့် ရေချိုးချင်ပြီ"

"အင်း....အင်း"

ဂုဏ့်ကို ပခုံးဖက်ကာ မီးဖိုထဲထိ ခေါ်ခဲ့ရင်း ထမင်းစားပွဲက ကုလားထိုင်မှာ ထိုင်စေလိုက်သည်။ စားပွဲပေါ်မှ အုပ်ဆောင်းကို အမှတ်မဲ့ လှန်ဖွင့်ကြည့်လိုက်ရင်း....

"အောင်မာ...ထမင်းဆိုင် ဒီနေ့ ဘာတွေ စေတနာဝိုလိုက်တာလဲ၊ ငါးပိကြော်လား၊ ဘာလချောင်ကြော်လား၊ မွှေးလိုက်တာ"

ပန်းကန်ငယ်လေးထဲက ပုစွန်ခြောက်မှုန့် နိုင်းချင်းနှင့် မွှေးပျံ့လျက် ကြက်သွန်ကြော် ကြွပ်ရွရွတွေ ဖုံးလွှမ်းနေသော ငရုတ်သီးနိုင်နိုင် အကြော်ကို ညီက ငုံ့ကာ တစ်ချက် ရှူရှိုက်ရင်း ရေချိုးခန်းထဲ တန်းဝင်သွားလိုက်တော့၏။

"ကဲ....ပြော....ပြော....ဘာပြောမှာလဲ"

ရေချိုးခန်းထဲမှ လှမ်းမေးလိုက်သော ညီ့အသံသည် ရေခပ်သံ ရေလောင်းသံနှင့်အတူ ရောထွက်လာ၏။

"အဲဒါ ဘာလချောင်ကြော် ညီလေးရဲ့၊ မဓနွယ်ပေးတာ၊ ထမင်းဆိုင်က မဟုတ်ဘူး"

**အောင်မြင့်ထွန်း ✻ ၈၁၈၀**
**၈-ရှင်တွက်၊ ခြိုသစ်**

“ဘယ်သူပေးတာ”

“မမန္တယ်”

“ဘယ်က မမန္တယ်လဲ”

“ဟိုတက်ခန်းက မမန္တယ်ပေါ့၊ ဒီနေ့ပဲ ပြောင်းလာပြီ”

ရေသံ ရတ်တရက်ရပ်ကာ တံခါးချက်ဖွင့်သံနှင့်အတူ ညီ ခေါင်းက အပြင်ပြူထွက်လာ၏။ မျက်မှောင်ကုတ်လျက်သား နှင့် ဂုဏ်ကို စိုက်ကြည့်ကာ....

“ဂုဏ်...”

ခပ်ဆတ်ဆတ်တစ်ခွန်း ပစ်ဟောက်လိုက်သည်။ ဟင်းပန်း ကန်လာပေးသည် ဆိုကတည်းက ဂုဏ်အခန်းတံခါးကို ဖွင့် ပေးပြီ။ ပြီးတော့ သည်နေ့မှပြောင်းလာသည်ဆိုသည့် မျက် နှာစိမ်း လူသစ်။ ညီ့မျက်နှာ မကျေမနပ် ဖြစ်သွားတာမြင် တော့ ဂုဏ် သူ့အမှား သူသိကာ မျက်နှာချိုလေး သွေးလိုက် ရလေသည်။ ညီက တံခါးဘယ်တော့မှ မဖွင့်ဖို့ တိုးရိမ်တကြီးမှာ ထားတာ။ ဂုဏ်က အိမ်ထဲအထိပင် လူအဝင်ခံမိတာကိုး။

“နေ့လယ်ကမှ သူတို့သားအမိနှစ်ယောက် ပြောင်းလာ ကြတာ ညီလေးရဲ့၊ သူတို့မှာ တံမြက်စည်းမပါလာလို့ ဂုဏ် ဆီက တံမြက်စည်းငှားတော့ ဂုဏ်က ပေးလိုက်တယ်လေ၊ အဲ ဒါ သူက တံမြက်စည်းလာပြန်ပေးရင်း အခန်းဝမှာ ရပ် စကားပြောနေတော့ မိန်းမချင်း တံခါး လုံးဝမဖွင့်ပေးဘူး ဆိုရင် မကောင်းတာနဲ့ နောက်ပြီးတော့ နောင်လဲ အခန်း ချင်းကပ်လျက်ဆိုတော့ အမြဲဆက်ဆံနေရမှာပဲ ဆိုပြီး ဂုဏ်က ရင်းရင်းနှီးနှီး တံခါးဖွင့်....”



ပမျိုး

“အေး....ဖွင့်ဖွင့်၊ မြင်ကရာလူ ဖမ်းရင်းနှီးနေ၊ မှမဖြစ်လို့ သာ ကျန်တာပေါ့၊ တစ်ခုခုဆိုရင် ခ သူ့ သမီး တောင် ရှင်းပြမနေနိုင်တော့ဘူး”

ကလေ

ညီက စိတ်ပေါက်ပေါက်နှင့် ပြောအပြီး ရေဆွဲအမိ ခေါင်းပြန်ဝင်ကာ ချက်ပြန်ချပစ်လိုက်သည်။ ရေသံ ဆိုက် ဝုန်းထွက်လာတာကို ဖောက်ထွင်းအောင် ဂုဏ်က အသံမြှင့် အော်ရင်း....

“စိတ်မဆိုးပါနဲ့ ညီလေးရာ၊ စိယ်ချရမယ့်ပုံစံမို့ လို့ပါ၊သူ နဲ့ အိမ်ထဲမှာ စကားခဏပြောရင်း ဂုဏ်တို့ ဟင်းချိုင့်ယူစား တာ သူသိသွားတာပေါ့၊ အဲဒါနဲ့ ဘာလချောင်ကြော် တစ် ခေါက်ပြန်ယူပေးတာ၊ သူတို့က အိမ်ပြောင်းခါစဆိုပြီး မချက်ပြုတ်နိုင်မှာစိုးတာနဲ့ အခြောက်အခြမ်းကြော်တွေ နို့မှန့် ဘူးတွေနဲ့ အပြည့်အပြည့် ပါတယ်တဲ့ သိလား၊ နောက်နေ့တွေ လဲ ယူစား တဲ့၊ ပေးဦးမယ်တဲ့ သိလား ညီလေးရဲ့”

“အငတ်မ”

ရေချိုးခန်းထဲက ပျစ်ပျစ်နှစ်နှစ် ရေရွတ်လိုက်သံကြောင့် ဂုဏ်သည် စကားလည်း ရပ်သွားကာ ကုပ်ကလေးပုပြီး တဟိ ဟိ ကျိတ်ရယ်နေမိသည်။ ရည်းစားဘဝကဆို ညီလေးဟာ ဂုဏ့်ကို အခုလိုပဲ နာနာကျင်ကျင် နစ်နစ်နာနာ အမြဲပြောနေ ဘူ။ ခုနောက်ပိုင်းတော့ ဂုဏ် ဝမ်းနည်းမှာစိုးကာ သူ့မှာ ပြောဘဲ ဆင်ခြင်နေရှာသည်။ ညီလေး ပါးစပ်ဟာ အင်မတန် ပြောထွက်သော ပါးစပ်။ ချစ်သူချင်းပဲလေ ဆိုပြီး မပြောရက်

"မေ ဘယ်လောက်ပဲချစ်ချစ် ညီလေးက ချစ်လေ ရက်ရက်

"ဘာပြောတာတတ်လေ။

"ရေချိုးခန်းက ဒုန်းဆို ဆောင့်အောင့်မှင့်လာကာ ညီ ရေသုတ်လျက် ထွက်လာ၏။

"မေမေရယ်နေ....ရယ်နေ၊ စိတ်ချရတဲ့ပုံ၊ မချရတဲ့ပုံက၊ ခင်ဗျား ဒီလိုလောက်အမြော်အမြင် အသိ အလိမ္မာတွေနဲ့ ခွဲခြားနိုင်တာမို့လို့လဲ"

"ညီလေးရယ်၊ ဂုဏ် ငါထဲက အလိုလိုသိလိုက်တာ၊ ဘာလို့လဲဆိုတော့ အဲဒီ ဒေါ်ခင်လေးနွယ် သမီးလေးကလေ ဆယ်နှစ်လောက်အရွယ်လေး၊ ဂုဏ့်လိုပဲ ချိုင်းထောက်ကလေး တစ်ဖက်နဲ့၊ ငယ်ငယ်က ကားတိုက်ခံရပြီး ကျောက်ပတ်တီးနဲ့ ကြာသွားရာက အရိုးသိမ်သွားလို့တဲ့၊ သမီးချင်းစာပြီး သူဟာ ဂုဏ့် အပေါ် ရိုးသားလိမ့်မယ်လို့ စိတ်ချနိုင်တယ်ပဲ ဂုဏ် ထွက်လိုက်မိလို့ပါ"

ညီသည် တစ်လုံးချင်း နားထောင်နေရာမှ မျက်မှောင်တွေ တစ်စစပြေပြန့်လာရကာ ဂုဏ့် စကားဆုံးသောအခါ ဂုဏ့်ကို သနားကြင်နာစွာနှင့် ဂုဏ့် ခေါင်းကလေးကိုဖက်ပြီး ရင်ခွင်ထဲအပ်ကာ ဖက်ထားလိုက်မိသည်။ ဂုဏ်လေး....ဂုဏ်လေး ဟု အသံကို တမင်တကာအောကာ ကြင်နာချစ်ခင်စွာ ရေရွတ်နေရင်း ဂုဏ့်ကို တစ်စုံတစ်ရာ ပြောသင့် မပြောသင့် ချင့်ချိန် စဉ်းစားနေဖြစ်လေသည်။ သူရောက်ခဲ့တဲ့နေရာ သူစကားပြောခဲ့ရတဲ့သူ၊ ဒါတွေကို ဂုဏ်မသိအောင် ညီ တမင်တကာ ဖုံးကွယ်ထားလိုခြင်း အလျှင်းမရှိ။ သို့သော် ပြောပြလိုက်တဲ့အခါ ဂုဏ်



ဘာမှမဟုတ်တာကို ပူကြီးခဲ့ စိတ်မကောင်းဖြစ်ပြီး တစ်မျိုးတစ်မည် သံသယဝင် ပင်ပန်းနေမှာ ညီ စိုးရိမ်သည်။

"သူ့ သမီးလဲ ချိုင်းထောက်လေးနဲ့ပဲ ညီလေးရဲ့၊ သူ့ သမီးလေးကို သူ သိပ်ချစ်တာ၊ သိပ်သနားတာ၊ သမီးလေးကလေ အဖေမရှိဘူးတဲ့ကွယ်၊ မမနွယ်ယောကျ်ားက သူတို့သားအမိကို ပစ်သွားတယ်၊ ဂုဏ် နားထောင်ရတာ စိတ်မကောင်းလိုက်တာ ညီလေးရယ်၊ မမနွယ်ကလေ လှပါတယ်၊ သိလား၊ တော်တော်လေးလှပါတယ်၊ အရည်အချင်းရှိပုံလဲ ရတယ်၊ ဥပမာ ဂုဏ့်လို တစ်ခုခု ချွတ်ယွင်းချက်ရှိတာမျိုးလဲ မဟုတ်"

"ဂုဏ်...."

ညီက စကားစကို ဖြတ်ပစ်လိုက်သည်။

တော်ပြီ၊ သူပြောစရာရှိနေတာကို မပြောတော့ပါဘူး ဟု ညီ ယတိပြတ် ဆုံးဖြတ်လိုက်တော့သည်။ ညီ့ကို မယုံကြည်ဘူးရယ်လို့ တိတိကျကျမဟုတ်တောင် ဂုဏ် သို့လောသို့လော အတွေးတွေနှင့် ပင်ပန်းဆင်းရဲနေမှာ သေချာသည်။

"အဲဒီ မမနွယ်က...."

"တော်ပါတော့ ဂုဏ်ရယ်၊ သူများအကြောင်းတွေ နားထောင်ပြီး ရှာကြံစိတ်ဆင်းရဲနေတယ်၊ အဲဒီအမျိုးသမီးကလဲ ဒီနေ့မှ ပြောင်းလာလို့ သာပဲ ဒီလောက်ဇာတ်စုံခင်းသွားတာ၊ တစ်လလောက်များ ရှိရင်တော့ သူ မွေးကင်းစကနေ ခုချိန်ထိ ဂုဏ်မသိတဲ့ကိစ္စ တစ်ခုမှတောင် ကျန်ပါ့မလား မသိဘူး၊ အဲဒီလို စကားများများ အတင်းပြောပြော အမျိုးသမီးတွေ ညီ မကြိုက်ပါဘူး"

"အတင်းမပြောပါဘူး ညီလေးရဲ့၊ သူ့အကြောင်း သူ့ပြောတာပါ၊ သူများအကြောင်း ပြောတာမှ မဟုတ်တာ"

"သူ့အကြောင်းတောင် ဒီလောက်ပြောနေမှ သူများအကြောင်း တစ်နေ့နေ့ မပြောဘဲ နေမလား၊ ခုပဲ သူ့ယောကျ်ား မကောင်းကြောင်း ပြောပြီး ကိုယ့်ယောကျ်ား မကောင်းကြောင်း အိမ်လည်ပြောနေတဲ့ မိန်းမတွေနဲ့ မိဂုဏ်တော့ ပေါင်းမိလိမ့်မယ်"

"ဒီလိုမပြောပါနဲ့နော်"

ဂုဏ်က ညီ အဝတ်လဲနေရာနှင့် မလှမ်းမကမ်း၌ ရပ်ကာ နှုတ်ခမ်းလေးတင်းတင်းစေ့လိုက်မိသည်။ ဘာမဟုတ်တာနှင့် ဂုဏ် စိတ်တိုချင်လာတာကို ကိုယ့်ဘာသာလည်း သတိပြုမိသည်။ တစ်ဖက်မှာ ချိုင်းထောက်နှင့် သမီးလေးကို ပစ်သွားရက်တဲ့ အဖေအကြောင်း စိတ်မကောင်းချင်စရာ ကြားထားရတော့ ကိုယ်တိုင် သည်ဘဝဖြစ်သော ဂုဏ့်အဖို့ အလိုလိုနေရင်း အားငယ်ခြင်းနှင့် ယှဉ်သော ဒေါသတွေ ခံပြင်းခြင်းတွေ ဝင်ချင်လာသည်။

ညီလေးကို အလိုလိုနေရင်း မကျေနပ်။

"သူ့ယောကျ်ားကလဲ ကောင်းမှ မကောင်းဘဲ၊ ပြောမှာပေါ့၊ သူက ခံထားရတဲ့ မိန်းမပဲ ညီလေးရဲ့၊ ရင်နာနာနဲ့ မချိုသိပ်နိုင်ဘဲ ထွက်လာမှာပေါ့"

"ဂုဏ်…တစ်နေ့လယ်ခင်းလေးနဲ့ ဒီမိန်းမဘက် ပင်းသွားလိုက်တာ ဂုဏ်ရယ်၊ ကျုပ်တော့ ရှေ့လျှောက်အတွက် စိတ်တောင် မချတော့ဘူး"



"သူ့ဘက် ဘာလို့ ပင်းရမှာလဲ၊ သူနဲ့ ခုမှ သိတဲ့ဥစ္စာ၊ ညီလေးက ယောကျ်ားပီပီ မိန်းမတစ်ယောက် ခံစားချက်ကို နားလည်မပေးနိုင်တဲ့ပုံနဲ့ အပြစ်ပြောနေလို့ ဂုဏ်က ပြောရတာ"

"ဂုဏ်က တို့ကိုပါ စွဲချက်တင်လာပြီနော်"

"ဟုတ်တာပဲဟာ၊ ဂုဏ့်ကို ယောကျ်ားမကောင်းကြောင်း အတင်းမပြောရဘူးလို့ တစ်ဖက်လှည့်နဲ့ မသိမသာ ရိုက်သွင်းချင်နေတာကိုး၊ ဒီအတိုင်း နားထောင်နေလိုက်ပေါ့၊ ဂုဏ်လဲ ဒိုးရိုးပြောတာပဲ၊ သူ ပြော တာ နဲ့ ပဲ ဂုဏ်ကရော၊ ဂုဏ့်ယောကျ်ားက ဘယ်လိုဆိုတာ ပြန်ပြောရောတဲ့လား၊ ဂုဏ် အဲလို လျှောက်ပြောတာမှတ်လို့"

"ဂုဏ် ဘာတွေ ဒေါသထွက်နေတာလဲ"

"ဂုဏ် နေ့လယ်တည်းက မမနွယ်ယောကျ်ားကို ဒေါသထွက်နေတာ"

ညီ ခေါင်းကို ခါယမ်းကာ ကျွတ်ခနဲ စိတ်ပျက်လက်ပျက် အသံထွက်လိုက်သည်။

"အဲဒီဒေါသကို ညီ့ဆီ ဘာဖြစ်လို့ တစ် ဆက် တည်း အမျှင်တန်းထားတာလဲ၊ ညီ ဘာလုပ်သေးလို့လဲ ဂုဏ်"

"ညီလေးကို ဂုဏ် ဒေါ သ မ ထွက် ပါ ဘူး၊ ညီလေးသာ ဂုဏ် ကို…"

"ကဲ…တော်ကြရအောင် ဂုဏ်ရယ်၊ တော်ကြရအောင်"

ညီက ထမင်းစားပွဲဆီ လျှောက်ထွက်လာခဲ့သည်။ ဂုဏ်လည်း ညီလေးနောက်မှ နှုတ်ဆိတ်ကာ ပါလာရင်း ခုမှ

ပဲ ညီလေး မတရားနောက်ကျတာကို သတိပြုမိတော့သည်
ခုနက အဖော်သစ်ရတာ ပြောချင်ဇောနှင့် ဂုဏ် အမှု
အမှတ်မဲ့ နေလိုက်မိတာ။ ဒီနေ့ ညီလေး အရမ်းနောက်က
တာပဲ ဟု တွေးရင်း စိတ်ရှုပ်သွားပုံရသော ညီလေး မျက်နှာ
ထားကို ဝမ်းနည်းမိလေသည်။

ထမင်းစားပွဲမှာ ထိုင်မိကြမှ ဂုဏ့်မျက်ဝန်းထဲ တဖွဲ
ဖွဲလက်ကာ ရစ်လည်နေသော ငွေရည်တို့ကို ညီ မျက်နှာ
ချင်းဆိုင် မြင်တော့သည်။ စိတ်ရှုပ်ရှုပ်နှင့် ညီ သက်ပြင်းရှိုက်
ကာ ချွေးတွေပေါ် ပြန်လာသယောင် ဖြစ်လာရသည်။ ခုပဲ မေ
ချီးပြီးသော်လည်း အေးအေးလူလူ မရှိနိုင်တော့ပေ။

"ဂုဏ်"

ဂုဏ်က ဖျတ်ခနဲ မျက်လွှာပင့်ကာ တိတ်တဆိတ် ကြည့်
သည်။

"ဂုဏ် မျက်ရည်ဝဲရလောက်အောင် တို့ ဘာများ နှိပ်
စက်မိသလဲ ဂုဏ်ရယ်"

"မသိဘူး၊ ဂုဏ် ဝမ်းနည်းနေတယ်"

"ဂုဏ် ဘာကို ဝမ်းနည်းနေလဲ"

"ဂုဏ် မပြောတတ်ဘူး"

ထမင်းကို တို့ကနန်းဆိတ်ကနန်းနှင့် ထိရုံကလေးစားနေ
သော ဂုဏ့်ရှေ့တွင် ဂုဏ် မျက်လွှာချထားသော်လည်း ညီ
အနေခက်နေလေသည်။ ခုချိန်မှာများ ညီတစ်ယောက် ရည်း
စားဟောင်းရဲ့ အိမ်ကို မရောက်မဖြစ် ရောက်သွားခဲ့ရသည်
ဆိုတာ ဂုဏ်သိလိုက်လျှင် ဘယ်လောက်များ အခြေအနေဆိုး



ကိုက်လိမ့်မလဲ။ ငယ်ကတည်းက ကိုယ့်အားကိုယ်ကိုး အရာရာ
ကို ကိုယ်တစ်ဦးတည်း ဆုံးဖြတ်ဖြေရှင်းသော စရိုက်နှင့် လူ
သားဖြောက်ခဲ့ရသော ညီသည် မလိုလားအပ်တဲ့ ကိုယ့်ကိစ္စ
ကို သူတစ်ပါးထံ ဖွင့်ဟတိုင်ပင်တတ်ကျင့်မရှိသောပုံစံ အသား
သေခဲ့ပြီ။

မသိစေချင်၍ ဖုံးဖိထားတာမျိုး မဟုတ်ဘဲမပြောလည်း
အရေးမကြီး၊ ပြောဖို့လည်း မလိုလားအပ်လှဘူးဟု သူ ထင်
မြင်သော ကိစ္စမျိုးတွေ၊ ဂုဏ်အပေါ်အဝင် ဘယ်သူ့ကိုမှ သိပ်
လေကြောရှည်နေမိပေ။ အလုပ်ကိစ္စ၊ အပေါင်းအသင်းများ
ကြား ကိစ္စတွေဆိုလည်း ဂုဏ့်ကိုဖြင့် ပြောမနေဖြစ်တာက
များသည်။ တချို့တလေလောက်သာ စကားစပ်မိမှ။ ဂုဏ်
ပြောတာတွေကို နားထောင်ပေးသမား သက်သက် အဖြစ်နှင့်
ညီ အချိန်ကုန်သည်။

`ဂုဏ့်သည် ထမင်းကို အချိန်တိုတိုနှင့် လက်စသတ်ကာ
ထိုင်ရာမှ ထလိုက်သည်။ ထအရပ်မှာ စားပွဲခြေထောက်နှင့်
ဂုဏ့်လက်မှ ချိုင်းထောက် မတော်တဆ ကန့်လန့်မိကာ ဂုဏ်
တစ်ချက် ယိုင်သွားရလေသည်။ ညီသည် လက်ထဲမှ ဇွန်းကို
ဂလောင်ခနဲ အသံမြည်အောင် ပန်းကန်ထဲ ရုတ်တရက် လွှတ်
ချမိကာ ဂုဏ့်ကို စိုးရိမ်တကြီး မေးမ ယိမ်းလိုက်ရသည်။
ပထမတော့ ညီ့မေးမှုမှ ဂုဏ်က ရုန်းလိုက်တော့မလို ပြုပြီး
မှ ညီ့ကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

နွေးထွေးကြင်နာသော ညီ့ မျက် လုံး မှ စူး စိုက် သည့် အကြည့်ကို အကြာကြီး ရင်မဆိုင်နိုင်ဘဲ ဂုဏ်သည် ညီ့ ရင်ခွင် ၌ မျက်နှာကပ်ကာ တရှိုက်ရှိုက် ငိုချလိုက်မိလေသည်။

"ညီလေးရယ်၊ ဂုဏ်အမြဲတမ်း အားငယ်နေတယ်၊ စိတ်ထဲ မှာ ဘာတွေမှ လုံခြုံမှု အပြည့်အဝ မရှိဘူး၊ ဂုဏ်လေ... ညီလေးနဲ့ ရည်းစား ဘဝလေးကိုပဲ အား လွမ်း တယ် အဲဒီအချိန်တွေကို ပြန်လိုချင်တယ် ညီလေးရယ်၊ ဂုဏ် ပြန်လို ချင်တယ်"

ညီသည် သနားစဖွယ်သော ဂုဏ့်ကို ဘယ်လို နှစ်သိမ့်ရ မည် မသိ။ စိတ် မ ကောင်း ခြင်း တို့ ရင်၌ ပြည့်လျက် နင့်နေ သည်။ အမှန်တကယ်တော့ ညီလည်း ထိုကာလကလေးကို လွမ်းဆွတ်တမ်းတခြင်း ရံဖန်ရံခါ ရှိတာ အမှန်ပင်။

မျက်စိအောက်တွင် တစ်နေ့တခြား အရွယ်ရောက် အလှ ပိုလာသော တစ်ရပ်ကွက်တည်းနေ 'ဂုဏ်' ဆိုသည့်မိန်းကလေး ကို တစ်နေ့မှာ ညီ လက်ထပ်ယူဖြစ်သည်အထိ ချစ်မိလိမ့်မည် ဟု ဟိုတုန်းက ဘယ်လိုမှ မထင်ခဲ့ပေ။

*   *   *

လက်နှစ်ဖက် နောက်ပစ်ရပ်ကာ အင်တင်တင်ပုံစံရှိသော ညီ့ကို ဦးလူကလေးက မျက်လွှာတစ်ချက် ပင့်ကြည့်ရင်း နဖူး စပ်က ချွေးဥတို့ကို လက်ကိုင်ပဝါနှင့် တို့သုတ်ကာ ကုလား



ထိုင်နောက်မှီမှ တိုက်ပုံအင်္ကျီကို ဆွဲယူဝတ်လျက် တစ်ဆက် တည်းပင် ထရပ်လိုက်သည်။

"ဖိုးညီ...မင်း ပေကတ်ကတ်လုပ်မနေနဲ့၊ မင်း ဇ အိမ်ပြန်နောက်ကျလို့ မိန်းမက ဆူသလား...ဟဲ... အင်မတန် လောက်လဲ င်းသန်း ခေါ်လိုက်စမ်းကွာ၊ ငါ မှာစရာရှိတာ မှာရင်း ... ဒီ

ညီ ခေါင်းတစ်ချက်ဖွလိုက်ရင်း နောက်ထပ်တစ်ကြိမ် စော ကတက်လိုက်သည်။

"စိုးသန်းခေါ်သွားလို့ ဖြစ်နိုင်မလားဆရာ၊ ဖြစ်နိုင်ရင် ကျွန်တော်နေခဲ့ချင်လို့၊ ဒီဆိုက်ကကိစ္စတွေ အားလုံး စိတ်ချ ခဲ့ပါ"

"ဟေ့ကောင်"

ဦးလူကလေးသည် ကိုယ်တိုင်က အသက်ငါးဆယ်နီးပါး တွင် ချင်းနင်းနေသော်လည်း သူ့ နဂိုနေကိုက ပေါ့ပါး သွက်လက်ဖျတ်လတ်သော သဘောကိုဆောင်သည်။ စိတ်က သည်း မျှိုသည်။ သူပိုင်အိမ်ထောင်၌ပင် စိတ်ကိုနှစ်ကာ လူကို ပစ်ထားတတ်သူ တစ်ယောက် မဟုတ်။ သူ့ထက် ယောင် ယောင်မျှငယ်သော၊ တော်တော်လေး ငယ်သော အသက် အရွယ်တန်းတို့နှင့် ဖေားလားဝါးလား ပေးကျွေး ပေါင်း သင်းတတ်သူ ဖြစ်၏။

နေ့တိုင်းနီးပါးပင် အလုပ်ကဆင်းသည်နှင့် အိမ်တန်းပြန် သည်မရှိဘဲ ဟိုတယ် တက်တန်တက်၊ ဘီယာ သောက်တန် သောက်၊ လက်ဖက်ရည်ဆိုင် ထိုင်တန်ထိုင်၊ ဘိလိယက် သွား

လိုးတန်ထိုး၊ ညဥ့်နက်သန်းခေါင် လည်ပတ်ပြီး ဝကာမှ အိမ်ကတ် ကားဦးလှည့်သူမျိုး ဖြစ်သည်။

ဦ မျက်နှာညှိုတပန်းတွေကိုဆိုလည်း သူ စိတ်မတွေ့ခိုက် ရှားရှား

"ညီလာကာသာ ဝုန်းဒိုင်းကြဲ ဆူဆဲဟတ်လျက် အချောမှာ ဘယ့်တဟီးဟီးတဟဲဟဲနှင့် သူငယ်ချင်းပေါင်း ပေါင်းခဲ့လေသည်။ သူ့ကိုယ်သူ အထင်တကြီး ကိုယ်ရည်သွေးတတ်မှုကို အညီးညည်းခံနိုင်လျှင်ဖြင့် ဦးလူကလေးသည် အင်မတန်ပေါင်းလို့ သင်းလို့ ကောင်းသူတစ်ယောက်သာတည်း။

"မင်းအိမ်အထိ ငါလိုက်လာပြီး မင်းမိန်းမကို အကျိုးအကြောင်း ပြောပါ့မယ်ကွာ၊ ဒါပေမယ့် မနေ့ကလို နောက်မကျပါဘူး၊ အလုပ်မြန်နေကျအချိန်ထက်တောင် ဒီနေ့ စောဦးမယ်၊ ဒါကြောင့် ငါက အခုထွက်လာပေါ့၊ မြန်မြန်စောအောင်"

"ကျွန်တော်က ဒီနေ့ တည်းခိုခန်းပုံကြမ်း လက်စသတ်မလားလို့ ဆရာ"

"အမယ်လေး၊ အဲဒီတည်းခိုခန်းက သူဌေးက ကြေးခပ်များများနဲ့၊ မင်း နောက်ထပ်တစ်လနဲ့ လက်စမသတ်နိုင်ဘူးမှတ်၊ နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက် မလိုက်ချင်ရတာလဲ၊ ဪ...ဖုန်းကတစ်မျိုး၊ ဟယ်လို"

စကားပြောရင်းတန်းလန်း မြည်လာသောဖုန်းကို မကိုင်လိုက်ကာ ဦးလူကလေးက ထူးလိုက်သည်။

"ဪ....ဆံရောကတော်လား ခင်ဗျာ၊ ဆရာ အလုပ်ကိစ္စနဲ့ အပြင်ခဏသွားတယ်ခင်ဗျ၊ ဟုတ်ကဲ့....ဟုတ်ကဲ့"



ညီသည် စိတ်ညစ်ညစ်နှင့်ပင် မအောင့်နိုင်ဘဲ ရယ်ချလိုက်တော့၏။ ဦးလူကလေးက ဖုန်းလဲချ၊ သက်ပြင်းပါချရင်း ဟဲခနဲရယ်မောကာ....

"မိန်းမတွေ သိပ်လျှာရှည်တာကွ၊ ပစိပစပ်ကလဲ အင်မတန်များတာ၊ ဘာမှမဟုတ်တဲ့ ကိစ္စတစ်ခုကို နာရီဝက်လောက်လဲ ဆွဲဆန့်ပြောနိုင်တယ်၊ ယောကျ်ားတစ်ယောက် ရပြီဆို...အဲဒီ ယောကျ်ားကို သူတို့လျှာရှည်သမျှ တာဝန်အရ နားကိုထောင်ရမယ့်သူသို့ သတ်မှတ်လိုက်ကြရော၊ အခု ဘာမှမဟုတ်ဘူး၊ ဆက်ပြောရင် ညနေ စောစောပြန်ဖို့ မှာမှာပဲ၊ ငါလဲ ပြန်မှာ မဟုတ်တာ သူသိသားနဲ့ နိစ္စဓူဝ မှာရမှ စိတ်လက်ကြည်လင်တာ၊ အဲဒါကိုပဲ သူ နာရီဝက် ဆွဲဆန့်ပြောမယ်၊ နားငြီးတယ်ကွ၊ ကဲ....လာ....လာ"

တိုက်ပုံဝတ်၊ ယူစရာရှိတာ ယူထည့်၊ အံဆွဲ သော့ခတ်စသဖြင့် တရစပ်လုပ်ရင်း ပြောနေသော ဦးလူကလေးသည် ဖုန်းကိုင်စဥ်က ဖျက်ပြောသော လေသံမဟုတ်တော့ဘဲ ဟောင်ဖွာဟောင်ဖွာနှင့် သူကိုယ်တိုင် လျှာရှည်နေမိတာကို သူ့ဘာသာ သိပုံမရ။ ညီ ခုနငြင်းသလို အန်သလို ပေသလို ကတ်သလို လုပ်နေတာကို မေ့လျော့ကာ ရှေ့မှထွက်သွားပြီမို့ ညီ့မှာ နောက်က လိုက်ရတော့သည်။

"ဖိုးညီ၊ စိုးလန်းရှာစမ်း....စိုးသန်း"

ဦးလူကလေးက ကားတံခါးသော့ဖွင့်ကာ နံဘေးနံဘီက ဦးသန်းကို မမြင်ဘဲ ညီ့ကိုသာရှာဖို့ အတင်း သဲမဲပြောနေ

သည်။ ညီ လှမ်းမခေါ်ရခင်ပင် စိုးသန်းက သူ့နာမည် ရေရွတ်သံကြားကာ အနားရောက်လာသည်။

"ဩော်....ဟေ့....စိုးသန်း၊ ငါ ဒေါ်မမကြီးအိမ် တစ်ချက်သွားဦးမယ်၊ မင်း ဒီမှာ ကြည့်ရှုစီမံထားလိုက်"

"ဆရာ ပြန်လာဦးမလား ဆရာ"

"အေးကွာ၊ တစ်ချက်တော့ ပြန်ဝင်ခဲ့ဦးမယ်"

"ဟုတ်ကဲ့....ဟုတ်ကဲ့"

သောက်လုပ်ရေး ကုမ္ပဏီဟု လုပ်ငန်းရုံးဖွင့် မှတ်ပုံတင်ကာ သူများတကာ ကန်ထရိုက်တာတွေလု ပါချည်ပါခဲ့ တစ်ချိန်မှာ တိုက်တစ်လုံးသာ သောက်နေရတာမဟုတ်သော ဦးလူကလေးအတွက် ဒေါ်မမကြီးလို ပိုက်ဆံ ဗိုင်ခံထုတ်ချေးနေသောငွေရှင်အကြီးစားကို တလွှားလွှား တဖားဖား နေရထားဆက်ဆံနေရမှာပင်။ အဲသည်လောက်တင် မကဘဲ ဒေါ်မမကြီးနှင့် ဦးလူကလေးတို့က ဟိုးရှေးပဝေသဏီကတည်းက ဆွေမျိုးရင်းချာနီးပါး ရင်းနှီးပြီးသား မိတ်ရင်းတွေဆိုသည့် အချက်ကိုလည်း ဦးလူကလေး ထောက်ငဲ့ရသည်။

ထို ဒေါ်မမကြီးကို ကိစ္စဝိစ္စရှိတိုင်း အပြေးအလွှား အားတက်သရော ရိုင်းပင်းရသော ဦးလူကလေးသည် သူ့တူမရင်းလေးလို သူ့လက်ပေါ်ကြီးခဲ့သော၊ သူကိုယ်တိုင်လည်း ချစ်သော နန္ဒာ့ အရေးပေါ်ကိစ္စကြီးအတွက် လူရောစိတ်ပါ ဗျာများ ပူပန်နေလေသည်။



ဒေါ်မမကြီး သမီးဟာ ဘာဖြစ်လို့ နန္ဒာမှ လာဖြစ်နေရတာလဲဟု ညီ စိတ်ပျက်လက်ပျက် တွေးနေမိချိန်တွင် ဦးလူကလေးက ကားပေါ်ရောက်နေပြီ။

"ဖိုးညီ"

ညီသည် သက်ပြင်းတစ်ချက်ချကာ....

"ဆရာ့ကို တစ်ခုပြောရဦးမယ်"

"ပြော....ပြော၊ ဘာလဲ၊ မင်း မလိုက်လိုတဲ့ ကိစ္စလား"

"ဟုတ်ကဲ့"

ညီက ဦးလူကလေး နံဘေးနေရာသို့ ကားတံခါးဖွင့် ဝင်ထိုင်လိုက်ကာ တံခါးကို ပြန်မပိတ်သေးဘဲ....

"တိုတိုနဲ့လိုရင်း ပြောရရင် ဆရာ၊ နန္ဒာက ကျွန်တော်ကျောင်းတုန်းက လူငယ်ဘဝတုန်းက ကျွန်တော်နဲ့ တွဲဖူးတယ်၊ ကျွန်တော် ရည်းစားဟောင်း ဆရာ၊ အဲဒါကြောင့် ကျွန်တော် မလိုချင်တာပါ"

စကားအဆုံးမှာ ညီက ဦးလူကလေးကို 'ကဲ....အဲသလိုဆိုရင်တော့' ဆိုသည့် အဓိပ္ပာယ်မျက်ဝန်းနှင့် တစ်ချက် အကဲခတ်လိုက်သည်။ ဦးလူကလေးသည် ပါးစပ်က 'ဟင်....'ခနဲဝင်ယောင်ယမ်း ထွက်လုဆဲဆဲဖြစ်ပြီးမှ လေသံကို တရိုတ်အုပ်လိုက်နိုင်သော်လည်း မြင့်တက်သွားသော မျက်ခုံးနှစ်ဖက်ကိုတော့ အလွယ်တကူ ကျုန္နြမဆည်လိုက်နိုင်ချေ။ သို့သော် လွယ်လွယ်နှင့်တော့ တစ်ဖက်သားကို အလျှော့မပေးတတ်သော ဦးလူကလေးက ခုလည်းပဲ ခေါင်းတညိတ်ညိတ်နှင့် သဘောပေါက်သယောင်ပြုပြီးမှ....

''ဒီလိုဆိုတော့ မင်းဘက်က မလိုက်ချင်တာ အကြောင်းပြချက် လုံလောက်ပါတယ်ကွာ၊ ဒါပေမယ့် ဟော့ကောင်၊ မင်းလဲ မင်းအိမ်ထောင်နဲ့မင်း၊ သူလဲ ခုပဲ မင်္ဂလာဆောင်တော့မယ် ကြံစည်နေတာ၊ ဒီမင်္ဂလာဆောင်ကိစ္စ ဖြစ်တာ မဖြစ်တာ အသာထားပေါ့ကွာ၊ ဒါပေမယ့် သူလဲ စိတ်ကူးထဲမှာ မင်းဆိုတာ မရှိတော့ပါဘူး၊ မင်းစိတ်ထဲမှာလဲ သူဆိုတာ မရှိမသားသဘောနဲ့ မရှိတော့ပါဘူးကွာ၊ ခုဟာက မိတ်ဟောင်း ဆွေဟောင်းတစ်ယောက်ကို အခွင့်ကြုံတုန်း ကူညီရသလို သဘောမျိုးပါ၊ မင်းလိုက်ဖို့ လိုကိုလိုတယ်ကွ၊ နန္ဒာက တခြားသူငယ်ချင်းတွေကို အတွေ့တောင် ခံတာမဟုတ်ဘူး၊ ငါတို့ သူ့အမေတို့ ဆွေမျိုး အနည်းအကျဉ်းလောက်ကိုလဲ အတွေ့ခံရင်တောင်မှ စကားဟဟ ပြောတာမဟုတ်ဘူး၊ သူစကား သေချာပြောတာ မင်းပဲရှိနေလို့ ငါက ခုလောက်ထိ မင်းကိုခေါ်နေရတာ၊ လောလောဆယ်လဲ သူ့အခြေအနေ မင်းအသိပဲ ဖိုးညီရာ၊ တစ်ယောက်တည်း ပစ်မထားရဲတဲ့ အခြေအနေ၊ မင်းကို သူက စကားသေချာ ပြောတယ်ဆိုတော့ မင်းအနေနဲ့ သူ့ကို သူငယ်ချင်းကောင်း တစ်ယောက်အနေနဲ့ ကြည့်ရှုဖျောင်းဖျလို့ရတယ်၊ အဲဒီအတွက် မင်းကို အလိုရှိတယ် ဖိုးညီရာ''

ဦးလှုကလေးက စကားရှည်ရှည်ပြောလိုက်ရတာ မောသွားသလို စီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိသည်။ ညီ့ဘက်သို့လည်း ဘူးကို ထိုးပေးလိုက်တာမို့ ယောင်ယမ်းပြီး ညီက တစ်လိပ်ဆွဲယူလိုက်မိလေသည်။



ဪ....နန္ဒာ....နန္ဒာ....ဘာဖြစ်လို့များ ညီ့တစ်ယောက်ကိုမှ စကားလက်ခံပြောရတာတဲ့လဲ။ နန္ဒာ့သတင်းကို ဦးလှုကလေးထံမှ ကြားရတော့ ညီ အမှန်တကယ်ပင် စိတ်မကောင်းဖြစ်မိရိုးအမှန်ပါ။ နောက်တစ်ပတ်ထဲ လက်ထပ်တော့မည့်ဆဲဆဲကျကာမှ ဖိတ်စာတွေပင် ဝေငကမ်းပြီးနေကာမှ သူမရဲ့သတို့သားလောင်းမှာ ဟိုအလျင်က မယားကြီးတည်းရှိ၊ ကလေးလည်း ရှိခဲ့သည်ဆိုသော သတင်းဆိုးကို သိရှာတော့သည်တဲ့။ ထိုပုဂ္ဂိုလ်က အသက်အရွယ် ငယ်လှတော့မည်မဟုတ်တာကိုတော့ သူ့အလုပ်အကိုင် ရာထူးဌာနန္တရကို ဖတ်ကြည့်ရုံမျှနှင့် မှန်းဆနိုင်သည်။ နင့်နင့်သီးသီး ရင်ကွဲအောင် ချစ်ကြတာ မဟုတ်တောင်မှ လက်ထပ်ဖို့ထိ ရည်ရွယ်စိတ်တူးသည်ဆိုကတည်းက တစ်ဖက်ကမဟုတ် တခြားတစ်ဖက်က အလေးအနက် စဉ်းစားလက်ခံနိုင်ပေလို့သာပဲ။

ဘာပဲဖြစ်ဖြစ် အချစ်အတွက်ပဲဖြစ်ဖြစ်၊ အရှက်အတွက်ပဲဖြစ်ဖြစ် နန္ဒာ့လို အဘက်ဘက်က ပြည့်စုံနေသည့် မိန်းမလှကလေးတစ်ယောက်အနေနှင့် အလူးအလဲခံစားရမှာ သဘာဝပါပဲ။ သို့သော်လည်း မိမိလက်ကောက်ဝတ် သွေးကြောကို မိမိဘာသာ ဘလိတ်ဓားနှင့် လှီးဖြတ် သေကြောင်းကြံစည်ရသည်အထိတော့ ပိုက်ရှုးရဲရသလား နန္ဒာရယ်။

နန္ဒာတို့အိမ်က ကောင်မလေးက ချက်ချင်းလိုလို အတွေ့မြန်ပေလို့ နန္ဒာ့အခြေအနေက ဆိုးဆိုးရွားရွားကြီး ဖြစ်မသွားခဲ့။ လူ့ခန္ဓာကိုယ် အန္တရာယ်ဖြစ်စေသည်အထိ မရောက်ခဲ့သော်လည်း စိတ်မှာတော့ ဒဏ်ရာရပြီးသွားခဲ့သော နန္ဒာသည်

လက်ကောက်ဝတ်၌ ပတ်တီးကလေးစည်းလျက် မမာသည့်ကလေးလို အိပ်ရာထက်၌ ပုံ့ပုံ့လဲနေသည်။

ဟိုတစ်ရက်ကတော့ ဒေါ်မမကြီးက ဦးလူကလေးကို ဖုန်းဆက် လှမ်းခေါ်တာမို့ ဦးလူကလေးက ကောက်ခနဲ့နေအောင် ထသွားရာမှာ ကူဖော်လောင်ဖက်လည်းရ တိုင်ပင်ဖော် တိုင်ပင်ဖက်လည်းရအောင် သဘောနှင့် ညီ့ကို လိုက်ခဲ့စမ်းကွာ ဟု အပါခေါ်သည်။ ဘာကိစ္စလဲဆိုတာ မသိသော်လည်း ဦးလူကလေးက လိုက်ခဲ့ဆိုလျှင် ပုံမှန်အားဖြင့် လိုက်ကိုလိုက်ရမှာ ဝတ္တရားပို့ ညီ မငြင်းမဆန် ပါသွားခဲ့ရသည်။ ဒေါ်မမကြီးအိမ်ကိုဆိုတာတော့ သိသည်။ သို့သော် အလုပ်ကိစ္စနှင့် ပတ်သက်လိမ့်မည်ဟု ညီ ထင်ခဲ့မိသည်။

ညီ့ အထင် လုံးဝမှားကာ မမျှော်လင့်သော အခြေအနေကို ရင်ဆိုင်လိုက်ရသည်။ နန္ဒာ့ကို ချက်ချင်း ဆေးရုံပို့ရ ဒေါက်တာကို ချုပ်ရ၊ သွေးရှာရနှင့် ညီရော ဦးလူကလေးပါ ဗျာများသွားရသည်။ဆေးရုံမှာလည်း မတော်တဆမှုန်ကွဲရှသည့်အဖြစ်မျိုး ဖြစ်အောင် လီဆယ် ဖုံးဖိရသေးသည်။ နို့မဟုတ်က ရဲမှုရဲခင်းနှင့် ငြိစွန်းကာ သည်ထက် ပိုမို ရှုပ်ယှက်ခတ်သွားနိုင်သေးသည်။

နန္ဒာက နောက်တစ်ရက်မှာပဲ ဆေးရုံမှ ဆင်းခွင့်ရသည်။ နံနက်ခင်းမှာ နေအိမ်ပြန်ရောက်နေပြီဖြစ်သော နန္ဒာသည် အခန်းကို ပိတ်ကာ မိခင်ဖြစ်သူကိုတောင် အခါမလပ် ဝင်ခွင့်ပြုတာမဟုတ်။ သတင်းအစအနရကာ အိမ်ရောက်လာကြသော သူငယ်ချင်း အရင်းအချာတွေကိုလည်း အတွေ့မခံ။



အဲသည်ညနေမှာ ဦးလူကလေးနှင့် ညီ နှစ်ယောက်သား ဘီလပ်မြေကိစ္စနှင့် တစ်မြို့လုံးအနှံ့ လှည့်ပတ်ကာ အဲသည်အပြန် ဦးလူကလေးက ဘာမပြောညာမပြော နန္ဒာတို့အိမ်ကို ဝင်ချသွားသည်။ ဝင်ကြမည်ဟုလည်း ကြိုမသိရတော့ ညီ ဘယ်လိုမှ မငြင်းလိုက်နိုင်ဘဲ ဒုတိယတစ်ကြိမ် ပါသွားရပြန်သည်။

အဲဒါဟာ မနေ့ကရဲ့ ရှေ့တစ်ရက်က။ အဲသည်နေ့က နန္ဒာက ညီရောက်နေတာသိသောအခါ ဦးလူကလေးရော ညီ့ကိုပါ သူ့အခန်း၌ အတွေ့ခံသည်။သူက အိပ်ရာထဲ လဲလျောင်းနေရမည့်သူမို့ ညီတို့က သူ့အိပ်ခန်းထဲထိ ဝင်တွေ့ရတာကို ညီ့စိတ်၌ မတင်မကျ။ ညီ မတွေ့လိုတဲ့အထိ မဟုတ်သော်လည်း အဲသလောက်အထိ တရင်းတနှီး မနိုင်လိုပေ။

ဒေါ်မမကြီးကတော့ နန္ဒာက အတွေ့ခံသည်၊ စကားတစ်ခွန်းနှစ်ခွန်းပြောသည်ဆိုတာနှင့်ပင် နန္ဒာ၏ သူငယ်ချင်းဟောင်းဟု သူသိရသော ညီကို ဗျာဗျာသလဲ အလေးထားဆက်ဆံတော့သည်။

"နည်းနည်းအားပေး ဖျောင်းဖျပါဦး မောင်ဖိုးညီရယ်" ဟု အားကိုးစရာ ရှာတွေ့သလို မျက်လုံးဝိုင်းကြီးနှင့် ဆိုသည်။ ကျောင်းတုန်းက ကားပေါ်မှာ လက်ပွေ့အိတ် အကြီးကြီး ကိုင်လျက် ပါလာတတ်ကာ သူ့သမီးကို ဘယ်သူမိုးမလဲ မျက်လုံးပြူးကြီး ကျီးကန်းတောင်းမှောက် ဥစ္စာခြောက်နေတတ်သည် ဟု ညီတို့ သိပ်ကြည့်မရလှသော ဒေါ်မမကြီးကို ညီအားနာစိတ်နှင့်အတူ ကရုဏာသက်ကာ လွယ်လွယ်ပင် ခေါင်းညိတ်ပြရတော့၏။

အဲသည်နေ့က နန္ဒာ ဘာကြောင့်မှန်းမသိ ရင်ဖွင့်တိုင်တည်သော သူမနှင့် သူမ၏ ပုဂ္ဂိုလ်ကြီးအကြောင်းကို အကြောင်းကြောင်းနှင့်ပင် နားထောင်ပေးခဲ့ရကာ ညီ အိမ်အပြန်နောက်ကျရလေသည်။ ညီ နောက်တစ်ကြိမ် မရောက်ချင်တာ အမှန်ပင်။ သို့သော်လည်း ဦးလူကလေး မောင်းထွက်လာသော ကားပေါ်၌ ငြင်းစရာစကားစ ရှာမရတော့ဘဲ အိလည်လည် အောင့်သက်သက်နှင့် ညီ ပါလာရလေတော့သည်။

* * *

"သူ့မိန်းမက သန်ဘက်ခါမှာ ကွာရှင်းတဲ့စာချုပ် လက်မှတ်ထိုးပေးမယ်တဲ့၊ သူ့မိန်းမဆီက အဲဒါရပြီဆိုရင် နန္ဒာ လက်ခံလိုက်တော့မလားလို့ပဲ တွေးမိတယ်၊ ခုချိန်ကျမှတော့ အားလုံး လူသိရှင်ကြား ဖြစ်နေပြီ၊ တရားဝင် ပြတ်စဲပြီးသား ဆိုရင်တော့ အလျှင်ကမပြောဘဲဖုံးကွယ်ခဲ့တဲ့ သူ့အပြစ်ကို စိတ်ထဲ စနောင့်စနင်းဖြစ်ရမှာ တစ်ခုကလွဲပြီး ပြဿနာမရှိတော့ တော့ဘူးလို့ ထင်မိတာပဲ၊ ငြင်းပစ်လိုက်ရင် နန္ဒာ့အတွက် ပို အဖြစ်ဆိုးမယ်"

ညီသည် ပေါင်ပေါ်တင်ထားသော လက်တစ်ဖက်ကို မသိမသာ လှည့်စောင်းလျက် နာရီကို တစ်ချက်ကြည့်သည်။ နန္ဒာက အင်အားဖျော့သော မျက်ဝန်းလေးနှင့် နံရံဆီ စိုက်ကြည့်နေသဖြင့် သတိပြုမိပုံမရ။ ထွေးရအခက် အန်ရအခက် မျို



အခက်အဖြစ်ကြီးကြောင့် စိတ်ထောင်းကိုယ်ကြေကာ ရက်ပိုင်းအတွင်း ပိန်လှီ ကျသွားသော နန္ဒာ့ကို ညီ စစ်မှန် ဖြူစင်သော စေတနာနှင့် ကရုဏာသက်မိတာ အမှန်ပါ။

"ကလေးက ဘယ်အရွယ်ရှိပြီလဲ"

"မသိဘူး၊ နန္ဒာလဲ ဘာမှမမေးဘူး ကိုညီ၊ သူလဲ အရမ်းမျက်နှာပူနေတော့ မလိုအပ်ဘဲ ဘာမှ သိပ်မပြောဘူး"

'နန္ဒာနဲ့ စတွေ့ကြကတည်းက သူ့မှာ အိမ်ထောင်ရှိတဲ့ပုံစံနဲ့ သိတာမဟုတ်ဘူးပေါ့"

"ဟင့်အင်း....နန္ဒာနဲ့ သူနဲ့ သိတာလဲ နှစ်နှစ်မပြည့်သေးဘူး၊ တစ်နှစ်ခွဲလောက် ရှိသေးတာ၊ သူ့မိန်းမနဲ့ လုံးဝ အဆက်အသွယ်မရှိ မပေါင်းတော့တာ နှစ်နှစ်ကျော်ပြီတဲ့"

ညီက ခေါင်းညိတ်လိုက်ရင်း....

"အရေးကြီးတာကတော့ အဲဒီအမျိုးသမီးဆီက တရားဝင် ဒိုင်ဗို့စ်ရဖို့ပဲ၊ သူပြောသလို သန်ဘက်ခါ တကယ်ရမှဖြစ်မယ် နန္ဒာ၊ နန္ဒာတို့ လက်ထပ်ဖို့က တစ်ပတ်ပဲလိုတော့တယ် မဟုတ်လား၊ အဲဒီမတိုင်ခင် ဖြစ်ဖြစ်တဲ့နည်းနဲ့ရမှ"

သည်နေ့အဖို့ ဧည့်ခန်းထိထွက်ထိုင်နေနိုင်ပြီဖြစ်သော နန္ဒာသည် ဇာပါးပါးကလေးခြားထားသော တစ်ဖက်ဧည့်ခန်းကျယ်မှ သူ့အမေနှင့် ဦးလူကလေးကို လှမ်းကြည့်ရင်း....

"မေမေ့ကိုလဲ သနားတယ်၊ မေမေလဲ တော်တော်စိတ်ဆင်းရဲသွားတယ် ကိုညီ၊ မေမေက ကိုညီ့ ကိုတောင် ခင်နေပြီ၊ နန္ဒာနဲ့ ရင်းနှီးသားနဲ့ အဆက်အဆံဘာဖြစ်လို့မရှိတာလဲ ဘာညာတောင် မေးနေသေးတယ်၊ အဆက်အသွယ်ပြတ်ပြီး ဘယ်

ဘာ ဘယ်ရောက်နေလဲ မသိကြတာလို့၊ ဦးဆီ ဖိတ်စာသွားပို့ ရင်းမှ ပြန်တွေ့ကြတာလို့ ပြောပြရတယ်”

နန္ဒာက စကားကို လုံးလုံးထွေးထွေးနှင့် မလိုအပ်တာကို ရှောင်ကွင်းပြောသည်။

“နန္ဒာ့မှာလဲ တကယ်တမ်းတွက်ကြည့်ရင် မိတ်ဆွေရင်း သူငယ်ချင်းရင်း မရှိတာ အမှန်ပဲ၊ ယောကျ်ားလေးတွေလဲ နန္ဒာက ပေါင်းတာမှ မဟုတ်တာ၊ မိန်းကလေးသူငယ်ချင်း ရယ်လို့ လက်ချိုးတောင်မှ သုံးလေးယောက်ထက် မပိုပါဘူး၊ သူတို့တွေကလဲ ကိုညီသိတဲ့အတိုင်း အပေါ်ယံလျှပ်ပြီး အလွှာ ပေါင်းပေါင်းတာမျိုးပါ၊ အတွင်းက အမြဲလှည့်ပတ်ပြီး ကျိတ် မြုံနေကြတာ၊ ဖွင့်တိုင်ပင်ရမယ့်သူ ရှိတိုမရှိတာ၊ ကြားရင် ရှေ့တင်မှာစုတ်သပ်ပြီး ကွယ်ရာကျ ဝမ်းတောင် သာဦး မယ့် သူချည်းပဲ၊ ဘယ်သူမှ နန္ဒာမယုံဘူး၊ ပြောလဲမပြောဘူး၊ မပြောတာတောင် သိတဲ့သူက ကြံဖန် သိနေပါပြီ။ လူ့ပါးစပ် ဆိုတာက ပိတ်လို့ ဆို့လို့ ရတာမျိုးမှ မဟုတ်တဲ့ ကိုညီရယ်”

ညီသည် လှမ်းမြင်နေရသော ထမင်းစားခန်းမှာ အိမ်ဖော် ကလေးနှစ်ယောက် ထမင်းဝိုင်းပြင်နေတာကို စိတ်ထဲ ဇဝေ ဇဝါဖြစ်လာ၏။ ပြင်ဆင်နေပုံက လေးယောက်စာအတွက်ဖြစ် သည်၊

“အဲဒီနေ့က ဦးနဲ့ ကိုညီ အချိန်မီကူညီလို့ နန္ဒာ ခုလို ငုတ် တုတ်ထိုင်နေနိုင်သေးတာ၊ နို့ မို့ ဆို မေမေ ဘာမှမလုပ်တတ် တာနဲ့ နန္ဒာ မလွယ်ပါဘူး၊ ကိုညီ့ကိုလဲ ကျေးဇူးလဲတင် အား လဲကိုးပါတယ်၊ ဦးကိုလဲ ပြောထားတယ်၊ အိမ်လာရင် ညီ့ကို



ပါ ခေါ်ခဲ့ပါလို့၊ ကိုညီ့ကိုတော့ နန္ဒာ မရှက်တော့ပါဘူး၊ တိုင်ပင်စရာ ရှယ်ကူတန်းတူလဲ ကိုညီတစ်ယောက်ပဲ သေသေ ချာချာရှိတယ်”

“နန္ဒာ လိုတာပြောပေါ့၊ တို့လုပ်ပေးစရာရှိရင် ပြောပါ”

“ပြောမယ်နော်၊ နန္ဒာ တကယ်ပြောမှာ”

“တကယ်ပြောပါ၊ရပါတယ်၊ နေဦး....စကားဖြတ်ပြောဦး မယ်၊ တို့ခဏနေရင် ပြန်မယ်နော်၊ ကြည့်ရတာ ဟိုမှာ.... ထမင်းပြင်နေတာ ဆရာနဲ့ တို့နဲ့အတွက်ပါ ပါနေတာ သေ ချာတယ်၊ ထမင်းပန်းကန် လေးခုတောင်”

“ဟုတ်တယ်....ထမင်းစားပြီးမှ ပြန်ပါ”

“တကယ်မစားဘူး နန္ဒာ၊ တကယ်ပြောတာ၊ အားနာလို့ မဟုတ်ဘူး၊ မစားတော့ဘူး”

“အပြင်က စားလာတယ်ဆိုရင် မိန်းမက စိတ်တိုမှာ စိုး လို့လား”

“စိတ်မကောင်းမှာ စိုးတာပါ”

နန္ဒာက ခပ်တိုးတိုး ရယ်မောသည်။

“နက်ဖြန်ဖြစ်ဖြစ်၊ သန်ဘက်ခါဖြစ်ဖြစ် ကိုညီလာတဲ့ တစ် ရက် ဂုဏ့်ကိုပါ ခေါ်ခဲ့ပါ”

“လိုက်မှာမဟုတ်ဘူး နန္ဒာ”

“ဘာဖြစ်လို့လဲ ကိုညီ”

“ဂုဏ်က ခြေထောက်တစ်ဖက် မကောင်းဘူး၊ သူ အပြင် ထွက်ဘူးနန္ဒာ”

“ခြေထောက်တစ်ဖက်....” အောင်မြင့်ကွန်း ✻ စာ၄ပ

မ-ရုပ်တွက်၊ မြို့သစ်

အင်းစိန်။

နန္ဒာ မျက်လုံးကလေးဝိုင်းကာ ညီ့ကို အားနာပါးန
ကြည့်နေသည်။ စကားကိုလည်း မဆက်ဘဲ သိချင်ပုံလည်း
နေ၏။ ညီက ခေါင်းညိတ်ပြလိုက်ရင်း ကိစ္စမရှိပါဘူး
သည့် အပြုံးမျိုးနှင့် နန္ဒာ့ကို ပြုံးပြလိုက်သည်။

"လက်ထပ်ဖြစ်တာ တစ်နှစ်ရှိပြီ၊ လွန်ခဲ့တဲ့ခြောက်လက
လှေကားက လိမ့်ကျတယ်"

"ဟင်....ဘယ်လှေကားကများ သွားလိမ့်ကျတာလဲ ကို
ရယ်"

"ကိုယ်တို့နေတာ လေးထပ်တိုက် အပေါ်ဆုံးထပ်မှာ
တာ၊ သူက ခြေထောက်ကောင်းတုန်းက ကလေးလိုပဲ၊ လ
လှစ်လှစ်နဲ့ နေတာပဲ၊ ဘာလုပ်လုပ် ရှပ်ပျာပျာလေး၊ ဖြည်
ဖြည်းလုပ်လဲ ရတဲ့ဟာမျိုးဝေမယ့် သူက ပြေးလွှား လုပ်တ
တယ်၊ တိုက်လှေကားမှာ မိုးယိုထားလို့ ရေကွက်တွေ ရှိ
တယ်၊ အဲဒါကို သူပြေးဆင်းရင်းက တက်နင်းပြီး ချော်
တာ၊ လှေကားကလဲ မိုးရေတွေရွှဲနေတော့ ပိုချော်တာပေ
တစ်ထစ်ပြီးတစ်ထစ် မရပ်ဘဲ ကျတာပဲ၊ သူက ကြောက်လ
ပြီး လူးလဲထဖို့လုပ်တော့ ပိုဆိုးသွားတာ။ အဲဒီတုန်းက သ
မှာ ပရက်ဂ် ရှိနေတယ်"

"အို....ကျွတ်ကျွတ်"

နန္ဒာ့မျက်နှာကလေးက စိတ်မကောင်းခြင်းနှင့် ရှုံ့မဲ့သွာ
လျက်.... 'အဲဒီတော့' ဟု စကားထောက်လိုက်သည်။

"ပျက်သွားတယ်လေ၊ သူ့ခြေထောက်လဲ ခြေသလုံး
ကျိုးသွားတယ်၊ ခြေသလုံးကို အော်ပရေးရှင်း လုပ်ထားတယ



တော့ ချိုင်းထောက်တစ်ဖက်နဲ့ သူ သွားလာနေရတာပေါ့၊
အဲဒီကတည်းက သူ အိမ်အပြင် မထွက်တော့ဘူး၊ လုံးလုံး
ထွက်တော့တာပါ၊ ဂုဏ်က သနားဖို့ကောင်းတယ်၊ ကိုယ်နဲ့
ယူတော့ သူ့မိဘတွေက သဘောမတူဘူးလေ၊ အစွန့်လွှတ်ခံ
ပြီး ခိုးရာလိုက်လာရတာ၊ သူ့မှာ အပေါင်းအသင်းလဲ မရှိ
ဘူး၊ ဘာအသိုင်းအဝိုင်းမှ မရှိဘူး၊ ကလေးတစ်ယောက်လိုပဲ
ကိုယ့်ကိုပဲ သူ အားကိုးနေတယ်၊ ခြေထောက် ခုလို ဖြစ်သွား
တော့ သူ အားလဲငယ်တတ်လာတယ်"

"သနားစရာ ကောင်းလိုက်တာ ကိုညီရယ်၊ နန္ဒာ နေ
ကောင်းရင်၊ ကိစ္စဝိစ္စတွေလဲ ရှင်းသွားရင် ကိုညီ တို့ အိမ်
လိုက်လည်ဦးမယ်၊ ဂုဏ် ဆီ လာလည်ဦးမယ်"

ညီ ဘာမှစကားမပြန်ဘဲ ပြုံးရုံပြုံးနေလိုက်သည်။

နန္ဒာလိုက်လည်တဲ့အခါ ဘယ်လို မိတ်ဆက်ပေးရမှာတဲ့လဲ။
ဂုဏ်နှင့် ချစ်ခါစက ရည်းစား များလွန်းသည်ဟု နာမည်
ကျော်ကြားသော ညီ့ကို ဂုဏ်က ထားခဲ့ဖူးသမျှ ရည်းစား
စာရင်းကို သူ့ထံ တင်သွင်းစေသည်။ အဲသည်တုန်းကတော့
ဂုဏ် ကို သနားလည်းသနား၊ ချစ်လည်းချစ်နှင့် ဘာတွေညာ
တွေ ရှည်ရှည်မစဉ်းစား၊ ဂုဏ်သိချင်တာကို ပြောပြဖို့ ဘာမှ
ဝန်မလေးဘဲ အမည်စာရင်းကို ဂုဏ် ထံ ပေးဖြစ်ခဲ့သည်။

ခုဆိုရင် မိဂုဏ်ကလေး ဘယ်သူကပထမ၊ ဘယ်သူက
ဒုတိယ ဆိုတာကို သူ့ထက်ပင်ပိုပြီး မှတ်မိနေလိမ့်ဦးမည် ထင်
သည်။ မြနန္ဒာဆိုသည့် နာမည်ကိုဆို ဂုဏ်က ပိုပြီး မှတ်မိနေဦး
မည်။

သကြန်တစ်ရက်မှာ ဂုဏ်ရေပက်သော မဏ္ဍပ်၌ ညီလည်း ပဲ ရှိနေတုန်း ကားတစ်စင်းပေါ်က မြန်မာ့သီချင်းကို တစ်ပိုဒ် တည်းပင်ကျော့ ထပ်တလဲလဲဆိုပြီး ဘီးလိမ့်ရဲ့ ဖြတ်အသွားမှာ 'ညီ့ ရည်းစားဟောင်း နာမည်လေ' ဆိုသည့် သဘော၊ မခ မချဉ် ဖြူးလှည့်ကြည့်လျက် ညီ့ရင်ဘတ်ကိုတောင် ရင်မှ နေပြီလားဆိုတဲ့ ပုံစံမျိုး လက်ကလေးနှင့် အသာ လာစ သည်။

ဂုဏ်လေးဟာ ချစ်စရာလေး။

အားလုံးကို သိလျက်နှင့် ခွင့်လွှတ်ချစ်တာ။ ရည်းစားများ ခဲ့တဲ့ သည်လူ့ကိုပဲ သူ့ခမျာ အသဲအမဲ တမြတ်တနိုး ချစ်နိုင် လှသည်။

ရှိရှိသမျှ မိဘဆွေမျိုးတို့နှင့် ဆန့်ကျင်ပြီး ညီ့ကိုဆိုညီ့ကို တမ်းတမ်းစွဲ။ 'ဂုဏ် မေမေကဆို ညီ့ ကို ကြည့်မ ရ အော အမြင်ကတ်သည်။ ညီနှင့်ယူလျှင် သေခန်းရှင်ခန်းဖြတ်ဟု ကြ တင်ပြောထားပါလျက် ဂုဏ်သည် အသိုင်းအဝိုင်း တစ်ခုလုံး ကိုရော၊ တစ်ဦးတည်းသော သမီးကလေးပို့ ဖူးဖူးမှုတ်ခံကာ လိုတရနေသော ဘဝကိုရော စွန့်လျက် ညီ့ဘဝနှင့် ဖရအ ပေါင်းစပ် တိုးဝင်ခဲ့သူတည်း။

"ပြန်မကောင်းနိုင်ဘူးလားဟင်....ကိုညီ၊ ဆရာဝန်တွေက အဲဒီတုန်းက ဘယ်လိုပြောလဲ"

"အိတ်ကပ်စီဆယ်ဆိုက်စ်လိုတယ် နန္ဒာ၊ ဒါပေမယ့် အရိုး ဆေးရုံမှာ သူ့အဒေါ်အရင်းက ရှိနေတော့ သူက မသွားချင် ဘူး၊ ဘယ်လိုမှ ဇွတ်လွှတ်လို့ မရဘူး ဖြစ်နေတယ်"



"ဟင်....ဒီအတိုင်းတော့ နေမသွားသင့်ပါဘူး၊ အဒေါ်ရှိ လဲ ဘာဖြစ်လဲ၊ အဲဒီအဒေါ်က ကိုယ်နဲ့ အဆင်မပြေလဲ ဘာ အရေးလဲ၊ သူ့ကိစ္စနဲ့ သူ....ကိုယ့်ကိစ္စနဲ့ ကိုယ်ပေါ့၊ ကိုညီက ထပ် တိုက်တွန်းပါဦး"

ညီ စကားမပြန်။ ညီ့စကားကို နာခံလွယ်လှသော ဂုဏ် သည် ခြေထောက်ဖြစ်ပြီး နောက်ပိုင်းမှာ တစ်ချက်တစ်ချက် ခေါင်းမာမာ ပေကတ်ကတ် နိုင်ချင်သည်။ တိတ်ဆိတ်သွား အပြီးမှာ နာရီတကြည့်ကြည့် ဖင်တကြွကြွနှင့် ဦးလှကလေး ဘက် လည်တပြန်ပြန် ရှိနေသော ညီ့အမူအရာကို နန္ဒာက သတိပြုမိလာသည်။

"ကိုညီ ပြန်ချင်ပြီ ထင်တယ်၊ မမနဲ့ ဦးနဲ့က တွေ့ရင် စကားက တော်တော်နဲ့ မပြတ်ဘူး၊ အိမ်မှာ ဂုဏ်တစ်ယောက် တည်းပေါ့နော်"

"ဟုတ်တယ်"

"စားတော့သောက်တော့ ချက်မယ့်သူ ရှိလား"

"ထမင်းတော့ ကြုတ်တဲ့သူ ရိုက်စ်ကွတ်ကာနဲ့ ချက်တယ်၊ ဟင်းချိုင့်ဆွဲထားတယ်၊ ကိုယ်က ထမင်းဘူး ထည့်ယူလာပြီး အပြင်မှာ အဆင်ပြေတဲ့ဟင်းတစ်ခုခု ဝယ် စား လိုက် တယ်၊ အဝတ်လျှော်တဲ့မိန်းမကတော့ အချိန်နဲ့ လာတယ်"

"သူ ပျင်းမှာပဲနော်"

"ဂုဏ်က သနားဖို့ကောင်းတယ်"

ညီက ကိုယ့်အတွေးနှင့်ကိုယ် သနားနေမိသည်။ ကိုယ်တိုင် ရိုးသားတာကို ကိုယ့်ဘာသာထက် ဘယ်သူမှ ပိုမသိနိုင်သော်

လည်း ဂုဏ်နားလည်ပေးနိုင်မှာ မဟုတ်ပါ။ ဒါဟာ ဂုဏ်မှာ အားငယ်စိတ် ရှိနေလို့။ ပုံမှန်ဆိုလျှင် ဂုဏ်သည် ညီ့ကို မျက်စိမှိတ်ယုံလွယ်သူကလေး ဖြစ်လေသည်။

"ကိုညီ နန္ဒာ့ကို တစ်ခုတော့ ကူညီပေးပါဦး"

"ပြောလေ"

"သူ့အမျိုးသမီးဆီက ဒိုင်ဗို့စ်ရရင် အဲဒါကို ကိုညီသွားယူပေးနိုင်မလားဟင်၊ နန္ဒာလဲမသွားချင်၊ သူ့လဲ မလာစေချင်လို့"

"အဲဒီအမျိုးသမီးဆီ ကိုယ်က သွားယူရမှာလား"

"မဟုတ်ဘူး ကိုညီ၊ ဦးကျော်လွင်ဆီရောက်မှ၊ ဦးကျော်လွင်ဆီက သွားယူပေးရမှာပါ၊ အဲဒါကို နန္ဒာ မကြည့်ရသေးခင် ဦးကျော်လွင်ကို အိမ် လုံးဝမလာရဘူးလို့ ပြောထားတယ်၊ သူ့ဆီက တစ်ယောက်ယောက် လွှတ်ပို့ခိုင်းလဲ ရပါတယ်၊ ဒါပေမယ့် ဘယ်သူ့ကိုမှ နန္ဒာက အိမ်အလာမခံချင်သေးဘူး"

ဦးကျော်လွင်ဆိုတာက နန္ဒာနှင့်လက်ထပ်မည့်သူ ဖြစ်သည်။ ညီ တစ်ခဏပဲ စဉ်းစားလိုက်သည်။ ခေါင်းကိုညိတ်ပြလိုက်ရင်း....

"ရတယ်၊ ကိုယ်ယူပေးပါမယ်၊ ဆရာ ဒီကို နေ့တိုင်းလာနေတာ မဟုတ်လား၊ သန်ဘက်ခါ ကိုယ်သွားယူလိုက်ပြီးတော့ ဆရာ ညနေဘက် ဒီကိုလာရင် ထည့်ပေးလိုက်ပါမယ်၊ သွားယူရမယ့်နေရာကို့ အချိန်တို့သာ နန္ဒာ ညီလို့ရရင် ကိုယ့်ကို ဖုန်းဆက်လိုက်ပါ"

"ကျေးဇူးပါပဲ ကိုညီရယ်"



နန္ဒာက အိမ်ဖော်ကလေးကို လက်ယပ်ခေါ်ကာ သူ့ကို တွဲ…ဖို့ ခိုင်းစေသည်။ နန္ဒာ့မှာ ခွန်အား ထူထူထောင်ထောင်မရှိ…သေး။ တစ်ဖက် ဧည့်ခန်းကို ကူးသွားသော နန္ဒာ့နောက်…လှမ်းမကာမ်းမှ ညီလည်း ပါလာသည်။ နန္ဒာက သူ့အမေနှင့်…ဦးလူကလေးကို စကား မဖြတ်ဖြတ်အောင် အတင်းဝင်ဖြတ်…သည်။ ကိုညီ ပြန်ချင်နေပြီ ဟုလည်း ထည့်ပြောလိုက်သေး…တာမို့ ညီ့မှာ လူကြီးနှစ်ယောက်ကို အားနာရလေသည်။ သတိ…ပေးလိုက်တော့လည်း ဦးလူကလေးခမျာ နာရီ ဆတ်ခနဲကြည့်…ဘက် ကမန်းကတန်း ထရှာပါသည်။

နန္ဒာ့အိမ်မှ မရမ်းကုန်းရှိ တည်းခိုခန်းနှင့် ရက်စ်တော…နှင့် ဆောက်လုပ်နေရာ ရုံးခန်းတည်ရှိရာကိုပြန်၊ အဲသည်က…ကိုယ့်ကားကိုယ် ပြန်ယူပြီးမှ ညီ အိမ်ကိုပြန်ရသည်။ တိုက်ရှေ့…ာ ကားရပ်မိချိန်သည် ခါတိုင်း ပုံမှန်ပြန်ချိန်ထက် ဆယ့်ငါး…မိနစ် နောက်ကျသည်။ ခုတလော ရက်တွေ ဆက်တိုက်လိုလို…အပြန်နောက်ကျနေသည့်အတွက် ညီ ကိုယ့်ဘာသာပဲ ဒေါသ…ထွက်ရတော့သည်။ သည်လိုအခြေအနေဖြစ်လာမှတော့လည်း…ဘာတတ်နိုင်ဘူးပေါ့။

ညီ ငြင်းကြည့်သေးသော်လည်း ငြင်းလို့မှ မရဘဲ။ ဒေါ်…မကြီး သမီးရဲ့ အရေးကိစ္စကို ညီက လုပ်ပေးရမည်ဆိုလျှင်…ဦးလူကလေးကိုယ်၌ကလည်း လုပ်ပေးစေလိုသော ဘက်က…ခြနှစ်ဖက်လုံး စုံရှိနေပေမည်။ ညီသည် ကိုယ့်သိက္ခာကိုယ်…ုံနေသရွေ့တော့ တစ်ရှည် တစ်လျားကြီး မျှော်ခေါ်ပူပန်…နေလိုခြင်း အလျှင်းမရှိ။

နန္ဒာနှင့် ဒုလို မဖြစ်မနေ လာပြန်ပတ်သက်နေရတာကို ညီ သဘောမကျတာ မှန်သော်ငြားလည်း ဖြစ်လာမှတော့ ညီ အပိုတွေကို မေ့ထားပြီ၊ ကိုယ်မှ မတတ်သာနိုင်ပဲ။ လောလောဆယ် ဦးလုကလေးတို့ ဒေါ်မမကြီးတို့ နန္ဒာတို့ကို ခေါင်းထဲက တစ်ခဏထုတ်ပြီး ညီ သူ့ စိတ်အသိဉာဏ်အားလုံးကို ဂုဏ့်ထံ စုပြုံလိုက်၏။

အပေါ်ဆုံးထပ်က အခန်းကျဉ်းငယ်လေး။

ညီသည် လှေကားကို ထစ်ကျော်ပြေးတက်ရင်း အသက်အောင့်လာသမျှ အခန်းဝသို့ရောက်သော် 'ဟိုက်' ခနဲ အမောဆို့သွား၏။ ထူးထူးဆန်းဆန်း၊ တံခါးကို အပြင်က သော့ခတ်လို့။ အတွင်းဘက်က သစ်သားတံခါး ဖွင့်ထားတာမို့ အခန်းထဲကို မြင်နေရကာ အပြင်ဘက်သံတံခါးရှိသော သော့ခလောက်တန်းလန်း။

"အစစ်ပေါ့၊ ညီလေးပဲ မမနွယ်"

ဆတ်ခနဲ ချာလည်သွားသော ညီ့ဦးခေါင်းသည် လှေကားဘက်က တစ်ချမ်းဟထားသော အခန်းတံခါးဝရဲ့ အတွင်းဘက်မှာ ဂုဏ့်ကို မြင်တွေ့လိုက်ရချိန်တွင် တိခနဲရပ်လျက် နားမလည်သလို တအံ့တဩလည်း စိုက်ကြည့်နေမိသည်။

ရေချိုးပြီးသော ပုံစံနှင့် ဆံပင် ရေစိုဖားလျား၊ ပါးမှာ ပါးကွက်ဝိုင်းနှစ်ခုတင်ကာ သွားပွတ်တံခြစ်ရာ အစင်းအစင်းနှင့်။ ညီ့ ရှပ်အင်္ကျီဟောင်းတစ်ထည်ကို ယူဝတ်ထားသော ဂုဏ်သည် လက်ထဲက လက်သုတ်ပဝါနှင့် လက်ကို ကမန်းကတန်းသုတ်ရင်း....



"ညီလေးရေ၊ ဂုဏ်လာပြီ၊ ခဏနော်"

စကားလည်းဆုံး လူလည်း လှစ်ခနဲပျောက်သွားကာ ဟိုးအိမ်အတွင်းဘက်အထိ ပိုင်စိုးပိုင်နင်း ရောက်သွား၏။

"ဟုတ်တယ် မမနွယ်ရေ့၊ ညီလေးပြန်လာတာ၊ ဂုဏ်သွားတော့မယ်နော်၊ ညတက် လာရဦးမလား"

"မလာနဲ့တော့ ညီမ၊ တစ်နေကုန် ဖင်မြဲမြဲထိုင်ပြီး လိုးချွတ်ပေးနေတာ၊ ဒီလောက်ဆို တော်ပါပြီကွယ်၊ ကျေးဇူးတင်လှပါပြီ၊ တော်တော်ပြီးနေပါပြီ၊ ယောကျ်ားပြန်ရောက်လာမှတော့ သူ့နားပဲ နေပါတော့၊ ည လာမကူနဲ့တော့နော်"

အဟီး....ဟီး...ဟီး....ဆိုသော ဂုဏ့် သဘောကျ ရယ်သံ ထွက်လာသည်။ ဒါဟာ မျက်လုံးပိတ် နှာခေါင်းရှုံ့ပြီး ကုပ်ပုလျက် ရှက်သဘောကျ ရယ်တဲ့အခါ ထွက်တတ်သော ဂုဏ့် ရယ်သံ။

အတွင်းဘ ကထွက်လာသော မမနွယ်ဆိုသူ၏ အောင်မြင်အထက်စီးဆန်သည့် ဩဇာသံ ဆန်သော စကားတိုတိုသာ ကြားရလျက် အသံရှင်ကိုတော့ မမြင်ရပေ။ 'သွားမယ်နော် မမနွယ်၊ သွားမယ် မီးမီးရေ' ဟူသည့် ဂုဏ့် အသံ နောက်မှာ 'တာ့တာ' ဆိုသော ကလေးမငယ်ငယ် အသံကလေး တစ်ထွက်လာသည်။ ဂုဏ့် ထံမှလည်း အပြန်အလှန် 'တာ့တာ' သံ တုံ့ပြန်ထွက်လာသည်။

ငပေါမ။ ကလေးတွေနှင့် ပေါင်းလျှင် သူပါ ကလေးကြီးလို တခုန်ခုန် တလွှားလွှား မြူးထူး ပေါက်ကွဲနေတတ်တာ အပျိုဘဝကတည်းက။ အဲသည်လို ဟန်မဆောင် တတ် ဘဲ

ကလေးကလားနိုင်တတ်တာကို သဘောကျ နှစ်လိုကာ ချစ်မဝခဲ့သော ညီသည် မမနွယ်ဆိုသော မိန်းမကို အသေအချာ မမြင်ဖူးဘဲနှင့် ဂုဏ် ပုံစံက မမနွယ်၏ တပည့်ပုံ အလိုလို ပေါက်နေတာကို အမြင်ကတ်ကတ်နှင့် ဂုဏ် အခုလို မြူးသွက်နေတာကိုတော့ မနှစ်လိုနိုင်ပေ။

မမနွယ် စကားအရ တစ်နေကုန် သူများအိမ် သွားပြီး ဘာတွေ လှီးရချွတ်ရမှန်းမသိ၊ လှီးချွတ်နေရတာကိုပဲ သူ့မှာ ပျော်နေလိုက်တာ။ ဟိုက အရှုးကလေးဆိုတဲ့ သဘောနှင့် ခိုင်းကောင်းကောင်း ဖိခိုင်းနေလျှင် မိဂုဏ်တို့ မနူးမနပ်ပုံနှင့် တော့ ဒုက္ခပါပဲ။

ဂုဏ် ကို ချစ်စိတ်မှ အရင်းတည်သော အတွေးမျှင်များတို့သည် ဂုဏ် ကိုပဲ ပြန်ပြီး စိတ်တိုမိစေတော့သည်။ ဆယ့်ငါးမိနစ် နောက်ကျလို့ သူ စိတ်မကောင်းကြီးစွာ၊ မောကြီးပန်းကြီး နိုင်လှစွာ လှေကားကို အပြေးတက်လာချိန်မှာ တံခါးသော့ခတ်ထားတာ မြင်သည်နှင့် ဂုဏ် ကို စိုးရိမ်စိတ်၊ လွမ်းဆွတ်စိတ် နောက်ပါး၌ ဒေါင်းခပ်ဆတ်ဆတ် ဒေါက်ပစ်ချင်က ကပ်ပါလာသည်။

"ပေး....သော့၊ လာစမ်း"

ဂုဏ် လက်ထဲက သော့ချောင်းကို ဆတ်ခနဲဆွဲယူကာ ဂုဏ် လက်ဖျားကိုပါ-ခပ်တင်းတင်း ဆုပ်ဖျစ် ဆွဲခေါ်လိုက်သည်၊ သော့အပွင့်မှာ အလျင်ဆုံး ဂုဏ် ကို ဝင်စေ၊ ပြီးတော့ သူဝင်၊ ပြီးတော့မှ သစ်သားတံခါးကို ပိတ်ပစ်လိုက်ရင်း....



"ဘာသွားလုပ်နေတာလဲ၊ ခင်ဗျားကို ကျုပ် ဘယ်လိုမှာထားလဲ"

မျက်မှောင်ကုတ်ကုတ် လေသံအုပ်နှင့် မေးလိုက်သည်။

ဂုဏ်သည် မျက်လုံးဝိုင်းရင်း....

"ဟို....နက်ဖြန် သူတို့အိမ်တက်ရယ်၊ ဘုရား အနေကဲဇာတင်တာရယ်၊ အဲဒါရှိတာနဲ့ မုန့်ဟင်းခါးကို အိမ်မှာပဲ ချက်မယ်ဆိုလို့ ဂုဏ် သွားကူလုပ်ပေးတာ ညီလေး"

"လာလုပ်ခိုင်းလို့လား"

"အဲသလိုတော့ မပြောဘူးပေါ့၊ ဒါပေမယ့် ဂုဏ်က ကူပေးချင်လို့ပါ၊ ညီလေးကလဲ ခု တ လော နည်းနည်း လေးနောက်ကျနောက်ကျ နေတတ်တော့ အိမ်မှာ တစ်ယောက်တည်းဆိုရင် အဲဒီ နောက်ကျတာဆီ စိတ်က ရောက်ရောက်နေတာနဲ့"

ဂုဏ်သည် စကားပြောလက်စနှင့် နံရံကပ် နာရီကို တစ်ချက် လှမ်းကြည့်လိုက်၏။

"ကိုယ့်အိမ်မှာတောင် ဘာမှ မလုပ်စေချင်တာ၊ သူများဆီသွားလုပ်ပေးနေတော့ ညီက ဘယ်လိုခွင့်လွှတ်ရမလဲ၊ လူကဖြင့် အရာရာ ရှုပ်ပျာပျာနဲ့၊ မား ဘယ်နှစ်ချက် ထိုးပြီးပြီလဲ"

"တစ်ချက်မှ မထိုးဘူး ညီလေး"

ဂုဏ်ယူဝင့်ကြွားစွာ လက်ခါပြရင်း ပြောသော ဂုဏ် ကို ညီ စူပုပ်ပုပ် စိုက်ကြည့်နေမိသည်။ ဂုဏ်က မရဲတရဲဝမ်းနည်းသံလေးနှင့်....

“ဂုဏ် သိပ်ပျင်းနေလို့ပါ ညီလေးရယ်၊ ဒီတိုင်းထိုင်နေရတာကြီးက ဆိုးလို့ပါ၊ ညီလေး မရောက်မချင်း တစ်ယောက်တည်းနေရတာ ဂုဏ် ပျင်းလွန်းလို့ပါ”

ညီသည် သက်ပြင်းတစ်ချက်ချကာ ဂုဏ့်ခေါင်းကလေးကို ရင်ခွင်ထဲ ဆွဲယူသွင်းလိုက်သည်။

“အဲဒီ မမနွယ်က ဂုဏ့်ကိုများ ဝိုလ်ကျပြီး ညာခိုင်းနေလေား ဂုဏ်ရယ်၊ သူက သဘောကောင်းရဲ့လား”

“သဘောကောင်းပါတယ်၊ သူက သနားဖို့ ကောင်းပါတယ် ညီလေးရယ်”

ညီသည် ဘာစကားမှ မဆက်တော့ဘဲ ဂုဏ့်ကို ကြင်နာစွာ ဆံပင်ကလေးတွေ ဖွသပ်ပေးနေမိလေသည်။

* * *

## အခန်း (၃)

ဝင်လာသော ဧည့်သည်စုံတွဲကို မြင်လျှင် ဂုဏ်သည် ကုပ်ကလေးပုကာ ခေါင်းကို ငိုက်စိုက်ချထိုင်လိုက်မိလျက် နားထင်နားရင်းတွေ ထူပူလာလေသည်။

“ကိုစိုးတို့ မမိတို့ ထိုင်ပါနော်၊ မနေ့ကမှ ကပ်ပြီးမိတ်ရတာ လာနိုင်ပါ့မလားလို့ စိတ်ကထင့်နေတာ၊ ကိုစိုးကလဲ အလုပ်များတော့လေ၊ လာနိုင်တာ ဝမ်းသာလိုက်တာ”

“လာရမှာပေါ့ နွယ်နွယ်ရယ်၊ မြို့ထဲဘက် ဆိုတာသာသိပြီး ပြောင်းသွားတဲ့လိပ်စာ အတိအကျမသိလို့သာ၊ မနေ့က နွယ့်မောင် ဝမ်းကွဲလေး လာဖိတ်မှပဲ ဝမ်းသာသွားတာ”

“တစ်ယောက်တည်းဆိုတော့ အပြင်မထွက်နိုင်တာနဲ့ မောင်လေးကိုပဲ အားလုံးလိုက်ဖိတ်ခိုင်းရတယ်၊ ပြောင်းပြီးပြီးချင်း ချက်ချင်းပဲ လုပ်လိုက်တာက နွယ့်မှာ ကူဖော်လောင်ဖက် မရှိဘူးလေ၊ မောင်လေးတို့ မောင်နှမတစ်သိုက်ပဲရှိတာ၊ ဒီရက်လောက်လုပ်မှ ခုလို သူတို့ လာကူနိုင်မှာ၊ သူတို့ဖယ်မလီ

က ဖိန်းနွဲ့ကာကျရင် အင်္ဂလန်ကို ထွက်ကြတော့ မယ
အန်ကယ့်လ်နောက် အကုန်လိုက်ကြမယ်၊ အဲဒါနဲ့မသွားခ
ကူလုပ်ကြပါဦးဆိုပြီး တစ်သိုက်လုံး ချော့ဆွဲ ထား ရ တယ
ဒီနေ့တစ်ရက်ပဲ သူတို့အားတယ်''

မမနွယ်စကားသံကို 'ဪ'....'ဟုတ်လား'....အင်းပေ
စသဖြင့် ထောက်ခံပေးနေသော မမမိအသံကို ဂုဏ်ကြားနေ
ရသည်။ သူတို့ဝင်ထိုင်သော စားပွဲဝိုင်းသည် ဂုဏ်ရှိရာ စား
ဝိုင်းနှင့် မလှမ်းမကမ်းမှာ။ ထိုင်ချလိုက်ကြသော နေရာသည်
လည်း ဂုဏ့်ဘက် တည့်တည့်လှည့်လျက်သား။

မမနွယ်၏ မောင်နှမဝမ်းကွဲတစ်သိုက်သည် လူးလာခေါက်
တုံ့ ထွက်ချည်ဝင်ချည်နှင့် မုန့်ဟင်းခါးပန်းကန်တွေ သယ်
လိုက်သိမ်းလိုက် ရှိနေသည်။ ဂုဏ်က လှုပ်လှုပ်ရှားရှားလည်း
တတ်နိုင်သူမဟုတ်သဖြင့် ရောက်ကတည်းက မီးမီးနှင့်တစ်
စားပွဲတစ်ခုမှာ ထိုင်နေသည်။ ဖိတ်သောသူက များများစား
စား မဟုတ်။

ဘယ်လိုမှ မဖိတ်လို့ မရနိုင်သော အရင်းနှီးဆုံးတွေချည်း
သာ။

''အန်တီဂုဏ်၊ အဲဒါမစားနဲ့၊ အဲဒါ လေးလေးကိုခွံ့
ရေတ်သီးညှပ်ထားတယ်''

ယောင်ယောင်မှားမှားနှင့် လက်ဖက်ခပ်စားမိမလို ဖြစ်နေ
သော ဂုဏ့်လက်က မီးမီးစကားကြောင့် တုံ့ခနဲ ရပ်သွားရ
သည်။ မီးမီးက အလင့်ကော်ခပ်ပြီးသော လက်ဖက်ဇွန်းထဲ



ရှတ်သီးစိမ်းတောင့် ဖုံးဖုံးထည့်ထားကာ သူ့ဦးလေးကို
ခွံ့ကျွေးဖို့ကြံနေသည်။
''မီးမီး၊ ဒီမှာ ဦးဦးစိုးတို့၊ အန်တီမိတို့ နှုတ်ဆက်ဦး
လေ''
မီးမီးက စားပွဲကို လက်နှင့်အားပြုထောက်ကာ ထရပ်ပြီး
ဒီ်းထောက်လေးတစ်ဖက်နှင့် ခနော်ခနဲ့ ဖြစ်နေသည်။ ကာ
လာက်ရှင်အဖို့တော့ သည်လိုအဖြစ်က ရိုးနေပြီ။ အေးလူက
ကြည့်ရတော့ စိတ်မကောင်းချင်စရာ။
မမနွယ်သည် သူ့သမီးကို သူကိုယ်တိုင်သာ လိုအပ်လျှင်
ပေးမကူညီချင် ကူညီမည်။ သူများက အမြင်မတော်ဘူးဟု
ဂရုဏာသက်ကာ ဝင်ရောက်ကူညီလျှင် မကြိုက်ပေ။ ကလေးက
ငယ်အားကိုယ်ကိုး စိတ်ပျက်သွားမည်ဟု ကန့်ကွက်တတ်
သည်။ အကြောင်းသိတွေချည်းမို့ ဘယ်သူမှ မကူညီဘဲ ကိုယ့်
ဘာသာကိုယ် ရှိနေကြ၏။
''ပုလုက လိုက်လာချင်တာ၊ အန်တီက မခေါ်ခဲ့ဘူး၊
ဆော်ပေးခဲ့တယ်လေ၊ တစ်ပတ်အတွင်း ဘယ်အိမ်မှ အလည်
လိုက်ရဘူး၊ ဗွီဒီယို မကြည့်ရဘူး၊ တီဗွီမကြည့်ရဘူး၊ စာပဲ
ကျက်ရမယ်၊ အခြေအနေ စောင့်ကြည့်ပြီး တစ်ပတ်ကြာမှ
အခွင့်အရေး ပြန်ပေးသင့်ပေးမယ်''
''ဘာဖြစ်လို့လဲ အန်တီ''
''ဒီလပတ်မှာ အဆင့်ဘယ်လောက်ရတယ် ထင်သလဲ''
''ဘယ်လောက်ရလဲ အန်တီ''
''သုံးဆယ်တဲ့လေ၊ ရှက်ဖို့ကောင်းတယ်''

ဂုဏ်သည် ခိခနဲ ကျိတ်ရယ်မိမလိုရှိပြီး အောင့်ထားလိုက်ရ၏။ ခွေးပုလု၊ အပျင်းထူ အကစားမက်လှတဲ့ဥစ္စာ။ သည်တစ်ကြိမ် သုံးဆယ်ဆိုတော့ အလျင်က ဟိုးအပေါ်နားမှာတော့ မထင်ပါနှင့်။ အမြဲတမ်း ကျောင်းစထားကတည်းက နှစ်ဆယ်နှင့် အစိတ်ကြား ပြေးနေတဲ့ဟာ။

“ပုလုကလဲ”

မီးမီးက ချစ်စဖွယ်လေး ညည်းညူသည်။

“သမီးရော ဒီလပတ်မှာ ဘယ်လောက်ရလဲ”

“သမီး တစ်ပဲ”

“တော်လိုက်တာ၊ မီးမီးကတော့ အမြဲတမ်း တစ်ချည်းပဲ”

မမမိသည် ထုံးစံအတိုင်း စကားပြောလျှင် အာကျယ်အာကျယ်၊ ခြေဟန်လက်ဟန်တွေ ပေါပေါများများနှင့် ပြောချင်ရာတွေ အကုန် လျှောက်ပြောတတ်သူဖြစ်သည်။ ရိုးသားသဘောကောင်းလှသဖြင့် ချစ်ဖို့ကောင်းသည်။ ဂုဏ့်ကိုလည်းခင်သည်။ အစ်ကိုတစ်ဝမ်းကွဲနှင့်စပ်မှ တော်ရသည့် ယောက်မဖြစ်သော်လည်း ဂုဏ်နှင့် အလွန်းသင့်လှလေသည်။

ကိုကိုစိုးကတော့ ထုံးစံအတိုင်း စကားနည်းနည်း၊ မှလှုပ်တလှုပ်နှင့် စိတ်တိုလွယ်သူ စိတ်ပြေလွယ်သူဖြစ်သည်။ ဂုဏ်လိုက်ပြေးခါစ တလောက မြေလှန်ရှာပြီး သတ်မည် ဖြတ်မည် တကဲကဲ ဖြစ်သူနှစ်ဦးမှာ ဖေဖေနှင့် ကိုကိုစိုး။ ခဏတော့ ထုံးစံအတိုင်း ကိုကိုစိုးက ဖြိုးဖြိုးပျောက်ပျောက် ဖြစ်သွားသည်။ ဖေဖေသာလျှင် ဒေါသမပြေဘဲ ခုထိ ခွင့်မလွှတ်သေးရှိဆဲဟု ဂုဏ်သတင်းပြန်ရသည်။



သတင်းကို ညီလေးက သယ်ဆောင်လာတာ။ ညီလေးသည် ယောက်ဖရင်းမရှိတော့ တစ်ဝမ်းကွဲ ယောက်ဖကိုပဲ ယောက်ဖရင်းနေရာထားကာ လမ်းမှာတွေ့လျှင် လစ်ပြေးရတာနှင့်၊ သတင်းပလင်း စုံစမ်းရတာနှင့် ရှုပ်နေသည်။ ကိုကိုစိုး ရုံး၌ာနပြောင်းသွားတာလည်း သူပဲ စုံစမ်းယူလာသည်။

“ကိုစိုး၊ အကြော်ထည့်စား၊ ဟင်းရည်ထည့်ဦးလေ၊ ဥမ္မာရေ....လက်ဖက်ပွဲတို့၊ အချိုပွဲတို့ ယူခဲ့ပါဦး၊ အအေးလဲ ယူခဲ့”

လူအတန်ငယ်ရှင်းနေပြီဖြစ်တဲ့အထဲ သုံးယောက်တစ်အုပ်စုက ထပြန်လိုက်သေးသည်။ ကိုကိုစိုးနှင့် မမမိတို့ရှေ့မှာ လူ မရှိတော့။ ဂုဏ်နှင့် မျက်နှာချင်းဆိုင်အကြားမှာ ဟာလာတင်းလင်း ဖြစ်သွားလေသည်။

ဆံပင်ကြီး ဖုတ်သိုက်အုပ်ချပြီး ခေါင်း တရစပ်ငုံ့ကာ လက်ဖက်တစ်ဇွန်းပြီးတစ်ဇွန်း ကလော်စားနေသော ဂုဏ်သည် ရှေတ်သီးတစ်တောင့်မှ မဝါးမိဘဲနှင့် ထူပူကာ ချွေးပြန်နေလေသည်။ ရှေ့ရှေ့က ညွှန့်သည်တွေတုန်းကလဲ ဂုဏ့်ကို ညွှန်ပြကာ ‘အဲဒါဟိုဘက်ခန်းက အိမ်နီးချင်းလေ၊ အိမ်နီးနားချင်းထဲက သူတစ်ယောက်ပဲ ဖိတ်ဖြစ်တယ်’ စသဖြင့် မိတ်ဆက်ပေးဖူးခဲ့တာမို့ ခုလည်းပဲ လူပိုနည်းသွားတာကြောင့် မိတ်ဆက်ပေးတော့မှာ ဂုဏ်က ကြိုသိနေသည်။

ပြေးလို့လည်း လွတ်နိုင်တော့သည် မဟုတ်။ လှုပ်လိုက်သည်နှင့် မြင်ကွင်းရှင်းရှင်းကြီးထဲမှာ ဂုဏ့်ထံ အာရုံရောက်လာမှာ။ ဂုဏ်သည် စိတ်ကိုလျှော့ချလိုက်ကာ လက်ဖက် ပန်း

ကန်၊ ကိတ်မုန့်ပန်းကန်၊ ဆွန်းမကင်းပန်းကန်တွေထဲ ဝင်ထ
မတတ် ဖြစ်နေသော ဆံပင်စတွေကို မ,တင်ကာ ခေါင်းက
မော့ လိုက်သည်။

"ကိုကိုစိုး....မမိ"

အသံတုန်ကလေးက ပါးချည်ပါခဲ့ ထွက်လာလေသည်
မကြားရလောက်ဘူး ထင်ရသော်လည်း ကိုကိုစိုးခေါင်းထ
ဆတ်ခနဲမတ်သွားကာ ဂုဏ့်ကို လှမ်းကြည့်လိုက်မိသည်နှ
ချက်ချင်း....

"ဟင်....မိဂုဏ်၊ အမိုက်မ"

အသံကြီးက ဟိန်းခနဲထွက်လာလျက် စားလက်စ ငှန်းကို
ပန်းကန်ထဲ ရွတ်ခနဲပစ်ချကာ ထရပ်လိုက်တော့မှလို ကုန်
ကွကြီး ဖြစ်လို့သွားလေသည်။

မမနွယ်က ဂုဏ့်ကိုတစ်လှည့် ကိုကိုစိုးကိုတစ်လှည့် ကြ
ကာ အံ့သြသည်။

"နင် ဘယ်လိုလုပ်သွားတာလဲ၊ ဦးလေး ဘယ်လောက်
စိတ်ဆိုးတယ်မှတ်သလဲဟင်၊ နင့်ကို သတ်မလို့ သိလား၊ ဖြစ်ဖြ
ချင်း ရှာမတွေ့လို့သာပေါ့၊ တွေ့လို့ကတော့ သေပွဲပဲ"

လူရှေ့မရှောင် ဒေါသတကြီး အော်ချလိုက်သော ကိုကို
စိုးကို သူ့မိန်းမ မမမိက တံတောင်နှင့် တစ်ချက်တွက်က
ဟန့်တားလိုက်ရင်း ဂုဏ့်ကို တအံ့တသြ ကြည့်နေလေသည်
ဂုဏ်သည် ဘာကြောင့်မှန်းမသိ၊ မျက်ရည် ချက်ချင်းဝဲတက်
လာသည်။

"ဂုဏ်....နွယ်နဲ့ခင်သလား....ဟုတ်လား"



"ဂုဏ် ဟိုဘက်ခန်းမှာ နေပါတယ် မမမိ၊ မမနွယ်ပြောင်း
လာမှ သိကြတာပါ"

"နွယ်ရယ်....ဒါ ကိုစိုးညီမလေးလေ၊ တစ်ဝမ်းကွဲပေမယ့်
အရင်းအချာ မရှိကြတော့ အရင်းလိုပါပဲ"

မမနွယ်က အံ့သြသွားပုံနှင့် ခေါင်းညိတ်သည်။

"ခု ဘယ်မလဲ....နင့်ယောကျ်ား"

"အလုပ်သွားပါတယ် ကိုကိုစိုး၊ ဖေဖေနဲ့ မေမေ နေ
ကောင်းလား"

"ကျန်းမာတာ ဒေါင်ဒေါင်မြည်နေတာပဲ၊ နင် ခုမှ ဘာမှ
လာမေးမနေနဲ့၊ အဝိုပဲ၊ နင်တို့ အဆင်ပြေရဲ့လား၊ ဟိုကောင်
ရော မူမှန်ရဲ့လား"

ဂုဏ်သည် သည်မေးခွန်း တစ်ခုကိုဖြင့် ရှက်သွားမိသည်။
ကိုကိုစိုး အော်ဆဲရုံမကလို့ ထရိုက်လည်း ဂုဏ်မရှက်ပေ။

"ဟုတ်ကဲ့"

ခုတော့ ခပ်တိုးတိုးဖြေကာ ခေါင်းညိတ်လိုက်ရ၏။ မျက်
ရည်ပေါက်ခနဲ ကျလာတာကြောင့် ကိုကိုစိုးမျက်နှာ ရုတ်
ခြည်းပျော့ကျသွားသည်။

"ကိုစိုးကလဲ....ဘာတွေဆူနေတာလဲ၊ ခုချိန်မှတော့ စိတ်
လျှော့ပါတော့၊ ဂုဏ့် ခမျာလဲ လူကြီးတွေက မကျေနပ်လို့သာ
ခလို မလုပ်ဖြစ် လုပ်သွားရတာပါ၊ ကိုစိုးပဲ...ပြီးတာတွေ
ပြီးပြီ၊ ဂုဏ့်ကို တွေ့ချင်လိုက်တာဆို"

"ငါသိပါတယ်"

"ညီရှင်းက ခု ဘယ်မှာလုပ်နေလဲ"

"ပုဂ္ဂလိက ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှာပါ မမိ"

"ဂုဏ်တို့ အဆင်ပြေပြေပဲ မဟုတ်လား"

"ပြေပါတယ်"

"နှစ်ယောက်တည်းပဲလား၊ ကလေးတွေ ဘာတွေ ရပြီလား"

"ဟင့်အင်း"

"ကဲ….ဒီနား လာထိုင်စမ်းပါဦး ဂုဏ်ရယ်၊ ပြောရဆိုရတာ မလှမ်းမကမ်းနဲ့ အားမရလိုက်တာဟယ်၊ ပိန်သွားသလိုပဲ၊ နေကောင်းရဲ့လား ဂုဏ်"

"ကောင်းပါတယ် မမိရယ်"

"ငါတို့က နွယ်နဲ့ သိပ် ခင် တာ ဟဲ့၊ တက္ကသိုလ် တုန်းကတည်းက ခင်ကြတာ၊ တိုက်တိုက်ဆိုင်ဆိုင်ဟယ်၊ နွယ်နဲ့ဘော ချင်းကပ် အခန်း"

ဂုဏ်က မမိသဘောကျ သူတို့စားပွဲကိုရွှေ့ဖို့ ထိုင်ရာက အားယူထကာ မီးမီးနည်းအတိုင်း စားပွဲကို လက်ထောက်၊ ချိုင်းထောက်ကောက်ယူလိုက်ပြီး ထောက်ကာ အားယူထရပ်လိုက်သည်။ မမိစကားသည် တိခနဲ ပြတ်ကျသွားကာ နှစ်ယောက်သားပါးစပ်ကြီး အဟောင်းသားနှင့် ဂုဏ့်ကို ယူကျုံးမရ အံ့ဩငေးစိုက်ကြည့်လိုက်ကြလေသည်။

"ဂုဏ်….မိဂုဏ်"

ကိုကိုစိုးသည် ဇလုံးဇထွေး ရေရွတ်ကာ သည်တစ်ကြိမ် ထိုင်ရာမှ ဘကယ်ထရပ်လိုက်သည်။ ဂုဏ့်အနား လွှားခနဲ



ရောက်လာကာ ပခုံးကို ဆုပ်ကိုင်ပြီး မလှုပ်နိုင်သူတစ်ယောက်ကို တွဲထူသလို အားရပါးရ အားစိုက် ခွန်စိုက် လာတွဲသည်။

"ဂုဏ် ရပါတယ် ကိုကိုစိုး၊ ဂုဏ်လျှောက်နိုင်တယ်၊ ကျင့်သားရနေပြီ"

"မိဂုဏ်ရယ်၊ ဒါက ဘယ်လိုဖြစ်ရတာလဲဟယ်၊ ဘယ်တုန်းက ဖြစ်တာလဲ၊ ချိုင်းထောက်နဲ့ ဘယ်လောက်ကြာပြီလဲ၊ အခု ဆေးကုနေသလား"

တရစပ် မေးခွန်းတွေနှင့်အတူ သူတို့စားပွဲသို့ ဂုဏ် ရွှေ့ထိုင်မိလေသည်။

"ဂုဏ်လှေကားက လိမ့်ကျတာ"

"ဒီလှေကားကလား"

"ဟုတ်ကဲ့"

"ဘယ်တုန်းကလဲ"

"ခြောက်လလောက်ရှိပြီ မမိ"

"ခြောက်လ၊ ဟယ်….ချိုင်းထောက် ခုထိ မလွတ်သေးဘူးလား၊ ဦးလေးတို့သိရင် သိပ် စိတ်မကောင်း ဖြစ်ကြမှာပဲ၊ အန်တီက ပိုဆိုးမယ်၊ ဂုဏ်ရယ်….ဖြစ်မှဖြစ်ရလေဟယ်၊ ဘယ်တော့ အကောင်းအတိုင်း ပြန်ဖြစ်မလဲဟင်"

ဂုဏ်သည် ကိုကိုစိုးနှင့် မမိ သိလိုသမျှကို အစအဆုံး အသေးစိတ် ဇာတ်ကြောင်း ပြန်ပြရလေသည်။ တွေ့တွေ့ချင်းက ဟိန်းဟောက်ထားသော ကိုကိုစိုးသည် မုန့်ဟင်းခါးကို လုံးဝ ဆက်မစားနိုင်တော့ပေ။ လည်ပင်းကြီး လည်လိမ်ကာ ဂုဏ့်ကို ယူကျုံးမရ ငေးစိုက်ကြည့်လျက် နားစွင့်နေသည်။

ဖြစ်ပုံပျက်ပုံကို လည်းကောင်း၊ ခြေထောက် အခြေအနေ
လည်းကောင်း၊ လေ့ကျင့်ခန်းယူဖို့ ဖဝ့်နှဲ့ဝန်လေးနေရခြ
ကိုလည်းကောင်း ဂုဏ်လုံးစေ့ပတ်စေ့ ပြောပြလေသည
"နွယ်ရယ်....နွယ်နဲ့ နီးနီးနားနား လာဖြစ်နေတာ ဝမ်
သာစရာ ကောင်းလိုက်တာ၊ ကိုယ်တို့ကိုခင်မင်သလိုပဲ သတော
ထားပြီး ခင်မင်စောင့်ရှောက်ပါနော်"
"ပြောနေဖို့တောင် မလိုပါဘူး မမိရယ်၊ ဂုဏ့်ကို မြင
ဖူးကတည်းက အဲဒီချိုင်းထောက်ကြောင့်ပဲ နွယ်က ပိုပြီးခင
သွားမိတာ၊ မီးမီးကလဲ ဒီလိုပဲဆိုတော့ နွယ် သမီးချင်း ကိုယ
ချင်းစာပြီး ဂုဏ့်ကို စိတ်ထဲကကို ရင်းနှီးတာပါ၊ နွယ်
အကြောင်း မမိသိပါကယ်၊ စိတ်မပါရင် ဟန်လုပ်ပြီးမ
မပေါင်းတတ်တာ၊ ဂုဏ့်ကို ညီမလိုပါပဲ၊ ဂုဏ်က ရိုးလဲရိုး
သားတယ်၊ စိတ်ထားလေးလဲ နူးညံ့တယ်၊ ဂုဏ့်ယောကျ်ား
နဲ့တောင် အသေအချာ လူချင်း မတွေ့ဖူးသေးဘူး၊ သိတ
အတိုင်းပဲ၊ နွယ်က ယောကျ်ားဆိုရင် သိပ်အပေါင်းအသင်း
လုပ်ချင်တော့တာ မဟုတ်ဘူး၊ ရိုးရိုးလဲ မခင်ချင်ဘူး၊ ဆန်း
ဆန်းလဲ မခင်ချင်တော့ဘူး၊ ရှိပြီးသား မိတ်ဆွေဟောင်းတွေ
ထဲကတောင် သိပ်ကြည့်မရရင်၊ သိပ်မကြိုက်ရင် အဆက
အသွယ် ဖြတ်ဖြတ်ပစ်နေတာ၊ ဂုဏ်နဲ့လဲ သိတာ ရက်ပိုင်းပဲရှိ
သေးတာရယ်၊ သူ့ယောကျ်ားလေးကလဲ အေးအေးဆေး
ဆေး နေတတ်ပုံရတာရယ်၊ ဆိုကို သေဲဖြစ်သေးပါဘူး၊ ဒါ
ပေမယ့် ဂုဏ့် ပြောစကားတွေအရ ဂုဏ့်ကို ကြင်နာပုံရပါ
တယ် မမိရယ်၊ ဂရုစိုက်ပုံလဲ ရပါတယ်"



"ခြေထောက် ခုလိုဖြစ်နေတော့ ညီရှင်းထာ မီးမီးကလေး
ကျတာမျိုး ရှိသေးလား၊ ရှိရင် ငါသတ်ကာ ထိုလူကို သူ့
စားဘဝတုန်းကလို အဖြစ်မြင်မှာစိုးပြီးသည်။ မျက်လုံးအစုံမှာ
ကွယ်လုပ်ဖို့တော့ မကြံနဲ့" ကိုယ်ခန္ဓာကလေးက
ကိုကိုစိုးက ရုတ်တရက် မလည့်မာလ
"မကာကွယ်ပါဘူး ကိုကိုစိုးရယ်၊ ဆဲ မမနွယ် မောင်
ညာပါတယ်" 'မီးမီးလာ'
"ဘာတွေညာတာလဲ" နယ်
"ကိုကိုစိုးကလဲ"
ဂုဏ်သည် ရှက်စနိုးနိုးနှင့် ခေါင်းကလေးငုံ့ ရယ်နေမိ
သည်။ လူတွေမရှိတော့ပြီမို့ မမနွယ်၏ ဝမ်းကွဲတစ်သိုက်သည်
တစ်ရေးတစ်မော ဝင်နားနေကြပြီ။ ဂုဏ်ရယ် မမနွယ်ရယ်
ကိုကိုစိုးနှင့် မမမိရယ် လေးယောက်သား စကားဝိုင်းကလေး
အဖြစ် ကျန်ရစ်လျက် ထိုစကားဝိုင်းကလေးသည်လည်း သာ
သာယာယာ စိုစိုပြည်ပြည် ဖြစ်လာခဲ့။
မှမျှော်လင့် မထင်မှတ်သော ဧည့်သည်တစ်ယောက်
ရောက်လာသည်။ ဖိတ်ခေါ်ထားသော စာရင်း၌ မပါဝင်။
ထိုသူကား မမနွယ်၏ ခင်ပွန်း ဦးကျော်လွင်မှ လွှတ်စေလိုက်
သော ကိုယ်စားလှယ်တည်း။
ယခင်ကတည်းက တစ်ဦးကိုတစ်ဦး သိနေပြီးမို့ ထိုသူဝင်
လာတာကိုမြင်သည်နှင့် မမနွယ် မျက်နှာက ရုတ်ခြည်း တင်း
မာသွားသည်။ ထိုသူသည် မဝ မရဲနှင့် ဟိုချောင်တိုးတော့
မလို သည်ချောင်တိုးတော့မလို ကိုးရိုးကားရား နိုင်လှသည်။

ဖြစ်ပုံပျက်ပုံကို ပြောသောအခါ ဂုဏ်သည် မျှော်လင့်မထား လည်းကောင်း၊ ဒိုက်ရတာမို့ မမနွယ်ကို သနားကြီးသနား ကိုလည်းကောင်း

"နွယ်ရယ်....နွယ်ပါဘဲနှင့် ထိုသူသည် အခန်းထောင့်တစ် သာခရာ ကောင်းဇော်ပေါ် ကုပ်ကုပ် ယို့ယို့ကလေး ဝင် ထားပြီး ခင်မင်ဖွေဟန်လက်ဟန်တွေစုံစုံလင်လင်နှင့် အထစ်

"ပြောနေကြားတို့သည် မမနွယ်၏....

ဖူးရောက်ဖြန့် ဘယ်အချိန်လဲ"

ဆိုသော မာပြတ်ပြတ်စကားတစ်ခွန်းအောက်၌ စွတ်ခန် နှစ်ဝင်သွားသလို စုပ်စမြုပ်စ ပျောက်သွားလေသည်။

"နက်ဖြန်မနက်ပိုင်း ဆယ်နာရီလောက်ပါ အစ်မ၊ ရုံးမှာ အဆင်ပြေမယ်ဆိုရင် ရုံးမှာ၊ ဒါမှမဟုတ် အစ်မ ဒီအိမ်မှာပဲ အဆင်ပြေရင်လဲ...."

"ငါ့အိမ်မှာပဲ လက်မှတ်ထိုးပေးမယ်၊ မနက်ဆယ်နာရီတိ တိ မင်းဆရာကို ဒီအိမ်အရောက်လာလို့ ပြောလိုက်၊လိုအပ်တဲ့ လူတွေ စီစဉ်ပြီးခေါ်ခဲ့၊ တစ်ခါတည်း ကိစ္စပြတ်ပစေ၊ သင်း မျက်နှာကို နောက်တစ်ကြိမ် ဒီအိမ်မှာ ထပ်မတွေ့ချင်ဘူး"

လာပြောသောလူမှာ ခေါင်းတညိတ်ညိတ်နှင့် မျက်နှာ ပျက်နေသည်။ ဂုဏ်သည် ထိုသူကိုလည်း မကြည့်ရဲ၊ မမနွယ်ကို လည်း မကြည့်ရက်။ မျက်နှာလေးလွှဲကာ မီးမီးထိုင်နေရာဘက် ငွေပြီး ကြည့်လိုက်မိသည်။

ဂုဏ့်ရင်ထဲ နင့်သွားရ၏။



နားလည် သဘောမပေါက်လေဟန်ရှိသော မီးမီးကလေး သည် သူ့အမေနောက်ကျောမှာ ကပ်ကွယ်ကာ ထိုလူကို သူ့ အမေလက်ကြားမှ ချောင်းကြည့်နေသည်။ မျက်လုံးအစုံမှာ မျက်ရည်တွေ ပြည့်လျှံရစ်ဝိုင်းလျက် ကိုယ်ခန္ဓာကလေးက တဆတ်ဆတ်တုန်ယင်နေသည်။

ဂုဏ် ရင်နင့်နင့်နှင့် စိတ်ထိခိုက်သွားရဆဲ မမနွယ် မောင် ဝမ်းကွဲက ခန်းဆီးစ နောက်ကွယ်မှ ထွက်လာကာ 'မီးမီးလာ' ဟု ခေါ်ယူလိုက်သည်။ မီးမီးသည် တော်ရုံနှင့်မလိုက်။ မမနွယ် ခါးကို ဖက်ကာ ပေကတ် တင်းနေသေးသည်။ သူ့ဦးလေးက ထိုလက်တွေကိုဖြုတ်ကာ အတင်းပွေ့ချီ အခန်းထဲ သွင်းသွား မှပဲ တိတ်တိတ်ဆိတ်ဆိတ် ပါသွားရှာတော့၏။

"ကိစ္စပြီးရင် မင်းလဲပြန်တော့၊ ငါ့မှာ ညှိသည်တွေရှိ သေးတယ်"

မျက်နှာတစ်ချက်မှ နွမ်းမသွားဘဲ ခေါက်ရိုးကျိုးလှသော မမနွယ်ကို ဂုဏ်လေးလည်း လေးစား၊ အားကျချီးကျူးစွာ အံ့ဩနေမိသည်။ ဂုဏ်သာဆိုရင်ဖြင့် ကြမ်းပေါ် လူးလိမ့် ငို နေမိမှာပဲ ထင်သည်။ အခုတော့ ကိုယ်က ကာယကံရှင်မဟုတ် လေတော့ ဝမ်းနည်းအားငယ်မှု ဖြစ်နေဖို့ မလိုအပ်တာ ကြောင့် ခံပြင်းခြင်းတွေ ရင်ထဲ တလိပ်လိပ် ထနေသည်။

ဟိုတစ်ဖက်ကို မုန်းတီးစက်ဆုပ်လျက် ဂုဏ်သာ တစ်ခုခု တတ်နိုင်လျှင် ဝင်လုပ်ပေးလိုက်ချင်သည်အထိ မခံချင်မှုတွေ တဖွားဖွား ထနေလေသည်။

ထိုလူပြန်သွားချိန်၌ မမနွယ်က ကိုကိုစိုးထံမှ စီးကရက်ဘူး ဆွဲယူကာ မီးညှိသောက်လိုက်၏။ မမမိက စိတ်ညစ်သွားသလို နှင့်....

"နွယ်ရယ်၊ ဆေးလိပ်တွေ သောက်နေသလားဟယ်"

"တစ်ခါတစ်ခါပါ မမိရယ်၊ နွယ့်မှာ အဖော်ဆိုလို့ မီးမီးနဲ့ ဆေးလိပ်နဲ့ နှစ်ခုပဲရှိတယ်၊ ကျန်းမာရေး ထိခိုက်လောက်အောင် ကြမ်းကြမ်းတမ်းတမ်း မသောက်ပါဘူး၊ အတွေးတွေ ဟိုရောက် ဒီရောက်နဲ့ ငြီးငွေ့တဲ့အခါလောက်ပါ"

"ဦးကျော်လွင်က လူဆိုး မဟုတ်ပါဘူး၊ ဒါပေမယ့် ခုကိစ္စတော့ သမီးလေးကို နည်းနည်းညှာဖို့ကောင်းတယ်၊ အိမ်ထောင်ပြုချင်လဲ နောက် လေးငါးခြောက်နှစ်လောက်နေမှ ပြုရင် ကောင်းမယ်"

ကိုကိုစိုးစကားကြောင့် မမနွယ်က နှုတ်ခမ်းတစ်ချက်တွန့်ရင်း....

"သတင်းကြားပါတယ်၊ သူ အိမ်ထောင်ပြုမလို့ဆိုတာ၊ စိတ်မဝင်စားပါဘူး၊ ကိုယ့်အပေါ် မကောင်းတဲ့သူ ကိုယ်နဲ့ ကင်းရှင်းသွားတော့ ဝမ်းတောင်သာဖို့ကောင်းသေးဟယ်၊ ဘာမှလဲ နှောင့်ယှက်နေဖို့ စိတ်ကူးမရှိဘူး"

"ကောင်းပါတယ် နွယ်ရယ်၊ နွယ်ပြောတာ ဟုတ်ပါတယ်၊ ကိုယ့်ကိုမှ မကောင်းတဲ့၊ စောစောပြတ် စောစောအေးတယ်၊ ဒါပေမယ့် ကိုယ် စိတ်မကောင်းဘူးကွယ်"

"မမိတို့ကိုတော့ ဖိတ်လိမ့်ဦးမယ်ထင်ပါရဲ့"



မမနွယ်က မဲ့တဲ့မဲ့ပြုံးကာ လက်ဖက်ခပ်စားရင်း ပြောသည်။ မမိက ခေါင်းကိုယမ်းရင်း....

"မဖိတ်တော့ဘူးထင်တယ်၊ နွယ်နဲ့ သိပ်ရင်းနှီးတဲ့လူတွေ ဆိုတော့ သူ မျက်နှာပူရင် ပူမှာပေါ့၊ မဖိတ်တာ ဘယ်လိုမှ မနေပါဘူး၊ မဖိတ်ရင် ပိုတောင်သဘောကျသေးတယ်၊ ဖိတ်ရင်သာ မသွားရနိုး သွားရနိုးနဲ့၊ သွားရင်လဲ ကိုယ်တို့ လင်မယားက မျက်နှာကောင်းကောင်းထားနိုင်မှာ မဟုတ်ဘူး၊ မျက်နှာပျက်နေမှာ"

"မဖိတ်တော့ဘူးထင်ရအောင် သူ့ဟာက ဘယ်တော့လဲ၊ ကပ်နေပြီလား"

"ကပ်နေပြီနွယ်၊ ခုလာမယ့် ဆန်းဒေးပဲ၊ တချို့တွေ ဖိတ်စာရပြီးနေပြီ"

"ခုလာမယ့်ဆန်းဒေး"

မမနွယ်အသံက ကျယ်ကာ တုန်သွားသည်။

မမမိက ထပ်မပြောတော့ဘဲ အသာခေါင်းညိတ်သည်။သူ့ ဥာဏ်ကလေး တစ်ထွာတစ်မိုက်နှင့် 'လက်ဖက်က ရေတံသီး စပ်တယ်၊ ဥမ္မာလေးရေ မမမိဖို့ အအေးတစ်ခွက်လောက် ရှိနိုင်မလား" ဘာဘာညာညာ စကားလွှဲဖို့ ကြိုးစားကြည့်နေ ပြန်သေး၏။

"ခုလာမယ့် ဆန်းဒေး၊ နှစ်ဆယ်ရက်နေ့ပေါ့၊ တောက်...."

မမနွယ်အသံက ပိုတုန်လာကာ တောက်ခေါက်သံကလည်း ဟိန်းခနဲ ထွက်လာသည်။ စီးကရက်ကို ပြာခွက်၌ တဆောင့်

နှဆောင့်ထိုးခြေလိုက်ပုံကြောင့် ဂုဏ်ပင် လန့်သွားမိလေတော့သည်။

ခုမှ မျက်ရည်ဝိုင်းတက်လာကာ မျက်နှာတစ်ပြင်လုံးလည်း ရဲတွတ် အသားတွေလည်း တဆတ်ဆတ်တုန်လျက် နေရာမှ ဝုန်းခနဲထရပ်သည်။

"နွယ်...."

"ရက်စက်လိုက်တာ၊လုပ်ရက်လိုက်တာ မမိရယ်၊ သူ ဘယ်သူနဲ့ယူယူ ဘယ်တော့ယူယူ ဒီရက်တော့ ရှောင်ဖို့ကောင်းပါတယ်၊ ရက်စက်လိုက်တာ"

"နွယ်....နွယ်၊ ဘာဖြစ်လို့လဲနွယ်ရယ်၊ ကိုယ့်လဲပြောပါဦး၊ စိတ်ညစ်လိုက်ဘာနော်၊ နွယ်ဘယ်လိုမှ မနေဘူးမှတ်လို့ ကိုယ်ကလဲပြောမိတာ"

မမိကလည်း မျက်စိအပျက်ပျက် မျက်နှာအပျက်ပျက်ဖြစ်လာသည်။

"မမိပြောတာ ကောင်းတာပေါ့၊ ပြောလို့သိရတာ၊ ဒေါ်သဖြစ်တာက ဒီရက်ကိုမှ ရွေးလုပ်လို့၊ တမင်တကာလဲလုပ်ဖို့မရှိဘူး၊ ဒီရက်ကို သတိမပြုမိဘဲ မေ့လျော့နေတာဆိုရင်လဲ ဖအေတစ်ယောက်အနေနဲ့ အသည်းနှလုံးမရှိလို့သာပဲ၊ အဲဒီရက်ဟာ မီးမီးမွေးနေ့၊ မီးမီး ဆယ်နှစ်ပြည့်မယ့် မွေးနေ့လေ၊ အဲဒီရက်မှာ သူ နောက်မိန်းမတစ်ယောက် လက်ထပ်ရက်တယ်၊ သူ ဟာသူ ယူတာ ဘာမှမပြောလိုပါဘူး၊ တခြားရက်မှာ ယူပါလား၊ တစ်ဦးတည်းသော သမီးလေးရဲ့ မွေးနေ့မှာ



မှ သူမို့လို့၊သမီးကို အဖေတစ်ယောက်အနေနဲ့ အကောင်းဆုံး မွေးနေ့လက်ဆောင်ကြီး ပေးလိုက်တာပေါ့လေ"

"နွယ်ရယ် ဒေါသကို လျှော့စမ်းပါ၊ မီးမီးကြားလို့ စိတ်မကောင်းဖြစ်ပါ့မယ်၊ကလေးခမျာ ဝမ်းနည်းနေပါ့မယ်"

"အဲသလောက်အထိ ဘာကိုမှ ဂရုမစိုက်အလေးမထား သူလုပ်ရက်နိုင်တာကို စိတ်နာလွန်းလို့ပါ ကိုစိုးရယ်၊ နွယ့်ကိုရက်စက်နိုင်ပါတယ်၊ နွယ်နဲ့က စပ်မှ လင်မယားတော်တာ၊ မစပ်ချင်ရင် သူစိမ်းကြီး၊ သမီးလေးက သူ့သွေးက လူဖြစ်လာရတဲ့ကလေး၊ သမီးအပေါ်မှာ ဒီလောက် ရက်ရက်စက်စက် ဥပေက္ခာ မပြုသင့်ဘူး၊ သမီးရဲ့မွေးနေ့ပါလားဆိုတဲ့ အသိအမှတ်ကလေးနဲ့ တစ်ချက်ကလေး ကြင်နာနိုင်ရင် ဒီရက်တစ်ရက်ကိုတော့ ရှောင်သင့်ပါတယ်"

မမနွယ်ကို မြင်ကတည်းက စိတ်ဓာတ် ထက်မြက်ပြတ်သားမည့်သူမှန်း ဒေါသအာဃာတ ကြီးမားမည့်သူမှန်း ဂုဏ်အနည်းအကျဉ်းမျှတော့ အကဲခတ် ရိပ်မိနိုင်ခဲ့ပါသည်။ ၎င်းသို့သော် ဂုဏ့်တစ်သက် ဤမျှ မီးဝင်းဝင်းတောက်နေသော မိန်းမတစ်ယောက်၏ ဒေါသမျက်နှာမျိုး မမြင်ဖူးသဖြင့် ထိတ်လန့် ထူးဆန်းနေမိလေသည်။

ဘယ်လောက်ပဲ ဂရုမစိုက်ဘူးဆိုဆို ကိုးနှစ်တာမျှ ပေါင်းသင်း တော်စပ်ခဲ့ရသော ဇနီးသည်တစ်ယောက် အနေနှင့် အထိုက်အလျောက်သော သံယောဇဉ်တော့ ရှိခဲ့မှာပါ၊ စိတ်သဘောထားချင်း မတိုက်ဆိုင်ပြီး ကွဲကြ ကွာကြအထိ ဖြစ်ကြသည်ဆိုသော်လည်း နောက်တစ်ယောက်နှင့် လက်ထပ်တော့

မည်ဆိုသည့်အခါ ဝန်တိုခြင်း အပူမီး တညီးညီး မလောင်ဘူး ဆိုရင်တောင်မှ အနည်းနှင့်အများတော့ ခံစားမှုတစ်စုံတစ်ခု ရှိမှာပင်။

ထိုခံစားမှုကို မာနဒေါသတို့နှင့် ရန်းကြွမရအောင် မသိစိတ်က ဖိနှိပ် ဖုံးအုပ်လျက်သား ရှိပေမည်။ ပေါက်ကွဲစရာ အကြောင်းတိုက်ဆိုင်မှု တစ်စုံတစ်ရာ ရှိလာသောအခါ မမနွယ်မျှာ အတော်ကြီးကို ကြိတ်မနိုင် ခဲမရ....

ထိုယောကျ်ားကလည်း ခုပုံအတိုင်းဆို တော်တော်ကြီးကို ရက်စက်နိုင်လှပါသည်။ ရက်စက်တာ မဟုတ်ဘူး ဆိုလျှင်တောင်မှ မသိကျိုးကျွန် ဥပေက္ခာနှင့် နေဆိတ်လုပ်ရက်လှပါပေသည်။ ဂုဏ်သည် မမနွယ်နှင့် မီးမီးတို့သား အမိဘက်က ဘာမှ ကူညီလုပ်မပေးတတ်သမျှ ဦးကျော်လွင်ကိုပဲ စက်ဆုပ်မုန်းတီးနေ၏။

"ရတယ်လေ၊ သူကတောင် လုပ်ရက်နိုင်သေးတာ"

မမနွယ်သည် နဂိုနေရာမှာ ပြန်ထိုင်ချလိုက်ရင်း စီးကရက်တစ်လိပ် မီးထပ်ညှိလိုက်၏။

"နွယ်"

"နွယ် ဘာမှ အထစ်အငေါ့လုပ်ဖို့ စိတ်ကူးမရှိခဲ့ဘူး မမိ၊ ခုတော့ မရဘူး၊ သူကတောင် သမီးမွေးနေ့မှာမှ ရွေးပြီး လုပ်ရက်သေးတာ နွယ်ကလဲ အဲဒီနေ့ မဖြစ်အောင်ကို ရတဲ့နည်းနဲ့ ဖျက်ပြလိုက်မယ်၊ သူတို့ရက်ကို သူတို့ဘာသာ ရွှေ့ပစ်ရစေ့မယ်၊ သူယူမယ်ဆိုတဲ့ သေဌေးသမီး အပျို ရုရုထွေထွေးကလေးက သူ တရားဝင် ပြတ်ပြတ်စဲစဲ မရှိဘဲ သူ့ကိုယူ



ကားပေါ်တဲ့လား၊ ယူတယ်ဆိုရင်လဲ ယူပါစေ၊ ဒီတနင်္ဂနွေနှင့် သုံးလေး ဖြစ်အောင်လုပ်လို့ကတော့ သူတို့ပဲ အရှက်တွေ ဖူး ပြီ မို့ က်ဖြန်လက်မှတ် ထိုးကိုထိုးမပေးဘူး"

ဒီသေး တစ်

"နွယ်....သူ့ဟာက ဖျက်ရလွယ်ပါ့မလား၊ ဖိတ်စာတွေ ချက်း နေပြီ၊ လက်မှတ်ထိုးရုံဆိုရင် ရက် ရွှေ့လို့ရဦးမယ်၊ ခုဟာ ဒီဆက်ပ်ရှင်လုပ်မယ့်နေ့ကွယ့်၊အင်းလျားလိပ်မှာလို့ ပြောယ်၊ ရွှေ့ဖို့ မဖြစ်နိုင်ဘူးထင်တယ်"

"ရွှေ့ဖို့ မဖြစ်နိုင်ရင် အစကတည်းက ဒီရက်ရွေးမလုပ်နဲ့၊ တောင် ဘာကိုမှ မငဲ့သေးတာ၊ နွယ်လဲ မငဲ့နိုင်ဘူး၊ မီးမီး ာ သနားစရာ ကောင်းလွန်းပါတယ်၊ မနှစ်က လူကြုံနဲ့ မွေးနေ့မှာ အရုပ်တစ်ရုပ် ပို့လွှတ်လိုက်လို့ ဒီနှစ်လဲ မွေး လက်ဆောင် မျှော်နေရှာသေးတာ၊ ခု ကြည့်ပါဦး မမိယ်၊ မီးမီးကို သူမို့ မညှာတာဘူး၊ ကလေး စိတ်ထိခိုက်မှာ တွေးဘူး"

ဂုဏ်သည် မှန်သည်မှားသည်ရယ်တော့ မတွေးတတ်ပေ။ သော် မမနွယ်ဘက်က ခံပြင်းလျက် ကလေးတစ်ယောက် တစ်ခု မလပ်တလပ်ကိုမှ လတ်ထပ်ဖို့ စိတ်ကူးထား ော သေဌေးသမီး အပျိုလေးဆိုသူကိုတော့ အံ့ဩမဆုံးရှိနေ သေး၏။ခုခေတ်ကြီးက မိန်းကလေးတချို့ဟာ ဘာကိုအမိ ထား လူရွေးနေကြသလဲ။

မည်ဆိုသည်
ဆိုရင်တောင်ညည် ကိုယ့်အားငယ်မှုနှင့်ကိုယ် ညီ့ကို စိတ်မချ
ရှိမှာပင်။ လို ဖြစ်လျက် အလိုလိုနေရင်း ဝမ်းနည်းလာ
ထိုခံစား
စိတ်က ဖိနှိ
အချ

* * *

ဆောက်လက်စ စားသောက်လိုင် အဆောက်အအုံတွ
လိုအပ်သော ဓက်ကရေးရှင်း ပစ္စည်း စာရင်းကို အဝ
တော် ကိုယ်စားလှယ်လက်ထဲအပ်ပြီးသောအခါ ညီ ဝိုလ်ချ
ဈေးဘက် တစ်ဆက်တည်း လာလိုက်သည်။ ဂုဏ် အတွ
ပန်းချီဆေးတချို့ ဝယ်ပေးရဦးမည်။ မနေ့က ဂုဏ်မှာလို
သော စာရင်းစာရွက်ကလေးက အိမ်ကအထွက်မှာ အိပ်
နံဘေး စားပွဲလေးပေါ် ကျန်ရစ်ခဲ့ပြီ။
ကိစ္စမရှိပါဘူးလေ။
မနေ့က တစ်ချက်ဖတ်ကြည့်လိုက်မိတာမို့ ခေါင်းထဲ မှတ်
ကျန်သလောက် ဝယ်သွားလိုက်တာပေါ့။ ကားရပ်စရာ တ
နေရာအတွက် အတော်ကြီး ခဲခဲယဉ်းယဉ်း ကြိုးပမ်းရ
သော် ခေါင်းက အတော်ရှုပ်နေပြီ။ အရေးထဲ တာဝန်ရှိသူ
ညီ ကားရပ်သည့်နေရာက ရှေ့ထွက်နေသည် ဆိုသဖြင့်တော
ပန့်ရသေးသည်။ နောက် မီးရထား ခုံးကျော်တံတာ
နှင့် အိမ်သာအကြား ကားဖင်ထိုးကာ နှစ်ဆင့်သုံးဆင့် ရ
နေကြသည့်အထဲမှာ ညီက နောက်ထဲအထိ ဆုတ်မဝင်ဘဲ အ
မှာတင် ပိတ်ရပ်လို့ထဲ့။



နောက်ထဲရောက်နေပြီး ရှေ့က ပိတ်သွားသောကားပေါ်
က ကျေးဇူးရှင်တို့က ဈေးထဲရွေ့ထွက်မည်အမှတ်နှင့် သုံးလေး
နာရီ ပတ်နေသဖြင့် ပြန်မရဘဲ ညီ အ ခက် တွေ့ ဖူး ပြီ မို့
နောက်ထဲဝင်ဖို့ ကြောက်လှသည်။
"ကျွန်တော်က ဒီဘက်အတွင်းနားမှာ ပန်းချီဆေး တစ်
မျိုးပဲ ဝယ်မှာပါဗျာ၊ ဆယ်မိနစ်လောက်ပဲ ကြာမှာပါ၊ ချက်
ချင်းပြန်မှာမို့ပါ"
"ခင်ဗျားလိုပဲ၊ ဘယ်သူမှ နောက် ဝင်ချင်တာ မဟုတ်ဘူး
ဗျ၊ အားလုံးက ဒီဆင်ခြေနဲ့ ကိုယ့်အတွက် လွယ်အောင်ပဲ ရပ်
ချင်တာပဲ"
"ကျွန်တော်က တကယ်ပါ၊ ဆယ်မိနစ်ပဲ၊ မကျေနပ်ရင်
သော့ယူထားဗျာ၊ ဆယ်မိနစ်ကျော်ရင် ရွှေ့ချင်တဲ့နေရာ ရွှေ့
လိုက်"
"မရွှေ့နိုင်ပါဘူး၊ ကျုပ်တို့ကလဲ တာဝန်နဲ့မို့ ပြောရ
တာ၊ ရွှေ့လဲမရွှေ့တတ်ဘူး၊ သော့ထားခဲ့လဲအပိုပဲ၊ လူပေါင်း
စုံနဲ့ ဆက်ဆံနေရတာ၊ စကားပြောရ ခက်ရင် သိပ်စိတ်ညစ်
တယ်"
"အခု ခင်ဗျားနဲ့ ပြောနေရတာနဲ့ ဆယ်မိနစ် ရှိတော့
မယ်၊ ချက်ချင်းပြန်လာမှာဗျာ၊ သိင်းကယ်ပဲဗျာ"
ညီ စကားဖြတ်ပြီး ဇွတ်လစ်ပြေးရသည်။
သူတို့မှာလည်း တာဝန်အရ၊ တကယ်လည်း မှန်ပါသည်။
ဘယ်သူကမှ အနစ်နာခံပြီး နောက်ဘက်ထဲ ဝင်မရပ်ချင်ကြ။
မရပ်ချင်တာချင်းအတူတူ ညီ့လို တကယ်တမ်း ကိစ္စချက်ချင်း

ပြီးမည့်သူအတွက် ထွက်မရတာ ပိုဆိုးသည်။ နောက်ဘက်က တစ်စီး ရပ်စရာ နေရာပုပ်သွားတာကို နားလည်ပေမယ့် ထွက်မရလျှင်တော့ ဘယ့်နှယ်လုပ်မလဲ။ လူအားစိတ်အား အချိန် ပိုနေလို့ကတော့ ဘာအရေးလဲ။ ကားထဲ တစ်ရေးအိပ်စောင့်ရုံပင်။ ခုတော့ နောက်ပိုင်းကိစ္စရှိသေးသည်။ နန္ဒာ့ပုဂ္ဂိုလ်ကြီး ဦးကျော်လွင်နှင့် မနေ့က ဖုန်းပြောရသည်။ နက်ဖြန်နံနက် ဆယ်နာရီ သူ့လက်ဝယ်ရမည်တဲ့။ ညီက ဆယ့်နှစ်နာရီ သူ့ရုံးကို လာတွေ့ပါ၊ လာယူပါတဲ့။ ထမင်းမစားခဲ့ပါနှင့်၊ သူပြုစုပါရစေတဲ့။

ညီ အသည်းအသန် ငြင်းသည်။ သူကလည်း အသည်းအသန် ဖိတ်ခေါ်သည်။ နှစ်ဦးနှစ်ဖက် အသည်းအသန်ပြောရင်း မတော်မကျအခြေအနေနှင့် ရပ်နေသည်။ သူကလည်း မလျှော့။ ကြည့်ရတာ ညီ ရောက်သွားလျှင် သူ စီစဉ်ထားမှာ သေချာသလောက်ပင်။ ဒါကို မျှော်ကိုးလို့မဟုတ်သော်လည်း ညီ သည်တစ်နံနက်လုံး ပြေးလွှားလှုပ်ရှားနေရတာမို့ ခုထိ ထမင်းမစားရသေးတာ အမှန်ပင်။ သည်ကအပြန် ဦးကျော်လွင်ရုံးကို တန်းသွားရမှာမို့ ငြင်းရင်းကပဲ စားဖြစ်သွားတော့မလား မသိပါဘူး....။

ညီ စိတ်ရှုပ်ရှုပ်နှင့် ခပ်သုတ်သုတ်လျှောက်နေဆဲ....

"ဟိတ်....ကိုညီ....ကိုညီ"

နန္ဒာ့အသံမို့ တအံ့တသြလှည့်ကြည့်လိုက်မိ၏။

"ဈေးကို ဘာလာလုပ်လဲ"



"ဂုဏ်မှာလိုက်တာတစ်ခု လမ်းလဲကြုံလို့ ဝင်ဝယ်တာ၊ ဒီကအပြန် နန္ဒာ့ဘကြီးရုံးကို တန်းသွားမှာ၊ ဘာမှာစရာ ရှိသေးလဲ"

"မရှိပါဘူး၊ မမှာတော့ပါဘူး၊ နန္ဒာလဲ ဒီနေ့ စတစ်ချ် ဖြုတ်ရလို့၊ ဆေးရုံကအပြန်"

နန္ဒာက လောလောလတ်လတ် ချုပ်ရိုးဖြေလာသော သူ့လက်ကောက်ဝတ်ကို ထောင်ပြရင်း စကားဆိုသည်။ ပတ်တီး ပတ်ထားခြင်းမရှိတော့သော်လည်း ဂွမ်းစကပ်ကာ ပလတ်စတာနှင့် ထိန်းထားသော လက်ကို ညီ တစ်ချက်ကြည့်လိုက်ဆဲ ပခုံးကို ဖုန်းခနဲနေအောင် အထုခံလိုက်ရတာမို့ တအံ့တသြ စိတ်တိုကာ လှည့်ကြည့်လိုက်မိလေသည်။

"ဖိုးညီ"

ကျောင်းတုန်းကတွဲခဲ့သော သူငယ်ချင်း မင်းဦးသည် မချို မချဉ်နှင့် အနားကပ်ရပ်နေ၏။ ညီကတော့ နယ်ရောက်နေသော သူငယ်ချင်းဟောင်းနှင့် မမျှော်မလင့်တွေ့ရတာမို့ အံ့သြဝမ်းသာသွားသည်။ ဘာကိုမှ မတွေးမိ။

"မင်းဦး....မင်း ဘယ်တုန်းက ရန်ကုန်ရောက်နေလဲ"

"ဒီလိုပဲ၊ ငါ ရန်ကုန်မှာပဲရှိတော့မှာ၊ အခု မင်းနဲ့စကား ပြောဖို့ အချိန်မရှိဘူး၊ နက်ဖြန်တွေ့မယ် ဟေ့ကောင်"

"ငါလဲ အခု အချိန်မရပါဘူး၊ နက်ဖြန် ဘယ်မှာတွေ့မှာလဲ"

မင်းဦးက အိတ်ထဲက ကတ်ပြားငယ်တစ်ခု ထုတ်ယူလိုက်ရင်း....

"အဲဒီဖုန်းကို ဖင်းဆက်လိုက်၊ ဗီညဆက်နေဒ် ဟော ကောင်၊ နက်ဖြန်အတွက် ချိန်းမယ်၊ ဗီညမဆက်ရင် မင်းနဲ့ငါ အာတွေ့ပဲ ဖိုးညီ"

"ညီ ငါက စဟိုးဆိုင်ထွက်ဆက်ရမှာ၊ အချိန်အတိအကျ ပြော"

"ကိုးနာရီဆက်"

"ဲနောက်ကျလိုက်တာကွာ"

"ဒါဖြင့် ရှစ်နာရီခွဲ"

ပြောရင်းက မင်းဦးက နန္ဒာ့ကို တစ်ချက်ကြည့်သည်။ ညီက ခုမှပဲ နန္ဒာ့ကို သတိရတော့လျက်....

"နန္ဒာ....ဒါကိုယ်တို့အုပ်စုထဲကပဲ၊ မင်းဦးလေ၊ သိတယ် မဟုတ်လား"

"သိပါတယ် ဖိုးညီရယ်၊ တစ်နှစ်တည်းတွေ အချင်းချင်း မသိတဲ့နေပါမလား၊ မသိလို့ရော ရမလား"

ညီ မျက်ခုံးပင့်သွားရဆဲ....

"ကဲ....ငါသွားပြီ ဟေ့ကောင်၊ ည ဖုန်းဆက်လိုက်"

ပြောအပြီး နန္ဒာ့ကို ခေါင်းဆတ်နှုတ်ဆက်လျက် ထွက် သွားသော မင်းဦးသည် နန္ဒာ့ ကျောကွယ်ရာရောက်သည်နှင့် ညီ့ဘက်လှည့်ကာ လက်ညှိုးတထောင်ထောင်နှင့် "ဟေ ကောင်....မင်း သတိထား" ပုံစံမျိုး လုပ်ပြသွားသဖြင့် ညီ စိတ် အပျက်ကြီး ပျက်သွားရလေသည်။ /

ဟုတ်သားပဲ။



ကိုယ်က ခေါင်းထဲ ဘာမှမရှိပေမယ့် သူများမှာရှိနေတာ ဟာ ဒုက္ခပါပဲ၊ ခုမှပဲ မင်းဦးရဲ့ မချိမချဉ်အပြုံးကို အမိပွာယ် ကောက်နိုင်တော့သည်။ သတိထား လို့ သူက ဆိုချင်မှာပေါ့၊ ဂုဏ် ကိုမိုးတုန်းက သူပါ အားသွန်ကြိုးပမ်းတစ်ကပ်တစ်အား ပါဝင်ခဲ့တဲ့ဥစ္စာ။

သူက အခု ဘယ်လို ထင်သွားပြီလဲ၊ ဘယ်လိုထင်ထင်ကွာ၊ ညီသည် သူ့အခြေအနေကို တော်တော်ကြီး စိတ်ပျက်လာ သည်။

"အန်တီမပါဘူးလား"

"မေမေ ကားပေါ်ကျန်ခဲ့တယ်၊ နန္ဒာချုပ်ရိုးဖြေတာ ကြည့်ပြီး မေမေက မူးလို့လေ၊ နန္ဒာသာ ဟိုနေကိစ္စအတွက် ဝယ်စရာ နည်းနည်းကျန်သေးတာနဲ့၊ ဒါ အခေါ် ဝမ်းကွဲလေ"

ဘေးမှပါလာသော အမျိုးသမီးကြီးကို ညွှန်ပြသဖြင့် ညီ အလိုက်အထိုက်ပြုံးကာ နှုတ်ဆက်လိုက်သည်။ အဲသည်တုန်း မှာပဲ မင်းဦးထက်ဆိုးသော နောက်ထပ် တစ်ပြဿနာကို ရင် ဆိုင်တွေ့တော့သည်။

ညီ့ကိုစိုက်ကြည့်နေတာမို့ ညီ့မှာလည်း မြင်ဖူးပါသည်ဟု ဇဝေဇဝါဖြစ်ကာ မြန်ပြီး ကြည့်နေမိသည်။ ခေါင်းထဲ ရုတ်တရက် ပေါ်မလာ၊ သူ လမ်းသူလျှောက်နေရာမှ ရပ်ကာ ကြည့်နေခြင်းမို့ နှုတ်ဆက်လိုတာ သေချာသည်။ ဖြည်းဖြည်း ကျော်လျှောက်သွားပြီးခေါင်းလှည့်ကြည့်သွားတာမျိုးတောင် မဟုတ်၊ ခြေစုံရပ်၍ ကြည့်နေတာ။

"ညီရှင်း မဟုတ်လား"

မေးခွန်းထုတ်လိုက်တာမို့ ညီက ဖြုံးပြလိုက်ရတော့သည်။ အစ်မကြီးအရွယ်မို့....

"ဟုတ်ကဲ့....အစ်မ၊ ကျွန်တော် မမှတ်မိလို့ စိတ်မရှိပါနဲ့၊ ဘယ်မှာဆုံဖူးလဲ မသိဘူး"

အမျိုးသမီးက ခေါင်းယမ်းကာ....

"သေသေချာချာ မဆုံဖူးပါဘူး၊ တို့က ဂုဏ့်အစ်ကိုရဲ့ မိန်းမပါ"

သေစမ်း...ဟု ညီ ဟစ်အော်လိုက်ချင်သည်။

ကိုကိုစိုးရဲ့ မိန်းမ မမမိဆိုတာပေါ့၊ စကားမပြောဖူးကြ ပေမယ့် အလျင်က တစ်ရပ်ကွက်တည်းလိုလို နေလာတာ၊ ညီ မှတ်မိသင့်လှသည်။

"မမမိဆိုတာ ထင်တယ်၊ ဂုဏ်တောင်မှ မနေ့က...."

"ဟုတ်တယ်၊ မနေ့က ဟိုအက်ခန်းကဆွမ်းကျွေးကို အစ်မ တို့ ရောက်တယ်၊ ဂုဏ်နဲ့ ပြန်တွေ့ကြတယ်လေ"

"ဟုတ်ကဲ့"

"ဂုဏ့် အခြေအနေကိုလဲ မနေ့ကမှ သိရတယ်၊ ဂုဏ်က ခေါင်းမာနေလို့ သူ့ကို ပြန်ကောင်းအောင် လေ့ကျင့်ခန်း သေချာလုပ်စေချင်လို့ ဒီနေ့မနက် အစောကြီးပဲ အရိုးဆေး ရုံက အဒေါ်ကိုတောင် အကျိုးအကြောင်းသွားပြောပြတယ်"

"ဟုတ်ကဲ့"

"ဂုဏ် အဖေနဲ့ အမေဆီလဲ ဒီမနက် ဖုန်းဆက်ဖြစ်တယ်"

ညီ စိတ်အိုက်လာသည်။



"ဒီခြေထောက်နဲ့ ဒီလောက်အမြင့်ကြီးမှာနေလို့ ဘယ်ဖြစ် မလဲ၊ ထပ်ဖြစ်ရင် ဒုက္ခ၊ ထပ်မဖြစ်အောင် လုံး၀ ဒီလှေကားကို မသုံးစေ့ပါဘူး ဆိုလို့လဲ ဘယ်ဖြစ်မလဲ၊ တစ်သက်လုံး အိမ် တွင်းပုန်းရမလို ဖြစ်နေတယ်၊ မဖြစ်ပါဘူး"

သူ့စကားတစ်ခွန်းတည်းမှာ ဖြစ်တာတွေမဖြစ်တာတွေနှင့် ရှုပ်နေသည်။ ညီ ဦးနှောက် တော်တော်ခြောက်လာရ၏။ သည်အမြင့်ကြီးမှာ ညီ့အခန်းက ရှိနေတဲ့ဟာ၊ သည်အမြင့် ကြီးမနေလို့ ဘယ်အနိမ့်ကြီးမှာ သွားနေရမှာတုံး။

"ဂုဏ်ကလဲ မနေ့က ဝမ်းသာနေပါတယ်၊ သူ့အစ်ကိုတွေ အစ်မတွေ ပြန်တွေ့လို့တဲ့၊ အစ်မတို့စိတ်ထဲ ဘယ်လိုမှ အာ သာတမရှိဘူးဆိုရင် အိမ်လာလည်ပါဦး၊ ဂုဏ် ပျော်မှာ...."

"လာမှာပါ၊ တစ်ယောက်တည်း နေနေရတာ မဟုတ် လား၊ ဒီလိုပဲ ခြောက်ခြောက်ကပ်ကပ် နေနေရလို့ ဘယ်ဖြစ် မလဲ"

လာပြန်ပြီ မဖြစ်တာ။

ညီသည် စကားဖြတ်ချင်လှပြီ။ နှုတ်ဆိတ်သွားသော ညီ့ကို မမမိက တစ်ချက်စိုက်ကြည့်ပြီးမှ နန္ဒာ့ဘက် တည့်တည့်လှည့် ရပ်လိုက်သည်။

"မြနန္ဒာ မဟုတ်လား၊ အစ်မကို မှတ်မိလား"

ညီသည် ထူပူကာ ခေါင်းနားပန်း ကြီးသွားသလား ထင်မိ သည်။ လုပ်စမ်း....လုပ်စမ်း။ ဘယ်လောက်အထိ လျှောက်သိ နေဦးမလဲ။ ဘာမှမဟုတ်ပါဘဲနှင့် အဲလိုလို ရင်ထဲလေးသွား ရကာ ညီ ချွေးတောင်ပြန်လာသည်။

"ဟုတ်ပါတယ် မမ၊ မမကို နန္ဒာလဲ မြင်ဖူးလို့ ကြည့်နေတာ"

"ညီမလေးဖေဖေရှိတုန်းက မမအဖေနဲ့ ရုံးချင်းတူတူပဲ၊ ရွှေနပ်ကွဲတယ်၊ မမက ဦးသန်းလှိုင်သမီးလေ၊ ညီမရဲ့ဖေဖေ ဦးမြသောင်းနဲ့ ခင်ကြပါတယ်၊ ညီမရဲ့ မွေးနေ့တစ်ရက် မမလာဖူးတယ်၊ ဖေဖေနဲ့ပါလာတာလေ၊ ညီမဆယ်တန်းအောင်တော့ အာအိုင်တီဝင်တယ်ဆိုတာလဲ သိတယ်၊ မမအမျိုးသားကလဲ အာအိုင်တီကပြီးတာ"

"ဪ....ဟုတ်ကဲ့ မမ"

"အမျိုးသားက ဂုဏ့်အစ်ကိုလေ၊ ဂုဏ်ဆိုတာ ညီရှင်းပေါ့"

"ဪ....နန္ဒာသိပါတယ်"

"ညီရှင်းနဲ့ ဂုဏ်နဲ့ကြိုက်ကြတော့ ညီရှင်းဆိုတာကို စုံစမ်းကြည့်တော့ မြနန္ဒာတို့နဲ့ တစ်နှစ်တည်းဆိုတာ သိရတယ်လေ"

နန္ဒာသည် မျက်နှာလေးပျက်ကာ ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်၏။

ညီ အမျိုးသမီးကို စိတ်တိုလာသည်။ ဘာတွေလာပြောနေတာလဲ။ ဂိုက်ဆိုက်က 'ကိုယ်သိနေတယ်လေ'ဆိုတဲ့ ပိုင်ပိုင်နိုင်နိုင် ဂိုက်ဆိုက်။ အဲသည်တော့ ဘာလုပ်ရမှာလဲ။ ပါးစပ်သည်လောက်ဟကတည်းက ညီနှင့် နန္ဒာ့ပတ်သက်မှုအဟောင်းကို သိပြီးဖြစ်ကြောင်း ညီမှန်းနိုင်သည်။

သူတို့ညီမနှင့် ကြိုက်ပြီဆိုတော့ ဟိုလျှောက် သည်လျှောက် စုံစမ်းမှာပေါ့။ တစ်တန်းတည်း မြနန္ဒာဆိုတာကိုလည်း နဂိုက



သိပြီးသားဥစ္စာ။ ညီနှင့်သတင်းကိုလည်း သိလိုက်ကြဦးမှာပဲပေါ့။

သည်လိုပုံစံနှင့် ပြောကတည်းက ညီနှင့်နန္ဒာကို တွဲလျက်သားတွေ့ရခြင်းအပေါ် ဘယ်လိုမှ အမြင်မရှင်းတော့ဘူးဆိုတာ သိသာလှသည်။ ညီ စိတ်တွေရှုပ်ကာ တိုတောင်းလာပြီမို့ နာရီကို ဆတ်ခနဲငုံ့ကြည့်လိုက်ရင်း....

"ကိစ္စတစ်ခု ရှိသေးတယ်၊ ကျွန်တော် သွားတော့မယ် အစ်မ၊ နန္ဒာ....ကိုယ်သွားမယ်"

"အေး....အေး၊ အစ်မတို့ လာဦးမယ်"

"ဟုတ်ကဲ့ ကိုညီ၊ ကိုညီ ဟိုရုံးကပြန်လာရင် နန္ဒာ့ဆီ ဖုန်းတစ်ချက်ဆက်ပါနော်"

"ဆက်မယ်"

ညီ ချာခနဲ လှည့်ထွက်လိုက်ရသည်။ ကားဆီသို့။ ဆေးဝယ်ဖို့ကိုလည်း ညီမေ့ပြီ။ ညီ့ခေါင်းထဲ၌ ဘာတွေမှန်းမသိရှုပ်ကျပ်ညပ်ကာ ခေါင်းတစ်ခုလုံး အုံ့ခဲနေပြီ။ ဘာကိုမှန်းမသိဒေါသတွေလည်း ထွက်နေပြီ။

နောက်ဆက်တွဲ ဘာတွေလာဦးမှာလဲ။ ဂုဏ့်ဆီ သတင်းမရောက် အရောက် ဆိုတာကိုတော့ ကြေးကြီးကြီးနှင့်ပင်လောင်းလိုက်ချင်သေးသည်။ ဂုဏ့်ဆီရောက်တာထက် ဂုဏ်ကကိုယ့်ရဲ့သိက္ခာတရားကို ယုံကြည်ဖို့ ပိုအရေးကြီးတာ။

ကားတံခါးသော့ကို ဖွင့်လိုက်သော ညီ့အနား ခုနကနောက်ဆုတ်ဖို့ ပြောခဲ့သော ယာဉ် စောင့် တာ ဝန် ရှိ သူ ကမယောင်မလည် ကပ်လာသည်။

"ကိုယ့်လူ၊ မိနစ်နှစ်ဆယ် ရှိပြီဗျ"

မတိုးမကျယ် ကပ်ရိုလိုက်သေးသည်။ ညီ စိတ်တွေတအား တိုကာ ထိုလူကို ဘုကြည့်ကြည့်လိုက်မိလေသည်။ ထိုလူက ရှဲသဲ့သဲ့ပြုံးကာ နောက် ချင် သ လို လို ပြောင်ချင်သလိုလို၊ ခုနက ပြုံးဖြဲဖြဲနှင့် မရမက ပြောသွားသော ညီက ခုတော့ ကိုယ့်ကိစ္စပြီးပြီမို့ ခပ်တင်းတင်းပဲဟု ထိုသူကတော့ ထင်ပေလိမ့်မည်။ ညီ့ကား ထွက်သွားရာကို မတင်မကျ လိုက်ကြည့်ပြီး မကျေမနပ် ကျန်ရစ်ခဲ့ပုံ ရလေသည်။

* * *

စာရေးကလေး ခေါ်ရာနောက်က လိုက်ပါသွားသော အခါ စင်္ကြံသမ်းတစ်ဆုံး၏ အချိုးတွေ့ မှန်တံခါးတပ်ဆင်ထားသော အခန်းတစ်ခုရှေ့သို့ရောက်၏။ တံခါးဝမှ ဘဲလ်ကို တစ်ချက်နှိပ်လိုက်ပြီး ခဏနေမှ တံခါးကို တွန်းဖွင့်ကာ ရှေ့မှ ဦးဆောင်ဝင်သွား၏။ ညီကတော့ နောက်မှသာ အေးအေး ဆေးဆေး လိုက်သွားလိုက်သည်။ လေအေးစက် တပ်ဆင်ထားသော ရုံးခန်းအတွင်း၌ ဆေးလိပ်မီးခိုးငွေ့တွေ ပိတ်လှောင်နံစော်နေသည်။

"ဆရာ၊ ဆရာပြောထားတဲ့ ညေ့်သည်"

"ဪ...လာပါ၊ ထိုင်ပါ ကိုညီရှင်း"

ဦးကျော်လွင်က ထိုင်ရာမှ ထရပ်ကာ လက်ကမ်းတာမို့ ညီကလည်း လိုလိုလားလားပင် လက်ဆွဲနှုတ်ဆက်လိုက်သည်။



"ထိုင်ပါ ကိုညီရှင်း"

ညီက ခေါင်းညိတ်ပြကာ ထိုသူ့ရှေ့မှ စာရေးကလေး ဆွဲထုတ်ပေးသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ အပေါ်ထပ် တိုက်ပုံအင်္ကျီကို ကုလားထိုင် နောက်မှီ၌ သပ်သပ်ရပ်ရပ် မဟုတ်ဘဲ အေးတစောင်း ကပိုကရိုတင်ထားသည်။ စားပွဲပေါ်မှာ ရှုပ်ရှုပ်ယှက်ယှက် ဘာတစ်ခုမှ ရှိမနေတာကြောင့် လောလောဆယ် ဘာမှ လုပ်မနေဘူး ထင်ရသည်။

အသက်က လေးဆယ်ပတ်ဝန်းကျင်ရှိမည်။ ထို့ထက် နည်းနည်းငယ်ချင် ငယ်မည်။ နည်းနည်းပိုချင် ပိုမည်။ ဆံပင်တွေက တော်တော်ကြီး ခွေကောက်တွန့်လိမ်နေကာ ဦးရေနှင့် ရှပ်ကပ်နေကြသည်။ ဆီမွှေးတစ်မျိုး လိမ်းထားပုံနှင့် ပိုပြီး ပိပြား သပ်ရပ်နေလေသည်။ အသားဖြူဖြူ၊ မျက်လုံးမျက်ဖန် လှပလျက် ဥပဓိရုပ်ကောင်းသည်။ ထိုမျက်နှာပေါက်သည် သူကောင်းချင်သူအပေါ် အဆုံးအစမရှိ စွတ်ကောင်းနေလိမ့်မည်ဖြစ်လျက် သူဆိုးလိုသူ[illegible]ပေါ်၌ [illegible]င်း ငဲ့ကွက်ခြင်းအလျှင်းကင်းမည့် မျက်နှာမျိုးတည်း။

ထိုင်နေရင်းမို့ အပေါ်ပိုင်း ကိုယ်ခန္ဓာကိုသာ မြင်ရသော်လည်း ထောင်ထောင်မောင်းမောင်း ထွားထွားကျိုင်းကျိုင်း ဖြစ်မည်ဟု ခန့်မှန်းနိုင်သည်။ နှုတ်ခမ်းများသည် နူးညံ့နီထွေးကာ စကားကို ချေငံစွာ ပြောတတ်မည့် အသွင်ရှိလေသည်။

"အေးဗျာ"

တိတ်ဆိတ်နေကြရာမှ သူက စကားစသည်။

သူ့စကားသည် စကားလည်း မဆိုသာ။ အစမရှိ အဆုံး မရှိ။ ညည်းတွားရေရွတ်လိုက်သော အသံတစ်ခုသာ ဖြစ်သည်။

တစ်စုံတစ်ရာကို စိတ်ပျက်လက်ပျက် ဖြစ်နေပုံရသော ဦး ကျော်လွင်ကို ညီလည်း စိတ်ပျက်လက်ပျက်နှင့်ပဲ ကြည့်နေမိ သည်။ နံနက်ခင်းပိုင်းတုန်းက ရှင်းလင်းခဲ့သော ဦးနှောက် သည် ခုနတစ်ခဏပိုင်းလေးအားဖြင့် နောက်ကျိခဲ့ပြီးပြီ။ တာ ဝန်ယူထားပြီးသော ကိစ္စမို့သာ ဝတ္တရားကျေအောင် ဦး ကျော်လွင့်ထံ လာရသည်။ ညီသည် တက်တက်ကြွကြွ မရှိလှ ပေ။

စာရေးကလေး ပြန်ထွက်သွားရာကို ဦးကျော်လွင်က လိုက်ကြည့်နေသည်။ ညီ့ထက် အသက်များစွာ ကြီးမည်ဖြစ် သော်လည်း ညီ့ကို တလေးတစား နေရာပေးသော မျက်နှာ အမူအရာရှိပြီး ခုမှ မြင်ဖူးသော်လည်း ဦးကျော်လွင်ပုံစံက ကျွမ်းကျွမ်းဝင်ဝင်ရှိ၏။

သူ့အရေးကိစ္စကို ညီသိပြီးဖြစ်မှာ် သေချာတာမို့ လူရင်း သဘောထားလိုက်သလားတော့ မသိပေ။

"ကိုညီရှင်း၊ ဆေးလိပ်"

"သောက်ပြီခင်ဗျ၊ ရှိပါတယ်၊ မသောက်သေးပါဘူး"

"ကိုညီရှင်းလဲ အလုပ်ပျက်နေပြီ၊ ကျွန်တော့်ဆီ တကူး တက လာရတာ"

"ကိစ္စမရှိပါဘူး ဦးကျော်လွင်"



"ကိုညီရှင်း ရုံးကို လာမပေးတာက စကား အေးအေး ဆေးဆေး ပြောမရမှာ စိုးလို့ပါ၊ လူများများ မလိုအပ်ဘဲ သိမှာစိုးတာပါ"

"ကျွန်တော်နားလည်ပါတယ်၊ လာရတာ အပန်းမကြီးပါ ဘူး"

"ကျေးဇူးတင်ပါတယ်ဗျာ၊ နန္ဒာက ပြောပါတယ်၊ ငယ် သူငယ်ချင်းတွေတဲ့"

"ဟုတ်ကဲ့"

ညီသည် တစ်စုံတစ်ရာကို ဖုံးကွယ်လိမ်ညာထားရသလို မျက်နှာတွေ ပူနေမိသည်။ တကယ်တမ်းတော့ မမျှော်လင့်ဘဲ ပြန်ဆုံကာ ခုလိုပတ်သက်မိဖို့ ဖန်လာတာ။ နို့မို့ဖြင့် ညီနှင့် နန္ဒာ သည်လို သူငယ်ချင်းပုံစံ ပတ်ပတ်သက်သက် ကူကူညီညီ ရှိနေဖို့အကြောင်း လုံးဝမဖြစ်နိုင်ချေ။

"အေးဗျာ၊ ကျွန်တော်လဲ တော်တော်စိတ်ညစ်တယ်၊ ဘယ် လိုက ဘယ်လို စ,ပြောရမလဲတောင် မသိဘူး၊ ခုနကပဲ ပြန် ရောက်ပြီး ဦးနှောက်ခြောက်နေတာ"

"ဘာပြဿနာများ ရှိလို့လဲ"

"ပြဿနာပေါ့ ကိုညီရာ၊ နန္ဒာ့ကို ဘယ်လိုပြောရမလဲ တောင် မပြောတတ်တော့ဘူး၊ ပြဿနာကတော့ သေးသေး မဟုတ်ဘူး"

"ဘာကြောင့်များပါလိမ့်"

ဦးကျော်လွင်က သက်ပြင်းရှိုက်ရင်း....

"ဇနီးဟောင်းက ဒိုင်ဗို့စ် မပေးနိုင်တော့ဘူးလို့ ဒီမနက် ပြောလွှတ်လိုက်တယ်"

"ဟင်"

ညီ စိတ်ရှုပ်ရှုပ်နှင့် ညည်းတွားလိုက်မိ၏။

"အေးဗျာ၊ သူက ဘာမှ အနှောင့်အယှက်ပေးဖို့ စိတ်ကူး မရှိဘူး၊ ဒီမနက် လာခဲ့ပါ၊ ချက်ချင်းပေးလိုက်မယ်ဆိုတာနဲ့ ကျွန်တော်လဲ လိုအပ်တာတွေရော၊ ခေါ်ရမယ့်သူတွေပါခေါ် ပြီး ရောက်သွားတယ်၊ ဟိုရောက်ရောက်ချင်းပဲ လုံးဝ လက်မှတ်ထိုးမပေးနိုင်တော့ဘူးလို့ ပြောလွှတ်လိုက်တာ"

"သူ ဘာကို မကျေမနပ်ဖြစ်သွားတာ ရှိသလဲ မသိဘူး"

"ဘာကို မကျေနပ်ဘူးလဲဆိုတော့ ကျွန်တော်တို့ ရိုးဆက်ပ် ရှင်မှာက ဟို သမီးမွေးနေ့ ဖြစ်နေတယ်၊ အဲဒါကို သူနာကြည်း သွားတယ်"

"ဩော်....ဦးကျော်လွင်က သတိမပြုလိုက်မိဘူးထင်တယ်"

"သမီးမွေးနေ့ကို ကျွန်တော်မှတ်မိပါတယ်၊ ဒီနှစ်လဲ မှတ် မိနေပါတယ်၊ ကျွန်တော်ညှိတာက အဲဒီရက် တစ်ထပ်တည်း လုပ်လိုက်လို့ မိန်းမတစ်ယောက်အနေနဲ့ နာကြည်းမယ် ခံစား ရမယ် ဘာညာပေါ့ဗျာ....မတွက်မိဘူး၊ ဆက်ဆက်ခါသွား လိမ့်မယ်တော့ ထင်ကို မထင်မိဘူး၊ သူ့ကို အဲသလိုနေ့တွေ ရက်တွေ အဖြတ်တန်း တန်ဖိုးထားတာမျိုး ရှိလိမ့်မယ်လဲမထင် ဘူး၊ သူက စိတ်ကူးယဉ်တတ်တဲ့ မိန်းမမျိုး မဟုတ်တော့ ပို တောင်မထင်ဘူးပေါ့၊ သူက လက်တွေ့သမား၊ ဟောဟော ဖိုင်းဖိုင်း"



"အခု မရခဲ့ဘူးပေါ့"

"မရခဲ့ဘူး ကိုညီရှင်း၊ ကျွန်တော်အတွက် လွဲတာ၊ ရုံးပိတ် ရက် ဟိုတယ်အားရက် နဲ့ အဆင်ပြေတဲ့ရက်၊ ရက်ရာဇာ စသဖြင့် အဘက်ဘက်က တွက် ချက်ရတော့ ထွက်လာတဲ့ရက် က အဲဒီရက်ဖြစ်နေတယ်၊ အဲဒါ သမီးမွေးနေ့ဆိုတာ ခေါင်း ထဲ မှတ်မိပေမယ့် မလုပ်သင့်ဘူးရယ်လို့ အတွေးမပေါက်တာ၊ စဉ်းစားလိုက်ပြန်တော့လဲ ဟုတ်ပါတယ်၊ ကျွန်တော် တော် တော် ဦးနှောက်လိုသွားတယ်၊ ဒါပေမယ့် ခုမှတော့ အဲဒီရက် ကို ပြင်ဖို့ရာက ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ ဖိတ်စာတွေက အားလုံး ဝေပြီးသလောက် ဖြစ်နေပြီ ကိုညီရှင်း၊ သူက တောင်းဆိုတယ်၊ အဲဒီရက်ကိုရွှေ့ဖို့"

"ဒါကတော့ ရက်ရွှေ့ဖို့ မရွှေ့ဖို့အပိုင်း၊ သူနဲ့ မဆိုင်ဘူး၊ သူလဲ သဘောပေါက်သင့်ပါတယ်၊ လုပ်ပြီး ကိုင်ပြီးမှ ပြင်ရခက်မယ်ဆိုတာ"

"သူလဲ သဘောပေါက်တယ်၊ ဒါပေမယ့် သူက ဘာ ကြောင့် စောစောစီးစီးကတည်းက သမီးလေးမွေးနေ့ကို တောင့် မရှောင်နိုင်ဘဲ ဖြစ်ရသလဲတဲ့၊ အစကတည်းက ဒီရက် ရှောင်လုပ်သင့်တာ၊ ဂရုမစိုက်တဲ့သဘောနဲ့ အမှေ့မှေ့အလျော့ လျော့ တစ်ထပ်တည်း လုပ်ချတာ ရက်စက်လွန်းတဲ့အတွက် ဖခင်မဆန်လွန်းတဲ့အတွက်တဲ့ဗျာ၊ တမင်တကာကို ရွှေ့ရ အောင်ကို သူ မြှန်ညစ်တာလို့ ဘွင်းဘွင်းပဲပြောတယ်"

"ဒါကဗျာ....သက်သက် အကျပ်ကိုင်တဲ့သဘောပဲ"

"ဟုတ်တယ်"

"မွေးနေ့ကို မမေ့တဲ့အကြောင်း၊ ကိစ္စမရှိဘူးထင်လို့ လုပ်မိတာ ဆိုတဲ့အကြောင်း ဦးကျော်လွင် ရှင်းပြလိုက်ရင် ကောင်းမယ်"

"ရှင်းပြပါတယ်၊ ကျွန်တော်ကလဲ လိုချင်တဲ့သူဆိုတော့ တော်တော်လေး အသနားခံ ပြောပါတယ်"

ညီသည် မဆီမဆိုင် ခေါင်းရှုပ်စရာ ပြဿနာကြီး တစ်ခုအတွင်း ကိုယ်ပါ ရောက်နေရသလို ဖြစ်လျက် အတော်ကြီး စိတ်ပင်ပန်းလာရလေသည်။ ဘယ်လိုမှလည်း အကြံမပေးတတ်တော့သည့်အပြင် နန္ဒာက ဘာတွေများ ထပ်ပြီး သူ့ကိုကြားဝင်ခိုင်းလိမ့်ဦးမလဲဆိုတာလည်း မတွေးနိုင်လောက်အောင် ဦးနှောက်ခြောက်လာလေသည်။

ခုမှပဲ ဗိုက်က အသံထွက်ကာ ဆာလောင်လာသည့်အပြင် ဗိုက်တောင် အောင့်လာရတော့သည်။ ဦးကျော်လွင်ကတော့ သူ့အပူသောကနှင့်သူ ညီ့ကို ထမင်းတောင် စားဖို့ဖိတ်ခေါ်ထားခဲ့တာကို မေ့ပစ်လိုက်ပြီ ထင်ပါရဲ့။ ညီနှင့် ဦးကျော်လွင် နှစ်ယောက်သား တိတ်ဆိတ်ပြီး ငြိမ်နေကြသည်။ ဦးကျော်လွင်မှာလည်း ဘာဆက်လုပ်ရမည် မကြံစည်တတ်တော့အောင် ဖြစ်နေပုံရသည်။

ညီသည် သည်းညည်းမခံနိုင်တော့သည့်အဆုံးမှာ ကိုယ်ခန္ဓာကို တွန့်လိမ် လှုပ်ရှားလိုက်ရင်း....

"ဒါဖြင့် ကျွန်တော် ဘာလုပ်ဖို့လိုသေးလဲ ဦးကျော်လွင်"

"ရခဲ့ရင်သာ ယူသွားပြီး နန္ဒာ့ဆီ ပို့ပေးရမှာ၊ မရတော့ဘူးဆိုတော့ လောလောဆယ် ကိုညီရှင်းလဲ ဘာမှလုပ်လို့မရ



ဘူးပေါ့ဗျာ၊ နန္ဒာ့ကို လူကိုယ်တိုင်သွားပြောရင် ပိုသင့်တော်တယ်၊ ခက်တာက နန္ဒာက ရှင်းရှင်းလင်းလင်းမဖြစ်သေးခင် သူ့ဆီမလာရဘူးလို့ ပြောထားတယ်ဗျ၊ ဖုန်းပဲဆက်ရတော့မှာပဲ၊ ကိုညီရှင်း ခဏတော့ စောင့်ပါဦး၊ ကျွန်တော် ဖုန်းဆက်လိုက်ဦးမယ်၊ နန္ဒာများ ဘာမှာမလဲလို့၊ခဏဗျာ၊နော်"

"ရပါတယ်"

ညီသည် ကိုက်ခဲလာသော နားထင်ကို ထောက်ရင်း ဦးကျော်လွင် ဖုန်းဆက်နေတာကို စောင့်ရလေတော့သည်။

ခက်လိုက်တဲ့ ကိစ္စကြီး၊ အဓိက ကတော့ ဦးကျော်လွင်ရဲ့ မှားယွင်းလိုအပ်ချက်ပေါ့၊ စောစောစီးစီး တစ်ဖက်မှာ ကိစ္စပြတ် ရှင်းလင်းပြီးသားဖြစ်မှ နောက်တစ်ဖက်ကို အပိုင်အနိုင်ပိစဉ်သင့်သည်။ ခုတော့ မပြတ်မသား မသဲမကွဲနှင့် ဘယ်ဘက်ကိုမှ ပြန်ညှိမရ ဖြစ်နေပြီ။

ဦးကျော်လွင်အပြစ်ရယ်လို့ ပြောနိုင်ပေမယ့် ခုမှ ဒီကိစ္စကို အပြစ်ပြောနေလည်း အပိုပင်။ဖုန်းထဲကတစ်ဆင့် နန္ဒာ့ကို လှည့်ပတ်ပြောကာ တောင်းပန်နေသော ဦးကျော်လွင်အသံကို မျက်နှာလွှဲထားသော်လည်း ကြားနေရသည်။

အစ်ကိုကြီးအပြစ်ပါ နန္ဒာရယ်၊ ဟုတ်ပါတယ်၊ အစ်ကိုကြီးအပြစ်ပါ ဟု တွင်တွင် ဝန်ခံနေသော ဦးကျော်လွင်စကားသံကြောင့် ညီ့မှာ သည်လိုပုဂ္ဂိုလ်ကြီးကို ကရုဏာသက်ရတော့မလိုပင် ဖြစ်လာသည်။အိမ်ထောင်ရေးအဆင်မပြေလို့ နောက်တစ်ယောက်ကို ချစ်ခင်မြတ်နိုးမိတာဟာလည်း သူ့ကံအကျိုးပေးနှင့် သူပဲပေါ့လေ။ သူလည်း ယောကျ်ားပဲ၊ အဆင်မပြေ

မပျော်ပိုက်နိုင်သော အိမ်ထောင်ရေးကြီး ဖြိုကွဲခဲ့တာ နှစ်နှစ် ကျော်ခဲ့ပြီဆိုတော့လည်း အသစ်ရှာချင်တာကို အပြစ်တင်မ ပါ။

သူ့မှာ အလျင်အိမ်ထောင်နှင့် စိတ်သဘောထား ကွဲလွဲကာ မပေါင်းသင်းဖြစ်တော့သည့် နောက်မှ နောက်တစ်ယောက် တွေ့ခြင်းမို့လည်း ဖောက်ပြန်သည်ဟု လုံးလုံးမဆိုသာ။မရှင်း မရှင်းလုပ်တာသည်သာ အပြစ်ဖြစ်လာတာ။ နန္ဒာလို မိန်း ကလေးတစ်ယောက်ကိုလည်း သူဟာ တစ်ခုလပ်ကလေးအဖေ ကြီးပါဟု သူ ဝန်ခံဖို့ရာအတွက် အဆုံးရှုံးကြုံရမှာ စိုးကြောက် နောက်တွန့်နိုင်တာပေါ့။

ယောက်ျားချင်းမို့ပဲလား မသိ။ ညီသည် ဦးကျော်လွင် အခက်အခဲကို တော်တော်ကြီး ကိုယ်ချင်းစာ စိတ်မောရလေ သည်။

"တစ်ခုခုထပ်ပြီး ကြိုးစားပါဦးမယ် နန္ဒာရယ်၊ နန္ဒာစိတ် မညစ်နဲ့နော်၊ ဘာမှ ခေါင်းထဲမထားနဲ့၊ နေကောင်းအောင် သာ နားနေပါ"

ခုချိန်မှာ သူ့ဘက်က အောက်ကျို့ဆက်ဆံရတော့မှာ ဆို ပေမယ့် ဦးကျော်လွင် ပြောနေပုံက တာဝန်အရ လိုက်လိုက် လျောလျော ပြောနေတာမျိုးမဟုတ်ဘဲ တကယ့်ကို ကြင်ကြင် နာနာ ဂရုတစိုက်ပြောနေတာပဲဆိုတာ သိသာလေသည်။

"နန္ဒာ နေမကောင်းရင် အစ်ကိုကြီး လာပါရစေကွယ်"

ဦးကျော်လွင်အသံက တိုးတိုးလျှိုးလျှိုး။ သူလာခွင့်ရဖို့ ကို အတော်ကြာကြာ အသနားခံ ပြောနေသေးသည်။ သို့



သော် သွားခွင့်မရသော အခြေအနေနှင့်ပင် ဖုန်းပြောခြင်းက အဆုံးသတ်သွားသည်၊

"ကိုညီရှင်း၊ နန္ဒာ့ဆီ ဝင်သွားလိုက်ပါဦးဗျာ၊ ငိုယိုပြီး ဖုန်းချခါနီးမှာ တော်တော်ကလေး ကတုန်ကယင်ဖြစ်ပြီး မူး လာတယ်"

ညီ စိတ်ရှုပ်သွားရပြန်သည်။

"ကျွန်တော့်ရုံးခန်းမှာ အလုပ်ကလေး နည်းနည်းတော့ ရှိသေးတယ်ဗျာ၊နန္ဒာက သိပ်နေမကောင်း ဖြစ်လာလို့လား"

"သူက စိတ်ထိခိုက်ရင် ငိုယိုပြီး မူးတတ်၊ သတိလစ်တတ် လို့ ကျွန်တော် စိုးရိမ်လို့ပါ၊ သူ့ကို့အိမ်မှာလဲ ဘယ်သူမှ အား ကိုးရှိတာ မဟုတ်ဘူး၊ တစ်ခုခုဆို သူ့အမေကြီးကလဲ ဘာမှ လုပ်တတ်မှာ မဟုတ်ဘူးဗျာ၊ အဲဒါကြောင့်ပါ"

ညီ ငြင်းစရာ အကြောင်းပြချက် မရှိပြီ၊ ဒါတောင်မှ ရုံး ခန်းကို တစ်ချက်ဖုန်းဆက်ပြီး အရေးတကြီးကိစ္စ ရှိမရှိ မေး ဦးမည်ဟု ညီ လွှတ်လမ်းရှာသေးသည်။ ညီ့စိတ်ကူးက ကိုယ့် အစား တခြားတစ်ယောက်သွားပေးလို့ရလျှင် ကူညီဖို့ လူစား လွှတ်ရန်ဖြစ်သည်။ သို့သော် ဦးလူကလေးနှင့် တန်းတိုးနေ သဖြင့် သည်နေ့ အဆင်မပြေသော ကိစ္စကိုပင် ပြောပြလိုက်ရ သေးသည်၊

"နန္ဒာ သိပြီးပြီလား"

"ဦးကျော်လွင် ခုပဲ ဖုန်းဆက်ပြောပါတယ် ဆရာ"

ဦးလူကလေးဆိုတာဟာ ဦးလေးရင်းလို နန္ဒာ့ကိုချစ်သော သူမှန်း ဦးကျော်လွင်က သိနေပုံနှင့်....

"သူ သိပ်နေမကောင်းတာလေး ပြောပြလိုက်ပါဦး ကို ညီရှင်း၊ ဦးလူကလေးများ တစ်ခုခု အကြံပေးနိုင်မလားလို့"

ညီသည် ဦးကျော်လွင်ရှေ့မို့ ဘာမှ ငြင်းခွင့်မသာ။ တစ် ပ်တ်ရိုက်လို့လည်း မရ။ သူပြောစေချင်တာကို အားနာပါးနာ ပြောပြပေးရလေသည်။ ထင်သည့်အတိုင်းပင် ဦးလူကလေး သည်လည်း စိတ်ပူ စိုးရိမ်မကောင်းဖြစ်သွားပုံနှင့်....

"ဒါဖြင့် ဖိုးညီ၊ မင်းလိုက်သွားလိုက်၊ လိုတာအားလုံးလုပ် ပေးပါကွာ၊ ဒီကိစ္စတွေ မပူနဲ့၊ အကုန်အဆင်ပြေတယ်၊ ဘာမှ ထူးထူးခြားခြားမရှိဘူး၊ ငါ တခြားလူ လွှည့်ခိုင်းထားမယ် မင်း နန္ဒာ့အိမ် အခုပဲသွားလိုက်"

ညီ့ကိုများ နေရာတကာ အသုံးတည့်သူတစ်ယောက်အဖြစ် ဦးလူကလေး သတ်မှတ်သဘောကျနေပြီလား မသိ။ ညီသည် တစ်စက်မှ သွားလိုခြင်း မရှိ။

"ကျွန်တော် ခုထိ ထမင်းမစားရသေးဘူး ဆရာ"

ဦးကျော်လွင်ရှေ့မှာ ထိုင်နေတာလည်း ဂရုမစိုက်တော့ ဘဲ ညီ ဘုကျကျပင် ပြောပစ်လိုက်မိသည်။ ဦးကျော်လွင်မှာ ခုမှပဲ သတိရသွားသလို လှုပ်လှုပ်ရှားရှားနှင့် အတော်ကြီး အားနာပါးနာပုံစံ ပေါက်သွားလေသည်။ ညီသည် ပြောမည် သာ ပြောလိုက်ရသော်လည်း ညီ့စကားသည် ဘာမှ သိပ်ပြီ အရာရောက်လိမ့်မည် မဟုတ်တာကိုတော့ ကြိုသိပြီးသားပင်

"နန္ဒာ့အိမ်မှာ စားလိုက်ပေါ့၊ ငါ ခုပဲ ဖုန်းဆက်ပြီး အခြေအနေ မေးလိုက်ဦးမယ်၊ မင်းကို မနက်စာကျွေးဖို့လ ပြောလိုက်မယ်၊ ဟုတ်သားပဲ၊ ငါ့ကောင် ဒီတစ်မနက်လုံး ပြေ



လွှားနေရတာ၊ ဟိုမှာ အရေးတကြီး ချက်ချင်းလုပ်ဖို့ ဘာမှ မလိုလဲ သူတို့သားအမိကို အေးအေးဆေးဆေး အားပေးပြီး လိုအပ်တာ လုပ်ပေးကွာ၊ မင်း ဒီနေ့အဖို့ ရုံးပြန်မရောက်လဲ အရေး မကြီးဘူး၊ ဘာမှ နောက်ဆံမတင်းနဲ့၊ ဒေါ်မမကြီး တော့ သွေးတိုးတော့မှာပဲ၊ ငါလဲ သူ့ဆီက လောလောဆယ် ပိုက်ဆံယူဖို့ လိုနေပြီ၊ ငါ့လခွေးမှပဲ၊ ဟိုမယားကြီးက ကစ် ချက် လက်မပေါက်ကတ်တာ တစ်သီတစ်တန်းကြီးလိုက်ပြီး ငါ ဒုက္ခရောက်ရဦးမယ်၊ ဖိုးညီ....မင်းသိထားဖို့ကကွာ....ဒေါ်မမ ကြီးဆီက သန်ဘက်ခါလောက် ငါ ဆယ့်ငါးသိန်းလောက် ယူ ဖို့ရှိနေတယ်၊ သူတို့ စိတ်ကြည်လင်ပြီး တတ်နိုင်သမျှ သောက နည်းဖို့ လောလောဆယ် မင်းကို ငါခိုင်းတဲ့ တာဝန်ကွာ၊ဒါပဲ၊ ကဲ....ကဲ၊ ဆက်လုပ်၊ သွားစရာရှိတာ သွားတော့၊ ငါ ဖုန်း လှမ်းဆက်လိုက်ဦးမယ်"

သူပြောချင်တာပြောအပြီး ဦးအောင် ဖုန်းချသွားခဲ့ပြီ။

ညီ ဘာမှပြောမနေတော့ဘဲ ထိုင်ရာမှ ထရပ်လိုက်၏။ ဦး ကျော်လွင်က ပျာပျာသလဲလိုက်ရပ်ရင်း....

"ဆောရီးဗျာ ကိုညီရှင်းရာ၊ ကျွန်တော်လဲ ကိုယ့်သောကနဲ့ ကိုယ် အားလုံး အမေ့မေ့အလျော့လျော့ ဖြစ်သွားတယ်၊ ထမင်းကျွေးဖို့ စိတ်ကူးပြီးကာမှ ဘာမှ မစီစဉ်မိဘူး၊ အားနာ လိုက်တာဗျာ၊ ကျွန်တော်...."

"ရပါတယ် ဦးကျော်လွင်၊ ခေါင်းပူစရာ ရှိနေတာကိုး၊ ဦးကျော်လွင် ပြဿနာကြီးက အရေးကြီးပါတယ်၊ ကျွန် တော်က တစ်ခါတစ်ခါ အလုပ်ကိစ္စ ဟိုပြေးဒီပြေးနဲ့ ထမင်းချိန်

လွန်နေကျပါ၊ ဘာမှ ကိစ္စမရှိဘူး၊ စိတ်မကောင်း မဖြစ်ပါနဲ့ သွားမယ်နော်”

“ကျွန်တော် စိတ်မကောင်းလိုက်တာဗျာ”

ညီသည် အဲသလို တောင်းပန်ခံနေရတာကို ပိုပြီး စိတ်အိုက် ရှုံ့ကျစ်သည်။ ဦးကျော်လွင်က အခန်းထဲမှ ထွက်ကာ ရုံးအောက်အထိပင် တောက်လျှောက် လိုက်ပို့သည်။ ညီ ကား ပေါ်တက်ပြီးမှပင် သူ ရုံးပေါ် သူပြန်တက်တော့သည်။ ကား ပေါ်ရောက်မှ အောင့်ထားရသော စိတ်ပျက်သက်ပြင်းမော ကြီးကို အသံကျယ်ကြီး ဟင်းခနဲ ထွက်လာအောင်ပင် ညီ စိတ် လွတ်လက်လွတ် မှုတ်ထုတ်ပစ်လိုက်ရသည်။

ညီ့စိတ်ကူးထဲတွင် လောလောဆယ် ဦးလှကလေးအလုပ်မှ ပင် ထွက်ပစ်လိုက်ချင်သည်အထိ စိတ်ပျက်လက်ပျက်ဖြစ်မိတာ အမှန်ပင် ဖြစ်တော့သည်။

* * *

ဂုဏ်သည် အိပ်ရာပေါ်မှောက်ကာ တိုးတိုးကလေး ရှိုက် နေရင်းက ဝမ်းနည်းစိတ်တို့ ပိုပြီးလှိုင်းထန်လာသည်။ နံဘေး၌ ယှဉ်လျက် လဲလျောင်းကာရှိနေသော ချိုင်းထောက်ကို မျက်စိ ကလေး မှေးစင်းရင်း ငေးငေးကြီး ကြည့်နေမိလေသည်။

ငိုရတာ ပင်ပန်းလွန်းသဖြင့် ဂုဏ် မောဟိုက်နေကာ မျက်ခွံ တွေလည်း မို့အစ်နေလေပြီ။ မျက်ရည်က တစ်ပေါက်ချင်း



အချိန်ခြားကာ ကျဆင်းဆဲဖြစ်လျက် ရှိုက်သံကလေးကတော့ မှန်မှန် ထွက်နေလေသည်။

“နွယ်ယောက်ျားကြီးနဲ့ယူဖယ့်သူဟာ မြနန္ဒာဆိုတာ မမတို့ အစောကြီးကတည်းက သိတာ..။ ဦးကျော်လွင်က မမိတို့နဲ့ ခင်ခဲ့ဖူးတော့ ဖိတ်စာမရောက်ပေမယ့် သတင်းတွေကတော့ ရုံးအသိုင်းအဝိုင်းကနေ ပြန်ကြားနေရတာပဲ၊ သိတော့လဲ ဪ....ဟို မြနန္ဒာနဲ့ကိုး ဆိုပြီး ဒီလိုပဲ မေ့ မေ့ ပျောက်ပျောက် ထားထားတာ၊ ဂုဏ် ကို မမပြောသားပဲ၊ ဂုဏ်တို့ အိမ်ထောင် မကျခင်ကလေး ညီရှင်းဟာ မမတို့သိတဲ့ မြနန္ဒာဆိုတဲ့ မိန်း ကလေးတစ်ယောက်နဲ့ ကြိုက်ဖူးတယ်လို့၊ အဲဒီတုန်းက ဂုဏ်က ရယ်ပြီးတော့ အဲဒီတစ်ယောက်တည်း မကပါဘူး၊ ဂုဏ် မှာ စာရင်းအတိအကျ ရှိပါတယ်တဲ့၊ အဲဒီ မြနန္ဒာက နံပါတ်ငါး ပါတဲ့”

ဂုဏ်သည် မမမိ မျက်နှာနွမ်းနွမ်းနှင့် ပြောသွားသော စကားတို့ကို ကက်ဆက်ခွေဖွင့်နေသလို လုံးစေ့ ပတ်စေ့ ပြန်ပြီး ကြားယောင်နေမိသည်။

ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေး။

မမနွယ်နှင့် မမျှော်လင့်ဘဲသိရသည်။ သိအပြီးမှာ မမနွယ် ခင်ပွန်းဟောင်းက ကွာရှင်းခွင့်တောင်းတာကိုလည်း တိုက် ဘိုက်ဆိုင်ဆိုင်သိခွင့်ရသည်။ အဲဒီလူကြီးကိုပင် ရောယောင် နာကြည်းကာ ဂုဏ် အမြင်တွေ ကတ်နေသေး။ မမနွယ်တို့ ဘက်က ဝင်ခံပြင်းနေလိုက်သေး။

ခြော်....အဲသည် ဦးကျော်လွင်ယူမည့် မိန်းကလေးက ညီ့ရည်းစားဟောင်း မြနန္ဒာကိုး။ တိုက်ဆိုင်မှုတွေ ရှိတတ်ပေမယ့် အဝန်းအဝိုင်း ကျဉ်းကျဉ်းကလေးအတွင်းမှာ လူတွေ လှည့်ပတ်ပတ်သက်နေပုံက အံ့သြစရာကောင်းလှသည်။

"အဲဒီ မြနန္ဒာကလဲ မခေပါဘူး၊ ညီရှင်းလိုပါပဲ၊ ဟိုလူနဲ့တွဲ ဒီလူနဲ့တွဲမှပါပဲ၊ ကောင်မလေးက လှလဲ တစ်အားလှတာကိုး"

ကောင်မလေးက လှလည်းတစ်အားလှ၊ ဂုဏ်သည် ရင်ထဲ နင့်သွားမိကာ ခုတင်ပေါ်မှာ နှစ်ပတ်လှိမ့်လျက် အခန်းနံရံ၌ ကပ်ချထားသော မှန်တင်ခုံကလေးမှာ ကိုယ့်ရုပ်ပေါ်လာအောင် လှမ်းကြည့်လိုက်မိလေသည်။

မျက်လုံးဝိုင်းကလေးရဲ့ အပြစ်ကင်းစင်ခြင်းဟာ ညီပြောသလို အလှတစ်ခုလား၊ မထူမပါး နှုတ်ခမ်းကလေးတည်ရှိပုံက ရိုးသားသူလေးဟု သိသာစေသည် ဆိုတာကရော ညီပြောသလို ဂုဏ်ရဲ့ အလှတစ်ခုတဲ့လား။ ဂုဏ် အသားကလေးကို လူတွေက ဖြူသည်ဟု ဆိုတတ်ကြပေမယ့် ညီနှင့် ယှဉ်သောအခါ ညီ့ရဲ့ ဖွေးဆွတ်ဖြူနုနေသော အရောင်ထက် ပိုမို မှေးမှိန်သွားခဲ့ရတာပဲ မဟုတ်လား....။

ဂုဏ်သည် ထူးထူးခြားခြား ဘယ်တစ်ခုက လှသည်ဟု ဆိုရမှန်းမသိသော သူ့ရုပ်ကို သူ ငေးမောရင်း ညီ ဘာကို မြတ်နိုးသလဲ စဉ်းစားမရပေ။ ညီကသာ နာမည်ကျော်ကြားလောက်အောင် ချောနေတဲ့ ယောကျ်ားတစ်ယောက်ပါ။ သည်လမ်းထဲက၊ ဟိုဘက်လမ်းထဲက၊ တစ်လမ်းကျော်က



စသဖြင့် ပြောက်များစွာသော မိန်းကလေးတို့ကိုယ်တိုင်က စတင် ရစ်ဝဲရသော ပန်းပူးကလေး ညီ....။

ဆယ်တန်းမအောင်သေးသော ကလေးကလား ဂုဏ်ကလေးသည် စက်မှုတက္ကသိုလ်က ကျောင်းသားကြီး ညီ့ကို စိတ်ကဝင်စား၊ ထိန်းချုပ် စည်းကမ်းကြီးသော မိဘတို့ကြောင့်လည်း တချို့ မိန်းကလေးတွေလို ရဲရဲကင်းတင်း မရင်းနှီးရဲ၊ ခိုးကြည့်ခိုးကြည့်နှင့် ညီကများ တစ်ချက်လောက် လှမ်းကြည့်လိုက်လျှင် ခစ်ခနဲ ရယ်မောကာ ကြောက်ကြောက်ရက်ရက်နှင့် ထွက်ပြေးရလေသည်။

တကယ်တမ်းတော့ ညီလေးကို ဂုဏ်က တစ်ဖက်သတ်စတင် မြတ်နိုးစိတ်ဝင်စားလျက် အစွဲကြီး စွဲနေမိတာ ညီလေးကိုယ်တိုင်ပင် ရိပ်မိခဲ့တဲ့အထိ မဟုတ်လား။ သူ့ရည်းစားများမှန်းလည်း သိပါသည်၊ သူ့မှာ မိန်းမလှတွေ ပေါများမှန်းလည်း သိပါသည်။ ကိုယ့်ထက်လှတာ၊ ကိုယ့်ထက်သာတာကို သူ အချိန်မရွေး ရနိုင်မှန်းကိုလည်း သိပါသည်။

သို့သော် ဘာ ကြောင့် မှန်း မ သိ ထို ရည်း စား များ သူ ယောကျ်ားတစ်ယောက်ကိုပဲ ဘာကြိုက်မှန်းမသိ ခွင့်မလွှတ် မကြည်ဖြူနိုင်တာ ဘာတစ်ခုမှ မကျန်ဘဲ ဂုဏ် တစ်အားပင် ချစ်မိခဲ့လေသည်။ ဖေဖေရိုက်တာ အောင့်ခံပြီးတော့လည်း ချစ်နိုင်ခဲ့သည်။ မေမေ စကားလုံးနှင့် နာကျင်အောင် ရက်အောင် ပြောတာကိုလည်း မျိုသိပ် သည်းခံပြီး ချစ်နိုင်ခဲ့သည်။

မိမဆုံးမ ဖမဆုံးမ ဟု ဆိုကြတော့လည်း စောစောစီးစီး အသေစောခဲ့ကြသော ညီ့မိဘတို့အတွက် စိတ် မ ကောင်း

တောင် ဖြစ်လိုက်မိပါသေးသည်။ တစ်ကောင်ကြွက် ညီလေးကို အဒေါ်လုပ်သူက မွေးစားထားတာ၊ အဲဒီ အဒေါ်က ညီ့ကို ချစ်ဖို့ပဲသိကာ ဆုံးမဖို့ ဆူပူဖို့ ဘယ်တော့မှ အတွေးမပေါက်။ သူ့တူ စက်မှုကျောင်းသားကြီး ဖြစ်တာကိုရော၊ မိန်းမ တွေ ကြိုက်ကြတာကို ခံရတာကိုရော ဂုဏ်ယူမဆုံးတပြုံးပြုံး၊ ကျေနပ်မဆုံး တပြုံးပြုံး။ လူဆိုးကလေးညီ ခိုက်ရန်ဖြစ်ပွားလို့ အချုပ်ထဲရောက်ရလျှင် အာမခံနိုင်မည့်သူကို ဖတ်သီဖတ်သီ လိုက်လံရှာဖွေကာ အချုပ်က လွတ်ပြီလားဆိုသည်နှင့် အပြုံး ကြီး ဖြန့်ပေါ်လာကာ သူ့တူကဘယ်သူ့ကို ဘယ်နှစ်ချက် ဆော်လိုက်တာတဲ့ ကြွားလုံးထုတ်အတော်သေး၏။

လိုက်လည်းလိုက်တဲ့ တူဝရီးတူ ဖေဖေတို့က ညီလေးရဲ့ အဒေါ်ကိုပါ လူကြီးမဆန်သူအဖြစ် ရောနှော အပြစ်မြင်သေး သည်။ ညီလေးသည် တက္ကသိုလ်ပထမနှစ်လောက်တုန်းက ဆေး သမားတွေနှင့် ပေါင်းမိကာ ဆေးချသလိုလို ဘာလိုလို ဖြစ်ဖူး လိုက်သေးသည်။ အဲသည်တုန်းကလည်း မြင်တွေ့ သတင်း ကြားနေရသော တစ်ရပ်ကွက်တည်းချင်းတွေမို့ ဖေဖေ မေ မေတို့ သိသည်ပင်။ အဲသလောက်သိနေလို့လည်း ထိုသူကောင်း သားကလေးနှင့် ကိုယ့်သမီး အဖူးအထွတ်ကလေး ကြိုက်ပြီဆို တော့ ဆွေ့ဆွေ့ခုန်ကြတော့သည်။

ဂုဏ့်မှာ မနေစဉ် မျက်ရည်နှင့် မျက်ခွက်။ တွေ့ရဖို့ ဘယ် လောက် ကြိုးစားခဲ့ရသလဲဆိုတာ၊ ဆက်ချစ်နေနိုင်ဖို့ ဘယ် လောက် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ရသလဲဆိုတာ၊ အလကား နေရင်း ကြောက်လန့် အဖြစ်မရှိတတ်သော မိန်းကလေးတစ်



ယောက် ဖြစ်ပါလျက် ညီလေးနှင့်ပတ်သက်ပြီး ဘယ်အထိ သတ္တိရှိနိုင်ခဲ့သလဲဆိုတာ....။

ဂုဏ်သည် အသားနာလည်း ခံနိုင်ခဲ့သည်။ အသည်းနာ လည်း ခံနိုင်ခဲ့သည်။ ဘဝတစ်ခုလုံး နာလျှင်လည်း နာစေ တော့၊ ညီလေးကိုတော့ မခွဲနိုင်သူတည်း။

"ဂုဏ်ဟာလေ ညီက ကောင်းနေလို့သာ ကံသိသွား တာ၊ ညီသာဆိုးရင် ဂုဏ်တော့ သွားပြီ သိလား၊ ဘာမှ အဆင်အခြင်မရှိဘူး၊ မျက်ကန်းတောတိုးပဲ၊ ဦးနှောက်နဲ့လဲ ဘာမှမစဉ်းစားဘူး၊ ချစ်တာတစ်ခုပဲ စွတ်စွတ်ရွတ်ရွတ်သိ တယ်၊ အမိုက်အမဲလေး"

ညီလေးကိုယ်တိုင်က ထိုသို့ ပြောယူရသည်ထိ ဂုဏ် အမှန် တကယ်ဆို အဆင်ခြင်နည်းလေသည်။ ညီလေးနှင့် ယူသည့် အတွက် ဂုဏ် ကံကောင်းသည်ဆိုလျှင် ညီလေး သူ့ဘာသာ သူ လိမ္မာလို့သာ။ ဂုဏ် ကံဆိုးသည်ဆိုလျှင် ညီလေး မိုက်မဲ လို့။ ကံကောင်းမလား ဆိုးမလား ညီလေး လိမ္မာမှာလား မိုက်မဲမှာလား ဘာတစ်ခုမှ ဆင်ခြင်ထည့်တွက်ခြင်းမရှိဘဲ ဂုဏ် က ငုတ်တိုးခဲ့သူ ဖြစ်လေသည်။

ထိုဘက်ကပိတ် သည်ဘက်ကပိတ် လမ်းအမျိုးမျိုးမှ အဖုံဖုံ လှည့်ပတ်ပိတ်ဆို့သော်လည်း ဂုဏ်သည် လမ်းကြောင်း မရရ အောင်ရှာကာ ထွက်ပြေး လွတ်မြောက်ခဲ့သူတည်း။ အဲသည် တုန်းက ရန်ကုန်မြို့လယ်မှာ ညီလေးပိုင် အခန်းတစ်ခုရှိတာကို လည်း ဂုဏ်မသိ။ ဘယ်မှာနေရမှန်းတောင်မှ မသိဘဲ ဂုဏ်က မိုက်မိုက်မဲမဲ စွန့်စားခဲ့သူ ဖြစ်လေသည်။

ညီလေးမှာ နေစရာ အခန်းကလေးတစ်ခုရှိနေတာ သိရတော့မှပင် နေစရာမပူရတော့ဘူးပေါ့ ဟု ဂုဏ် ပျော်ရွှင်နေခဲ့တာကို ကြည့်ပြီး ညီလေးက တွေဝေး မျက်ရည်လည်လာရလေသည်။

ညီလေး ဂုဏ့်ကို အင်မတန်ချစ်သည်။

ဒါကို ဂုဏ် သေချာသည်။ ညီလေးလို လူတကာက ပိုင်းဖျက်သော လူတစ်ယောက်နောက် မျက်စိမှိတ် လိုက်ဖြစ်ခဲ့ခြင်းအတွက် ဂုဏ် ယုံကြည်ရာ အားကိုးရာမှာ ထိုတစ်ခုသာ။

ညီလေးရဲ့အချစ်....။

ဂုဏ် ယုံကြည်ခဲ့သော ထိုအရာကို ဘယ်သူကမှ မယုံကြည်ခဲ့ကြပေ။ အတန်အသင့် ကြွယ်ဝပြည့်စုံသော မိဘတို့၏ တစ်ဦးတည်းသော သမီး မအူမလည် မနူးမနပ်ကလေးကို ညီလေးရွေးချယ်တာ သည်အချစ်ကြောင့်မဟုတ်....တဲ့။

ဂုဏ်သည် ကိုယ့်ယုံကြည်ရာလမ်း ကိုယ်လျှောက်ခဲ့ပြီးသည်၏ နောက် လမ်းရွေးမှန်သည်ဟုလည်း စက္ကန့်တိုင်း ကျေနပ်ခဲ့ပြီ။ လွန်ခဲ့သော လပိုင်းတွေဆီက အထိပေါ့။ နောက်ပိုင်းမှာတော့ ကိုယ့် အားငယ်မှုအားနည်းချက်နှင့် ကိုယ် ဂုဏ် မယုံရဲသလိုလို ယုံရဲသလိုလို၊ သည်နေ့အဖို့တော့ ဂုဏ် ကမ္ဘာပျက်ပြီတည်း။

သတင်းမှန်တာ မှားတာ အသာထား၊ ရည်းစားဟောင်းတွေကို လမ်းတွေ့လဲ မမှတ်မိဘူး၊ ဂုဏ့်ကိုလည်း ဘယ်သူဘယ်ဝါဟု မပြနိုင်ဘူးဆိုသော ညီလေးသည် နှုတ်မဆက်ချင်ရိုးမှန်လျှင် ဘာကြောင့် အတန်ကြာထိ စကားရပ်တန့်ပြောရ



ဘာလဲ။ ဂုဏ်ကိုယ်တိုင်က ညီလေး ရည်းစားတွေကြုံရင် ဂုဏ့်ကို ပြနော် ဆိုခဲ့တုန်းက....

"ပြစရာလဲ မလိုဘူး၊ ပြလဲမပြဘူး၊ နှုတ်ဆက်ဖို့လဲမလိုဘူး၊ မှတ်မိဖို့လဲ မလိုဘူး"

ညီလေးစကားက အဆုံးစွန် လိမ်းအပြတ်ပဲ မဟုတ်လား။ ...နွှာနှင့် တကယ်ပဲ ဘာမှမဟုတ်ဘူးဆိုရင်တောင် ဘာအကြောင်းကြောင့် ညီနှင့် စကားရပ်ပြောကြသလဲ။ ပြီးတော့ ဘာကြောင့် ပြန်လည်တွေ့ဆုံ ခင်မင်နေမှုကို ဂုဏ့်ကို ပြောမပြသလဲ။

ရုံးကပြန်လာရင် နန္ဒာ့ကို ဖုန်းတစ်ချက်ဆက်ပါ ဟု ဆိုသည်။ ဘယ်ရုံးကိုသွားရသည့် ဘာကိစ္စက မြနန္ဒာနှင့် ဘယ်လိုပတ်သက်နေသလဲ။ အပြန်ဖုန်းဆက်ပါဆိုတာမျိုး ဘယ်နှစ်ကြိမ်ရှိပြီလဲ။ ဦးကျော်လွင်လို လူတစ်ယောက်ကို လက်ထပ်ဖို့ ရည်...သော သူတစ်ပါးအိမ်ထောင်ရေး အပျက်အစီးအပေါ်...အာတရားမရှိသော မိန်းမတစ်ယောက်၏ သိက္ခာ သမာဓိ...ခဲ့ ဂုဏ် ဘယ်လောက်အထိ ယုံကြည်ရမလဲ မတွေးတတ်...။

ဂုဏ် အထိခိုက်ဆုံးမှာ သည်လိုကိစ္စမျိုးကို ဂုဏ့်ကို ပြန်ပြောဘဲ ထိမ်ချန် လျှို့ဝှက်ထားတာကို ဖြစ်သည်။ ရိုးရိုးသားသား ပြန်ကိုပြောရမည်။ သန့်ရှင်းသူတစ်ယောက်သည် မတော်...သ အထင်အမြင်လွဲမှား စွပ်စွဲခံရမှာကို ဂရုဆိုက်...ပြောမှာပဲ။

မြနန္ဒာနဲ့ ဘယ်လိုပုံ ဖြန်တွေ့ခဲ့တယ်၊ ဘယ်လိုပတ်သ
ရှိနေတယ်၊အလုပ်ကိစ္စဖြင့် အလုပ်ကိစ္စ၊ ကိုယ်ရေးကိုယ်တာ
ကိုယ်ရေးကိုယ်တာ။ ညီ ဘာကြောင့် ပြန်မပြောပြခဲ့ပါ
ဘာကြောင့် ဖုံးအုပ်ထားခဲ့ပါလိမ့်။ ခုတလော နောက်
နေတတ်သော အချိန်ပိုင်းကလေးတွေသည် မပြောပလော
သော်လည်း နောက်ကျတာကတော့ နောက်ကျတာပင်။
သူ့ အတွက် ဘာကိစ္စတွေနှင့်များလဲ ညီလေးရယ်။

ဂုဏ်သည်ရုက်တာလည်းပါသည်။မမမိက လာပြောတာ
တော့ ဘာပဲဖြစ်ဖြစ် ဂုဏ်ရှက်သည်။ နောက်တစ်ခုက 'မ
တာ ဖြစ်သည်။ နောက်တစ်ခုက မဟုတ်တဲ့ အထင်လွဲမိမှာ
တာဖြစ်သည်။နောက်တစ်ခုက ဟုတ်လျက်နှင့် အထင်မလွဲမိ
စိုးတာဖြစ်သည်။

ငိုရင်း ရှိုက်ရင်းနှင့် နာရီဆီ ကြည့်မိပြန်သောအခါ
ချိန်၌ မိနစ်သုံးဆယ် စွန်းနေပြန်သည်ကို တွေ့မိပြန်လေသ

* * *

"ဒီနေ့ အိမ်ကို ဘယ်သူလာသေးလဲ"

ရေချိုးခန်းထဲက ထွက်လာအပြီး မေးသော ညီ့ကို
က 'မမမိ' ဟု တိုးဖြတ်ပြတ်ဖြေလိုက်ပြီးလျှင် ပါးစပ်ထဲက
စေ့ကို အိပ်ခန်းထောင့်က အမှိုက်ပုံကလေးဆီ ထိုင်ရာမှ
ပစ်ပေါက်လိုက်သည်။ ဆီးစေ့က တည့်တည့်ဝင်မသွား။



းကပ်လျက် သမံတလင်း၌ တဒေါက်ဒေါက်အသံပေးကာ
ခုန်သွား၏။

ညီ ထိုဆီးစေ့ကို ကောက်ပြီး အမှိုက်ပုံးလေးထဲ ထည့်ပေး
က်သည်။

ခါတိုင်းဖြင့် ညီပြန်ရောက်လျှင် တစ်နေကုန် ပျင်းရိနေ
သော ဂုဏ်သည် ဘယ်ဟာကဖြင့် ဘယ်လို ဟု ကိစ္စသေးသေး
လေးမှ စကာ အကြီးကြီးအထိ တတွတ်တွတ် ကပ်ပြော
ကို မဆုံးနိုင်ပေ။ နားငြီးယူရသည်အထိပင်။

မနေ့ကအထိ အဲသည်လိုပြောတုန်း။ ဟိုဘက်ခန်း ဆွမ်း
ကျွေးကို ကိုကိုစိုးနှင့် မမမိ မမျှော်လင့်ဘဲ ရောက်လာတာ၊
ကို ရင်ထိတ်လိုက်တာ စသည်ဖြင့် အသေးစိတ် အကျယ်ချဲ့
မဆုံးခဲ့ပေ။ 'မမနွယ်အကြောင်း ပြောရဦးမယ် သိလား...
နေလေ' ဟု အစချီလိုက်တော့ ညီက ထိုဒေါင်ခင်လေးနွယ်
အလိုလိုနေရင်း သိပ် ကြည့်မရလှသော ဓာတ်ခံကြောင့်
ရော၊ အခန်းနီးနားချင်းကိစ္စတွေ ညီ အားတက်သရော နား
ထောင်လျှင် နောင်ကို ဂုဏ်က အားတက်သရော ပြောဖို့ရာ
အားတက်သရော ဝင်မပါစပ်စုနေမှာ စိုးတာရော၊ ဂုဏ် အဲ
သည်လို သူတစ်ပါးကိစ္စ စိတ်ဝင်စားနေတာကို မဖြစ်စေချင်၊
မပြောစေချင်တာကြောင့်ရော....

"အဲဒီ မမနွယ်အကြောင်း မပြောနဲ့ ဂုဏ်၊ တခြားဟာ
ပြောနော်"

ဟု စကားပိတ်ပစ်သည်။

ဂုဏ်က 'ဘာလို့လဲ' ဟု စောဒကတက်သေးသည်။

"ညီလဲ မသိချင်ဘူး၊ ဂုဏ်လဲ မသိချင်နဲ့"

အဲသလို ပါးစပ်မှ တရစပ်နှင့် သူသိရသမျှ ကြုံရသမျှ ချင်နေသော ဂုဏ်၊ သည်နေ့ သူက စ မပြောရုံတင်မက ကမေးသောအခါတွင်ပင် နောက်က အဖြေ တရစပ် ထွ မလာဘဲ 'မမိ' ဆိုသည့် တစ်လုံးတည်းကိုသာ ခပ်ပြတ်ပြ ဖြေသည် ဆိုကတည်းက ညီ တော်တော်ကြီး ကောက်ချက် နိုင်ပြီ။

ဂုဏ့် မျက်လုံးလေးတွေ အစ်မို့ နေတာကိုလည်း စိ မချမ်းသာချင်စရာ တွေ့နေရပြီးသားပဲ၊ ဂုဏ်ငိုထားသလာ ဟုသာ မေးလိုက်လျှင်တော့ အသည်းငယ်မလေးက ခုချ ချင်း မျက်ရည် ဒလဟော ထပ်မံ ယိုစီးလာလိမ့်မည်။ ဂု အပြုအမူ၊ အမူအရာတွေအရ ဂုဏ်ဟာ တစ်စုံတစ်ရာကိုမ မနပ် ဝမ်းနည်းခံစားနေရတာကို ပြသနေသည်။

အဲဒါဟာ ဘာအတွက်လဲ ဆိုတာလည်း မှန်းဆနိုင် သော ညီသည် ဂုဏ့်ကို ဖွင့်ပဲ ပြောလိုက်ရ ကောင်းနိုးနိုး မသိလိုက် မသိဘာသာပဲ နေလိုက်ရ ကောင်းနိုးနိုး ဝေခွဲမ သည်နေ့တစ်နေ့လုံး လူပင်ပန်း စိတ်ပင်ပန်းခဲ့ရတာမို့ အင်မတန်မှ အနားယူချင်နေပြီ။ နံနက်စာ စားခဲ့ရတာ လည်း နောက်ကျသည်ကိုတော့ ညီ ညနေစာ မစားလိုသေ ပေ။ မဆာလည်းမဆာ၊ စားလိုစိတ်လည်း မရှိ။

သို့သော် ညီ အဲသလို ညစာမစားဘဲ အိပ်လိုက်လို့လည် မဖြစ်သေးပါဘူး။ ဂုဏ်က တစ်မျိုးတစ်မည် လှည့်ပတ်ဝ နည်းနေဦးမည်။ နံနက်ထိ တစ်ရေးတည်း ဆက်အိပ်လိုက်



ပြီ ဖြစ်သော ညီသည် အိပ်ရာဘက် မျက်စိ မရောက်အောင် မနည်း စိတ်ကို လွှဲထားရသည်။ ညကျရင်လည်း မင်းဦးဆီ ဖုန်းဆက်ရလိမ့်ဦးမည်။

ညီက ဂုဏ့်ကို အတတ်နိုင်ဆုံး နူးညံ့စွာကြည့်ရင်း....

"ဂုဏ် ဆီးသီးစားတာ တော်လိုက်တော့၊ ထမင်းမဆာ ဘူးလား' စားကြရအောင်လေ'

ဂုဏ်က မျက်လုံးစွေကာ မကြည်လင်တာ သိသာသော ရုပ်နှင့် ကြည့်ရင်း....

"ဂုဏ် ထမင်းစားပြီးပြီ"

ညီက အံ့ဩအောင့်သက်သွားကာ ဂုဏ့်ကို တစ်ခဏကြာ စိုက်ကြည့်နေမိ၏။ အတူနေသည့် ပထမဆုံးရက်ကစပြီး သည် နေ့အထိ ညစာထမင်းကို အမြဲနှစ်ယောက်အတူ စားနေကျပဲ၊ နံနက်စာသာ သတ်သတ်စီ ဖြစ်တတ်သည်။ တစ်ယောက်က ဆာ တစ်ယောက်က မဆာဘူးဆိုလျှင်တောင် အချိန်ကို လို တိုးပိုလျှော့ညှိပြီး အတူတူတော့ စားဖြစ်အောင် စားတာပါ ပဲ။

ညီ့ကို မကျေနပ်လို့ မကျေနပ်ကြောင်း စစ်ကြောတဲ့ သဘော။ သူက ဦးအောင် စားနှင့်တယ်ပေါ့။ မဟုတ်တာ ရယ်လို့ ဘာဆိုဘာမှလည်းမလုပ်ရသောညီသည် အလကားနေ ရင်း ကိုယ့်အဖြစ်က ကျဉ်းထဲကျပ်ထဲ ရောက်ရတာကို ဒေါ သဖြစ်ရခြင်းနှင့်အညီ ဘာမှတောင် ဆင်ဆင်ခြင်ခြင် မတွေး တော့ဘဲ ကိုယ့်ကို အယုံအကြည်မဲ့ အထင်လွဲသလိုပုံစံနှင့် ရှိ ရက်သော မိန်းမကိုလည်း အမြင်ကတ်လာသည်။

တခြားကလာပြီး စကားတစ်ခွန်းထိုးလိုက်တာ မျှ
ယောကျ်ားဘက်ကမပါ၊ သူကပါ ယောကျ်ားကို အ
အကြည်မရှိသည့် အုပ်စုဘက်ကပါပြီး စကားမပြောချင်သ
အဖက်မလုပ်ချင်သလိုနှင့်။

နေပေါ့ကွာ။

ညီသည် တစ်နေကုန် ပင်ပန်းလာသမျှကိုရော၊ စိတ်
အနှောင့်အယှက် တရစပ် ဆက်တိုက်တွေ့နေရတာကိုရော
ပေါင်းရုံးဒေါကန်ကာ ခုတင်ပေါ်တက်ပြီး ပစ်လှဲလိုက်တော
သည်။

"ညီလဲ ထမင်းမစားတော့ဘူး"

"ဒါဘာလဲ...ဂုဏ်ကို အရွဲ့တိုက်တာလား"

ဂုဏ့်အသံက ချက်ချင်း တုံ့ပြန်ထွက်လာသည်။

"ဘာဆိုင်လဲ၊ ဘာလို့ အရွဲ့တိုက်ရမှာလဲ၊ ကိုယ့်ဘာသ
ပင်ပန်းလွန်းလို့"

"ဂုဏ်စားနှင့်ပြီဆိုလို့ ဂုဏ့်ကိုရွဲ့တာ"

ညီက ဂုဏ့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဒီမှာ ဒေါ်ရွှေဂုဏ်၊ ကိုယ့်ဗိုက်ကို အငတ်ခံပြီးတော
တော့ သူများကို မရွဲ့ပါဘူးဗျာ၊ ဗိုက်ချင်း ဆုံတာမှတ်လို
စားကို မစားချင်တာ၊ ဆာကိုမဆာတာ၊ ပင်ပန်းလွန်းလို
အိပ်ချင်ပြီ"

ဒါ...ဂုဏ့်ကိုရှောင်တာ။

ဂုဏ် ထုံမှလာမည့် စကား မြားချက်တို့ကို ရှောင်တာ
သည်အချိန်ကြီး အိပ်ချင်တာ ဖြစ်နိုင်ပါ့မလား။ မျက်နှာချင်



ရဲ့ရဲမဆိုင်ဝံ့သူဟာ မျက်စိစုံမှိတ်ထားလိုက်ရင် မျက်နှာပူရ
အသက်သာဆုံးမို့ သူအိပ်ဖို့ကြိုးစားတာ။

ဂုဏ်က သူအိပ်ပျော်နေပြီ ဟု အိပ်ချင်ယောင် ဆောင်ဖို့
လုံလောက်သည်အထိ အချိန်မပေးဘဲ...

"မမမိက ဘာပြောသွားသလဲ...သိလား"

ညီသည် 'လာပြီ' ဟု ခေါင်းထဲ တစ်ချက် တွေးမိကာ
ဘယ်လိုများ စွပ်စွဲထိုးနှက်တော့မလဲ ဟု အသာအယာ နား
ထောင်နိုင်ဖို့ အသင့်ပြင် အားမွေးလိုက်ရင်း...

"မမမိက ဘာတဲ့လဲ"

ခပ်အေးအေးပဲ မေးလိုက်သသည်။

"မမမိက ဂုဏ့်ကို မေမေတို့မေမေတို့ ပြန်ခေါ်ဖို့အတွက်
သူ တာဝန်ယူတယ်တဲ့"

မမျှော်လင့်သောစကားကြောင့် ကျောပေးအိပ်ကာ နား
ထောင်နေရာမှ ဂုဏ့်ဘက်သို့ ချက်ချင်းပင်လှည့်ကြည့်မိရင်း...

"ပြန်ခေါ်တယ်ဆိုတာ ဘာလဲ၊ ပြန်ဆက်ဆံ စကားပြော
တာကို ပြောတာလား၊ သူတို့ဆီ ခေါ်ယူတာကို ပြောတာ
လား ဂုဏ်"

"နှစ်ခုစလုံးပေါ့"

"နှစ်ခုလုံး..."

ညီသည် သံတောင်လိုက်ကာ ရေရွတ်ပြီး ဂုဏ့်ကို ငေး
ငေးကြီး ကြည့်နေမိ၏။ ဂုဏ်က ဘာမှမဟုတ်သော စကား
တစ်ခွန်းကို ပြောနေသလို သက်သောင့်သက်သာပုံ ဖမ်းကာ
ပြောနေသည်။ ဒါပေမယ့်...ဝအမလေးရယ်၊ မင်းရဲ့ အရိုးခံ

မျက်နှာလေးက ကိုယ့်ကို မဝံ့မရဲ သွေးတိုးစမ်း ခြိမ်းခြောက်ချင်နေသည်ဆိုတာ အသိသာကြီးပါ။

"ဂုဏ့်ကို ဂုဏ့်ဖေဖေမေမေနဲ့ ပြန်ပြီး ဆက်ဆံဝင်ထွက်ခွင့် ရစေချင်တဲ့ စေတနာ ညီ့မှာ ရှိပါတယ် ဂုဏ်"

"အခုရတော့မယ်လေ"

"မမမိ ပြောစကားက အဲသလောက်မှာတင် ရပ်နေတာမှ မဟုတ်တာ၊ သူတို့ဆီ ပြန်ခေါ်အောင် ဆိုတာက ဘာသဘောလဲဂုဏ်၊ ဘာကို ဆိုလိုတာလဲ၊ ဂုဏ့်တစ်ယောက်တည်းကိုလား၊ ဂုဏ်ရယ်ကိုယ်ရယ် နှစ်ယောက်ကိုလား"

ဂုဏ်သည် စမ်းနည်းသလို ဖြစ်သွားမိကာ ညီ့ကို မျက်စောင်းလှည့်ထိုးလိုက်သည်။

"ဂုဏ် ဘယ်သိပါ့မလဲ၊ မမမိပြောတဲ့အတိုင်း ပြန်ပြောရတာ"

"ဂုဏ်"

ညီသည် အေးစက်စက် ဂုဏ့်မျက်နှာကိုကြည့်ကာ ကရုဏာဒေါသနှင့် ခပ်ဆတ်ဆတ် ရေရွတ်လိုက်သည်။ ဂုဏ် တစ်ခုခု ဖြစ်နေပြီ။ ဘာမှ မဖြစ်ဘူးဆိုလျှင် ဂုဏ်ဆိုသည့် တီတီတာတာ စကားအိုးကလေးက ဂုဏ့်တစ်ယောက်တည်းကို အိမ်ပြန်ခေါ်ထားတာမျိုး ဂုဏ်က လိုက်နေမလား ညီလေးရယ်။ ညီလေးနှင့်နေမှာမို့လို့ ညီလေးနှင့် လိုက်လာခဲ့ပြီးပြီပဲ။ နှစ်ယောက်လုံးကို ခေါ်ထားတာမျိုးဆိုရင် ညီလေးနေချင်လား၊ မနေချင်ဘူးလား ဘာဘာညာညာနှင့် ဖွဲ့လို့နွဲ့လို့ကောင်းလိုက်မည့်ဖြစ်ခြင်း။



"ဂုဏ် ဘာဖြစ်နေသလဲ၊ ညီ မသိဘူး၊ ဒါပေမယ့် ဂုဏ်
တုန်းက ပြောခဲ့ဖူးတာ ဂုဏ် မှတ်မိသေးလား၊ ဖေဖေတို့
မေမေတို့က သဘောတူလို့ ပေးစားပြီး အိမ်မှာခေါ်ထား
င်တောင် ညီလေး စိတ်ကျဉ်းကျပ်နေမှာနဲ့ ဂုဏ်လဲ အလိုလို
ပ်မပျော်ဘဲ ရှိနေမှာ....တဲ့၊ ညီလေးက လွတ်လွတ်လပ်လပ်
နေဘတ်တာ၊ နေချင်တာနဲ့ စိတ်ကျဉ်းကျပ်မှာ သေချာတယ်
ဲ့၊ ဂုဏ် မှတ်မိသေးလားဟင်"

"မှတ်မိပါတယ်"

ဂုဏ့်လေသံလေးက မပွင့်တပွင့် တိုးညင်းနေသည်။

"အခုကော ဂုဏ့်စိတ်ထဲမှာ အဲသလို သဘောထား ရှိသေးရဲ့လား ဂုဏ်"

"ရှိပါတယ်"

ဂုဏ်သည် သည်နေ့အဖို့ရာ ဟိုးအလျင်နေ့ရက်တွေကထက်
တော့ အဖေအမေကို ပိုပြီး သတိရ တမ်းတတာ အမှန်ပင်။
ခ်သူ၏ ရင်ခွင်သည် ကိုယ့်ကို လုံခြုံမှု အပြည့်အဝ ပေးနိုင်
ှမည်ဟု ယုံကြည်နိုင်တုန်းတော့ ချစ်သူသည်သာ ကိုယ့်ရဲ့
ားကိုးရာပေါ့ ညီလေးရယ်။ ထိုရင်ခွင်အပေါ် မယုံမရဲ
ံသယစိတ် ဝင်ရပြီဆိုသည်နှင့် ဟိုအလျင်က ကိုယ့်အတွက် လုံ
ြုံခဲ့ဖူးသော ရင်ခွင်ဟောင်းတို့ကို တမ်းတအားကိုးစိတ်နှင့်
အောက်မေ့မိလာသည်။ မိဘတို့ ရင်ခွင်ဆိုတာမျိုးက ဘယ်
သောအခါမျှ သံသယဝင်စရာ ရှိဖူးလို့လဲ။ ကိုယ့်ကို အမှု
ပေး၊ ငိုစရာမပေး၊ ဒဏ်ရာဒဏ်ချက်မပေး၊ ဘေးအန္တရာယ်
ူသမျှ မြူလောက်မှ မခစေရအောင် အရန်ရန်အထပ်ထပ်

သော အကာအကွယ်တို့နှင့် ဖုံးအုပ် စောင့်ရှောက်
အေးချမ်းသော ကမ္ဘာလေးထဲမှာ လုံခြုံစွာ ရှိနေစေခဲ့တာ

ရှိနေခဲ့စဉ်က ကိုယ့်မှာ ကိုယ်ရောစိတ်ပါ ဘယ်လော
အထိ လုံခြုံမှု ရနေခဲ့သည်ဆိုတာ သတိမပြုမိပါ။ ထိုအက
အကွယ်အောက်မှ ဖယ်ခွာထွက်လာခဲ့ပြီးသည်၏နောက် ထိ
ယိန့်တုန့်လှုပ်စရာ၊ စိတ်အနှောင့်အယှက် ဖြစ်စရာ အ
အပျက် တစ်စုံတစ်ရာနှင့် ကြုံလေသောအခါမှ အပြည့်အ
မလုံမခြုံသော ရင်ခွင်မှ အပြည့်အဝ လုံခြုံခဲ့သော ရင်ခွင်
လွမ်းဆွတ်ဖို့ အလန့်တကြား သတိရပုံမျိုး ဖြစ်လေသည်။

ဂုဏ်သည်လို တွေးတဲ့အတွက် ညီလေးရဲ့ ရင်ခွင်ကို မသ
တွေ့ဘူးရယ်လို့ အတိအလင်း စွပ်စွဲလိုက်သည်ဟု ညီလေ
မယူဆပါနှင့်ဦးကွယ်။ လုံခြုံပါတော့မလားဟုသာ သံသ
ဝင်စပြုခြင်းပါ။ သံသယဝင်ရတာကလည်း ညီလေးရဲ့
လျှို့ဝှက်ဝှက် နိုင်မှုတွေကြောင့်ပါ။

ကိုယ့်ကိုယ်ကို အားငယ်စိတ်နှင့် အယုံအကြည်ကင်းမဲ့တ
လာချိန်မှာ ခုတလောပိုင်းကျခါမှ ညီလေးရက်ဆက်
ပြန် နောက်ကျလာတာ၊ ဟိုဘက်ခန်းက အမျိုးသမီး
ယောက်ျား စွန့်ပစ်သွားတဲ့ကိစ္စမှာ ဘာမှမဆီမဆိုင် အမိပ္ပာ
ရှိ၊ ဂုဏ် သတင်းတစ်ခုအဖြစ် ပြန်ပြောပြဖို့ ပြင်တာ
တောင် ကိုလေး မနှစ်မသက် ထားမြစ်တာ၊ တချို့သော
အဖြစ်အပျက် အခြေအနေတွေကို ဂုဏ်တို့ကို ပြန်ပြောပြသ
ပါလျက် မပြောတဲ့ လျှို့ဝှက်ထိမ်ချန်ထားတာ၊ အခြေအနေ
တွေက ဟိုက်ဆိုင်နေတော့လည်း။



"မမမိက နောက်တစ်ခုလဲ ပြောသေးတယ်"

ညီက သက်ပြင်းရှိုက်ရင်း....

"ဘာတဲ့လဲ"

"ဂုဏ် ခြေသောက်အတွက် လေ့ကျင့်ခန်းလုပ်ဖို့ အန်တီ အေးကို ပြောလိုက်ပြီတဲ့၊ အန်တီအေးက စိတ်မကောင်း ဖြစ်သွားတယ်၊ သူရှိနေလို့ သူ့ခေါ်မပြောမှာစိုးပြီး ဂုဏ်မလာဝံ့တာ ဆိုတာနဲ့ သိပ်စိတ်မကောင်းဖြစ်ပြီး သူလဲ လာကြည့်မယ်၊ ဂုဏ် လိုအပ်တာလုပ်ဖို့လဲ သူလာခေါ်မယ်တဲ့"

ညီသည် ဝမ်းသာတစ်ကြက်၊ ဝမ်းနည်းတစ်ကြက်။ ဂုဏ် ဖေဖေမေမေတို့ဟာလည်း ဂုဏ့်အခြေအနေကို သတင်းကြား သည်နှင့် ပြေးချလာကြမှာပါ။ ချစ်မဝသော သည်သမီး လေး တစ်ယောက်တည်းရှိတာ ကရုဏာဒေါသနှင့်သာ ပစ် ထားကြပေမယ့် ခုလို ဒုက္ခိတကလေး ဖြစ်နေပြီ ဆိုသော အခါ ဘယ်လိုဆက်ပြီး တင်းမာရက်စက်နိုင်ကြမည်တဲ့လဲ....။

သူ့မှာ ဆွေပြတ်မျိုးပြတ် ဖြစ်နေစဉ်တုန်းက ကိုယ့်တစ် ယောက်တည်းကိုသာ ရုပ်အားကိုး မြတ်နိုးကိုးစားရှာသော ဂုဏ်ကလေးသည် အားကိုးတွေ တစ်ပုံကြီး ပြန်ရှိလာတဲ့ အခါ သူ့အပေါ် တွယ်တာမက်မောမှုများ လျော့သွားလေ မလား။ ကိုယ်တစ်ဦးတည်း ရုပ်ရထားသော မေတ္တာများ သူ ဘက်ပါးတို့ထံ ခွဲစိတ်ပါသွားမှာကို ညီ စိုးရိမ်ကောင်းစိတ် ရင် ၌ ရောက်လာရလေသည်။ အောင်မြင့်ထွန်း ❋ ၀၁၉၀

●-ရပ်ကွက်၊ မြို့သစ်

"ကောင်းတာပေါ့ ဂုဏ်ရယ်၊ အစောကြီးကတည်းက ဂုဏ့်ကို ညီလေးကျင့်ခန်း သွားလုပ်စေချင်ခဲ့တာပဲ၊ ဂုဏ် ခေါင်းမာနေလို့သာ ကိုယ် ဖွင့်ပြောမရခဲ့တာ"

"မမမိက နောက်တစ်ခု ပြောသေးတယ်"

ညီသည် တထင့်ထင့်နှင့် ကြားရဖို့ စောင့်စားနေရတာကို စိတ်ကုန်လာသည်။

"ညီနဲ့ စကောဈေးမှာ တွေ့တယ်တဲ့လား"

မျက်နှာသုန်သုန်မှုန်မှုန်နှင့် ချက်ချင်း မေးခွန်းထုတ်လိုက်သည်။

ဂုဏ်သည် မမမိပြောသွားတာတွေထဲက တစ်ချက်ချင်း ထုတ်နုတ်ပြီး သတိရသမျှပြောနေမိတာဖြစ်လျက် ညီလေးနှင့် မမမိ တွေ့ကြသည်ဆိုတာကိုတော့ တမင်တကာမပြောဘဲ ချန်ထားဖို့ ကြိုးစားနေသည်။ ဒါမှ ညီလေးကို စိတ်တထင့်ထင့် ဖြစ်နေစေမှာ။

ခုတစ်ကြိမ် စကားစလိုက်တာသည်လည်း အဲဒါကိုပြောဖို့ မဟုတ်ပေ။ သို့သော် ညီလေးက သူ့ဟာသူအစဖော်လိုက်ပြီ။ ဂုဏ်သည် ညီလေးမျက်နှာကို မကြည့်ရဲသလို၊ မကြည့်ရက်သလို ဝမ်းနည်းလာမိလျက် ခေါင်းကိုငုံ့ထားလိုက်ရင်း....

"ဂုဏ်ကပြောလိုက်တယ်၊ ညီလေး ဂုဏ့်အတွက် ပန်းချီဆေးတွေ သွားဝယ်တာဖြစ်မှာပါလို့"

ညီသည် ထိုအခါမှပင် ခေါင်းနားပန်းကြီးသွားရတော့သည်။ ချက်ချင်းပင် ချွေးတွေပါ ပြိုက်ခနဲထွက်လာသည်။ ကြည့်စမ်း၊ ဂုဏ်မှာလိုက်တတ်သမျှ မမေ့မလျော့ရအောင်



အမြဲတမ်း သေးသေးကလေးကအစ ဂရုတစိုက် သူ သတိထားခဲ့ပါလျက် အခု ဘာကယ်ကို မေ့ခဲ့ပြီ။ ဆေးဝယ်ဖို့အကြောင်း တစ်ခုတည်းနှင့် စကောဈေးကို ရောက်သွားခဲ့ရတာ၊ မေ့လာခဲ့ပြီးမှတော့ သူ ဆေးဝယ်ဖို့သက်သက် သွားတာပါ၊ မေ့လာတာပါဟု ပြောလို့ ဂုဏ် ယုံပါဦးမည်လား။

အကြောင်းတစ်ခုခုကို ဖုံးအုပ် လိုးလွှဲပြောတာဟု ဂုဏ် သံသယဝင်ဖို့သာ ရာခိုင်နှုန်းအပြည့်ဖြစ်သည်။ ညီသည် ကိုယ့်ခေါင်း ကိုယ် တူနှင့် ထုခွဲပစ်လိုက်ချင်သည်အထိ စိတ်ပျက်လက်ပျက် ဖြစ်သွားရလေသည်။

"ပန်းချီဆေး ပါမလာဘူး ဂုဏ်"

ဂုဏ်သည် ညီ့ဘက်သို့ ဖျတ်ခနဲမျက်လုံးလေးမွေကာ ကြည့်လိုက်သည်။ ထိုမျက်လုံးထဲ၌ မျက်ရည်ဝိုင်းလျက်....

"ဆောရီး....ဂုဏ်၊ ဒီနေ့ ညီ အလုပ်ကိစ္စတွေနဲ့ အရမ်းဦးနှောက်ခြောက်ရတယ်၊ဟိုပြေးဒီပြေးနဲ့ ဘာတစ်ခုမှ အဆင်မပြေဘူး၊ ညီ တောင်းပန်ပါတယ်၊ ညီ့ခေါင်းထဲမှာ ဆေးဝယ်ဖို့ရှိတယ်၊ ဘယ်လိုဖြစ်ပြီး မဝယ်ဖြစ်ဘဲ ပြန်လာတယ်မသိဘူး"

"ဈေးမှာ မမျှော်လင့်ဘဲ သိပ် စိတ်လှုပ်ရှားစရာ ကြုံလိုက်တော့ အရာအားလုံးကိုမေ့၊ ဂုဏ့်ကိုလဲမေ့၊ ဂုဏ်မှာလိုက်တာကိုလဲ မေ့သွားတာပေါ့၊ ဂုဏ်....ဂုဏ် လုံးဝ မပြောချင်ဘူး သိလား၊ ဒီလောက်ထိ ဂုဏ်မှာတဲ့ကိစ္စပါ မေ့ပျောက်ပစ်လိုက်တာကို မခံချင်လို့သိလား၊ တော်ပြီ၊ ဂုဏ့်ကို ဘာမှ

မဖြေရှင်းနဲ့၊ ဒီအကြောင်းလဲ စကားမဆက်တော့ဘူး၊ ဘာမှ မပြောတော့ဘူး၊ ဘာမှလဲ နားမထောင်တော့ဘူး၊ ဖြီးဖြီ

ဂုဏ်သည် ချိုင်းထောက်ကို ဖရိုဖရဲဆွဲကာ ဖျတ်ခနဲထလိုက်သည်၊ ညီကလည်း အိပ်ရာမှ လူးလဲထလိုက်ရင်း....

"ဂုဏ်...အဲသလို စကားမဖြတ်လိုက်နဲ့လေ၊ လင်နဲ့မယား ဆိုတာ ပွင့်ပွင့်လင်းလင်း တိုင်တိုင်ပင်ပင် ဖြေဖြေရှင်းရှင်း ရှိသင့်တယ်"

"ညီလေး ပွင့်လင်းခဲ့သလား၊ ဂုဏ့်ကို ဘာလို့ ညာ ထားလဲ"

တစ်ခါမှ မအော်စဖူး အော်ဟစ်လိုက်သော ဂုဏ့်လေသံ ကြောင့် ညီ အံ့အားသင့်ကာ တစ်ခဏ ကြောင်သွားရသည်။ ချက်ချင်းပဲ ပင်ပန်း နွမ်းဟိုက်ခြင်း ဖိစီးခံထားရသော စိတ်က ထောင်းခနဲ ဒေါသအုံကြွလာရ၏။ တစ်နေကုန် ကိုယ့်စိတ်ကို ကိုယ် တစ်ချက်မှ အလိုမလိုက်ရ။ မလုပ်ချင်တာတွေကို အလုပ်၌ အဆင်မပြေစေခြင်းအလို့ငှာ ဇွတ်မှိတ်လုပ်ခဲ့ရသည်။

မလုပ်ချင်တာဟာလည်း ကိုယ်နှင့် ဂုဏ့်အကြား ပြဿနာ မရှိချင်လို့၊ ခုတော့ လုပ်မိသည့်အတွက် ပြဿနာဖြစ်ပြီ။ လုပ် ဖြစ်ရခြင်း အကြောင်းရင်းကို ဂုဏ်သည် နားလည်ကတ်စွာ ယုံကြည်ပေးနိုင်လျှင် သိပ်ကောင်းမှာပဲ။

"ဂုဏ့်ကို ညီ ဘာမှ ညာမထားဘူး၊ ညီ...."

"ဂုဏ် ကွယ်ရာမှာ ဘာဖြစ်လို့ မြနန္ဒာနဲ့ ဆက်သွယ်သလဲ"

"ဂုဏ်....မြနန္ဒာနဲ့ ကိုယ့် လုံး သွားမဆက်သွယ်ခဲ့ဘူး၊ သူကသာ ရှောင်မရတဲ့ ပတ်သက်နည်းနဲ့ ဝင်လာတာ"



"သြော်"၊

ဂုဏ်သည် တမင်တကာပင် ခနဲ့ခနဲ့ ရေရွတ်ကာ ညီ့ကို ပြုံးမဲ့မဲ့ စိုက်ကြည့်လိုက်၏၊ ရင်ထဲမှာလည်း နာကျင်လာသည်။ ရှောင်မရတဲ့ ပတ်သက်နည်းနဲ့၊ ရှောင်မရတော့ဘူး ဆိုပါ တော့....။

"ရှောင်မရရင် သူ့ကိုမရှောင်ဘဲ ဂုဏ့်ကို ရှောင်လိုက်ပါ လား၊ ဂုဏ့်ကို ဘယ်နည်းနဲ့ရှောင်ရှောင် အလွယ်လေးပါ၊ ထွက်ပြေးသွားလို့လဲ ဂုဏ်က မီအောင်မလိုက်နိုင်တော့ပါဘူး၊ အစွမ်းအစမရှိတော့ပါဘူး"

"ကွတ်....ဘာ တွေ လျှောက် ပြော နေ တာ လဲ၊ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ မယုံရင်လဲ ဘာမှ မတတ်နိုင်ဘူး၊ သူနဲ့ ပြန် တွေ့တာလဲ ဦးလူကလေးနဲ့ သူနဲ့ သိပ်ရင်းနှီးနေလို့ မရှောင် လင့်ဘဲ ပြန်တွေ့တာ၊ ဆက်ဆံနေရတာဟာလဲ ဦးလူကလေး ခိုင်းနေတာကို ငြင်းလို့ မကောင်းလို့ ဆက်ဆံနေရတာ၊ ကိုယ် ဘာမှ မဟုတ်တာမလုပ်ဘူး၊ အဲဒါကို မင်း ယုံရင် ကောင်း မယ်"

"မဟုတ်တာမလုပ်ရင် ဂုဏ့်ကို ဘာလို့ ပွင့်ပွင့်လင်းလင်း ပြန်မပြောရဲသလဲ၊ ရည်းစားဟောင်းတွေကို လမ်းတွေ့ တောင် မမှတ်မိဘူး၊ နှုတ်မဆက်ဘူးဆို၊ ခုလောက် ဆက်ဆံ နေရရင် ဘာဖြစ်လို့ ရိုးရိုးသားသား ပြန်မပြောနိုင်ရသလဲ"

"မင်း အခုလို မဟုတ်တရုတ်တွေတွေးပြီး လျှောက်စွပ်စွဲ တော့မယ်ဆိုတာကိုသိလို့၊ ခုလို ပြဿနာမတက်ချင်လို့ ပြန် မပြောတာ"

ညီသည် အိပ်ခန်းထဲမှထွက်ကာ အိမ်ရှေ့ကို တောက်လျှောက်ထွက်လာလျက် ဝရန်တာမှာ ထွက်ရပ်လိုက်သည်။ စိတ်ပျက်လိုက်ဘာနော်၊ နားအေးပါးအေး လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဆိုင်ကိုဖြစ်ဖြစ် ထွက်သွားလိုက်ချင်သည်။ ထွက်သွားလိုက်ပြီး ဂုဏ် အိပ်ပျော်သောက်တဲ့ မိုးစုပ်စုပ်ချုပ်အချိန်လောက်ကျမှ ပြန်လာချင်သည်။ အဲ့သလိုလုပ်လိုက်လျှင် ဂုဏ်ကလိုတာထက် ပိုမို ဝမ်းနည်းအားငယ်ပြီး ပြဿနာက ပိုပြီးတောင် ကြီးကျယ်လာနိုင်သေးသည်။

ဝရန်တာထွက်လာသော်လည်း နား အေး မ သွား ပါ။ ဂုဏ်က နောက်မှ ကပ်ပါလာသည်။

"လျှောက်တွေးမှာ၊ လျှောက်စွပ်စွဲမှာကို မဖြစ်စေချင်ရင် အစကတည်းက ကင်းကင်းရှင်းရှင်း နေလိုက်ပေါ့၊ သူနဲ့ဆက်ဆံမှ အလုပ်က ဖြစ်တော့မှာလား၊ သူနဲ့သာ အဲသလိုဆက်ဆံနေရမယ်ဆိုရင် အဲဒီ အလုပ်ကိုလဲ ဆက်လုပ်နေစရာမလိုဘူး၊ အလုပ် ထွက်ပစ်လိုက်ရုံပဲ"

"အလုပ်က ထွက်ပစ်ရှာလား၊ ကိုယ့်ဘာသာ ကောင်းကောင်းနေနေရင် မပြီးဘူးလား၊ မင်းမယုံနိုင်တာကိုက ပြဿနာပဲ"

"ယုံတာ မယုံတာ အထိ အဲရောက် ခံစရာကို မလိုဘူး"

ဂုဏ်သည် နင်းကန်အော်ဟစ်ပစ်လိုက်ရင်း ချုံးပွဲချ ရှိုက်ကြီးတငင် ငိုပစ်လိုက်သည်။ ညီ ဂုဏ် အနားလျှောက်လာကာ ပခုံးမှဖိရင်း ကုလားထိုင်တစ်ခု၌ ထိုင်စေလိုက်၏။



"ဂုဏ် အဲသလိုဖြစ်မှာစိုးလို့ ကိုယ်မပြောဘဲ ဒီကိစ္စ ပြီးသွားလဲ ပြီးတာပဲဆိုပြီး တမင် မပြောဖြစ်တာ၊ သူနဲ့က ဒီမှာလုပ်နေသရွေ့ တောက်လျှောက် ဆက်ဆံနေရမယ်ရယ်လို့လဲ မဟုတ်ပါဘူး၊ သူက ဦးလှကလေးနဲ့ တူဝရီးလို သားအဖလို ချစ်ခင်ရင်းနှီးနေတယ်၊ ခုလောလောဆယ် သူ့မှာ ပြဿနာတစ်ခုတက်နေတယ်၊ ယောကျ်ားယူခါနီးမှ...."

"အဲဒီပြဿနာကို ဂုဏ်သိပါတယ်၊ မမ်မိပြောပြပါတယ်"

"သိလဲ ပြီးရောပေါ့ ဂုဏ်ရာ၊ သူ အိမ်ထောင်ပြုတော့မယ်ဆိုရင် ပြီးတာပဲ မဟုတ်လား၊ ဒါတောင် မယုံသေးဘူးလား"

"သူ့ရဲ့ အဲဒီအခက်အခဲကို ညီက ကရုဏာတရားကြီးမားစွာ လိုက်လုပ်ပေးနေတယ်ဆိုတာကို ဂုဏ် လက်မခံနိုင်ဘူး၊ သူ့ဟာသူ သူတစ်ပါးအိမ်ထောင်ရေးမှာ နှောင့်လိုနှောင့်ယှက် လုပ်လို့ ပြဿနာတက်တာ ဘာမှလဲ သနားစရာမလိုဘူး၊ ကူညီစရာလဲ မလိုဘူး"

"ကူညီတာကတော့ ညီက ဦးလှကလေးရဲ့ လခစားမို့ ဦးလှကလေး တာဝန်တွေထဲက သူခိုင်းသလောက် ဖဲ့လုပ်ရတာ၊ သနားစရာမဟုတ်ဘူးဆိုတာကလဲ သူက ဦးကျော်လွင်အကြောင်း ဘာမှမသိဘဲ ဒီအခြေအနေရောက်မှ သိတာ၊ တမင်တကာ သူများအိမ်ထောင်ကို ဖျက်ဆီးတာမျိုးလဲ မဟုတ်ပါဘူး ဂုဏ်ရယ်၊ ဂုဏ်လဲ မိန်းကလေးပဲ၊ ကိုယ်ချင်းစာကြည့်ပါ။ လက်ထပ်ခါနီးမှ အရှက်တကွဲဖြစ်တော့မှာကို မလုပ်

တတ် မကိုင်တတ်နဲ့၊ တခါက ဦးလှုကလေးခေါင်းပေါ်ပုံ ကျလာတော့....''

ဂုဏ်သည် ဝမ်းပန်းတနည်း ခေါင်းယမ်းလိုက်ရင်း....

''ညီလေးပြောနေတဲ့ စကားတွေထဲမှာ မြန္မာအပေါ် ဘယ်လောက် ကရုဏာသက်နေတယ်ဆိုတာ ပေါ်လွင်နေပြီ၊ ဂုဏ် စိုးရိမ်တာ အဲဒါတွေပဲ၊ အဲဒါတွေကနေပဲ တစ်ဆင့်တစ်ဆင့်နဲ့ ဟိုတုန်းက မစွမ်းရင်း ရှိသမျှ...''

''ဂုဏ်...တော်တော့''

ညီသည် ဂုဏ့်မျက်လုံးတွေ နီရဲရောင်ကိုင်းနေတာကို စိတ်အတွေးရောက်စွာ ကြည့်နေမိသည်။ ဒုက္ခပါပဲ၊ စိတ်ညစ်ဖို့ကောင်းလိုက်တာ၊ ဘာမှ နှုတ်ဆက်မလုပ်တော့ပါဘူးရယ်လို့လည်း ဂုဏ် စိတ်ချမ်းသာရဲ့စကား ပိတ်ပြောလို့မရ။ တစ်ဥခု မဖြစ်မနေ လုပ်ပေးရဖို့ ခေါင်းပေါ် ဝန်ထုပ်ကျလာလျှင်နဲ့ ပိုပြီးအဖြစ်ဆိုးမည်။

''နေပါဦး၊ အဲဒီ မမမိကလဲ သိနိုင်လွန်းပါတယ်၊ နန္ဒာ အခုဖြစ်နေတဲ့ ကိစ္စလဲ သိလိုက်တာပဲလား၊ အံ့သြဖို့ကောင်းတယ်''

နန္ဒာဟု စကား၌ ထည့်သုံးလိုက်မိတာကို နှုတ်က ထွက်ပြီးမှပင် ညီ သတိထားမိသည်။ ဂုဏ့်ကို လှမ်းအကြည့် ဂုဏ်ကလည်း လှမ်းအကြည့်နှင့်ဆုံတာမို့ ဂုဏ့်မျက်ဝန်းထဲက လက်ခနဲသော သဝန်တိုရိပ်ကို အသေအချာ သတိပြုနိုင်လိုက်လေသည်။



ပါးစပ်ဆိုတာတွေဟာ ပွင့်နေသရွေ့တော့ စကားအမှားနိုင်တာပဲ။ ညီ ဘာမှ ရှေ့ဆက် ရှည်ရှည်ဝေးဝေးမပြောချင်တော့ပေ။

''သတင်းတွေဟာ ဖုံးဖို့ဖိဖို့ အခက်သားပဲ၊ ဘယ်လောက်ပဲလျှို့ဝှက် လျှို့ဝှက် လူတွေက ကြံဖန် တိုက်ဆိုင်ပြီး သိနေကြတာ ညီလေး၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းကလေးလေးပါ''

''ကမ္ဘာကြီးကျဉ်းတော့ ဘာဖြစ်သလဲ၊ လူတွေ ဝင်တိုက်ကုန်ရောလား''

ညီ စိတ်ရှုပ်ရှုပ်နှင့် ခွန်းတုံ့လိုက်သည်။

''ကမ္ဘာကြီးကျဉ်းတော့ ညီလေးပြောသလို လူတွေ တစ်ယောက်နဲ့တစ်ယောက် လှည့်ပတ် ခလုတ်တိုက်နေကြတာပေါ့၊ မြန္မာဘက်က ညီလေး လိုက်လုပ်ပေးပြီး ဦးကျော်လွင် ဘက်ခြမ်းက ရပ်နေတဲ့အချိန်မှာ ဂုဏ်ဟာ ဦးကျော်လွင်ရဲ့ ဇနီးဟောင်း မမနွယ်ဘက်က ရပ်နေတယ်ဆိုတာ ညီလေး သိထားလိုက်ပါ''

''မမနွယ်...''

''ဟုတ်တယ်၊ ဟိုဘက်ခန်းက ဒေါ်ခင်လေးနွယ်ရဲ့ သူ့သမီးကိုကလေးဘက်က ဂုဏ်က ပါနေတယ်၊ မနက်က ဦးကျော်လွင်နဲ့ ရှေ့နေ ရှေ့ရပ်တွေအိမ်ကို လာကြတုန်း မမနွယ် အဖော်ခေါ်ထားလို့ ဂုဏ်လဲ အဲဒီဝိုင်းထဲမှာ မမနွယ်ဘက်က သက်သေတစ်ယောက်အဖြစ် ပါခဲ့တယ်၊ ဒိုင်ဗို့စ်ကို မမနွယ် ငြင်းပစ်လိုက်တာကို မှန်တယ်လို့ ထောက်ခံ အားပေးတဲ့ဘက်က ဂုဏ် ရှိတယ်၊ အားနည်းချက်နဲ့ ရပ်တည်နေကြတဲ့

သူတွေကို အနိုင်ရလိုတဲ့ ယောကျ်ားမျိုးကို ဂုဏ်က ဝိုင်းဝန်း ပြီး အထင်သေး ရှုတ်ချတဲ့ဘက်က၊ မကျေနပ်တဲ့ဘက်က'' လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။

သည်ရက်ပိုင်းအတွင်း ဂုဏ်နဲ့ မတရားလုံးပြီး စည်းလုံ ညီညွတ်နေသော မမနွယ်ဆိုသူဟာ ဦးကျော်လွင်ရဲ့ ဇနီးတဲ့

''ဂုဏ်....ကိုယ့်ခံစားချက်တွေ ရှေ့တန်းတင်ပြီး မဆီမဆိုင် အရှုပ်ဝင်ထမနေနဲ့၊ ဒီကိစ္စတွေ ဂုဏ်နဲ့ ဘာမှမဆိုင်ဘူး၊ ဂုဏ် ဘေးဖယ်နေ''

ဂုဏ်က ပြုံးမဲ့ကာ ခေါင်းယမ်းလိုက်သည်။

''ဂုဏ် ဘေးမဖယ်နိုင်ဘူး၊ ဂုဏ်လဲ ကိုယ့်အားနည်းချက် ကိုယ့်ခံစားချက်နဲ့ကိုယ်၊ ဂုဏ် မမနွယ်ဘက်ကရပ်တယ်၊ ဂုဏ် တတ်နိုင်သမျှ အကူအညီပေးနေမှာပဲ၊ စိတ်ရောလူပါ ပါမယ် အခု အဲဒီဆုံးဖြတ်ချက် ပိုပြီး အတည်ကျသွားပြီ၊ ညီသာ ဘေးဖယ်နေလိုက်''

''ကျွတ်....''

ညီ စိတ်ညစ်လှသည်။ သူ့ကိုယ်သူ အားငယ် ခံစားနေ သမျှ တစ်ဖက်က မဆီမဆိုင် အဖြစ်အပျက်မှာ ပါဝင်ပြီး တ တပ်တစ်အား ရပ်တည်နေလိုက်သေး။ ကလေးလိုလို ဘာလို လေးငယ်သောဦးနှောက်လေးနှင့် ဘာတွေများ စိတ်အာ လူအား ပါနေဦးမှာလဲ။ စိတ်ကုန်စရာကောင်းလိုက်တာ အသားလွတ်နှင့် ကြားညပ်တော့မှာပဲ။

ညီပါနေရသည် ဆိုတာက ငြင်းမကောင်းသလော မျှော်ပြီး မေ့ပြီး ခေါင်းမရှောင်သာ ပါနေရခြင်းမျိုး ဖြ



သည်။ ဂုဏ် ပါနေတာက သူ့အနားနှင့် သူ့အတွေးနှင့် ရှောင် သာလျက်သားကို မဆီမဆိုင် ဇွတ်တိုးပါသည်။

''မမနွယ်က ဦးကျော်လွင်ကို ဒိုင်ဗိုဲစ်ပေးဦးမှာကို မဟုတ် ဘူး၊ ဦးကျော်လွင်တို့ကလဲ ရက်ရွှေ့ဖို့ မရဘူး မဟုတ်လား၊ ရက်မရွှေ့ဘဲ ဇွတ်လုပ်ရင် မမနွယ် ပိုနာပြီး ပိုတောင် တင်းခံ သားဦးမယ်၊ မမနွယ်က နောက်မဆုတ်တော့ဘူး၊ ဂုဏ်လဲ အဲဒါကို ထောက်ခံတယ်၊ အဲဒီတော့ ညီလေး ဆက်ကြိုးစား ပေးနေလဲ ဘာမှ အောင်မြင်စရာအကြောင်းမရှိဘူး၊ ရပ်လိုက် တာ အကောင်းဆုံးပဲ၊ ဒါကို လုပ်မပေးလို့ အလုပ်ပြုတ် တော့ ဘာဖြစ်သလဲ၊ ဖေဖေ့ပွဲရုံ ဝင်လုပ်''

''တောက်....အမိပ္ပာယ်မရှိတာ''

စလာပြီ။

အဆက်အသွယ် ပြန်ရမည်မကြံသေး။ အားကိုးစကား ပေါ်လာပြီ။ ညီကများ ကိုယ့်ကို အထင်အမြင်သေးသည့် ယောက်ျမ၏ အလုပ်ကို ဝင်တောင်းပြီး လုပ်ရဦးမတဲ့။ ညီ သည် ဘာပြောလို့ ဘယ်လောက်တာသွားမှန်း မသိတတ် သော ဂုဏ့်ကို ဒေါသဖြစ်ဖြစ်နှင့် မျက်နှာတွေပင် နီရဲလာ သည်။

သူ့ဟာသူ စိတ်ထဲရှိသလို မတွေးမဆပြောတာကို ဗွေယူဖို့ လဲ မယူရက်၊ ခွင့်လွှတ်သော သည်းညည်းမျိုးလည်း မခံနိုင်။ မိန်းမနှင့် ပတ်သက်ဆက်နွှယ်နေသော ကိစ္စမို့ ဂုဏ် ပိုပြီး အသည်းအသန်ဖြစ်တော့မည်ဆိုတာကိုလည်း ညီ ကြိုသိနေပြီ။

“အကောင်းဆုံးက ညီဦးလှုကလေး အလုပ်ကထွက်လို
တော့”

“ဒီမှာဂုဏ်၊ ကိုယ့်အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်တေ
မှ ဘာလုပ် ညာလုပ်နဲ့ ဂုဏ် ဝင်မစွက်ဖက်နဲ့၊ ကိုယ်လုပ်
လုပ်မယ်၊ ထွက်ချင်ထွက်မယ်၊ ဒီအလုပ်ဟာ မင်းကို ခေါ်ထ
တဲ့အချိန်က ဘာမှအလုပ်မရှိလို့ မရှိမယ့်ရှိမယ့် ပိုက်ဆံလေး
မဖြစ်ဖြစ်အောင် ကြံဖန် ဖြိုးခြသုံးပြီး ကိုယ် စိတ်မကောင်း
အောင် ဖြစ်လာတဲ့ အချိန်မှာ မင်းကို သူများတန်းတူလေ
တော့ ကျွေးနိုင်လောက်အောင် အခွင့်ရခဲ့တဲ့ အလုပ်၊ ဒီအလု
ရလို့ ကိုယ် ဘယ်လောက်ပျော်ခဲ့ရသလဲ၊ သူတကာ အလု
လက်မဲ့တွေ ပျော်တာမျိုးထက် ခံစားချက်ပိုခဲ့တယ်၊ မင်း
စိတ်မညစ်အောင် ထားပေးနိုင်ခွင့်ရတဲ့အလုပ်မို့လို့ ကို
တန်ဖိုးထားတယ် ဂုဏ်၊ အဲဒါဟာ စကားအဖြစ် ပြောတ
ကောင်း ပိုတယ်၊ ဘာပြဿနာမှ မည်မည်ရရ မရှိဘဲနဲ့ ကိုယ် ဘ
တော့မှ မထွက်ဘူး၊ ထွက်ဖို့စကား ဘယ်တော့မှ ဂုဏ်မပြော
တော့”

ညီလေးရဲ့ခေါင်းမာမှု၊ ညီလေးရဲ့ ဖြတ်သားမှုတို့ကို တ
ဝစဉ် သဘောတကျ အကင်ကြီးတတ်ခဲ့သော ဂုဏ်သည် သူ
တစ်ကြိမ် ညီလေး ခေါင်းမာစွာ ,တင်းခံလိုက်တာကိုတေ
စိတ်ထဲ မနှစ်မြို့နိုင်တော့ပါ။

“လင်မယားဆိုတဲ့ တော်စပ်မှုဟာ လူစိမ်းနှစ်ယောက်
အရင်းနှီးဆုံး ဆွေမျိုးဖြစ်အောင် ဆွဲချည်ထားတဲ့ ကြိုးထ
ချောင်းပါ ဂုဏ်၊ ချစ်နေတုန်း၊ စိတ်သဘောတိုက်ဆိုင်တုန်



ကြိုးခိုင်မြဲနေတုန်းတော့ အပတ်သက်ဆုံး လူနှစ်ယောက်ပေါ့၊
စိတ်သဘော မတိုက်ဆိုင်တော့ဘူး၊ ကြိုးလျော့ရဲပြီ၊ ကြိုး
ပြတ်ပြီဆိုတဲ့အခါ သူစိမ်းပြန်ဖြစ်သွားမှာဟာ ဘာမှ မဆန်း
ဘူး”

ဂုဏ်သည် ညီလေး ဘာကိုပြောပါလိမ့်ဟု စိတ်တွေပင် ထူ
ပူလှုပ်ရှားကာ အံ့ဩထိတ်လန့်သွားမိသေးသည်။

“ဦးကျော်လွင်နဲ့ ဒေါ်ခင်လေးနွယ်နဲ့ကိစ္စမှာ ဒီလိုပဲ၊ ဘယ်
သူမှန်မှန်၊ ဘယ်သူမှားမှား သဘောထားမှ မတိုက်ဆိုင်တော့
ဘဲ၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာမှ မရှိတော့ဘဲ၊ အတူမှ
မနေချင်ကြတော့ဘဲ၊ သူတို့ သူစိမ်းပဲဖြစ်သွားပြီ ဂုဏ်၊ သူ
ပေါင်းချင် ကိုယ်လဲမပေါင်းချင်မှတော့ တရားဝင်ပြတ်စဲကြ
တာ သဘာဝအကျဆုံး အရှင်းလင်းဆုံးပဲ၊ ကိုယ်နဲ့ တိုက်ဆိုင်
သိမ့်မယ်ထင်တဲ့လူကို ဦးကျော်လွင်တပ်တွေ့တာဟာလဲ ဘာမှ
အပြစ်မဆိုသာဘူး၊ ရက်ရက်လှချည်ရဲ့ မပြောနိုင်ပါဘူး....

ခုချိန်မှာ ဒေါ်ခင်လေးနွယ်က ထပ်မှမတွေ့ဘဲကိုး၊ သူထပ်
တွေ့ရင် သူရော ဒီဗိုင်ဗို့စ်ကို မလိုချင်ဘဲ နေမလား၊ ကိုယ်လဲ
ပေါင်းနိုင်ဘဲနဲ့ တရားဝင်လဲ လက်မှတ်ထိုးမပေးတာဟာ
သူ ညစ်တာသက်သက်ပဲ၊ ရှေ့မှာ ဘာတွေဖြစ်ကြလို့၊ ဘယ်သူ
မှားခဲ့လို့ ကွဲရကွဲရ ကိုယ်တိုင်ဖြင့် မပေါင်းသင်းချင်ဘဲနဲ့ ကွာ
မပေးတာဟာ အဓိပ္ပာယ်ရှိသလား၊ သဘာဝ ကျသလား၊
တရားနည်းလမ်း ကျသလား၊ ဘာမှ ကတ်စရာမဟုတ်တာကို
သူပေးမှ တစ်ဖက်မှာ အဆင်ပြေမယ်ဆိုတာသိလို့ သူ့အနာနဲ့
သူ သက်သက်ကတ်ထားတာ၊ အဲသလို နည်းမမှန် လမ်းမကျ

အမိဖွာယ်မရှိတဲ့ဘက်က ဂုဏ်က ရပ်တည်ချင်တာ သိပ်မှာ[..]
နေပြီ”

ညီသည် ရှည်ရှည်လျားလျား ရှင်းပြလျက် ဂုဏ်ကို[..] ပြဿနာထဲမှ ဝေးဝေးဖယ်ထုတ်ရန် ကြိုးစားသည်။ ဂုဏ်[..] ကမူ ခေါင်းမာလျက်သား။

“ညီလေးလို စကားကို ချက်ကျလက်ကျ ဂုဏ် မပြောတတ်[..] ပါဘူး၊ ဒါပေမယ့် ဘယ်သူမှားမှား မမှန်ယ် တစ်ဖက်သတ်[..] ကြီး မှားနေပစေ ဂုဏ် သူ့ဘက်ကပါမယ်၊ အဲဒါဟာ ဘာ[..] ကြောင့်လဲဆိုတော့ ဂုဏ်ကိုယ်တိုင် မသန့် စွမ်း တဲ့ သူမို့ လို့[..] မသန်မစွမ်း ဒုက္ခိတကလေးကို ထားခဲ့တဲ့အဖေ၊ အဲဒီကလေး[..] ကို တာဝန်ယူ ကျွေးမွေးသုတ်သင်နေတဲ့ ဇနီးဟောင်းကို[..] ကွက်ထောက်ထားမှုမရှိတဲ့ ယောကျ်ား သူဘယ်လောက် မှ[..] တာလုပ်နေပါစေ သူ့ရဲ့ ရက်စက်တဲ့ နှလုံးသားကို ရွံချ[..] အနေနဲ့ ဂုဏ် ကန့်ကွက်တယ်၊ သူ့ကိုမုန်းလို့ကို သူ မဟုတ်[..] ဘက်က ရပ်ချင်တယ်၊ အဲဒါပဲ”

ဒါဖြင့်လဲ ရပ်ကွာဟု ညီ စိတ်ထဲကပဲ ဒေါသဖြစ်ဖြစ်နေ[..] ရှဲ့လိုက်မိသည်။ သူကိုယ်တိုင်လည်း ဦးလူကလေး လုပ်ငန်းခွ[..] ထဲ ရှိနေသရွေ့တော့ ကိုယ့်မူ ကိုယ့်စည်းနှင့် ချင့်တွက်လျ[..] ကိုယ့်သိက္ခာကိုယ် လုံနေသရွေ့တော့ လုပ်ပေးသင့်သည် ထင်[..] တာကို လုပ်ပေးနေဦးမည်။ သည်လောက်အထိတော့ ကိုယ[..] ဝင်မလုပ်သင့်တော့ဟု ကိုယ့်ဘာသာယူဆမိလျှင်လည်း ခေါင်[..] ရှောင်လွှဲကာ ရပ်တန့်သင့်သော နေရာ၌ ရပ်မည်။



ခေါင်းရှောင်သည်ဖြစ်စေ၊ ခေါင်းမရှောင်ဘူးဖြစ်စေ ကိုယ် ကောင်းနေဖို့ကသာ အဓိကပဲ မဟုတ်လား။

နှစ်ယောက်သား အတန်ကြာ တိတ်ဆိတ်နေပြီးမှ ဂုဏ်က ညီ့ကို အကဲခတ်ကာ မေးခွန်းထုတ်လိုက်သည်။

“ညီလေး ဘာဆက်လုပ်မှာလဲ”

“ဂုဏ် ယုံကြည်တဲ့ဘက်က ဂုဏ်ရပ်လေ၊ ညီကတော့ ဦးလူကလေး တာဝန်ပေးတာအပေါ် ကြည့်ပြီး ကိုယ်ဆောင်ရွက်ပေးသင့်သလောက်တော့ ဆက်ဆောင်ရွက်နေမှာပဲ၊ အဲဒီလို လိုက်လုပ်နေတဲ့အခါ ကိုယ့်မှာ ဘာယုံကြည်ချက်၊ ဘာခံစားချက်မှလဲ မရှိဘူး၊ သူတို့ဘက်က တစ်တပ်တစ်အား အားပေးထောက်ခံချင်တာလဲ မပါဘူး၊ ဘာသံယောဇဉ်မှ မရှိဘူး၊ လုပ်ပေးသင့်တယ်ထင်သလောက် လုပ်ပေးမှာ၊အဲဒီအခါ ကိုယ်ဟာ အလိုလို ဦးကျော်လွင်ဘက်ကရပ်သလို ဖြစ်နေလိမ့်မယ်၊ ဂုဏ်က ဒေါ်ခင်လေးနွယ်ဘက်က အသေအချာရပ်မယ့်သူဖြစ်နေတော့ ကိုယ်နဲ့ဂုဏ်ဟာ ဆန့်ကျင်ဘက်နှစ်ဖက်ကို တစ်ဖက်စီ ရောက်နေမယ်၊ ကိုယ်စိုးရိမ်လို့ သတိပေးချင်တာတစ်ခုကတော့ သူများလင်မယားကြားက အပြင်ကိစ္စကြောင့် ကိုယ်နဲ့ဂုဏ် ဘာပြဿနာမှ မရှိချင်ဘူး၊ ကိုယ်တို့ဆီ မီးမကူးစေချင်ဘူး ဂုဏ်၊ မီးကူးစက်လာမှာ ကိုယ်စိုးရိမ်နေတယ်၊ အဲလို စိုးရိမ်နေတာဟာ ကိုယ် ဂုဏ့်ကိုချစ်လို့”

ဂုဏ်သည် မျက်နှာထားကလေးမာမာနှင့် မေးစေ့လေး တမင်တကာချီကာ နားထောင်ရင်း နားထောင်ရင်း နောက်

ဆိုးစကား အရောက်၌ ပါးတွေ အလိုလိုပူနွေးသွားကာ မျက်နှာမှာကလေးလည်း ရှက်ခြည်း နုးညံ့ကျသွားရ၏။

ရှေ့ရှေ့က ရင်ထဲ တင်းကျပ်နေသမျှတို့သည် 'ကိုယ့် ဂုဏ်ကိုချစ်လို့' စကားလေးလုံးကြောင့် ပြေလုပြေခင် ထိုအခိုက်မှာပဲ ညီက သတိအရ ပိုစိုနှင့် လက်ပတ်နာရီကို ငုံ့ကြည့်လိုက်သည်။

ဂုဏ်နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်နေရာက ဖျတ်ခနဲ ထရပ်လိုက်၏။

"ကိုယ် အောက်ခဏဆင်းလိုက်ဦးမယ်၊ လမ်းထိပ်မှာ မုန့်သွားဆက်ဖို့ရှိတယ်"

ဂုဏ် မျက်နှာကလေး ပျက်သွားရသည်။ ရုံးကအပြန် မုန့်ဆက်ဆိုသော စကားကို မမိထံမှ သတ်လတ်ဆတ်ဆတ် အခုပင် ကြားလိုက်ရသလိုလို။ ခါတိုင်း ခုလိုမုန့်ဆက်တာမျိုးကို ညီလေး၌ မရှိစဖူး။ သည်နေ့တော့ ဂုဏ်လည်း သိနေမှ မထူးဘူးသဘောပိုက်ဟန် တူသည်။

မြန်နှာဆီဟု သတိအကျ ကောက်ချက်ချလိုက်သော ဂုဏ်သည် ညီ ရုပ်အင်္ကျီလက်တိုတစ်ထည် ထပ်မွပ်ကာ ထွက်လာတာမြင်လိုက်သောအခါ....

"ဘယ်သူ့ဆီလဲ ညီ"

လေသံကို ထိန်းမေးလိုက်သည်။

"မင်းဦးဆီ"

"မင်းဦး"



ညီသည် ယုံကြည့်ပုံမရလှသော ဂုဏ့်ကို စိတ်ပျက်လာသည်။ဒါမျိုးကို တစ်စုံတစ်ရာ ရှင်းပြလိုခြင်းစိတ်ထား အလျှင်းမရှိ။ သို့သော်....

"ဂုဏ့်ကို ကိုယ်ခေါ်လာတော့ ကားမောင်းပေးတဲ့ကောင်ဟာ မင်းဦးလေ၊ မမှတ်မိဘူးလား"

"မှတ်မိပါတယ်၊ သူက နယ်မှာဆို"

"ဟုတ်တယ်၊ အခု ရန်ကုန်ရောက်လာပြီ"

ညီ စိတ်ပျက်လက်ပျက်နှင့်စကား ဆက်မဆိုတော့ဘဲ တံခါးဖွင့်ကာ ထွက်လျက် ပြန်ပိတ်ပေးခဲ့ပြီးမှ လှေကားက အပြေးအလွှား ဆင်းခဲ့တော့သည်။ ညီ ပြေးသွားပုံကို ကျေနပ်မှုမရှိဘဲ ဂုဏ်သည် ယုံရပဲ ကောင်းနိုးနိုး မယုံရဘဲ ကောင်းနိုးနိုး မျက်မှောင်ကလေးကုတ်ကာ မအောက်နှုတ်ခမ်းလေး တင်းတင်းဖိကိုက်လျက် ခပ်တောင့်တောင့် ကျန်ရစ်ခဲ့သည်။

* * *

## အခန်း (၄)

နံနက်စောစောကြီးမှာ သံတံခါးမှ သော့ခလောက်ကို ဆွဲလှုပ် အသံပြုလိုက်သံကြောင့် မီးဖိုခန်းထဲမှာ ညီနှင့် ဂုဏ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

"ဧည့်သည်"

ညီက ရေရွတ်လိုက်သည်။

ညီ့ သူငယ်ချင်း မိတ်ဆွေတချို့သည် အိမ်ကိုလာလေ ရှိဖူးသော်လည်း လာခဲတတ်ကြပါသည်။ လာလည်းခုလိုနံနက် စောစောကြီး လာလေ့မရှိပါ။ ညီ အလုပ်မှပြန်ရောက်ချိန် ညနေပိုင်းတွေလောက်သာလာဖူးသည်။ ညီသည် ရေချိုးခန်း ကအထွက်မှာ သူ့ လုံချည်ဟောင်းကို အဝတ် လျှော်သူလာလျှင် လျှော်ဖို့ ရေပုံး၌ စိမ်ခဲ့တာမို့ ခန္ဓာကိုယ်မှာ မျက်နှာသုတ် ပုဝါ ပိုင်း ပတ်လျက်သား။

ဂုဏ်က ထမင်းစားပွဲမှာ ရပ်လျက် ကော်ဖီဖျော်နေသည်။ မမနွယ် အခန်းက မမနွယ်၏ အိမ်ဖော်မိန်းကလေးသည် နံနက်



တိုင်း ဈေးသွားမြဲမို့ နံနက် စောစောစားဖို့ တစ်ခုခုမှာလိုက် နိုင်သည်။ သူ့နှင့်မှာလိုက်သော မုန့်ဟင်းခါးနှစ်ပွဲ စားပွဲ၌ပြင် ပြီးနှင့်ပြီ။

သော့ခလောက်သံက ထပ်မြည်လာပြန်သည်။ ညီသည် အပေါ်ပိုင်း ခန္ဓာကိုယ်ကို မျက်နှာသုတ်ပဝါ တစ်ထည်နှင့် ပွတ်သုတ်ရင်း.....

"ဘယ်သူလဲ မသိပါဘူး"

ဟု တစ်ယောက်တည်း ပြောသလို ရေရွတ်ရင်း အိမ်ရှေ့ ဘက် ထွက်သွားလေသည်။ ညီနှင့် ဂုဏ်သည် သည်တစ်ရက် နှစ်ရက်အတွင်း စကားပြောနည်းနေကြသည်။ ကိုယ်ယုံကြည် ရာ ကိုယ်လုပ်ဖို့ နှစ်ဦးသား အတိအလင်း ဖွင့်ပြောထားပြီး ရာ ညီ ပြန်ရောက်လာလျှင် သည်နေ့ မြနန္ဒာတို့မိသားစုကိစ္စ ညီ တာတွေလိုက်လုပ်ခဲ့ပြန်ပြီလဲမသိဘူး ဟု ဂုဏ့်ရင်ထဲ၌ မကြည် မလင် တွေးနေမိကာ ဂုဏ်လည်း တစ်နေကုန် မမနွယ်နှင့် ဘာတွေတိုင်ပင် ဆောင်ရွက်နေကြမလဲ ဟု ညီက မကျေမနပ် တွေးနေတတ်ပုံရသည်။

တစ်ယောက်အရိပ်အကဲကို တစ်ယောက်က အကဲခတ်ကာ ထိုကိစ္စနှင့်ပတ်သက်၍တော့ ထပ်ပံ စကား မဟာဖြစ်ကြပါ။

ဂုဏ်သည် မရွှင်ပျလှသော စိတ်အစဉ်နှင့်ပင် ကော်ဖီခွက် ထဲကို ဇွန်းနှင့် ဝတ္တရားကျေ တခေါက်ခေါက်ခေါက်နေရင်း အိမ်ရှေ့ကို နားစွင့်နေမိ၏။ လာနေကျမဟုတ်သော အထူး တလည်ကိစ္စနှင့် လာသောသူ တစ်ဦးဦး ဖြစ်မှာပေါ့။ ဖြစ်ဖို့ များတာကတော့ ညီလေး ခုတလော ပတ်သက်နေသော

ဦးကျော်လွင်တို့ မြန်မာတို့ကိစ္စနှင့် စပ်ဆိုင်သောသူ တစ်ယောက်ယောက်။

နှုတ်ခမ်းလေးတင်းတင်းစေ့ကာ နားစွင့်နေသော ဂုဏ်သည် အကွင်းတံခါးဖွင့်သံ ကြားပြီး အတန်ကြာအထိ စကားပြောသံ မကြားရသောအခါ ထူးဆန်းလာမိ၏။ မီးဖိုခန်းထဲမှ အိမ်ရှေ့တံခါးအထိလည်း မမြင်ရနိုင်ပေ။

တစ်ခဏ ငြိမ်သက် တိတ်ဆိတ်နေပြီးမှ ညီလေးက သော့ချိတ်ထားရာနေရာကိုလျှောက်လာကာ သော့ကိုဖြုတ်ယူသည်။ ထိုနေရာနှင့်တော့ မီးဖိုက တန်းနေသည်။ လှမ်းကြည့်နေသော ဂုဏ့်ထံ တစ်ချက် ဖျတ်ခနဲ ကြည့်လိုက်သည့် ညီလေးအကြည့်ကို အကဲဖမ်းမရ။ ညီလေးပုံစံက မတုန်မလှုပ် အေးတိအေးစက်ထဲ၌ စိတ်လှုပ်ရှားမှုတစ်ခု ဖုံးကွယ် ရောစပ် ပါနေတန်၏။

ညီလေးက သော့ဖွင့်ပြီးသောအခါ ဧည့်ခန်းဆီ ရှေ့မှ ဦးဆောင်လျက်သွားသည်။ တံခါးဝမှ ဝင်လာပြီး အနည်းငယ်လွန်သည်နှင့် မီးဖိုထဲမှ ဂုဏ် မြင်ရနိုင်ပြီ။ ဂုဏ်သည် ဇွန်းကို ကော်ဖီခွက်၌နှစ်ကာ ရပ်ပြီး ကြည့်နေမိ၏။

ဧည့်ခန်းမှာ ရှုပ်ပွနေသည်။ ကြိမ်ဆက်တီတစ်ခု ချထားလို့သာ ဧည့်ခန်းဟု ဆိုရသော်လည်း ဂုဏ့်ပန်းချီဆွဲ ဒေါက်စင်နှင့်အတူ အခြား မဆီမဆိုင် အရာ တော်တော်များများလည်း ရှိနေကျ။ ပန်းချီဆွဲသော ဒေါက်ကို ခြေခွဲကာ အသင့်ထောက်ထားသော အနေအထားမှ ခြေလေးချောင်းကို စုကာ ပိတ်ပစ်လိုက်ပြီး အနီးဆုံး နံရံမှာ မှီထောင်လိုက်၏။ ဂုဏ် ထိုင်ဆွဲသော ခုံခြေကလေး၊ ကြမ်းပေါ်က ဆေးဘူး



ဆေးခွက် အစုံအလုံ၊ ဆေးစပ်ဖို့ အလွယ်ဆွဲသုံးထားသော ကြွေပန်းကန်ပြား၊ ရေခွက်၊ အဝတ်စုတ် စသည်တို့ကိုလည်း ခေါက်မှီထားရာအနီး ကြမ်းပြင်၌ စုပုံလိုက်၏။

ဧည့်ခန်းလေးက လှည့်သာပတ်သာ အနည်းငယ် ချောင်ချိသွားသည်။ နောက်မှ ခပ်တုံ့တုံ့ ဝင်လိုက်လာသော အမျိုးသမီးကြီးနှစ်ဦးနှင့် အမျိုးသားကြီးတို့ကို ကျောမြင်ဘက်က မြင်လိုက်ရသောအခါ ဂုဏ့်ကိုယ်ကလေး တောင့်တင်းကာ ကြက်သေသေသွားလေသည်။

မေမေ၊ မေမေ၊အန်တီအေး....

လှိုက်ခနဲ ဝမ်းနည်းဆို့နင့်သွားစိတ်သည် ငယ်ထိပ်မှ ခြေဖျားအထိ ပူပူထူထူနှင့် ဖြာ ဆင်း သွား ကာ ဂုဏ့် ကိုယ်ကလေး တဆတ်ဆတ်တုန် ယိမ်းထိုးလာသည်။

“ခဏနော်”

တစ်ကြိမ်မှ စကားမပြောဖူးသော ယောက္ခမတို့ကို ဘယ်လို ခေါ်ရမည်၊ ဘယ် လို ပြော ရ မည် နှုတ်မရဲသေးသလို ညီလေးပြောပုံက အူကြောင်ကြောင် စိမ်းဆတ်ဆတ် ဖြစ်နေသည်။ မေမေထိုင်ရာ နေရာသည် မီးဖိုဘက် ဘေးတိုက်ပေးလျက်သား။ ထိုင်လိုက်ပြီးသည်နှင့် အိမ်ကို လှည့်ပတ်ကြည့်လိုက်သော မေမေ့ မျက်လုံးအစုံသည် မီးဖိုထဲက ထမင်းစားပွဲနံဘေး တောင့်တောင့်လေး ကြောင်ငေးရပ်ကာ တုန်လှုပ်နေသော ဂုဏ့် ကို တန်းခနဲဝင် မြင်လေသည်။

စိုက်စိုက်ကြီးကြည့်နေသော မျက်နှာတင်းတင်းသည် စိတ်ထိခိုက်ခြင်း တစ်ဝက် ရောစပ်ပါနေကာ နီရောင်ပြေးနေ

သည်။ မေမေက ဂုဏ်ဘက် ကျောပေးထိုင်လျက်သား။ လက်ကလေးနှစ်ဖက်ကို ရင်ဘတ်ပေါ်ယှက်ကာ ဖိလိုက်မိသော ဂုဏ့်အမူအရာကြောင့် ဖေဖေက မျက်နှာလွှဲသွားကာ ရှေ့လူစားပွဲပေါ် မျက်လုံးစိုက်ထားလိုက်သည်။

ဒါတွေကို အစအဆုံး ရပ်ကြည့်နေသူက ညီ။

ဂုဏ်အဖေ မျက်နှာလွှဲလိုက်သည်ထိ ဂုဏ့်အမေနှင့် ဂုဏ့်ကို ညီ တစ်လှည့်စီ ကြည့်နေမိသည်။ ဂုဏ့်ကိုတော့ အကြာကြီးပဲ ဆက်သက်စိုက်ကြည့်နေမိလေသည်။ ဂုဏ်လေး၊ သနားစရာလေး၊ စိတ်လှုပ်ရှားနေလိုက်တာ၊ ကြောက်သည်း ကြောက်လန့်နေတဲ့ပုံ။

ဂုဏ်ရယ်....

ဂုဏ့်ထံလှမ်းလာနေသော ညီ့ခြေလှမ်းများက ခွန်အားမပါ။ ဘာမှမဟုတ်သေးဘဲနှင့် အခုချက်ချင်း လက်ငင်းပဲ ဂုဏ့်ကို သူ့ရင်ထဲက ခွဲထုတ် နှုတ်ယူသွားတော့မလိုလို ညီ့ရင်သည် တစ်စတစ်စ ဟာလာ၏။

ဂုဏ့်ကို လက်လွှတ်ရတော့မှာလိုလို သူ့ကို လက်ထဲ ထည့်လိုက်ရတော့မှာလိုလို ဂုဏ်နှင့် ခွဲရတော့မလိုလို ခံစားချက်က ရင်ထဲ၌ ပြင်းထန်စွာ နင့်လာသည်။ ဂုဏ့်နံဘေးထိ လာရပ်မိချိန်ထိ ဂုဏ်က တုတ်တုတ်မလှုပ်သေး။ ခန္ဓာကိုယ်ကလေးကတော့ တဆတ်ဆတ် တုန်နေသည်။

“ဂုဏ်”

သူတစ်ခွန်းခေါ်လိုက်သည်နှင့် ဂုဏ့်လက်ကလေး တစ်ဖက်က သူ့လက်မောင်းသို့ အားကိုးတင်းကျပ်စွာ ရောက်လာ



သည်။ရေချိုးပြီးစအေးစိမ့်နေသောအခံနှင့် ညီ့လက်မောင်း၌ ပင်လျှင် ဂုဏ့်လက်ဖဝါးလေးက အေးစက်နေလေသည်။

“ဂုဏ်....လာလေ”

“ညီလေး”

“လာလေ ဂုဏ်၊ အိမ်ရှေ့သွားရအောင်”

ဂုဏ်သည် ချိုင်းထောက်ကို အယောင်ယောင်အမှားမှား လှမ်းဆွဲလိုက်သည်။ ကုလားထိုင်တစ်ခုတွင် မှီလျက်သား ထောင်ထားသော ချိုင်းထောက်ကလေးသည် တုန်လှုပ်ချောက်ချားနေသော ဂုဏ့်လက်နှင့် လွဲ၍ ထိခတ်မိကာ ဘေးသို့ လဲကျသွား၏။သံမံတလင်းနှင့် ချိုင်းထောက်ထိခတ်သံသည် ဖြောင်းခနဲ ပြည်တည်းကျယ်လောင်စွာ ထွက်လာသည်။

ဂုဏ့်ဖေဖေမျက်နှာက အသံလာရာဘက် ဆတ်ခနဲ ပြန်လည်လာ၏။ ဂုဏ့်အမေပါ ကိုယ်ကိုကိုင်းကာ လှည့်ကြည့်လိုက်သည်။ ကုန်းကောက်မလို ယောင်ယမ်းဟန်ပြင်နေသော ဂုဏ့်ခါးကလေးကို ဖေးမလိုက်ကာ ညီ ချိုင်းထောက်ကို ခါးကိုင်းကောက်ယူလိုက်၏။ ဂုဏ့်အတွက် နေသားတကျဖြစ်အောင် ချိုင်းထောက်ကို ပြင်ဆင်ပေးပြီး လွတ်နေသောဘက်မှ လက်တစ်ဖက်ကို ဆုပ်တွဲကာ ညီ အိမ်ရှေ့သို့ ခေါ်ယူလာခဲ့၏။

ဂုဏ်သည် ခြေလှမ်းအမှားမှားနှင့် ပါလာသည်။ နဂိုကမှ သန်မာမြဲမြံမှု မရှိသော ခြေလှမ်းသည် အမှားမှားအယွင်းယွင်းနှင့်မို့ စိတ်ထိခိုက်ဖွယ်ရာ တိမ်းစောင်း ယိမ်းယိုင်နေတော့သည်။

"သမီးလေး"

ဂုဏ့်မေမေသည် ထိုင်ရာမှ ဆတ်ခနဲရပ်ကာ ချက်ချင်း မျက်ရည်ပြည့်အိုင် လျှံကျလာလျက် ဂုဏ့်ကို အပြေးလာ၍ လိုက်လေသည်။

"ဂုဏ်ရယ်"

ဂုဏ့်မေမေ၏ခေါ်သံသည် ဒေါသတစ်ဝက် ကရုဏာတစ်ဝက်။ မာဆတ်သော်လည်း တုန်ယင်ကြေကွဲနေသည်။ ဂုဏ့် အမေက သူ့လက်နှင့် ထိမိသည်နှင့် ဂုဏ့်တစ်ကိုယ်လုံးကို ပိုင်ပိုင်နိုင်နိုင် သိမ်းဖက်ကာ သူနှင့် အနီးစပ်ဆုံး ထိုင်နိုင်မည့်နေရာသို့ တွဲခေါ်သွားသည်။ ချိုင်းထောက်တစ်ဖက်နှင့် ကြာခဲ့ပြီဖြစ်သော ဂုဏ်သည် အထိုင်အထတို့၌ စိုးရိမ်စရာ အထင်အခေါ်မရှိဘဲ သူ့ဟာနှင့်သူ ပြေပြစ် ပြေလည်စွာ မခက်မခဲ ကျင့်သားရ အထာကျနေခဲ့ရပြီး ဖြစ်သည်။

သို့သော် သူ့မေမေက စိုးရိမ်ကြင်နာမှုလွန်ကဲကာ အဖေးအကူနှင့် ထိုင်နိုင်အောင် လိုတာထက် ပိုမိုကူညီပေးနေတာကြောင့် ဂုဏ့်မှာ ကိုးလိုးလန့်လန့်နှင့် ခါတိုင်းထက်ပင် ထိုင်နိုင်ဖို့ရာ ခက်ခဲနေတော့သည်။ သူ့မေမေက မလွှတ်တမ်း ဆုပ်ကိုင် ဖေးမထားတာကြောင့် ဂုဏ့်လက်နှစ်ဖက်စလုံး မအားဘဲ ဂုဏ့်မှာ အားပြုထောက်ဖို့ လက်မအားတာကြောင့် သူ့မေမေ၏ ဖေးအားနှင့်ပင် ထိုင်ချရသည်။

ဂုဏ့်တစ်ကိုယ်လုံး အလေးချိန်ကို သူ့မေမေ လက်နှစ်ဖက်က ဘယ်မှာ ပေါ့ပေါ့ပါးပါး နိုင်ပါမည်လဲ။ တစ်ကိုယ်လုံး အလေးချိန်ကို ထိန်းထားရသလို ဖြစ်သောအခါ



ဂုဏ်ထိုင်အချ၌ သူ့မေမေပါ ရောယောင် ယိမ်းငိုက်ကာ ဂုဏ့်ကိုယ်ပေါ် မျက်နှာချင်းဆိုင် အပ်ကျသွားမတတ်။ ဂုဏ့်မေမေကို ဂုဏ့်အဒေါ်က တစ်ခါပြန်ထိန်းပေးလိုက်ရရင်း...

"မမမြရယ် ဂုဏ်က သူ့ဘာသူ ထိုင်နိုင်မှာပါ"

"ဘယ်မှာထိုင်နိုင်လို့လဲ အေးရဲ့၊ ဒီလောက် ယိမ်းယိုင်ပြီး အားမရှိဖြစ်နေတဲ့ဟာ၊ စမ်းကြည့်ပါဦး အေးရယ်၊ လုပ်ပါဦး"

ချက်ချင်းလက်ငင်းပင် ဂုဏ့်ခြေထောက်ကို စမ်းခိုင်းနေပြန်တော့သည်။ 'ဖြည်းဖြည်းပေါ့ အန်တီရယ်၊ ဂုဏ်က ဒီလောက်လဲ မဟုတ်ပါဘူး၊ သူ့ဟာသူ ထိုင်နိုင်ထနိုင်ပါပြီ' ဟု ဝင်ပြောမိတော့မလို ပါးစပ်ထဲထိ စကားလုံးတွေ ရောက်လာပြီးမှ ညီ မျိုသိပ်လိုက်ရသည်။

သူ့စကားကို ဝင်ဟန့်ကာ ဆရာဝင်လုပ်သလိုဖြစ်လျှင် မကောင်းပါ။ ဒါမှမဟုတ် ဂုဏ့်ဝေဒနာကို ဘာမဟုတ်တာပါ ဆိုသည့်သဘော ဂရုတစိုက်မရှိဘဲ ဖော့ပစ်သူ တစ်ဦး အခြေအနေရောက်သွားရလျှင်လည်း ဆိုးပါသည်။

ဂုဏ်သည် ဘာစကားတစ်ခွန်းမှ မဆို။ ကုလားထိုင်၌ ထိုင်မိသည်နှင့် မျက်နှာကို လက်ဝါးနှစ်ဖက်စလုံးနှင့် အုပ်ကာ ငိုကြီးချက်မ ဖြစ်နေသည်။

"ဂုဏ်ရည်....သမီးမှားတယ်ဆိုတာ သိပြီလား"

ဂုဏ့် မေမေ့စကားကြောင့် ညီ့ရင်သည် တင်းကျပ်အောင့်သက်သွားကာ အသက်မရှူဝံ့ဘဲ ဂုဏ့်ကို မျှော်လင့်တကြီး ကြည့်လိုက်မိ၏။

မှားတယ်ဆိုတာ သိပြီလားတဲ့။ နိမိတ်ပြမေးခွန်းကြီး။ သိပါတယ် ဟု ဖြေစေလိုသောသဘောတွေ အများကြီးပါနေသည်။ တူးလုံး နားမထွင်းနှင့် မှားပါပြီ ဟုသာ ဂုဏ်က ဆိုလိုက်လျှင်တော့ ညီ့ကို ယူမိတာ မှားပြီဆိုသော သဘောသို့ လုံးလုံးလျားလျား သက်ရောက်သွားမှာ အမှန်ဖြစ်သည်။ မမှားပါဘူးလို့ ဂုဏ်ကလေး ဘယ်လိုဖြေရဲမတဲ့လဲ။

ဂုဏ်သည် အဖြေမပေး၊ အဖြေခက်တာကြောင့် တုံဏှိဘာဝေ လုပ်နေသလား။ ငိုရှိုက်နေရလို့ပဲ စကားမဟနိုင်လေသလား၊ ဘယ်သူမှ မသိနိုင်။

"မေမေတို့ မမမေတို့တို့ခုလို မလေး မစားလုပ်သွားခဲ့တာ သမီး သိပ်မှားတယ်သမီးရယ်၊ ခိုးရာလိုက်တယ်ဆိုတာဟာ မိဘကို ဘာမှမထောက်ထားတဲ့ မိဘမျက်နှာကို မငဲ့ဘဲ သူတို့ ဖြစ်ချင်ရာဖြစ် ကျန်ရစ်ဆိုပြီး သူ့ရဲ့သော နည်းနည်းနဲ့ ကိုယ်လွတ်ရုန်းတာ သမီး၊ ဟိုးငယ်ငယ်ကတည်းက မေမေတို့ ဘယ်လိုသင်ခဲ့သလဲ၊ ခိုးရာတော့ လိုက်မပြေးနဲ့၊ ဘယ်လိုမှမယူဘဲ မနေနိုင်ပါဘူး ဖြစ်နေရင်တောင် အသိအမှတ်တော့ ပြုပေးလိုက်မယ်၊ နောက်မှ မဆက်ဆံချင်ရင် မဆက်ဆံဘဲ နေမယ်၊ ဒါဆို ဘာပဲဖြစ်ဖြစ် ဘေးပတ်ဝန်းကျင် အမြင်မှာ မိဘရော သားသမီးရော နည်းနည်းတော့ ဂုဏ်ကလေးရှိသေးတယ်ဆိုတာ မမှတ်မိဘူးလားသမီး"

"မေမေက....လုံးဝ....မ....မယူရဘူးဆိုလို့ပါ"

ဂုဏ်သည် ငိုသံ ရှိုက်သံ ဗလုံးဗထွေးနှင့် ဆိုသည်။



"မယူရဘူးဆိုတဲ့စကားကို နားထောင်နိုင်တာလဲ မဟုတ်ဘဲနဲ့၊ ဒီတစ်ချက် ဆန့်ကျင်မိပြီဆိုရင် ဟိုးတုန်းက ဆုံးမခဲ့တဲ့ စကားလေးတွေတော့ အမှတ်ရပြီး လိုက်နာသင့်သလောက် လိုက်နာပါတော့လား"

"ဂုဏ်....ညီ....ညီလေးနဲ့ မဖြစ်မနေ အိမ်ထောင်ပြုချင်တယ်ဆိုရင် မေမေက သဘောမတူတော့....ခွဲ....ခွဲလိုက်မှာ စိုးလို့ပါ မေမေ"

ဂုဏ့် လေသံ ဂုဏ့် အပြောကလေးသည် သနားစရာလေး ဖြစ်နေသည်။ ညီသည် ကုလားထိုင်တစ်ခုခု၌လည်း ဝင်မထိုင်ချင်။ အနားမှလည်း ခွာမသွားချင်။ ဂုဏ့် အနီးအနားမှာပဲ နေချင်နေလျက် အခက်တွေ့နေသည်။ ဂုဏ့် ဘေး တစ်ဖက်တစ်ချက်၌ ဂုဏ့် မေမေနှင့် အန်တီအေး ထိုင်နေသည်။

ညီ ရင်မောတာ သက်ပြင်းရှိုက်လျက် အိမ်ထဲ ဝင်ခဲ့ရသည်။ ဓါးမှာ မျက်နှာသုတ်ပဝါပတ်လျက်ကြီးနှင့် မကောင်းသေးပါဘူး၊ တော်ကြာ ဂုဏ့် မိဘများကို မခန့်လေးစားရာ ကျရောက်ပြီး နဂိုကမှ အမြင်ကတ်ရသည့်ကြားထဲ ပိုမိုစက်ဆုပ်နေဦးမည်။

"ညီရှင်းက အခု ဘာလုပ်နေလဲ"

"သူ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ လုပ်ပါတယ် မေမေ"

"ဘာလုပ်ရတာလဲ"

"ဂုဏ် သေချာမပြောတတ်ဘူး မေမေ၊ သူ ပုံလဲဆွဲရတ အပြင်ထွက်ပြီး လိုက်လုပ်စရာရှိတာတွေလဲ လုပ်ရတယ်၊ ဘော့စ်ရဲ့ ကိုယ်ရေးအရာရှိ သဘောမျိုးလဲ လုပ်ရတယ်"

"လခဘယ်လောက်ရလဲ"

"သုံးထောင် မေမေ၊ တစ်ခါတလေ သူဆွဲရပုံရဲ့အခ မူတည်ပြီး ဘောနပ်စ်သဘောမျိုး ထပ်ပြီး ရတတ်ပါတ အဲဒါက တစ်ခါတလေ အများကြီးရတယ်၊ တစ်ခါတလေ နည်းနည်းပဲ၊ ဂုဏ် အတိအကျ မသိဘူး"

"အိမ်ဖော်ရှိသလား၊ မတွေ့ပါလား"

"မရှိပါဘူး မေမေ"

"ဘယ်သူ ချက်ပြုတ်နေသလဲ"

"ဟင်းချိုင့်ယူစားပါတယ်၊ အဝတ်လျှော်တဲ့အမျိုးသ တော့ နေ့လယ်ဆိုရင် လာပါတယ်"

"ဒီအိမ်က ဘယ်သူ့အိမ်လဲ"

"ညီလေးအိမ်ပါ၊ အစကတည်းက ရှိတာမေမေ"

"ညီရှင်းက ဘယ်အချိန်သွားပြီး ဘယ်အချိန် ပြန်ရော တတ်လဲ၊ အချိန်မှန်သလား၊ သူ အပြင်ထွက်နေရင် တစ် ကုန် အိမ်မှာ သမီးတစ်ယောက်တည်းပေါ့၊ အရေးပေါ် ကိ တစ်ခုခုတို့၊ မီးရေးထင်းရေးတို့ကြုံရင် ဘယ်လိုလုပ်မလဲ"

ဘာညာ အစရှိသဖြင့် တရစပ် မေးခွန်းတွေထုတ်နေတာ ညီ အခန်းထဲမှ ကြားနေရသည်။ ဖြန့်ဖြေနေသော ဂုဏ် အသံကလေးသည်လည်း ပထမဦး ငိုသံပါနှင့် ရှိုက်သံ အလုံးအထွေးထွေး။



တစ်စတစ်စ ရှိုက်သံခြားကာ အသံကလေး ပုံမှန် တိုးညင်း ညင်း ကြည်လင်လင်ကလေး ဖြစ်လို့လာသည်။

"ညီရှင်းက အရက်တွေဘာတွေရော သောက်လား"

လေသံနှိမ့်မေးလိုက်ပေမယ့် ဧည့်ခန်းနှင့် အိပ်ခန်းက သုံး ထပ်သား နံရံတစ်ချပ်သာ ခြားသည့်အပြင် အပေါ်ဘက်မှာ တစ်တောင်ကျော်ကျော်လောက်က လွတ်ဟာနေသေးသည်။ ညီက တမင် တီးတိုးလုပ်မေးသော မေးခွန်းကို ကြားလိုက်ရ ကာ မချိတရိ ပြုံးမိလေသည်။

"မသောက်ပါဘူး မေမေ"

"လိမ္မာရဲ့လား၊ သမီးအပေါ်ရော ကောင်းရဲ့လား"

"ကောင်းပါတယ် မေမေ၊ သူ လိမ္မာပါတယ်"

ငယ်ဘဝတုန်းကတော့ ပျော်ပျော်ပေါ့ပေါ့စိတ်နှင့် အရက် လည်း သောက်ဖူးသည်။ အပျော်တမ်းလည်း ဖဲရိုက်ဖူးသည်။ ဖဲရိုက်ရင်းကလည်း ရန်ထဖြစ်ဖူးသည်။ ကြည့်မရသောပုဒ်မ နှင့်လည်း တချိန်းချိန်း ရန်ဖြစ်သည်။ ရည်းစားလည်း များ သည်။ ရပ်ကွက်ထဲ ထောင်ထောင် ထောင်ထောင်နှင့် လူကြီး တွေအမြင်မှာ ထိုကောင်ကလေးသည် ဘယ်သူ့အပေါ်မှ ပမာ မခန့်၊ ထင်သလိုရှုပ်၊ ထင်သလိုနေ၊ လူတေကလေးတည်း။

ညီသည် မနေလည်း နေသင့်သည် နေလည်းနေချင်သည်ဖြစ် ပါလျက် ဘယ်လိုမှအချိန်မရတော့တာကြောင့် ကမန်းကတန်း အဝတ်အစားလဲပြီးလျှင် ဧည့်ခန်းသို့ ပြန်ထွက်ခဲ့ရသည်။ ညီ အပြင်ထွက်တော့မည့်ပုံစံနှင့် ထွက်လာတာကိုမြင်သော ဂုဏ် အဖေက တစ်ချက်လှမ်းကြည့်ရင်း....

"မောင်ညီရှင်း၊ အလုပ်က ဒီနေ့တစ်ရက် ခွင့်ယူလိုက်ရင် ဖြစ်မလား"

ညီသည် များစွာ စိတ်အိုက်သွားမိ၏။

"မဖြစ်ဘူး ဖေဖေ"

ညီသည် လူမှန်းသိတတ်စကတည်းက ဖေဖေ မေမေဟု ခေါ်စရာ မိဘကွယ်လွန်ခဲ့ပြီမို့ ထိုစကားများနှင့် နှုတ်မယဉ်ပေ။ သို့သော်လည်း ကြိုးစားပမ်းစားနှင့် နှုတ်ကထွက်လိုက်သည်။ သူ့သမီးကိုယူထားမှပဲလေ။

"ဒီနေ့က၊ အထူးသဖြင့် လူကြီးက ကျွန်တော့်ကို ခိုင်းထားတာတွေ ရှိနေလို့ပါ၊ မနေ့က သူခိုင်းတုန်း ကြိုပြောနိုင်ခဲ့ရင်တော့ ရနိုင်ပါတယ်၊ ခုမှ ကပ်ပြီး ခွင့်ယူလို့ မရနိုင်ဘူး ခင်ဗျ"

"အန်ကယ်လ် စကားနည်းနည်းပြောချင်တာ ရှိလို့"

ညီသည် အန်ကယ်လ် တူသော အသုံးအနှုန်းကို သတိပြုလိုက်မိပြီး....

"ညနေလောက်များ ဖြစ်မလား အန်ကယ်လ်"

ချက်ချင်းပဲ အခေါ်အဝေါ်ပြင်လိုက်၏။ သူခေါ်စေချင်သလိုသာ ဖြစ်ပါစေ၊ ဘယ်သူတွေ သတိပြုမိ မပြုမိ ဂုဏ်ကနေတော့ သတိပြုလိုက်မိလေသည်။

"ဖြစ်နိုင်ရင်တော့ ခုပဲ ပြောချင်တာပေါ့ကွာ"

"ကျွန်တော် ခွင့်ယူဖို့က...."

"ကဲပါလေ၊ ရိုပါစေတော့၊ မဖြစ်နိုင်တော့လဲ မတတ်နိုင်ဘူးပေါ့၊ အေးအေးဆေးဆေး ပြောရင်လဲ စကားက ရှည်



နေမှာ၊ တိုတိုပြောရရင် ဘာမှမရှည်ပါဘူး၊ ပြောချင်တာက သမီးကို ဒီလိုပုံစံနဲ့၊ ဒီလိုအခြေအနေနဲ့ မင်းမရှိရင် တစ်ယောက်တည်း ကျန်ခဲ့ရတဲ့ အဖြစ်အပျက်မျိုးနဲ့ ဒီလို လေးထပ်တိုက်အမြင့်မှာ မထားချင်ဘူး၊ ထားလဲ မထားသင့်ဘူး၊ ဘယ်လောက်ပဲ အိမ်ထဲပိတ်ပြီး အပြင်ကို မသွားမလာ နေနိုင်တယ်ပဲထား၊ အရေးအကြောင်းဆိုရင် မင်းလဲ အိမ်မှာမရှိ၊ ဘာအဖော် ထားအားကိုးမှုလဲ မရှိ၊ ဘယ်လိုမှ မဖြစ်ဘူး၊ သူသွားလာလှုပ်ရှားနေတာတွေ အဲတွက်လဲ အကူအဖေး လူအဖော်မရှိဘဲ စိတ်မချဘူး၊ အဖော်ခေါ်ထားတယ် ထားဦး၊ အဲဒီအဖော်ကို ပြန်ကြောက်ပြီး စိတ်ပူရဦးမယ့် အခြေအနေ၊ ဒီတော့...."

ညီသည် သူ့ကို မျက်လုံးဝိုင်းလေးနှင့် မော့ကြည့်နေသော ဂုဏ်ကို တစ်ချက်ငုံ့ကြည့်ရင်း ဂုဏ့်ရင်ထဲထိ ထိုးဖောက်အကဲခတ်ကာ အဖြေရှာနေမိ၏။

"ဒီတော့....မင်းတို့နှစ်ယောက် ငါတို့အိမ် လာနေပါ၊ ဖြစ်နိုင်ရင် တစ်ရက်နှစ်ရက်အတွင်း ချက်ချင်းပေါ့၊ ပြောင်းတာရွှေ့တာ မင်းမှာလဲ အလုပ်တစ်ဖက်နဲ့ တာဝန်မကြီးစေရဘူး၊ မင်း တာဝန်မယူနဲ့၊ ငါစီစဉ်လိုက်မယ်၊ အခု လာကတည်းက အဓိက အဲဒါကို လာပြောတာပဲ"

ညီ စကားပြန်ရခက်ကာ နှုတ်ခမ်းစေ့ရင်း ငြိမ်သက်နေမိ၏။ မဖြစ်နိုင်သေးပါဘူး။ ဂုဏ် အမေ၏ စိမ်းကားကားမျက်လုံးအကြည့်သည် ညီကပဲ သူတို့မိသားစု ချစ်ခြင်းကို ဖြိုခွင်းခဲ့

သူလိုလို၊ ညီ့ကို လိုလားနှစ်မြို့မှု ဘယ်လိုမှ မရှိနိုင်သေးတာ သေချာစွာ ဖော်ပြနေသည်။

"မင်းအနေနဲ့ ဘာမှတော့ အဆင်မပြေစရာ ရှိမှာ မဟုတ်ဘူးလို့ အန်နကယ်လ်ထင်တယ်"

"အိမ်ပြန်ရောက်မှပဲ မင်္ဂလာဆွမ်းကျွေးရင်ကျွေး၊ မင်္ဂလာကြွန်ပွဲဆောင်ချင်လဲဆောင်၊ ဆွေထဲမျိုးထဲ အသိုင်းအဝိုင်းထဲ စည်စည်ကားကားကလေး အသိအမှတ်ပြုသွားအောင်တော့ လုပ်ရလိမ့်ဦးမယ်"

"ကျွန်တော်တို့ လက်မှတ်ထိုးပြီး တရားဝင် လက်ထပ်ထားပါတယ် အန်နတီ၊ လူသိရှင်ကြား အသိအမှတ်ပြုတာမျိုး ဖြစ်သွားအောင်လဲ သတင်းစာထဲ ထည့်ခဲ့ပါတယ်၊ လက်ထပ်ခဲ့တာလဲ တစ်နှစ်တောင် ရှိနေပါပြီ၊ ခုမှ ထမင်္ဂလာဆောင်တာတော့...."

"အိုကွယ်....နှစ်ဦးသဘောတူဆိုပြီး [illegible]စ်လက်မပတ်လည်လောက် အကွက်ကလေးနဲ့ထည့်တာ [illegible]သူကရော သေသေချာချာ ဖတ်မိမှာလဲ၊ အန်နတီတို့မိတ်ဆွေ အသိုင်းအဝိုင်းထဲ ဂုဏ် အိမ်ထောင်ကျသွားတာ မသိကြတဲ့သူ အများကြီး၊ ဟိုးတလောကတောင် မြို့တက အရမ်းခင်တဲ့ မိတ်ဆွေမိသားစုက ဂုဏ် အိမ်ထောင်ကျသွားတာ မသိလို့ သူတို့သားနဲ့ လှမ်းစပ်နေသေး...."

"ဪ....မင်းကတစ်မျိုး၊ အပိုတွေ ထားစမ်းပါ၊ မပြောလဲ ဖြစ်တဲ့ဟာတွေ၊ ငါပြောနေတာက အဓိကအချက်ကို ပြောနေတာ၊ ဂုဏ်ရည်ဟာ လေးထပ်အမြင့်မှာ မနေ သင့်ဘူး၊



သွားလာလှုပ်ရှားဖို့၊ လမ်းလျှောက်ကျင့်ဖို့ နေရာထိုင်ခင်း ကျယ်ကျယ်ပြန့်ပြန့်လေး လိုတယ်၊ ခြံထဲဝင်းထဲ လမ်းလျှောက်ပေးဖို့ လိုတယ်၊ ဂုဏ်ရည့်ခြေထောက်တွေဟာ ခုဆိုရင် မြေကြီးနဲ့ မထိတာ ဘယ်လောက်ကြာပြီလဲ၊ မြေကြီးမာတ် လိုနေပြီ၊ ဒီတိုင်းထားရင် ပိုဆိုးဖို့ပဲ ဒီတော့....ငါတို့ခြံထဲ ပြန်လိုက်နေဖို့ သင့်တယ်၊ လိုအပ်တယ်၊ မင်းအနေနဲ့ ဘယ်နေပြောင်းချင်သလဲ မောင်ညီရှင်း"

"ကျွန်တော် သဘောကတော့ အိမ်ထောင် ပြုပြီးပြီဆိုတဲ့နောက်မှာ ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်ခြေကိုယ့်လက်နဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တာပဲ သဘာဝလဲ ကျတယ်၊ လွတ်လပ်မှု အိမ်ထောင်သာယာမှုနဲ့ အောင်မြင်မှု ရှိမယ် ထင်ပါတယ်"

ဂုဏ်ဖေဖေသည် ညီ့ကို ဘာတွေ လာပြောနေတာလဲဆိုသည့် ပုံစံနှင့် မျက်ခုံးရှုံ့ကာ မျက်နှာညိုမှောင် အကဲခတ်ကြည့်နေ၏။

"အန်နကယ်လ်ပြောတာတွေ ဂုဏ် မှာ လိုအပ်နေတာတွေ ဟုတ်သင့်သလောက် ဟုတ်တာလဲ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် အနေနဲ့ ဖြစ်ချင်တာကတော့ ကျွန်တော်တို့ ဒီမှာပဲနေပြီး ညနေဘက် ကျွန်တော် အလုပ်က ပြန်ရောက်တဲ့အခါ ဂုဏ် ကို အန်နကယ်လ်တို့ဆီလာပို့၊ အန်နကယ်လ်ပြောသလို လမ်းလျှောက်လေး ဘာလေးကျင့်၊ အေးအေးဆေးဆေးနေပြီး ညဘက်မှ ဒီကိုပြန်လာ၊ အလုပ် မဆင်းရတဲ့ရက်

ဆိုရင်တော့ တစ်နေကုန် ကျွန်တော် ဂုဏ့်ကို ပို့ပေးနိုင်ပါတယ်”

“မောင်ညီရှင်း ပြောတာက မင်းရော ဂုဏ်ရည်ပါ အိမ်ကို ပြန်လိုက် မနေနိုင်ဘူး ဆိုပါတော့၊ မင်း အခုပြောတာ ယတိပြတ် စကား အကုန်ပဲလား”

“ကျွန်တော့်မှာ ဂုဏ့်အတွက် ကောင်းကျိုးဖြစ်ထွန်းစေချင်တဲ့ စေတနာ ရှိပါတယ်၊ ဂုဏ့်အနေနဲ့ သူ့အကျိုးရှိမယ့်ဟာ၊ သူ စိတ်ချမ်းသာမယ့်ဟာကို သူကြိုက်သလို ဆုံးဖြတ်ရွေးချယ်လို့ ရပါတယ်၊ ကျွန်တော် ခုနပြောတာက ဂုဏ့် ဆန္ဒမှ မဟုတ်တဲ့ အန်ကယ်လ်၊ ကျွန်တော် ဖြစ်စေချင်တာကိုသာ ကျွန်တော်ပြောတာပါ”

“ဂုဏ်ရည်”

“ရှင်....ဖေဖေ”

“သူပြောတာကို သဘောပေါက်သလား”

ဂုဏ်က ညီ့ကို စူးစူးစိုက်စိုက်လှမ်းကြည့်နေရင်းက ယောင်ယောင်ကလေး ခေါင်းကိုညိတ်သည်ဆိုရုံ ညိတ်လိုက်သည်။

“သမီးဆန္ဒက ဘာလဲ၊ ဖေဖေပြောတာ အဓိပ္ပာယ် ရှိမရှိ စဉ်းစားပြီး တိုင်ပင်ကြည့်ဦး၊ ဒီကြားထဲ မောင်ညီရှင်း မအားနိုင်တဲ့ ရုံးဖွင့်ရက် နေ့လယ်ခင်းတွေ ဆေးရုံမှာ လိုအပ်တဲ့ လေ့ကျင့်ခန်းတို့၊ ကုသမှု စမ်းသပ်မှုတို့ ခံယူဖို့ရှိသေးတယ်၊ ဒါတွေအတွက် အဖော် ဘယ်မလဲ၊ လိုက်ပို့ မယ့်သူ ဘယ်မလဲ”

ညီ ထိုနေရာ၌ ဆက်ရပ်မနေလိုတော့ချေ။ သွားဖို့အချိန်ကလည်း လွန်တောင်လွန်နေခဲ့ပါပြီ။ ဂုဏ့်ဖေဖေ မေမေကို



ညီ ဘာအာဃာတမှမရှိတာ သေချာဆိုနိုင်ပါသည်။ သူတို့က မိဘပဲ၊ သဘောတူချင်မှ တူမှာပေါ့၊ ကိုယ်က ခိုးပြေးတော့လည်း ပိုဆိုးတာပေါ့။ အဲသည်အတွက် သဘောမတူရကောင်းလားဆိုသည့် အမြင် ညီ့ရင်၌ မရှိပေ။

သို့သော် ဂုဏ့်မိဘနှင့် ညီနှင့်အကြား အတိုင်းအတာတစ်ခုအထိ ရင်းနှီးနွေးထွေးမှုရဖို့ဆိုတာ အတော် ကြိုးစားညှိနှိုင်းယူလျှင်ပင် ရနိုင်ပါမည်လား ညီ မယုံကြည်။ တစ်အိမ်တည်း နေနေလျှင်လည်း စိတ်ချင်း၊ ခံယူချက်ချင်း အများကြီး ဝေးကွာ စိမ်းကားနေမှာ သေချာသည်။

အနေကျဉ်းကျပ်မှုတစ်ခုကြောင့် သူနှင့် ဂုဏ်ပါ စိတ်နှလုံးချင်း တစ်စတစ်စ ညီမရအောင် ဝေးကွာသွားဖို့ အကြောင်းရှိနေသည်။

သူ့အဖေအမေရှေ့၌ ဂုဏ်သည် ညီ့ခြေသည်းလေးတွေကို ခါတိုင်းလိုညှပ်ပေးဖို့ရာ အင်မတန်မှ ခက်ခဲဝန်လေးနေမှာ သေချာသည်။ သူကရော၊ အဝတ်လျှော်သည့်မိန်းမ မလာတဲ့ရက်၊ သူလည်း ရုံးအားတဲ့ရက်မှာ ဂုဏ့်အပတ်အစားလေးတွေကို စိတ်လိုလက်ရလျှော်ပေးမိသလို အဲသည်အိမ်မှာ နေတဲ့အခါ တယုတယ လျှော်ချင်မှာတဲ့လား....။

နှစ်ဦးသားစလုံးသည် နဂိုက မကျေနပ်ဓာတ်ခံရှိသော မိဘတို့၏ မျက်စိအောက်၌ တစ်ထက်တစ်စ စိမ်းကားအေးစက်လျက် တစ်ယောက်အပေါ် တစ်ယောက် မျှော်မျှော်သလဲ ယုယကြင်နာမှုတွေ လျော့ရဲ ကျဲတောက်သွားမှာပါ။ အဲဒါက

ဘာမှ ပြဿနာမဖြစ်ကြဘူးဆိုလျှင် ကြုံရမည်ပြဿနာ ဖြစ်သည်။

နဂိုက မျက်စိ စပါးမွေးစူးခဲ့သော သမက်တော်မောင်ကို ဇာတ်ချုပ်ကာလေ စိတ်ကြိုက်မတွေ့သည်နှင့် ဂုဏ် မိဘတို့နှင့် ညီ့ အကြား ပြဿနာ ဖြစ်ရပေမည်။ ညီက ခေါင်းငုံ့ခံနိုင်သည် ထား၊ တယ်နှစ်ကြိမ်အထိလဲ၊ နဂိုကတည်းက ကိုယ့်ကို ဆူပူ မာန်မဲမည့်သူ မရှိသည့်ဘဝနှင့် ဇာလတ်တလပ် ကြီးပြင်းခဲ့ သော ညီသည် ဂုဏ် မိဘပဲလေဟု ငြိမ်ခံနေနိုင်သည်ရှိသော် ဆယ်ခါ ဆယ့်ငါးခါ တိုင်လာခဲ့လျှင် စိတ်ပျက်လက်ပျက် ကျဉ်းကျပ်နေရတော့မည်။ အဲသည်အခါ သူပျော်နိုင်မှာ မဟုတ်တော့။ မပျော်တော့သော ယောကျ်ားနှင့် မကြည်တော့ သော မိဘအကြား ဂုဏ် စိတ်ဆင်းရဲမှာ သေချာသည်။ သည်ဇာတ်မျိုးကိုကို ရက်ရှည်လမျာ: ခံစားရသောအခါ ညီနှင့် ဂုဏ့် အကြား နားလည်မှု ကွဲလွဲခြင်းသည် အမြစ်မှစ၍ တစ်စစ အညွန့်တက် ဝေဆာလာမည်။

"ဂုဏ်ရည်....သမီး ဆန္ဒပြောလေ"

ညီသည် အကြည့်ချင်းဆုံနေမိသော ဂုဏ့်ထံမှ မျက်နှာလွှဲ လိုက်၏။

"ကျွန်တော် အလုပ်သွားလိုက်ပါဦးမယ် အန်ကယ်လ်၊ အန်တီ"

ဇွတ်ပင် ထွက်သွားဖို့ ကြိုးစားလိုက်ရသည်။ နှစ်ယောက် သား မသာယာသော မျက်နှာထားနှင့် ညီ့ကို အင်တင်တင် ခေါင်းညိတ်သည်။



"ဂုဏ်....ညီသွားမယ်"

ဂုဏ်က ခေါင်းညိတ်သည်။ ညီ နှစ်လှမ်းသုံးလှမ်း လျှောက် သွားပြီးမှ ရပ်တန့်ကာ ပြန်လှည့်ကြည့်လိုက်ရင်း....

"ကိုယ် ညနေစောစော ပြန်ခဲ့မယ် ဂုဏ်"

ဂုဏ် သည်တစ်ရက်တည်းနှင့်တော့ ချက်ချင်း လက်ငင်း ကြီး ပါမသွားနိုင်သေးပါဘူးလေ။ ညနေ အိမ်ပြန်ရောက် လျှင်တော့ ဂုဏ် မျက်နှာကို တွေ့ရဦးမှာပါ။ 'ဂုဏ် ဒီမှာပဲ နေပါနော်၊ ဟိုအိမ်ပြန်မနေကြဘူးနော်' ဟု ဂုဏ့်ကို တောင်း တောင်းပန်ပန် ပြောလိုသော်လည်း ညီ မပြောချင်တော့ပါ။

ဂုဏ့် ဆန္ဒနှင့်ဂုဏ် ဆုံးဖြတ်ပါစေ။ ဂုဏ် သူ့ကိုချစ်တာ သူ ယုံကြည်ထားပြီးသားပဲ။ မျက်စိသူငယ်နှင့် ဆုံးဖြတ်ရခက်ကာ ဖခင်ကို အဖြေပေးဖို့ ကြောက်နေမည့် ဂုဏ့်မျက်လုံးကလေး တွေကို သူ မှန်းဆ ကြည့်နေမိသည်။

* * *

နန္ဒ ကို ဝင်ခေါ်လိုက်ရသောအခါ တိုင်ရတာ အခက်အခဲ ဖြစ်သွားရတော့သည်။ ပထမက ညီ ကားမောင်းလျက် ဦးလူ ကလေးက ညီ့နံဘေး၌ထိုင်သည်။ စိုးသန်းက နောက်ခန်း မှာ။ စိုးသန်း ပါလာတာကလည်း အိုးအိမ်ရှုးကို ဝင်စရာရှိ သည့် ကိစ္စကြောင့် ညီနှင့် ဦးလူကလေး မြို့ထဲ ထွက်လာတာ နှင့် တစ်ပါတည်း လိုက်လာခဲ့ခြင်း ဖြစ်သည်။

ခုံးမှာက ဝိုးသန့်သော အစဉ်အလွှက်ရှိသဖြင့် စိုးသန့်းပဲ သွားခဲ့ မြန်ဆန်ပြေလည်မည်။ ညီတို့ဝင်လျှင် အသစ်ဆက်ဆံရမည့်သဘော ဖြစ်သည်။

ဦးလူကလေးကားက မနေ့က ယာဉ်တိုက်မှုဖြစ်ကာ လိုင်စင်ပါ အသိမ်းခံထားရသည်။ ထိုကိစ္စအတွက် (၅၁) လမ်း ရုံးကို ဝင်ရမည်။ ဦးကျော်လွင်နှင့် နန္ဒာတို့၏ မင်္ဂလာဆောင်ပွဲ ရက်ရွှေ့ဆိုင်းခြင်းသတင်းကိုလည်း သတင်းစာတိုက်၌ဝင်ထည့်ဖို့ ဦးလူကလေးက တာဝန်ယူထားသည်။ တခြား ကိစ္စ ပေါင်း မြောက်မြားစွာ....။

အားလုံးပြီးစီး၍ သတင်းစာတိုက်ကို ဝင်သောအခါ ကာယကံရှင် ပါရမည်။ မှတ်ပုံတင် သန်းခေါင်စာရင်း ပါရမည်ဆိုသည့်အကြောင်း သိရကာ နန္ဒာ့ကို သွားခေါ်ဖို့အကြောင်းက ဖန်လာရလေသည်။

ရက်ကလည်း ကပ်နေပြီမို့ နောက်တစ်ရက်မှ ထည့်မည်ဟု ရွှေ့ဆိုင်းလို့မရပါ။ လောလောဆယ် ထိုရက်တွင် ထိုသတင်းအတွက် နေရာအားနေပေမယ့် မနက်ဖြန်၌ ထိုနေရာ ကျန်ချင်မှ ကျန်ပေမည်။

“အခုပဲ နန္ဒာ့ကို အိမ်ဝင်ခေါ်မယ် ဖိုးညီ၊ ကဲ....မောင်း”

ဦးလူကလေးရော စိုးသန့်းပါ ပါနေတာမို့ ညီက ဘာမှ စိတ်ထဲ သိပ် အနှောင့်အယှက်မရှိ။ နန္ဒာ့အိမ် ဝင်ခေါ်သော အခါကျမှ ပြဿနာကို ရိုးတိုးရိပ်တိပ် စမြင်ရတော့သည်။



ဦးလူကလေးက လောလောဆယ် ယာဉ်တိုက်မှုကြောင့် ကားမမောင်းချင်တာ အစောကြီးကတည်းက ပြောထားသည်။ လိုင်စင်လည်း မရှိ။ စိုးသန့်းက ကားမမောင်းတတ်။ ညီပဲမောင်းရမည်။ ဦးလူကလေးဖြစ်စေ စိုးသန့်းဖြစ်စေ ရှေ့က ထိုင်လျှင် နောက်ခန်းသို့ တက်၍ အမိုးမပါ ဟာလာတင်းလင်း၌ နန္ဒာက ယောကျ်ားသားတစ်ဦးနှင့် ထိုင်ရမည်။ ညီ့ ပစ်ကပ်ကားကလေးသည် နောက်ခန်းထိုင်ခုံလည်း မပါ။ ဦးလူကလေးက မိန်းမသားလည်းဖြစ် ကောင်းကောင်းလည်း နေမကောင်းလှသော နန္ဒာ့ကို ရှေ့ခန်း၌ ထိုင်စေလိုက်သည်။ သူ နောက်ခန်း၌ ရွှေ့တက်လေသည်။

ထိုအခါ ညီနှင့် နန္ဒာသည် ရှေ့၌ နှစ်ယောက် တွဲလျက်သား....။

နန္ဒာက ဘာမှဖြစ်ပုံမပြဘဲ ရှေ့၌ အေးအေးဆေးဆေးဝင်ထိုင်လိုက်သောအခါ ညီက ဘာပြောလို့များ ကောင်းဦးပါမည်နည်း။ သတင်းစာတိုက်ရှေ့ ကားရပ်မည် ပြင်ချိန်တွင် သတင်းစာတိုက်ထဲမှ တိုက်တိုက်ဆိုင်ဆိုင် ထွက်လာကြသူမတွေကား ဂုဏ်ဖေဖေ၊ ဂုဏ့်မေမေ၊ ဂုဏ်နှင့် မမမိ။

ဂုဏ့်မေမေက ညီ့ကို အလျှင်မြင်သည်။ ပြီးတော့ ဂုဏ်။ နောက်တော့ လေးယောက်စလုံး လှမ်းမြင်သွားကြသည်။ ထိုအချိန်၌ ညီသည် ကားရပ်ဖို့ ခက်ခဲတုန်း။ ရှေ့တိုးနောက်ဆုတ်နှင့် နေရာမကျသေး။ နန္ဒာက ဘေးဘီကြည့်ကာ ညီ

ကားရပ်နိုင်ဖို့ ကူညီပြောဖေးနေသည်။ နန္ဒာသည် သူတစ်ကြ မှ မမြင်ဖူးသော ဂုဏ်တို့ကိုမသိ။ မမမိကိုလည်း သတိမပြ

ညီ့ကား ရပ်အပြီး ညီဆင်းလာအပြီးအထိ ဂုဏ်တို့လူ မစောင့်။ ဂုဏ်ဖေဖေကားပေါ် အားလုံးတက်ကာ ထွ သွားကြလေသည်။ ဘာကြောင့်များ ပုံမှန် သဘောရိုးန ကိုယ့်ယောကျ်ား ကိုယ့်သမက်ကို စောင့် မနှုတ်ဆက်နိုင တာလဲ....။ ဘယ်သူမှ မသိလိုက်သော်လည်း ညီသည် အခ ခက်ခက် အောင့်သက်သက် ဖြစ်ကျန်ရစ်ရသည်။

သည်ကြားထဲ ဂုဏ်ကြည့်သွားပုံလေးသည် ညီ့ မျက်လ ထဲ တရစ်ဝဲဝဲနှင့် အာရုံထဲက တော်တော်နှင့် မထွက်ဖ အကဲခတ်တဲ့ အကြည့်၊ စိမ်းကားတဲ့ အကြည့်၊ အခံရခက် အကြည့်၊ ဖမ်းနည်းတဲ့အကြည့်၊ ဂရုမစိုက်တဲ့ အကြည့်။ စက္က ပိုင်းကလေးအတွင်း ဂုဏ့်မျက်ဝန်းထဲ၌ အကြည့်မျိုး စုံလ စွာ ယှက်ဖြာပြသွားခဲ့သည်။

သတင်းစာတိုက်၌ အဆင်ပြေပါသည်။

သို့သော် နန္ဒာကား မျက်နှာကလေး နွမ်းမှိုင်းနေသည် ဦးကျော်လွင်ကို နန္ဒာက မင်္ဂလာပွဲ ရွှေ့ဆိုင်းသည့် သတင် ထည့်ခိုင်းသည်။ ဦးကျော်လွင်က ရုံးလူကြီး အသိုင်းအဝိုင်းထဲ အံ့ဩအကဲခတ်စရာ သတင်းတစ်ခု ဖြစ်သွားမှာ မလိုလာ တတ်နိုင်လျှင် နန္ဒာရော ဦးကျော်လွင်ပါ မရွှေ့ဆိုင်းလိုပါ ရွှေ့ဆိုင်းခြင်းသည် အနည်းနှင့်အများတော့ လူပြောစရာ စိတ်ဝင်စားစရာသတင်း ဖြစ်သည်။



မရွှေ့ဆိုင်းလိုတာချင်း အတူတူ နန္ဒာကတော့ မိန်းမသား ၏ သူမနာမည် ထိခိုက်ပျက်စီးမှာကို သိက္ခာပိုင်းအရ ပိုမို ်းစားပေးရပေသည်။ ဦးကျော်လွင်က သူ့ မိန်းမထံ တစ်ခါ လောက် သွားရောက် ညှိနှိုင်း အသနားခံ လို သေး သည်၊ နန္ဒာက လက်မခံနိုင်တော့။ဟိုမမီသည်မမီဖြစ်မှာ စိုးရိမ်သည်။ ဇာတ်မရှည်လက်မရှည်နှင့် သူကိုယ်တိုင်ပဲ သွားထည့်တော့မည် ဟု ဦးလူကလေးကို အကူအညီ လှမ်းတောင်းခြင်းသာ။

ဘာပဲဖြစ်ဖြစ် အသေအချာ စီစဉ်ပြီးကာမှ ကုသိုလ် ကံကြမ္မာက နှောင့်ယှက်လေသောအခါ မိမိ သတို့သား လောင်းသည် တရားဥပဒေအရ တရားဝင် လွတ်လပ်သူမဟုတ် သေးတာကြောင့် စီစဉ်ပြီးသော နေ့ရက်မှ အကန့်အသတ်မရှိ ရွှေ့ဆိုင်းရလေသောအခါ နန္ဒာသည် ရှက်ခြင်း၊ ဝမ်းနည်း ခြင်း၊ စိတ်ပျက်ခြင်း၊ မင်ပန်းခြင်းတို့ ပေါင်းရုံး ခံစားရ လျက် ငိုတော့မလိုလိုလေး ဖြစ်နေရှာသည်၊

ဪ....ဘယ်လိုအဖြစ်မျိုးများ လာကြုံနေရပါလိမ့်....

ညီသည် သူ့ ကံကြမ္မာကို သူ အံ့ဩနေမိသည်။ ရည်းစား ဟောင်းနှင့်များ ခုလို မိတ်ဆွေကောင်းပုံစံ လာပြန်ဆုံစည်း နေရသည်ရယ်လို့....။

နန္ဒာနှင့် ချစ်သူတွေ ဖြစ်သည် ဆိုတုန်းကတည်းက လှမ သော၊ နာမည်ကြီးသော ထိုမိန်းကလေး၏ အဆင်း၌ အာရုံ ငြိတွယ်ခြင်းသာ ဖြစ်ခဲ့တာမို့ အလေးအနက် မဟုတ်လှသော သူတို့နှစ်ဦး မေတ္တာသည် ပါးလှပ်လှပ် ပေါ့ရှပ်ရှပ်သာ။ နန္ဒာ သည်းညည်းလည်း သူမခံနိုင်။ သူ့ သည်းညည်းလည်း နန္ဒာ

မခံနိုင်ခဲ့။ သူငယ်ချင်းတွေကိုပင် သူ နန္ဒာ့ထက် ပိုပြီး အချိန်ပေးခဲ့သေးသည်။ သူငယ်ချင်းများနှင့် ဗရုတ်ကျကျနေရတာကို ပိုပြီး လွတ်လပ်ပျော်ရွှင်ခဲ့သည်။

နန္ဒာနှင့် ပြတ်ကြတော့လည်း ဘယ်လောက်မှ မခံစားရ။ တကယ်တမ်းမှာ သူနှင့် နန္ဒာသည် ခုလို ပြန်တွေ့ကြချိန်၌ မခေါ်နိုင်မပြောနိုင် စိတ်နာ အမြင်ကတ်နေကြတာမျိုးတောင် ပိုပြီး ဖြစ်သင့်သည်။ စပြတ်သူက နန္ဒာ၊ ထိုအခါ ညီ့လို မိန်းမရွှေ့ သူ ယောကျ်ားတစ်ယောက်အဖို့ မခံချင်စရာလိုလို....။

အဲဒါကို မခံချင်စိတ်နှင့် နန္ဒာ့ကို သူ ကြည့်မရဖြစ်ဖူးသည်။ သူငယ်ချင်းတွေနှင့် ခါတိုင်းထက် ပို ဟေးလားဟားလား လုပ်ကာ နန္ဒာ့ကိုပင် မခံချိမခံသာဖြစ်အောင် နောက်နောက်ပြောင်ပြောင် နေဖူးသေးသည်။ ဘာမှမကြာသော ရက်ပိုင်းအတွင်းမှာပဲ နောက်ထပ် မိန်းကလေးတစ်ဦးနှင့် ညီ ရည်းစားဖြစ်ခဲ့ပြန်လေသည်။

ညီကလည်း ဆိုးတာ။

နန္ဒာ့ကို နောက်ပိုင်းမှာ လှောင်တာပြောင်တာမျိုး လုပ်ခဲ့ဖူးသည့်အတွက် နန္ဒာကလည်း ညီ့ကို အလကားလူ၊ ယောကျ်ားမဟုတ်ဘူး၊ ဘာညာ စသဖြင့် စကားနှင့် တုံ့ပြန်ထိုးနှက်ဖူးသည်။ ကွဲကွာသွားချိန်မှာ တစ်ယောက်နှင့် တစ်ယောက် အမြင်ကတ်ကာ ချဉ်ချဉ်တူးတူး ကြည့်မရ ဖြစ်ခဲ့ကြတာပါ။

သို့သော် ပြန်တွေ့ချိန်က ကျောင်းပြီးသွားတာပင် သုံးလေးနှစ်ရှိခဲ့ပြီမို့ အဖြစ်အပျက်တို့က ငါးနှစ် ငါးနှစ်ကျော်



ခဲ့ပြီ။နှစ်ဦးသားလုံးသည် လူကြီးစိတ်အပြည့်မဟုတ်တောင် ဘော်ကြီး မွေးမြူနိုင်ကြပြီ။ နန္ဒာက စတင်နှုတ်ဆက်မလေ တာအခါ ညီ့ဘက်က မခေါ်နိုင်စရာ မပြောနိုင်စရာ အာ ကြောင်းမှ မရှိပါ။စိတ်ထဲလည်း ဘာဆိုဘာမှ အခံမရှိတော့ ။

အဲဒါတွေကို ဂုဏ်လေးအမြင်ရှင်းနိုင်လျှင် သိပ်ကိုကောင်း ပဲ ဟု ညီ တောင့်တောင့်တတ ဖြစ်မိသည်။

နန္ဒာ့ကို သူ့ အိမ်မှာ ပြန်ချ။ စိုးသန်းကို အလုပ်ခွင်ဆီ ပြန် သတ်စ်ကားဂိတ်တစ်ခုမှာချ။ ဦးလှကလေးကို သူ ညနေပိုင်း ခဲ့မည့် သူ့ မိတ်ဆွေတစ်ဦးအိမ်မှာချ။ ပြီးသောအခါ သွားပြီ။ နေ့လယ် စထွက်လာကတည်းက ရှစ်မိုင်က အလုပ် ပြန်ဖို့ ရည်ရွယ်ချက်မရှိသော ညီသည် ပြန်ယူစရာ မြန်လုပ် ဘာမှမလိုတော့။

သူ့မိတ်ဆွေထံမှ တစ်ဆင့် ရှစ်မိုင်ကို ဦးလှကလေး တစ် ပြန်ဦးမည်ဖြစ်သည်။ ညီ့အတွက် နောက်ဆံတင်းစရာ ဘ်လည်းမရှိတော့။ ဦးလှကလေးကလည်း သည်ရက်ပိုင်း ညီ့ကို တော်တော်ပစားပေးသည်။သူ့ ခေါင်းပေါ် ရောက် သော ပြင်ပတာဝန်တွေထဲက တချို့တလေကို ညီ့ထံ ခွဲ သွားရတာမို့ ညီ တော်တော်ကလေးနားခွင့် လစ်ခွင့် လို ဖြစ်နေသည်။

လေးနာရီတိတိအချိန်မို့ ညီသည် နံနက်ကတည်းက ဗေး ထားသော စိတ်ကူးအတိုင်း စကော့ဈေးကို ဝင်လာခဲ့ ည်။ ဆိုင်တွေဖွင့်ပါသေးတယ် ဟု မျက်စေ

အောင်မြင့်ထွန်း ❋ ၈၁၉၀
—ရပ်ကွက်၊ မြို့သစ်

သွားရင်း ပန်းချီပစ္စည်း အရောင်းဆိုင်အနားအထိ ကာ
မောင်းလာခဲ့သည်။

ဂုဏ့်အတွက် ဆေးဘူးတွေ သည်နေ့တော့ ဝယ်ကို
သွားမည်။ ကံထူးစွာ ကားရပ်စရာနေရာကလည်း အဆ
နေတာမို့ ပန်းချီပစ္စည်းအရောင်းခန်းသို့ လျှောက်လာ
ညီ့ခြေလှမ်းတို့က တက်ကြွပေါ့ပါးကာ ဖျတ်လတ်နေကြ
သည်။

ဆေးဘူးတစ်ခုကို ကောက်ကိုင်လိုက်ပြီး ဈေးမေ
ခေါင်းမော့လိုက်သော ညီ့နှုတ်ခမ်းတို့သည် ဈေးမမေ
တအံ့တဩ ဟပွင့်သွားကြရ၏။

ဂုဏ်....

သူ့အနားရောက်လာသော ဂုဏ်သည်လည်းပဲ ညီ့ကို
တဩကြည့်သည်။ ဂုဏ့်ကို အပြင်မှာ သည်တစ်နေ့တည်း
ကြိမ်ကိုတိ မြင်ရသည်။ ဂုဏ်လေးဟာ သည်နေ့မှ အပြ
ပြန်စထွက်တာ။ သည်နေ့မှာပဲ ညီနှင့် နှစ်ကြိမ်။ ဂုဏ့်ကို
ထောက်လေးနှင့် ပြင်ပလောကဦ သွားလာလှုပ်ရှားနေ
မမြင်ဖူးသော ညီသည် နေ့လယ်ကလည်း ရိုးတိုး ရိပ်
ကလေးသာ ဖျတ်ခနဲ ကြုံလိုက်ရတာမို့ ခုတစ်ကြိမ်
အသေအချာကြီး စူးစိုက်ကြည့်လိုက်မိလေသည်။

ဂုဏ်သည် လမ်းလျှောက်နေရတာ ရုက်ကိုးရုက်ကန်း
နေသည်။ ချိုင်းထောက်နှင့် လူမြင်ကွင်း၌ ဂုဏ် အသ
သေး။ မျက်နှာကလေး မင့်တင့်ဆံပင်လေးနှင့် မျက်နှာ
ကွယ်ထားဖို့ ကြိုးစားနေလျက် သူမကို ဘယ်သူကမျှ ဖြ



လဲ ဟုကြည့်သည်ကြည့် မစံ့မရဲ အကဲခတ်လျှောက်ကြည့်
ရင်းကပင် ညီ့ကို မြင်သွားပုံရသည်။

အင်္ကျီအဖြူရောင် ပွပွဖားဖားကလေးနှင့် အဝါဖျော့ဖျော့
ရှည်ကလေး ဝတ်ထားသော ဂုဏ်သည် နုလွနေသည်။ မြင်
ကာသည် ဂုဏ့် ရုပ်ရည်ကလေးနှင့် ဂုဏ့်အခြေအနေကို
ကာသက်စွာ ဖြစ်မှဖြစ်ရလေဆိုသော မျက်ဝန်းမျိုးနှင့်
ကြင်နာနာ ကြည့်သွားကြမည်သာတည်း။

ဂုဏ့်ကို ခုလို ပြင်ပြင်ဆင်ဆင်ကလေး မမြင်ရတာ ကြာ
အိမ်မှာနေရင်း အဝတ်အစားတွေနှင့်သာ အိမ်ထဲမှာ မပြင်
ဆင်တွေ့နေကျဖြစ်နေသော ညီသည် ဂုဏ့်ကို သပ်သပ်ရပ်
ပြင်ပြင်ဆင်ဆင်နှင့် အပြင်တစ်နေရာမှာ တွေ့လိုက်ရသော
ဂုဏ့်ကို စတင်မြတ်နိုး ချစ်ခင်မိပြီဖြစ်သော အချိန်ပိုင်း
တစ်နေရာမှာ အမှတ်မထင် မမျှော်လင့်ဘဲ တွေ့လိုက်ရ
ရင်ခုန်ရပုံမျိုးနှင့် တိုးတိုးကလေး ရင်ခုန်လာမိလေ
သည်။

"ဂုဏ်...."

ညီ ခပ်တိုးတိုးခေါ်လိုက်သည်။

ဂုဏ့်နောက်မှာ မမမိ။ ဂုဏ့်ခြေလှမ်း ရပ်သွားသဖြင့် သူ
သည်းရပ်ကာ ညီ့ကို လှမ်းမြင်သွားသည်။ ညီ့ကိုမြင်သည်နှင့်
နှာ မကြည့်မလင် မသာယာတော့ဘဲ ဖြစ်သွားတာမို့ ညီ
မမိကို ဂရုစိုက်မနေတော့ဘဲ မျက်နှာလွှဲလိုက်သည်။ ဟိုးအ
နောက်မှာ ဂုဏ့် ဖေဖေနှင့်မေမေသည် ရောင်းရန် ပန်းချီကား
ချို့ကို ကြည့်နေကြ၏။

တစ်နေကုန် ဂုဏ့်ကို အပြင်ခေါ်ကာ အဖေရော အ
ပါ တကောက်ကောက် လိုက်ပါပို့ပေးနေကြပုံရသည်။

"ညီ....ဂုဏ့် အတွက် ဆေးလာဝယ်တာ"

ညီက လက်ထဲမှ ဆေးဘူးကို ပြန်ချလိုက်ရင်း ဂုဏ် ပြ
သာရုံမျှ လှမ်းပြောလိုက်သည်။ ဂုဏ့်နှုတ်ခမ်းကလေး
သရော်တော်တော်လိုလို တစ်ချက် ကော့ကာ ပြုံးမဲ့သွာ
ဂုဏ့် မျက်နှာလေးက အိုကာ မျက်လုံးသည် မျက်ရည်
နှင့် အရောင် တဖျပ်ဖျပ်လဲ့နေ၏။

"မဝယ်ပါနဲ့တော့ညီ၊ ဖေဖေတို့ ဝယ်ပေးပြီးပြီ"

ညီသည် ရင်ထဲအောင့်သွားကာ ဘာ ပြော ရ မည် မ
အောင် စိတ်မကောင်း ဖြစ်သွားမိလေသည်။ ဂုဏ်က
ဘက်လှည့်ကာ ဘူးရော့ မလက်ထဲမှ အထုပ်များ၊ ကြွပ်ကြွပ်
များဆီ တစ်ချက်ကြည့်သည်။

"ဂုဏ် အပြင်မထွက်ရတာ ကြာလို့ ဖေဖေတို့ မေမေတ
ဒီနေ့ ဘုရားပို့ပေးတယ်၊ ပြီးတော့ ဂုဏ်လိုချင်တာ ဝယ်
အောင်ဆိုပြီး ဈေးခေါ်လာတယ်"

"သူ့အဖေနဲ့ အမေက ဝယ်လိုက်ခြမ်းလိုက်တာ
မနေနိုင်တော့၊ ဂုဏ် အမောဖြေရအောင် ငါပါဝင်ခေါ်တာနဲ့
လာတာ၊ ခြေထောက်တွေလဲ တောင့်လို့၊ လက်တွေလဲ
သယ်ရတာ ညောင်းနေပြီ"

ညောင်းနေပြီဆိုသော်လည်း မမမိမျက်နှာသည် ဒါတွေ
ကျေနပ်နှစ်သက်စွာပြုံးလျက်။ ဂုဏ့် အတော်ချစ်ခင်ပုံရသော
ယောက်မ ဖြစ်သည်။ ဂုဏ့်ကို သည်လို အပြင်ခေါ်ထုတ်ရသ



ကျေနပ်ကြည်နူးနေသော မျက်နှာ၊ ညီ့ကို သိပ်ပြီး ပမာမခန့်
လှသော်လည်း ဂုဏ့်ယောက်ျားမို့ ဆက်ဆံရပေမည်ဆိုသည့်
လေသံ။ အတော်ကြီး တတ်နိုင်ပါပေသည်။

"ဂုဏ်လဲ ဆေးဝယ်ချင်တာ သတိရတာနဲ့ လာဝယ်လိုက်
တယ်"

ညီသည် ဘာမှ ပြော စ ရာ စ ကား မ ရှိ သ ဖြင့် ခေ
တဆတ်ဆတ် ညိတ်လိုက်ရသည်။ ကိုယ့်မိန်းမ အရင်းခေါ
ခေါက်နှင့် လမ်းမှာ ဆုံရတာသည် သူစိမ်းပြင်ပြင်ပုံစံ ဖြစ်
နေသည်။ မတွေ့ရတာကြာလို့ဆိုလည်း ထားပါတော့။ သည်
နေ့ထိ တစ်အိမ်တည်းမှာ တူတူနေခဲ့။

ထိုစိမ်းကားခြင်းသည် ဂုဏ့်မျက်နှာထားကြောင့် အလိုလို
ပေါက်ဖွားလာရတာ ဖြစ်သည်။ ထိုမျက်နှာထားသည် "မင်း
မရှိပေမယ့် ကိုယ့်မှာ ယုယကြင်နာမယ့်သူတွေ အပြည့်ရှိပါ
တယ်" ဟု ထုတ်မပြောသော မျက်နှာ။ ထိုမျက်နှာ၌ ညီ့
အပေါ် နာကြည်းမှုရှိနေသည်။

ညီ စိတ်ပျက်ဝမ်းနည်းလာမိသည်။ စိတ်ကိုတင်းကာ....

"ဂုဏ်တို့ အားလုံး ဝယ်ပြီးကြပြီလား၊ ပြန်တော့မှာ
လား"

ညီ မေးလိုက်မိသည်။ မမမိက "ခုပဲ ပြန်မှာ" ဟု ဝင်ဖြေ
လျက် ဂုဏ်က ခေါင်းညိတ်ရုံ ညိတ်လေသည်။

"ညီလဲ ဆေးဝယ်ဖို့တစ်ခုပဲ ဝင်လာတာ၊ ဂုဏ် ဝယ်ပြီးပြီ၊
ပြန်တော့မှာဆိုရင် ပြန်ကြရအောင်လေ၊ ဂုဏ့် ဖေဖေမေမေ
တို့ရော မမမိရော အိမ်လိုက်ခဲ့ကြဦးမှာလား"

“ဂုဏ့်ကို ပြန်ပို့ရမှာပဲဟာ”

“ကျွန်တော်လဲ အခု အိမ်ပြန်မှာ၊ အိမ်တန်းပြန်မှာမို့ လို့ ပေးတာပါ”

မမမိက ဂုဏ့်မျက်နှာကို လှမ်းကြည့်သည်။ ဂုဏ်က သူ့ ...တော့်ဆီတစ်လှည့် ညီ့ထံတစ်လှည့် ဖြည်းညင်းစွာ တစ်လှည့် ...င်းကြည့်လိုက်ပြီး....

“ဂုဏ့် ဖေဖေတို့ကားနဲ့ပဲ ပြန်လိုက်ခဲ့လိုက်မယ်၊ ညီ ရှေ့က သွား”

ညီသည် ဂုဏ့်ကို တွေတွေကြီး စိုက်ကြည့်လိုက်မိသည်။ လက်လွှတ်ရတော့မှာဟု အလိုလို ထင်မြင်ယုံကြည်လာမိသော ဦးနှောက်သည် ဘာလုပ်လို့ ဘာကိုင်ရမည်၊ ဘာစကားဆက်ရမည်ဆိုတာ မတွေးနိုင်လောက်အောင် ကျပ်ခဲ တင်းတောင့်သွားခဲ့ပြီ။ ညီ တံတွေးတစ်ချက် ယောင်ယမ်းမျိုလိုက်မိရင်း....

“ကောင်းပါပြီ ဂုဏ့်”

အသာတကြည် ခေါင်းညိတ် လိုက်လျောလိုက်မိသည်။ ဂုဏ့်မျက်နှာကို မမြင်ရတော့မှာလို တမ်းတမ်းတတကြီး ခဏငေးကြည့်နေမိပြီးမှ ချာခနဲ လှည့်ထွက်ခဲ့မိလေသည်။

* * *

မီးမှိတ်ထားသော်လည်း ပြတင်းခန်းဆီးကို ဘေးခွဲကာပ်လျက် ပြတင်းတံခါးများ ဖွင့်ထားသည့်အတွက် မပြည့်တပြည့်



လ၏ အလင်းရောင်က အခန်းထဲသို့ နုနုဖျော့ဖျော့ ဝင်ရောက်လင်းနေသည်။

အေးစိမ့်စပြုနေပြီ....

“ပြတင်းပေါက် ပိတ်လိုက်မယ်နော် ဂုဏ်၊ အေးတယ်”

“ညီလေး ချမ်းလို့လား”

ဂုဏ့်လေသံသည် ခုချိန်ထိ မပျော့ပျောင်းနိုင်သေး။

“ညီ မချမ်းဘူး ဂုဏ်၊ အေးလို့ ဂုဏ့်ခြေထောက်အတွက် ပြောနေတာ၊ ဂုဏ့်ခြေထောက် ကိုက်ခဲလာမှာစိုးလို့....”

“မကိုက်ပါဘူး၊ ရပါတယ်၊ ဂုဏ် ဖွင့်ထားချင်တယ်”

ခါတိုင်းလိုသာဆို အလကား ခေါင်းမာနေတာပဲ၊ ဘာသာပြောတာ ညီ စိတ်တိုမိပေမည်။ ခုတော့ အဲသလိုဖြစ်ဖို့ရာ ဝိတ်မပါတဲ့ စိတ်တွေက လေးလံ ပင်ပန်းနေဘာမို့ ညီ ဘာမှ ဆက်မပြောမနေတော့ပေ။ တကယ်လို့ ပြောလည်း အပိုပါပဲ၊ ဂုဏ်က ညီ ဘာပြောပြော အတွန့်တက်ဖို့၊ အရွဲ့တိုက်ဖို့၊ ဆန့်ကျင်ဖို့ အဆင်သင့် ဖြစ်နေတာပဲ။

ညီလေးထံမှ စကားသံ ထပ်မထွက်လာဘဲ ထိတ်ဆိတ်ငြိမ်သက်သွားသောအခါ ဂုဏ်သည် လရောင်အားကိုးနှင့် အခန်းထဲမှာ မြင်တွေ့နေရသမျှကို လိုက်ကြည့်နေမိ၏။ မှန်တင်ခုံပေါ်မှာ ငွေရောင်ကွပ် မှန်ပေါင်ကလေးနှင့် ထည့်ကာ ထင်ထားသော ဓာတ်ပုံကလေးဆီမှာ မျက်လုံးကလေး ငေးစိုက်နေမိသည်။

ပုံထဲမှာ ညီလေးက ဂုဏ့်ပခုံးကို နောက်ဘက်မှ [illegible] ဖက်ထားသည်။ ညီ မေးစေ့အောက်မှာ ရှိနေသော ဂုဏ့်

ဦးခေါင်းကလေးသည် နောက်သို့ မှီယိုင်ကာ ညို့ဝခုံးထက်၌ မျက်နှာလေး မော့မှီနေသည်။ နှစ်ယောက်စလုံး ကင်မရာဆီ ကြည့်ကာ ပြုံးရယ်နေကြတာချင်း အတူတူ ညို့မျက်နှာသည် အားရပါးရဆန်သော ပီတိပြုံးနှင့် ပကတိ လန်းဆန်းကြည်နူးနေသည်။

ဂုဏ့်အပြုံးက လှပရဲ့၊ ပြီးတော့ ဂုဏ် ရှက်လည်းရှက်နေသည်။ အဲသည်နေ့က ဂုဏ်တို့ လက်မှတ်ထိုး လက်ထပ်သောနေ့။ ညို့နောက်ကို လိုက်ခဲ့အပြီး၏ နောက်တစ်နေ့။ မင်းဦး ရိုက်ပေးသော ပုံဖြစ်သည်။မင်းဦးမှာ ကားလည်းလိုက်မောင်းပေးရ၊ အထုပ်အပိုးလည်း သယ်ပေးရ၊ လက်မှတ်ထိုးကြလည်း ဆောင်ရွက်ပေးရ။ ထိုစဉ်က ဓာတ်ပုံ၏ နောက်ခံအဖြစ်ပါနေသော ညှော်ခန်း အုတ်နံရံအရောင်သည် ပုံထဲမှာ အသရင့်တုန်း။ ခုတော့ အိမ်ရဲ့ နံရံဆေးသားတွေပင် ဖျော့တော့ကွက်ကျားကာ အရောင်ဆုတ်ခဲ့ပြီပဲ။

ညိုက ထိုပုံကိုကြည့်ကာ....

"တွေ့လား၊ ညိုက တကယ်ပျော်နေတာ၊ ဂုဏ်တ ညိုလောက်မပျော်ဘူး"

"ဟင့်အင်း....ဂုဏ်ကြောက်နေတာပါ၊ ပြီးတော့ ရှက်နေတာ၊ ဂုဏ်က ပိုပျော်သေးတယ်"

အဲသည်တုန်းက ညိုသည် 'ကိုယ်က ပိုပျော်တာ' ဟု ရေမကာ ငြင်းခဲ့သည်။ ကိုယ့်မှာ တကယ့်ကို ချစ်ရမယ့်မိန်းကလေး တစ်ယောက် ရှိနေတဲ့ အဖြစ်ကို သိပ်ပျော်တာပဲ၊ စိတ်ချမ်းသာဖို့ကောင်းတယ်၊ ကိုယ့်မှာ သံယောဇဉ်ရှိနေတဲ့ အခြေအနေတို



ရပြီ၊ အစက ဘာသံယောဇဉ်မှ မရှိဘူး၊ဘာမှ ငဲ့စရာ နောက်လှည့်ကြည့်စရာ မရှိဘူး သိလား၊ ခုတော့ တစ်ခုခုလုပ်မယ်ဆိုရင် နောက်ကိုငဲ့ကြည့်ရမယ့် သံယောဇဉ်ကလေး ရှိပြီ။ကိုယ်လိမ္မာရတော့မယ်၊ သိလား၊ ဂုဏ် ဟု တလှိုက်တလှဲ ဆိုခဲ့သော စကားတို့ကို ဂုဏ်သည် ခုချိန်ထိ နားထဲ၌ အထပ်ထပ် စကားလုံးစေ့ မှတ်မိဆဲ။

"ညို လိမ္မာတော့မယ်....ဆို"

ထိုစကားတစ်ခွန်းနှင့် ဂုဏ်သည် ညို့ကို အောင်နိုင်ခဲ့သည်။ ဂုဏ် မနှစ်သက်ချင်တာ တစ်ခု သူ ဇွတ်တရွတ် လုပ်ချင်နေပြီဆိုလျှင် ဂုဏ်က ဟိုစကားကလေးနှင့် စောဒကတက်လိုက်သည်နှင့် ချက်ချင်း ညို အောင့်အည်း နောက်ဆုတ်နေလိုက်မြဲ။

ညိုရယ်....

ညို ဂုဏ့်ကို ချစ်ခဲ့တာ ဂုဏ် ယုံကြည်ပါတယ်။

ဂုဏ်သည် ခုချိန်မှာတော့ ဘာကိုမှ သိပ်ကြီး မယုံကြည်ရဲလှတော့ပါ။ ယောကျ်ားတစ်ယောက် ဂုဏ့်ကို စွဲလမ်းနေစေဖို့အတွက် ကိုယ့်ထံမှာ ခိုင်မြဲနေစေဖို့အတွက် ဂုဏ့် ချွတ်ယွင်းချက်က အမြှောင့်အယှက်ဖြစ်နေပြီဟု ဂုဏ်ယုံသည်။ ဒါကလွဲပြီး တခြားအရာတွေကို ဂုဏ် မယုံရဲ။

မြနန္ဒာ၏ ငြိတွယ်ချင်စရာအလှကို ဂုဏ် သည်နေ့မှ မျက်ဝါးထင်ထင် မြင်ခွင့်ရတာမို့ တဲတဲကလေး ထဲ ထဲ ကလေးကျန်သေးသော မိမိကိုယ်ကို စိတ်ချနေဝံ့ စိတ်အမျှင်တန်းသည် ဖျတ်ခနဲပင် တိုးတိုးတိတ်တိတ် ပြတ်တောက် ပျက်စီးသွားခဲ့ပြီ။

မျက်ခုံးလေးရဲ့အလှ၊ မျက်လုံးလေးရဲ့အလှ၊ နှာတံလေးရဲ့အလှ၊ ပါးမို့လေးရဲ့အလှ၊ နှုတ်ခမ်းလေးရဲ့အလှ၊ ထို တစ်ခုချင်းအလှတို့ ပေါင်းစပ်ထားသော ပြည့်စုံ၍ ပြောစရာမရှိသည့်အလှ။ ထိုအလှကြောင့် ဦးကျော်လွင်သည် ဒုက္ခိတ သမီးငယ်ကိုပင် ငဲ့ကွက် ကြင်နာဖို့ မေ့လျော့ မူးယစ်နေခဲ့သည်။ ညီရော....

ထိုအလှကလေးကို ညီ သိပ်ကို မက်မော စွဲလမ်းခဲ့မှာပါ။ အကြောင်းတစ်စုံတစ်ရာကြောင့် လက်လွတ် ဆုံးရှုံးခဲ့ရတာသာ ဖြစ်မှာ။ အခုလို လက်ထပ်တော့မည့်ဆဲဆဲ အခြေအနေနှင့် ပြန်ဆုံရတာတောင်မှ တတ်နိုင်သမျှ ကူညီဖြည့်ဆည်းပေးလိုသေးသော စေတနာ ညီ့ရင်ထဲ ပေါက်ဖွားနေသေးတာပဲ။ ညီ မဖောက်ပြန်သေးပါဘူး ဆိုလျှင်တောင်မှ မြန်နှာအတွက် သည်လောက် စေတနာရှိသေးတာကို ဂုဏ် ခံစားရလှပြီ။

သဝန်တိုခြင်းဆိုတာဟာ ဘယ်လောက် ယုံကြည်စိတ်ချထားမိသူအပေါ်မှာပဲ ဖြစ်ဖြစ် အခြေအနေ အချိန်အခါက အလိုအလျောက် မွေးဖွားပေးလိုက်သောအခါ ဘယ်လိုရောင့်ရဲမှုမျိုးနှင့်မှ တွန်းလှန် ကြံ့ခံလို့ မရတော့တဲ့အရာ။

ဂုဏ့်ရင်ထဲတွင် ထိုသဝန်တိုခြင်းနှင့် မီးလောင်နေသည်။ ညီလေးသိမှာပါ။ သိကိုသိမှာပါ။ သိလျက်နှင့် ထောက်ထားညာတာလိုစိတ် လျော့ရဲစ မြူလာသော သံယောဇဉ်ကြိုးကို အပြစ်မဖို့ချင်ပါ။ တင်းခိုင်လာအောင် ကိုယ် ပြန်လည်မကြိုးစားနိုင်သေးသရွေ့တော့ အဝေးမှသာ မျက်နှာလွှဲ လက်လျှော့နေလိုသည်။



ဂုဏ့် ဆုံးဖြတ်ချက်သည် ထိုအချက်တစ်ခုတည်းအပေါ် အခြေခံသည်။ ဂုဏ် ညီလေးကို မကျေနပ် စိတ်နာချင်သည် မှန်သော်လည်း တကယ်တမ်းမှာ ဝမ်းနည်းမှုက ပိုပါသည်။ သိုင်းသိုင်းဝိုင်းဝိုင်း နွေးနွေးထွေးထွေးရှိသော အရိပ်အာဝါသ တစ်နေရာ၌ ဂုဏ် စိတ်ညှိုးတို့ ပြန်လည်ထူမတ် အားဖြည့်လာနိုင်မလား ဂုဏ် ထင်မိသည်။ စိတ်ပြေလက်ပျောက်ပဲ ဖြစ်ဖြစ် ဂုဏ်သည် အခြေအနေကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစမ်းသပ်ကြည့်ချင်သည်။

မိမိကိုယ်ကို ယုံကြည်မှုရှိလာနိုင်သည့် တစ်နေ့အထိပေါ့။

"ဂုဏ် အိပ်ပျော်နေပြီလား"

တိတ်ဆိတ်မှုထဲမှာ အသံတစ်ခုက ဖျော့တော့စွာ တိုးဝင်လာသည်။

"ဟင့်အင်း...."

ဂုဏ် ချက်ချင်းပဲ အဖြေပေးလိုက်သည်။

"ဂုဏ့်ကို ညီ မေးစရာရှိတယ်"

"မေးလေ...ညီလေး"

"အမှန်အတိုင်း ပြောဖို့ အားမနာပါနဲ့"

ဂုဏ်သည် ကျောခိုင်းထားလျက်သား မလှုပ်ထဲ နားစွင့်နေသည်။ ညီ စိတ်မကောင်းဖြစ်နေတာကို ဂုဏ် မသိမဟုတ် သိသည်။ သို့သော် စိတ်မကောင်းတာလောက်ထိတော့ ဂုဏ်က မျှော်လင့်တကြီး စိတ်ချမထားသင့်ဘူး ထင်သည်။

"ဂုဏ်....ဆေးရုံကို မှန်မှန်သွားနိုင်ဖို့ အသိအကျွမ်း ဝိုင်းပြုစုနိုင်ကြဖို့လို့ ဂုဏ်က အကြောင်းပြပေမယ့် ဂုဏ့်ရင်ထဲမှာ မီ

ယက်ပိုတဲ့ ညီ့ အပေါ် မကျေနပ်ချက် တစ်ခုခု ရှိမယ်ဆိုတာ ညီ သိပါတယ် ဂုဏ်၊ ဂုဏ် ဆုံးဖြတ်ပြီးမှတော့ အဲဒီ မကျေနပ်ချက်ကို ကျေနပ်ပါလို့ ညီ မပြောတော့ပါဘူး၊ ဒါပေမယ့် ညီ တစ်ခုတော့ အမှန်အတိုင်း သိချင်သေးတယ်၊ ဂုဏ် အိမ်ကို ပြန်မှာကို ဂုဏ်က ခြေထောက်ပြန်ကောင်းလာဖို့ အကြောင်းပြတယ်ဆိုတော့ တကယ်လို့ ပြန်ကောင်းလာပြီ ဆိုရင်ကော ညီ့ ဆီကို ဂုဏ် ပြန်လာမှာလား''

ဂုဏ်သည် တိတ်ဆိတ်ငေးငိုင်ကာ စဉ်းစားခန်း ဝင်နေမိသည်။ အမှန်တော့ ညီ့ ဘက်လှည့်ကာ ညီ့ ရင်ခွင်ထဲ တိုးဝင်လျက် ဂုဏ် ငိုလိုက်ချင်သည်။ သို့သော် ထိုသို့လုပ်ဖို့ရာ နှလုံးသားက မစေ ဆော်ပေ။ ဂုဏ် ငြိမ်နေမိ၏။

''ဖြေရခက်နေသလား ဂုဏ်''

''ဂုဏ် ခြေထောက်ကောင်းတဲ့ထိပေါ့ မေမေတို့အိမ်မှာ နေချင်တယ် ညီ''

''ကောင်းသွားပြီဆိုရင်ကော''

''ဒါက ညီ့ အပေါ် မူတည်တယ်''

ညီက ခုတင်ပေါ်မှ ဆင်းသွားကာ စားပွဲပေါ်မှ စီးကရက်ဘူးနှင့် မီးခြစ်ကို ရှာဖွေယူလျက် စီးကရက်မီးညှိသည်။ စွပ်ကျယ်ဖြူနှင့် ဘောင်းဘီအပွ ကပိုကရိုဝတ်ထားကာ ဆံပင်တိုတို့က ဖွာလန်ကြဲလျက် ညီ့ ပုံစံသည် ဖရိုဖရဲနိုင်လှ၏။

ညီ့ မှာ စွဲမက်စရာတစ်ခု ရှိနေသည်။ ထိုအရာသည် မည်သည့်အရာနည်း။ ဂုဏ် အသေအချာမသိသော်လည်း ညီ့ ကို ဂုဏ်စွဲမက်သည်။



''ဂုဏ် ကိုယ့်ကို မယုံကြည်တော့ဘူးဆိုတာ ကိုယ်သိပါတယ် ဂုဏ်''

''မယုံတဲ့အထိ မရောက်သေးပါဘူး''

''ရောက်နေပါပြီ၊ ဂုဏ် မယုံတော့ဘူး၊ ခက်တာက ယုံအောင် ကိုယ် ဘာမှပြင်ပေးလို့ မရဘူးဂုဏ်၊ ဘာလို့ လဲဆိုတော့ မယုံကြည်လောက်တာကို ကိုယ်ဘာအမှားမှ လုပ်မထားလို့ပဲ''

''ကျေးဇူးတင်ပါတယ် ညီ''

''အဲသလို မရွဲ့ပါနဲ့ ဂုဏ်၊ ကိုယ်ပြောချင်တာက ကိုယ်အလျင်ကလဲ ဒီအတိုင်းပဲ၊ ခုလဲ ဒီအတိုင်းပဲ၊ နောက်လဲဒီအတိုင်းပဲ ဖြစ်နေမယ်၊ ကိုယ် ဘာမှ မပြောင်းလဲဘူး ဂုဏ်၊ ဘယ်တော့မှ မပြောင်းလဲဘူး''

ညီ ဂုဏ် မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

''ညီ ဂုဏ် ကိုချစ်တယ်၊ ညီ စောင့်နေမယ် ဂုဏ်၊ ညီ တစ်သက်လုံး ဘယ်လောက်ကြာကြာ စောင့်နေမယ်''

ထိုစကားကြောင့် ဂုဏ် စိတ်သည် ရုတ်တရက် နူးညံ့သွားပြန်ကာ ဂုဏ် အင်မတန်မှ ဝမ်းနည်းသွားမိလေသည်။ ဂုဏ်သာ အကောင်းပကတိ သာမန်မိန်းကလေးတစ်ဦး အနေအထားအနေပဲဆိုလျှင် ညီ့ ကို သည်ဘက် ပိုမိုယုံကြည်ရဲမှာ ဂုဏ် ဘာသာ ဂုဏ် သိနေလျက် ညီ့ ကို တင်နေမိသော သံသယတို့အတွက် ဂုဏ် အားနာလာပြန်သည်။

''အဲသလောက်အထိပြောဖို့ အခြေအနေမဟုတ်သေးပါဘူး ညီ၊ ညီလေး အလုပ်မသွားရတဲ့ အားချိန်တွေမှာ ဂုဏ့် ဆီ

မှာ ရှိနေလို့ရတာပဲ၊ ညီလေးပါ ဂုဏ်နဲ့ အတူအပြီးလိုက်လာနေရင်တောင် ရနေတာပဲ မဟုတ်လား"

"ညီ့ကို ဂုဏ် မကျေနပ်နိုင်တာ ရှိနေတယ်ဆိုတာ အဲဒါကို ပြောတာပေါ့၊ ကိုယ့်နောက်ကို လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျေကျေနပ်နပ်လိုက်လာတဲ့ ဂုဏ်ဆိုတဲ့ မိန်းကလေးဟာ အဲဒီ စကားကို မပြောခဲ့ဘူး၊ ကိုယ်နားလည်ပါတယ် ဂုဏ်ရယ်၊ ကိုယ် ဘာမှ မတတ်နိုင်ဘူး ဆိုတာလဲ သိပါတယ်၊ ကိုယ် လိုက်မလာနိုင်တာဟာလဲ တစ်ချိန်မှာ ပြစ်ချက်အကြီးကြီး ဖြစ်လာမယ်ဆိုတာ သိပါတယ်"

ညီသည် တိုသွားသော စီးကရက်ကို ပြာခွက်၌ ထိုးချေလိုက်သည်။ ဂုဏ် အဆင်သင့် ပြင်ထားပြီးသော သွားရေသေတ္တာသည် စားပွဲနံဘေး၌ ထောင်လျက်သား ရှိနေသည်။ ဂုဏ့် မေမေတို့ သည်နေ့မှ မောင်ထော်လေးလမ်းက ဝယ်ပေးလိုက်သော အိတ်အသစ်။ ဂုဏ် ညီနှင့်အတူ လိုက်ခဲ့စဉ်က ပါလာသော လက်ဆွဲအိတ် အလတ်ကလေးသည် ဗီရိုအမိုးပေါ်၌ ဖုန်အလူးလူးကပ်လျက် တွန့်ရှုံ့ရှုံ့ မသပ်မရပ် ရှိနေသည်။ ဂုဏ် ပြန်မယူသွားတော့ဘူးပေါ့။

ပန်းချီဆွဲသည့် ဘုတ်ပြားနှင့် စင်ကိုလည်း သိမ်းဆည်းကာ နံရံမှာမှီလျက် အသင့် ယူသွားရုံ ပြင်ထားပြီးပြီ။

"ဒီခေါက်ပုံက...."

ညီက မှန်တင်ခုံပေါ်မှ မှန်ပေါင်ကလေးကို လက်ညှိုးညွှန်ပြကာ မေးလိုက်သည်။

"ညီလေးဖို့ ထားခဲ့တယ်"



"ကျေးဇူးတင်ပါတယ်၊ ကိုယ် တကယ်ပြောတာဂုဏ်၊ ရွဲ့တယ် မထင်နဲ့၊ ကျေးဇူးတင်ပါတယ်"

ညီ ခုတင်ပေါ် ပြန်တက်လိုက်သည်။ ခြေရင်းမှ စောင်ကို ဆွဲယူခြုံကာ ဂုဏ့် ဘက်ကို ကျောပေးလိုက်၏။ ရင်ထဲမှာ တစ်မိနစ်ထက် တစ်မိနစ် ပိုမို ဆို့နစ်လာသည်။ အပြီး ဝေးကြတော့ဖို့ လမ်းအတော်ကြီးများတာ သေချာသလောက်ပါပဲ။

ဂုဏ် သူ့အပေါ် စိတ်ပျက်နေခဲ့တာ ဘယ်လောက်များ ကြာပြီလဲ။ အကြောင်းတိုက်ဆိုင်သွားတာတွေက သည်တစ်ကြိမ်တည်းမှာ အများကြီး ဖြစ်ပျက်နေပေမယ့် သူ့မိဘက တစ်ကြိမ်တည်းခေါ်ရုံနှင့် ဂုဏ်ဟာ တစ်ယောက်တည်းလိုက်ဖို့ ချက်ချင်း ဆုံးဖြတ်စံ့တာ အံ့ဩဖို့ကောင်းသည်။ ဂုဏ် အပေါ် သူ ဘာတွေ ဘယ်လောက်များပျက်ကွက်နေခဲ့မိပြီး ထိုအပေါ်မှာ ဂုဏ် ဘယ်လောက်ကြာကြာ ကြိတ်မှိတ် မျိုသိပ် နာကြည်းနေခဲ့ပါလိမ့်။

လင်မယားဆိုတဲ့ တော်စပ်ပတ်သက်မှုအရ ခုလို တစ်ကိုယ်တည်း ခွဲခွာလိုက်ပါဖို့ သင့်သလား။ ဂုဏ် ရက်စက်တယ်။ သူ့ကိုပါ လိုက်ခဲ့ ဆိုပေမယ့် သူ မျက်နှာငယ် အနေခက်မည့် အိမ်ကို လိုက်ချင်သလားဟု တိုင်ပင်စကားမျိုးပင် မရှိခဲ့။ နံနက်ခင်းက မလိုက်ချင်ဘူးဆိုတာ ဂုဏ် သိသာစေမည့်စကားကို သူ ဆိုခဲ့လျက်သားနှင့်....။

မလိုက်ချင်တာ သိပါလျက်နှင့် ဂုဏ်က သူလိုက်လိုက်မလိုက်လိုက်ဟု သဘောပိုက်ဆုံးဖြတ်ပစ်လိုက်တာ ထင်ရှားနေမှ သူ ဘယ်လိုလုပ်လိုက်သင့်မလဲ။ သူ ရှိရှိမရှိရှိ ဂုဏ်နေဖြစ်

ပည့် နေရာတစ်နေရာကို ဂုဏ် ရွေးချယ်လိုက်ပြီပဲ၊ ရှိလည်း မထူး မရှိလည်း မထူး၊ ဂုဏ် နေတတ်တယ်၊ နေနိုင်တယ် ဆိုတဲ့ သူတောပေါ့။

ညီသည် ရင်ထဲ အသည်းထဲက တစိမ့်စိမ့်တရစ်ရစ် နာကျင်လာသည်။ ဝမ်းပန်းတနည်း ငိုပစ်လိုက်ချင်သည်။ အဲသည်အခါ သောက်ျားတစ်ယောက်ဖြစ်လျက် မျက်ရည်နှင့် ဂုဏ့်ကို....

ညီ ဆက်မတွေးချင်အောင် ပူလောင်လာလျက် မျက်ဝန်းမှာ မျက်ရည် အမှန်တကယ် စို့စွတ်လာသည်။

ကိုယ် ဘာများ ပျက်ကွက်ခဲ့လို့လဲ ဂုဏ်ရယ်၊ ဘယ်တုန်းကတည်းကများ ကိုယ်နှင့် ခွဲနေနိုင်သော သတ္တိကို တစ်စစ မွေးမြူနေခဲ့သလဲ။

"ညီလေး"

ဂုဏ့် ခေါ်သံ ခပ်တိုးတိုးလေး....

မျက်ရည်ကျမိနေသော ညီသည် အသံကြောင့် သိသာမည်စိုးသဖြင့် မထူးဝံ့၊ ပုံမှန်အသံထွက်အောင် တစ်ခဏ ငြိမ်သက်နေသည်။

"ဒီမှာ ညီလေး"

ဂုဏ်က ကျောခိုင်းလျက်သားမှ တစ်ခွန်း ထပ်ခေါ်လိုက်သည်။

"ဂုဏ့် ဆီကို လာတောင်မတွေ့ဘဲ နေတော့မလို့လား"

ဂုဏ့် အသံကတော့ မတိန်းသိမ်းနိုင်တတ်သူပီပီ ရှိုက်သံအစွက်စွက်နှင့် တုန်ယင်နေသည်။ ဂုဏ် ရလိုတာ သားရှေ့အိုးထမ်းလာတဲ့အဖြစ်ကို မြင်ရတဲ့ အခြေအနေမျိုး ညီလေး။



ညီလေး အချစ်ကို ယုံချင်တယ်၊ ညီလေးနဲ့လည်း နေချင်တယ်၊ မိဘကိုလည်း ကရုဏာစိတ်နဲ့ လိုက်လျောချင်တယ်၊ ဂုဏ့် ခြေထောက်လည်း ကောင်းချင်တယ်။

"လာတွေ့မှာပေါ့ ဂုဏ်ရယ်"

ဂုဏ်ရှိရာအရပ်မှာ သူ ရှိနေမည်ဆိုသည့် လိုက်လျောစိတ်မျိုးထားကာ မနေချင်ဘူးဆိုလျှင်တောင်မှ ညီ မတွေးပေးနိုင်တာလား။

ဂုဏ်သည် အသံမထွက်ဘဲ မျက်ရည်ပေါက်များ တလိမ့်လိမ့်ကျကာ ကြိတ်မနိုင်ခဲမရ ကြေကြေကွဲကွဲနှင့် ညီလေးကို အသံတိတ် စကားစစ်ထိုးနေမိသည်။ အတ္တကြီးလှချည်ရဲ့ ဆိုချင်ဆိုတော့ ညီလေးရေ....။

* * *

## အခန်း (၅)

ဂုဏ်တို့ ခြံဝင်းသည် ကုန်းကမူပေါ်၌ တည်ရှိသည်။ ရှေ့မျက်နှာစာအတွက်က ဘာမှ မရှိလှ။ နောက်ဘက်သို့ အလျားရှည်သည်။ ထို့ကြောင့် အိမ်အနောက်ပေါက်မှ ဆင်းလိုက်လျှင် လမ်းမနှင့် အလှမ်းကွာကာ တသီးတခြား ရှိနေလျက် အိမ်ရှေ့ပေါက်မှ ဆင်းလိုက်လျှင် ခြံရှေ့ ကျောက်ခင်းလမ်းနှင့် နီးစပ်လှသည်။

အိမ်ရှေ့ထွက်တာ သိပ်မကြိုက်တတ်လှသော မေမေ့သဘောကြောင့် ဂုဏ် အပျိုဘဝတုန်းကတော့ ခြံနောက်ဘက်ပန်းပင်များအကြား နေရသည်သာ ခြေချစရာ၊ လမ်းသလားစရာနေရာ ဖြစ်ခဲ့လျက် ထိုလူကွယ်ရာမြင်ကွင်း တိတ်ဆိတ်ရာ၌ပင် ဂုဏ်သည်လည်း နေသားတကျ ပျော်ရွှင်ခဲ့ဖူးပါသည်။

ခုတော့ မြို့ထဲမှ လူရှုပ်သည့် လမ်းမကို နေ့စဉ် ဝရန်တာမှ သီးကြည့်လျက် အပျင်းပြေရသော ဂုဏ့်အတွက် ခြံနောက်ဘက် မြေကွက်သည် ပျင်းစရာ။ ဂုဏ်သည် အိမ်ရှေ့ဆင်းကာ လမ်းမသို့သာ မျှော်ချင်နေသည်။

လမ်းထဲ၌ ပုဂ္ဂလိကကုမ္ပဏီရုံးတစ်ခု အခြေစိုက်ထားသဖြင့် နံနက်ခင်းနှင့် ညနေဦး ရုံးတက်ရုံးဆင်းချိန်တို့တွင် လူဖြတ်သန်းသွားလာ များတတ်သည်။ တစ်ခြံကျော်မှ ဝိုင်းကျူရှင်ဖွင့်ထားသော အိမ်တစ်အိမ်သည်လည်း ညနေခင်းတို့တွင် အကြိုအပို့ ကားများ၊ အသွားအပြန် ကျောင်းသားများနှင့် အနည်းငယ် လူစည်ကားတတ်လေသည်။

သို့သော် လူအစည်ဆုံး ညနေဦး အချိန်တွင်ပင် မြို့ထဲလမ်းမှ လူနေအတိတ်ဆုံး ညနက်သန်းခေါင်အချိန်မှာလောက်သာ လူရိပ် မြင်ရတတ်၏။ ဂုဏ့်အဖို့ လူသံ၊ ကားသံ၊ ဟွန်းသံ၊ စက်ဘီးဘဲလ်သံ၊ ဈေးသည်များအသံ၊ အမှိုက်ကား ခေါင်းလောင်းသံများနှင့် တစ်နှစ်တိတိ နားဆူ ယဉ်ပါးခဲ့ပြီမို့ အနေကြာ ကြီးပြင်းခဲ့ရသော ထိုခြံဝင်း၌ပင် မနေတတ်သလို တိတ်ဆိတ် ခြောက်ကပ်နေလေသည်။

နံနက်တွင် စောစောနိုးကျင့်ရနေပြီဖြစ်သော ဂုဏ်သည် ယခုအခါ နိုးထလာသော် ဘာမှ လုပ်စရာရှိဘဲ စမ်းတဝါးဝါး ယောင်အမ်းအမ်းနှင့် အိမ်ထဲ ခြေဖွလှည့်ပတ်လျှောက်ကာ ကြောင်နေသည်။ နှစ်ရက်ခန့်မျှ ထိုသို့ ယောင်နေပြီးသော် ဘာမှထူးထူးထွေထွေ တာဝန်မရှိသည့်တူတူ ဂုဏ်သည် အိပ်ရာမှ မထွက်ဘဲ နေမြင့်အထိ ဆက်ခွေနေဖြစ်တော့သည်။

ကိုးနာရီခန့်တိုင်လာလျှင်တော့ အခန်းတံခါးသည် ဖွင့် ကလေးမြည်လျက် ပွင့်ဟသွားကာ မေမေ့ ခြေသံနုနုကလေး ကို ကြားရသည်။ အတွေးတွေ ပင့်ကူအိမ်ဖွဲ့လျက် ထိုအထဲ ငြိရှုပ်နှစ်မြုပ်နေသော ဂုဏ့်ကို အသာအယာ နမ်းကလေး နမ်း၍သော် လည်းကောင်း၊ ရင်ဘတ်ပေါ် ယှက်တင်ထား သည့် ဂုဏ့် လက်ဖမိုးလေးကို အသာအယာ ပွတ်သပ်၍သော် လည်းကောင်း၊ ခုတင်နံဘေး ကက်ဆက်ထဲ ဂုဏ် နှစ်သက် သော သီချင်းတစ်ခွေထည့်ပြီး တိုးတိုး ဖွင့်သွားခြင်းဖြင့် လည်းကောင်း မေမေက လာနှိုးတတ်လေသည်။

ဂုဏ့်မျက်လွှာကလေး လှုပ်ရှား ပွင့်ဟလာပြီဆိုလျှင်....

"အိပ်ပုပ်ကလေး၊ ထတော့လေ သမီးလေး၊ ဗိုက်ဆာ ရောပေါ့ကွယ်၊ မုန့်စားမယ်၊ ထတော့နော်"

ချော့ချော့မော့မော့ နှိုးတတ်သည်။ ဟိုအလျင်ကထက်ပင် ကြင်ကြင်နာနာ ယုယုယယရှိနေသော မေမေ့အပြုအမူတို့ကို တလေးတစား ဂရုပြုသောသဘောဖြင့် ဂုဏ်သည် မေမေ ပြောလျှင် တစ်ခွန်းသာ။ ထဆိုထလိုက်သည်။ စားဆို စား လိုက်သည်။ လမ်းလျှောက်ရအောင်ဆိုလျှင် လျှောက်လိုက် သည်။ မငြင်းမဆန်။

ဂုဏ့်တာဝန်သည် အိပ်ရာထ၊ အစာစား၊ လမ်းလျှောက်၊ အနားယူ၊ အစာစား၊ တစ်ရေးအိပ်၊ ရေမိုးချိုး၊ လမ်းလျှောက်၊ အစာစား၊ အနားယူ၊ အိပ်ရာဝင်၊ ဒါပဲ ဖြစ်သည်။

ဂုဏ်သည် ပျင်းရိနေကာ အနည်းငယ်လည်း ကိုယ်ရည် ပိုစစ်သွားသည်။ သည်လောက် တယုတယ ပိုးလို့ဥ မွေးမြူနေ



လျက် သုံးရက်လောက်မှာ နှစ်ပေါင်လောက် အလေးချိန် လျော့သွားသည့်အတွက် မေမေ တဖျစ်တောက်တောက် ရေ ရွတ် စိတ်ဆင်းရဲမဆုံး။

"ဘာမှ လုပ်စရာမရှိဘဲ ပျင်းနေ၊ ခွေနေလို့ပါ မေမေ ရယ်၊ ဂုဏ် နေကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး"

မေမေ့ကို နှစ်သိမ့်ရသော်လည်း ဂုဏ့်ဝေဒနာကို ဂုဏ် အသိဆုံး။ ဂုဏ့်ရောဂါကား လွမ်းဖျားတည်း။

ညီ့ကို ဂုဏ်မကျေနပ်အောင် အသည်းတယားယားဖြစ်နေ သည်။ ထိုနံနက်ကလည်း ညီသည် သူ့အလုပ်မှ ခွင့်မယူ၊ နောက် ကျလည်း မခံ၊ ခါတိုင်းကဲ့သို့ပင် အိမ်မှ အချိန်မှန်ထွက်သည်။ ထွက်ခွာခါနီး ဂုဏ့်ကို မျက်နှာတစ်ပြင်လုံး နမ်းရှိုက်နှုတ်ဆက် သွားတာသာ ပိုသည်။ နောက်တစ်ခုက အိမ်သော့တစ်စုံကို သူယူသွားရခြင်း တစ်ခုသာ ထူးထူးခြားခြားရှိလေသည်။

ဆယ်နာရီလောက်မှာ ဂုဏ့်မိဘများ လာခေါ်သည်။ ညီ ရုံးထွက်သွားချိန်သည် ရှစ်နာရီခွဲကျော်ကျော်။ ညီ ပြန်ရောက် သော ညနေစောင်းတွင် ဂုဏ်သည် ထိုအိမ်ခန်း၌ ရှိနေတော့ မှာ မဟုတ်။ ညီသည် မျက်နှာပျက်နေရှာသော်လည်း ဘာမှ ထူးထူးခြားခြား မပြော။ ညီ မာနကြီးတာ ဂုဏ် သိပါတယ် ညီရယ်။

"ကျန်းမာရေး ဂရုစိုက်နော်၊ အအေးမခံနဲ့၊ ရေချိုး မမှားနဲ့၊ ညီ့ကို စိတ်ချနော်၊ ဂုဏ့်ကိုတော့ ညီ စိတ်ချရမှာ ပါ၊ ဂုဏ် မေမေတို့က သိပ်ဂရုစိုက်ကြမှာပဲဥစ္စာ၊ ဂုဏ် စိတ် ချမ်းသာဖို့ပဲ ဂရုစိုက်ပြီး နေနော်"

❋အောင်မြင့်ထွန်း❋စာပေ

●-ရုပ်ကွက်၊ မြို့သစ်

ညီ့စကားက ရိုးရိုးသား ပြောသော်လည်း ရွဲ့ပြောလိုက်သည့်အလား ဂုဏ့်နှလုံးသားကို နာကျင်စေသည်။ ဂုဏ်သည် ဘယ်လိုမှ အပြည့်အဝ စိတ်ချမ်းသာနိုင်မှာ မဟုတ်တာကို ကြိုသိနေလျက် အဆုံးဖြတ် ပြတ်လွန်းသော မိမိကိုယ်ကိုလည်း အံ့ဩနေလေသည်။

တကယ်ဆို ဟိုနေ့ ညနေခင်းကတည်းက ညီ ရောက်လာဖို့ သင့်ခဲ့သည်။ ပထမဆုံး စတင်ခွဲရသည့်ရက် မဟုတ်လား။ အိမ်တံခါး သော့ခလောက်ကို ကိုယ်တိုင်ဖွင့် ဝင်ရတဲ့အခါ ညီ့ရင်ထဲ ဘယ်လိုမှ မခံစားရဘူးလားကွယ်။ အိမ်တံခါးဝမှာ ဂုဏ်ရပ်ကြိုနေတာမျိုး မရှိတော့တဲ့အတွက် ညီ ဘယ်လိုမှ မမနဘူးလား။

နေနိုင်ပုံရသော ညီသည် ထိုညနေကလည်း ရောက်မလာခဲ့။ နောက်တစ်နေ့ညနေလည်း ရောက်မလာခဲ့။ တတိယနေ့ညနေ၌လည်း ရောက်မလာခဲ့ပေ။

လေးရက်မြောက်သောနေ့မှာ ဂုဏ် ဆေးရုံသွားရသည်။ အန်တီဒေါ်နှင့်အတူ အခြားဆရာဝန်ကြီးများက ဂုဏ့်ခြေထောက်ကို စမ်းသပ်စစ်ဆေးခြင်း၊ ဖြစ်ပွားစဉ်က ဓာတ်မှန်များကို ပြန်လည်စစ်ဆေးခြင်း၊ လိုအပ်သော ဓာတ်မှန်အသစ်များ ရိုက်ခြင်း စသည်တို့ ဂရုတစိုက် ပြုလုပ်ပေးကြသည်။ ဂုဏ့်အတွက် အထိုင်အထ အသွားအလာတွေမှာ ဘယ်လို ဘယ်ပုံ နေထိုင်သွားလာရမည်ဆိုတာ ဆွေးဆွေးနွေးနွေး ညွှန်ပြပြောဆိုနေတာကြောင့် တစ်နေ့ကုန် နီးပါးမျှ အချိန်ကြာသွားခဲ့လေသည်။



အိမ်ပြန်အရောက်၌ ဂုဏ်အမောသို့ရလေသည်။

“မမဂုဏ်ယောကျ်ား လာသွားတယ်”

အိမ်က ကောင်မလေးက ဆီးပြောလိုက်တာမို့ ဂုဏ်သည် အိမ်အဝင်ဝ၌ပင် ဒူးများ ညွတ်ခွေကျသွားမတတ် ဖြစ်သွားရသည်။ ထိုကောင်မလေး မအုန်းသည် ဂုဏ်မရှိတော့မှ အသစ်ရောက်လာသော အိမ်ဖော်ကလေး ဖြစ်၍ ဂုဏ့်ကိုလည်း ခုမှ စမြင်ဖူးကာ ညီ့ကိုလည်း မမြင်ဖူးပါ။ ညီပြောသွားတာ ဖြစ်ရမည်။

အိမ်မှာ ကောင်မလေး တစ်ယောက်တည်းသာ ကျန်ရစ်သည်။ ဖေဖေက ပွဲရုံမှာ။ မေမေရယ်၊ ဂုဏ်ရယ်၊ ဒရိုင်ဘာရယ် ဆေးရုံသွားနေတာမို့ ထိုကောင်မလေးကို ဘယ်သူလာလာ တံခါးဖွင့်မပေးဖို့ မှာထားခဲ့သည်။

“တံခါးဖွင့်ပေးပြီး ဝင်ထိုင်ခိုင်းရဲ့လား”

ဂုဏ်သည် စိုးရွံ့ပူပန်စွာ အမောတကော မေးမိ၏။ ကောင်မလေးခမျာ မျက်လုံးကလေးဝိုင်းကာ ထိတ်ထိတ်လန့်လန့် ဖြစ်နေသည်။

“ကျွန်မ….ကျွန်မလဲ….မသိတာနဲ့”

“ဪ….သမီးရယ်၊ အုန်းအုန်းက ညီ့ရှင်းကို မြင်မှ မမြင်ဖူးဘဲ၊ မေမေကလဲ အသေအချာ မှာသွားတော့….”

“ဟုတ်ကဲ့….ကျွန်မလဲ အန်တီဆူမှာစိုးလို့ တံခါးဖွင့်မပေးဘူး၊ သူကတော့ မမဂုဏ်ယောကျ်ားလို့ ပြောပါတယ်၊ ဒါပေမယ့် မမြင်ဖူးတော့ လူလိမ်ဖြစ်မှာစိုးလို့၊ အန်တီက ရန်ကုန်

မှာ လူလိမ်တွေ အများကြီးလို့ ပြောထားဖူးတော့ ကျွန်မလဲ ဓားပြအယောင်ဆောင်လာတာ ဖြစ်မှာကြောက်ပြီး....”

အထစ်ထစ်အငေါ့ငေါ့ ရှင်းပြနေသော မအုန်းကို ဂုဏ် လက်ဆွဲခေါ်လာကာ ဧည့်ခန်းဘက် ဆက်တီတစ်ခုမှာ ဂုဏ် ဝင်ထိုင်လိုက်သည်။

“ကဲ...မအုန်း၊ ထိုင်ပါဦး၊ အစအဆုံး ပြောစမ်း၊ တစ်လုံးမကျန် ပြန်ပြောစမ်း”

“ဒကာလေး မမဂုဏ်၊ ဟို....ဟို”

မအုန်းက ထမင်းစားခန်း စားပွဲဆီ လက်ညှိုးညွှန်ကာ ထမည့်ဟန် ပြင်သည်။

“အို...ထားစမ်းပါ၊ တခြားကိစ္စတွေ ပစ်ထားလိုက်၊ ဒီကိစ္စ အလျင်ပြော”

“မဟုတ်ဘူး မမ၊ သူယူလာတာ၊ ဟိုမှာ တင်ထားတာ ယူ ပြမလို့”

ဂုဏ် ထမင်းစားပွဲဆီ လှမ်းလှည့်ကြည့်လိုက်သည်။ မအုန်းက အပြေးထသွားကာ ကြွပ်ကြွပ်အိတ် အထုပ်ကို ယူလာ၏။

“မမစားဖို့ ကော်ပြန့်ကြော်တဲ့၊ ဒါကတော့ ကျွန်မ ဖွင့်မကြည့်ဘူး”

စက္ကူအိတ်ထုပ်တစ်ခုကို ဂုဏ် ဆွဲထုတ် ဖွင့်ကြည့်လိုက်သည်။ ပါတိတ်ဘူးပြားကလေး တစ်ဘူး၊ ခေါင်းအုံးစွပ် အဝါနုကလေး တစ်လုံးနှင့် အားဆေးပုလင်းများ။ ဂုဏ်သည် မျက်ရည်ရစ်ဝဲလာကာ မအုန်းကို လှမ်းကြည့်လိုက်ရင်း....



“သူ ဘာပြောသွားလဲ၊ ပြောပါဦး”

“သူက တံခါးဝ ရောက်လာပြီး မမဂုဏ် ရှိလား မေးတယ်၊ ကျွန်မက မရှိပါဘူးလို့ ဆေးရုံသွားတယ်လို့ ပြောလိုက်တယ်၊ ကားအဖြူရောင်နဲ့ လာတယ်”

“အင်း....”

“သူက ကြာမလားတဲ့၊ ဘယ်အချိန်ပြန်ရောက်မလဲတဲ့၊ ကျွန်မက မနက်ကတည်းက ထွက်သွားတာ၊ ကြာမလားမကြာဘူးလား မသိဘူးလို့ ပြောတော့ နာရီကြည့်ပြီးတော့ ခဏစောင့်နေရင် ရမလားတဲ့”

“အင်း....”

“ကျွန်မကလဲ ကျွန်မတစ်ယောက်ပဲရှိတာမို့ လို့ တံခါးမဖွင့်ရဘူးလို့ မှာသွားတယ်လို့ ပြောတော့ သူက မမဂုဏ်ရဲ့ ယောကျ်ားပါတဲ့၊ မမဂုဏ် ပြန်လာရင် ဒါတွေ ပေးလိုက်ပါတဲ့၊ ညီလာသွားတယ်လို့ ပြောလိုက်ပါတဲ့”

ဂုဏ်သည် ဝမ်းနည်းအားငယ်စွာ နေရာမှ ထရပ်လျက် အိပ်ခန်းထဲဝင်ဖို့ လျှောက်လာခဲ့သည်။ ဂုဏ် မျက်ရည်တို့ ပါးပေါ် စီးကျလာကြသည်။ ကြွပ်ကြွပ်အိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက် နောက်လှည့်ကြည့်ပြီး မအုန်းကို တစ်ခွန်းမေးမိသေးသည်။

“သူ ဘာဝတ်ထားလဲ မအုန်း”

“ရှင်....”

“ဘာအဝတ်အစား ဝတ်ထားလဲလို့”

ကောင်မလေးက တစ်ခဏ စဉ်းစားနေသည်။

“တို့...စပို့ရှပ် အဖြူ ရောင် လက် တိုနဲ့ ဘောင်းဘီက အပြာနု”

သိသားပဲ။ ဂုဏ်သည် အခန်းသို့ ပြန်လှည့်လိုက်သည်။ ညီ ဂုဏ်ထံ ကိုလာဖို့ ကြိုတင်စိတ်ကူးရှိလျှင် ဂုဏ့်ကို သတိတရ ရလျှင် အဲသည်ဝတ်စုံလေး ဝတ်နိုင်သည်။ ပြီးခဲ့တဲ့ ညီ့မွေးနေ့ က ဂုဏ်ဝယ်ပေးသော ဝတ်စုံ။ ဂျင်းဘောင်းဘီဖျော့ဖျော့ ကလေးသည် ဖြူနုသော ညီ့အသားနှင့် လိုက်ဖက်ကာ အင်္ကျီ ဖြူကလေးနှင့် ညီက ဝင်းပ လင်းလက်နေတတ်သဖြင့် ဂုဏ် သည် စိတ်လိုလက် ရရှိတိုင်း ညီ အပြင်သွားဖို့ ထိုဝတ်စုံကို ထုတ်ထားပေးတတ်သည်။

တိုက်ဆိုင်ပြီးတော့ပဲ ဝတ်လာသလား၊ အမှတ်တရပဲဝတ် လာသလား မသိပေမယ့် ဂုဏ်ကတော့ ကျေနပ်နှစ်သိမ့်လျက် ရှိလေသည်။ ထိုနေ့တစ်နေ့လုံး ဂုဏ့်မှာ တငိုင်ငိုင် တမှိုင်မှိုင်၊ ညဘက်များ ညီ တစ်ခေါက် ထပ်ရောက်လာလေဦးမလားဟု မျှော်လင့်ရလေသည်။ ညီတော့ ရောက်မလာ။ ရောက်လာတာ က ကိုကိုစိုးတို့ မမပိတို့ ဖြစ်လေသည်။ တစ်လမ်းတည်း မဟုတ် သော်လည်း မဝေးလှသော ဟိုဘက်လမ်းသွယ်ကမို့ မိသားစု သုံးယောက်သား ထမင်းစားအပြီး လမ်းလျှောက်ရင်း ရောက် လာကြသည်။

ဂုဏ် ပြန်ရောက်ပြီးမှ ပုလု တစ်ခါမှ မရောက်ရသေး။သူတို့ ကျောင်းမှာ လပတ် စာမေးပွဲရှိနေပြန်သဖြင့် မမပိက စာကို ကွပ်ကွပ်ကဲကဲ ကျက်ခိုင်းထားတာမို့ ငနဲလေး အိမ်ကုပ်နေရ သည်၊ သည်နေ့မှ နောက်ဆုံးနှစ်ဘာသာ ဖြေပြီးကာ ပုလု



လိုက်ပါလာခွင့်ရသည်။ ဂုဏ့်ကို ခင်တွယ်သူဖြစ်သဖြင့် သူ့ ခမျာ ခုန်ပေါက် ပျော်ရွှင်နေလေသည်။

ကိုကိုစိုး မိဘများက ကွယ်လွန်ကြပြီ ဖြစ်သဖြင့် ကိုကိုစိုး သည် ဂုဏ့်ဖေဖေနှင့် မေမေကို ဦးလေး အဒေါ်နှယ် သဘောမထား၊ မိဘနှယ် သဘောထားသူဖြစ်သည်။ ထိုအခါ ပုလုကလေးသည်လည်း ဂုဏ့်ဖေဖေနှင့် မေမေကို ဘိုးဘိုး ဘွားဘွား အရင်းဟုသတ်မှတ်ကာ ချစ်ခင်လေသည်။ မမမိ မိဘများက နယ်မှာ။ ပုလု၌ နီးနီးနားနား သည်အဘိုး သည် အဘွားသာ ရှိသည်။ ဟိုတုန်းကတည်းက အချိန်ရှိသရွေ့ အိမ်ကိုရောက်နေတာ ဂုဏ်နှင့် တလုံးတဆွေး တရင်းတနှီး ရှိလှ၏။

ဂုဏ်နှင့် ဆော့ကစားကာ ဂုဏ့်ကို သူငယ်ချင်းကဲ့သို့ သဘောထားသည်။ အိမ်ချင်းလည်း နီးတာမို့ ကိုကိုစိုးတို့အိမ် နှင့် ဂုဏ်တို့အိမ်ကို နှစ်အိမ် တစ်အိမ်နှယ် သူ အိပ်ချင်သော အိမ်၌ အိပ်လိုက်သည်။ တစ်ခါတစ်ရံ ဂုဏ်တို့အိမ်၌ တစ်ပတ် ဆယ်ရက် ဆက်တိုက်လာနေလေ့ရှိသည်။

ပုလုသည် ညီ့ကို ဂုဏ်နှင့် သဘောတူသူဖြစ်သည်။ ညီကား ပုလု၏ ဟီးရိုး။ ညီဝတ်တာ စားတာ နေတာထိုင်တာကိုကြည့် ပြီး ပုလုက အားကျသည်။ သူ့အဒေါ်ကို ညီက ပိုးပန်းနေ တာကိုလည်း ပုလုက ဂုဏ်ယူသည်။ ညီနှင့် ဂုဏ် ဇာတ်လမ်း စတင်ခဲ့ချိန်က ပုလုသည် ဇာတ်လိုက်ကျော် တစ်ဦးအဖြစ် အရေးပါသော ဆက်သွယ်ရေးကဏ္ဍမှ ပါဝင်ခဲ့သည်။

ဒါကို ခုချိန်ထိ ဘယ်သူမှမသိ။ လူကြီးတွေထံ လှို့ဝှက်ထား ရမည်ဟု ပုလုကလည်း နားလည်သည်။ ဂုဏ်ပြန်ရောက်နေပြီ သတင်းကြားကတည်းက ပုလုသည် လာချင်လွန်းသဖြင့် ရွှန် လိမ့် ရွှထနေသည်ဟု မမမိက ဆိုသည်။

“လှော်ကားပို့ပေးမယ်၊ စာကောင်းကောင်း သေချာ ကျက်ဆိုတာတောင် ဖင်မငြိမ်တဲ့ကောင်က အန်တီလေးဆီသွား ချင်ရင် စာသေချာကျက်ဆိုတော့ ကျက်လိုက်တာ တုန်နေတာ ပဲ”

မမမိက သဘောတကျ ပြောပြနေသည်။

ပုလုသည် အိမ်ပေါ်တက်လာခါစမှာ ဂုဏ်ကို ချိုင်း ထောက်နှင့် မြင်ရသဖြင့် စိတ်မကောင်းသလိုဖြစ်ပြီး မျက်နှာ ကလေးတည်နေသည်။ သွက်လက်ရွှင်ပျ မရှိဘဲ ခပ်ကုပ်ကုပ်နှင့် ဂုဏ်ကို အကဲခတ်နေသည်။ တစ်နှစ်လောက် ခွဲလိုက်ရတာက လည်း နည်းနည်း စိမ်းတိမ်းတိမ်းဖြစ်သွားစေသည် ထင်သည်။ ဂုဏ်က ပုလုကို ဆွဲယူကာ ပေါင်ပေါ်တင် ထိုင်စေထားသည်။

ပုလုခမျာ ထိုင်ရတာ မသက်မသာကြီးနှင့် ကိုယ်ဖော့ပြီး ကျောတော့ကြီးဖြစ်နေသည်။

“ပုလု၊ ကောင်းကောင်းထိုင်လေ၊ ဘာဖြစ်လို့လဲသား”

“သား ဖိထားတော့-အန်တီလေး ခြေထောက်နာလား”

“ဪ....မနာပါဘူး သားရယ်၊ တကယ်မနာတာ၊ နည်းနည်းကလေးတောင် မနာဘူး”



ထိုအခါကျမှ သူ့ခမျာ အနည်းငယ် စိတ်ချလက်ချ ထိုင်ရဲ သည်။ ပုလုသည် ဂုဏ့်ကို လှည့်ကာမော့ကာ ကြည့်ကြွက် ကြည့်ကြွက်....။

ပြန်ခါနီးတွင်ကား သည်ညမှာအိပ်မည်ဟု ပုလုက ပူဆာ တော့သည်။

“အန်တီလေးက နေကောင်းတာမဟုတ်ဘူး သား၊ မင်း လာအိပ်ရင် မင်းရှုပ်တာနဲ့ အန်တီလေးပါ မအိပ်ရဘဲ ဖြစ် မယ်၊ မကဲနဲ့”

“သားက ဘွားဘွားနဲ့ သွားအိပ်ပါမယ်၊ မအိပ်ခင်ဘဲ အန်တီလေးနဲ့ ဆော့ပါမယ်”

“အမယ်လေး....နေမကောင်းပါဘူးဆိုမှ မင်းနဲ့ ဆော့ရ ဦးမလား၊ မင်း ဝုန်းဒိုင်းကြပြီး ကြမ်းပုံနဲ့ မလွယ်ဘူး”

“တီဗွီဂိမ်းတို့၊ မိုနိုပိုလီတို့ပဲ ဆော့မှာပါ၊ သား မကြမ်း ပါဘူး နေခဲ့ချင်တယ်၊ သား နောက်နှစ်တွေ ကျောင်းအကြာ ကြီး ပိတ်ပြီပဲ ဥစ္စာ”

ခရစ္စမတ်အတွက် ကျောင်းပိတ်ရက်ရှည် ပိတ်လိုက်ပြီမို့ ပုလုက ပြောအားရှိနေသည်။ မမမိက ဂုဏ့်သဘော မသိ သဖြင့် အားနာနေတာမှန်း ဂုဏ် ရိပ်မိသည်။ နို့မို့ဖြင့် သူတို့ လင်မယားသည် သိပ် လူပျိုအပျို လုပ်ချင်တာ၊ ကလေးကို ကြုံရာလူအပ်ပြီး စုံတွဲခုတ်ဖို့ပဲ ချောင်းနေတာဟု ဂုဏ်က စကားနာထိုး နောက်ပြောင်လေ ရှိသည်။

ခုတော့ ဂုဏ်ကိုယ်တိုင် တကယ့်ကို ဖျင်းရိ ခြောက်သွေ့နေ တာမို့ ပုလုကို ဂုဏ် အလိုရှိပါသည်။

"မမမိ....ပုလု ထားခဲ့ပါ၊ ဂုဏ်လဲ ပျင်းနေတာ"

"ဟုတ်ရဲ့လား ဂုဏ်ရယ်၊ ဒီကောင်လေးက နှောင့်ယှက်မှာ၊ ဂုဏ်ပဲ လိုက်ကပ်နေတာ ဂုဏ်လဲ သိသားပဲ၊ ဒီတစ်ခါတော့ ဒီကောင် အကြာကြီးမတွေ့ရတာ အတိုးချပြီး ပိုဆိုးမယ်"

ကိုကိုစိုးကလည်း ဂုဏ်ကို အားနာသည်။

"ဂုဏ် တကယ်ပြောနေတာ၊ ပုလုရှိရင် ပိုပျော်မှာ"

"ဒါဖြင့် ပြီးရော....ပြီးရော၊ အေး....သား ဒီမှာ အိပ်ရင်အိပ်၊ ဘွားဘွားနဲ့အိပ်နော်၊ ညဉ့်နက်ကြီးအထိ မအိပ်ဘဲလဲ လုပ်မနေနဲ့နော်၊ အန်တီလေး အိပ်ပစေနော်"

"ဟုတ်ကဲ့ပါ"

သည်လိုနှင့် ပုလု ကျန်ရစ်သည်။ တကယ်တမ်းကျတော့ ပုလုသည် တီဗွီဂိမ်းလည်း မကစား၊ မိုနိုပိုလီလည်း မကစား ဘာမှ မကစားဘဲ ဂုဏ် အနားကပ်ကာ ဂုဏ့် ခြေထောက်နှင့် ညီ့ အကြောင်းကို စပ်စုနေသည်။ ဂုဏ့် ခြေထောက်သည် ကြောက်လန့်စရာ နာကျင်ဝေဒနာ ခံစားနေရတာမျိုး ဘာမှ မရှိဘဲ သူ့ ချည်းပဲ လမ်းလျှောက်လျှင် အဆင်မပြေလှတာကြောင့်သာ ချိုင်းထောက် အသုံးပြုနေရမှန်း သိသောအခါ သူ စိတ်အေးသွားလျက် ညီ့ အကြောင်းကိုသာ လုံးလုံးလျားလျား စိတ်ရောက်သွားလေသည်။

"သူ ဘာလို့ လိုက်မလာတာလဲ၊ ဘိုးဘိုးက ခုထိ ဒေါသဖြစ်နေလို့လား"



"ဘိုးဘိုးက ဒေါ်ပါတယ်၊ သူလဲ သူ့ အလုပ်တွေ သူရှုပ်နေ
တော့ တစ်ချိန်လုံး ဒီအိမ်မှာ လိုက်မနေနိုင်ဘူး ပုလုရယ်"

"သူက ဘာတွေရှုပ်နေလဲ"

"သူက အခု အိမ်တွေဆောက်နေတယ်"

"ဪ....ဟုတ်သားပဲ၊ သူက အင်ဂျင်နီယာနော်"

ပုလုက အသိသလောက်နှင့် လူတတ်လုပ်နေသည်။

"အန်တီလေးလဲ မရှိတော့ရော ဘိုးဘိုးက အရမ်းဒေါသ
...င်တာပဲ၊ ဖေဖေလဲ အရမ်းဒေါသဖြစ်တာ၊ သူတို့နှစ်ယောက်
...က်ရှာကြတယ်၊ ဖေဖေကလဲ ရုံးက ခွင့်ယူလိုက်တယ်၊ ဦးညီ
...း‌ရဲ့ သူငယ်ချင်း ဆံပင်ကော ကောက်နဲ့ အစ်ကိုကြီးတစ်
...ယောက် သားတို့လမ်းထဲမှာပဲ ရှိတယ်လေ၊ အဲဒီလူဆီလဲ သွား
...ဘယ်၊ အဲဒီလူက တောင်ငူမှာ ဦးညီရှင်းနဲ့ သိပ်ခင်တဲ့သူငယ်
...င်း ရှိတယ်၊ ဦးညီရှင်းက တစ်ခါတစ်ခါ တစ်ပတ်နှစ်ပတ်
...ားနေတတ်တယ်လို့ ပြောလို့ တောင်ငူ လိုက်သွားကြတယ်
...လား"

"ဟုတ်လား"

"အင်းပေါ့၊ မတွေ့ဘူးတဲ့၊ ပြန်လာကြတယ်၊ အန်တီလေး
...ကလဲ ဖုန်းတာ လုံးလိုက်တာ၊ သူတို့ လျှောက်မေးကြတာပဲ၊
...ရဘူး"

"အန်တီလေးတို့က ရန်ကုန်မှာပဲ၊ မြို့ထဲမှာ နေနေတာ
...ားရဲ့"

"ဦးညီရှင်း အဒေါ်ကိုလဲ သွားမေးကြတယ်၊ အဲဒီမိန်းမကြီးက ငိုတယ်တဲ့၊ သူလဲ မသိဘူးတဲ့၊ သူ့ကို ဘာမှ မပြောဘူးတဲ့၊ အန်တီလေးနဲ့ ကြိုက်နေတာတောင် မသိဘူးတဲ့"

"သူ အခု အဲဒီအိမ်မှာ နေသေးလား"

"မရှိတော့ဘူး၊ အဲဒီအိမ်ကို အိမ်ငှားတွေ ရောက်လာတယ်၊ အဲဒီမိန်းမကြီးတော့ ဘယ်ရောက်သွားလဲ မသိဘူး၊ တစ်နှစ်ငှားသွားတယ်တဲ့၊ ငှားလို့ရတဲ့ ပိုက်ဆံတွေ ဘုန်းကြီးကိုလှူပြီး အဲဒီဘုန်းကြီးကျောင်းမှာ အလုပ်တွေ ကူလုပ်ပေးပြီး နေနေတယ်တဲ့"

ညီကတော့ ပြောဖူးပါသည်။ ညီ့အဒေါ်ဟာ သူ့ဆွေမျိုးစပ် ဘုန်းတော်ကြီးတစ်ပါးထံမှာ ခိုလှုံပြီး ဘုန်းကြီးကျောင်း ဝေယျာဝစ္စနှင့်ပဲ နေသွားတော့မည် ဆိုတာ။ တောစောပိုင်းတုန်းက ညီ့အဒေါ်ထံ ညီတစ်ကြိမ် နှစ်ကြိမ် သွားဖူးသည်။ ဂုဏ့်ကိုတော့ ခေါ်မသွားပေ။ သူ့အဒေါ်ထံက တစ်ဆင့် လာရောက်ခြေရာခံနေလျှင် ဂုဏ့်ကိုတွေ့ပြီး ပြန်ခေါ်သွားမှာ စိုးလို့တဲ့။

နောက်ပိုင်းတော့ ညီကိုယ်တိုင်လည်း မသွားတော့၊ ညီ့အဒေါ်ကလည်း သံယောဇဉ်ကြိုးကလေးသည်တစ်ချောင်းကို ဖြတ်တောက်ချင်ပုံရသည်။

"ဘိုးဘိုးက အရမ်းဒေါသကြီးတာပဲ သိလား၊ အန်တီလေးရဲ့ မွေ့ရာကို ဓားနဲ့ ခုတ်ပစ်တယ်တဲ့၊ မေမေပြောနေတာ ကြားတယ်"

"ဟုတ်လား"



ဂုဏ် ပြန်ရောက်လာသည့်အခါ မွေ့ရာ အသစ်စက်စက် ခင်းနေတာကို တွေ့ရပေမယ့် ဂုဏ် ရှည်ရှည်ဝေးဝေး မတွေးခဲ့၊ အလျင်က မွေ့ရာကို မေးဖို့လဲ သတိမရ၊ ဖေဖေ ဓားနဲ့ ခုတ်ပစ်ခဲ့တာကိုး။

"ဘိုးဘိုးက ဦးညီရှင်းကိုလဲ တွေ့ရင် သတ်မှာတဲ့၊ ဖေဖေက မသတ်ပါနဲ့လို့ ပြောရတာ၊ အန်တီလေးကိုလဲ မိုက်လုံးကြီးတယ်တဲ့၊ ဘိုးဘိုးက သူလိုက်ရှာနေတာကို ရပ်လိုက်တာနဲ့ အန်တီလေးကိုတွေ့ရင် သူ့ကို အသိမပေးနဲ့တော့လို့ ဖေဖေ့ကို မှာတယ်၊ အဲဒါကို တစ်နေ့က ဖေဖေနဲ့ မေမေက အန်တီလေးကိုတွေ့လာတော့ ဘိုးဘိုးကို သွားမပြောရဲကြဘူး၊ မေမေကလဲ ဖေဖေ့ကို ပြောခိုင်းတာ၊ ဖေဖေကလဲ မေမေ့ကို ပြောခိုင်းတာ၊ နောက်ဆုံးတော့ မေမေ ပြောရတယ်၊ မေမေလဲ သွားမပြောရဲဘူး၊ အဲဒါနဲ့ တယ်လီဖုန်းပဲဆက်ပြီး ပြောတယ်၊ မေမေ ဖုန်းဆက်လိုက်တဲ့ ညနေကျတော့ ဘွားဘွား ရောက်လာတယ်၊ ဘွားဘွားက ငိုရော၊ သားလဲ အန်တီလေး ခြေထောက် ဘာဖြစ်မှန်း မသိလို့ ဝမ်းနည်းပြီး အဲဒီညက အိပ်မက်တွေ မက်တယ်"

"အမယ်...ငချွဲလေး၊ လည်လိုက်တာ"

"သား တကယ်ပြောတာ၊ သား တကယ်အိပ်မက်မက်တာ၊ အိပ်မက်ထဲမှာ ဦးညီရှင်းလဲ ပါတယ်၊ အန်တီလေးရဲ့ ချိုင်းထောက်လေးကို ဦးညီရှင်းရယ်၊ သားရယ် ဆေးသုတ်ပေးကြတယ်"

ဂျက်သည် ပုလု၏ခေါင်းကို ပုတ်ကာ တစ်ဝက်တစ်ပျက် ပြုံးမိလေသည်။

"ဆေးသုတ်ရင်းနဲ့ ဆေးကုန်သွားလို့ ဦးညီရှင်း ဆေးသွားဝယ်တာ ကြာလို့ အန်တီလေးက စိတ်ဆိုးပြီး ကိုယ့်ဘာသာကိုယ် လိုက်ဝယ်တယ်တဲ့"

ဂျက်သည် တအံ့တဩနှင့် ပုလုကိုကြည့်ကာ စိတ်ထဲကလည်း ညီ့ကို အင်မတန်မှ လွမ်းဆွတ်လာမိလေသည်။ အိပ်ဖက်ကစင်းလှချည်လားပုလုရယ်၊ ပုလုကလည်း သည်နေ့မှ ပြန်တွေ့ရသော အဒေါ်ကို အတိုးချကာ လူကြီးလေးလို ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေသည်။ မှတ်မိသေးလား အန်တီလေး....မှတ်မိသေးလား အန်တီလေးနှင့် စကားစလိုက်သမျှ ညီ့အကြောင်းနှင့် ပြေးလွှတ်သည်ဟူ၍ မရှိ။ ဂျက် မှာတော့ အဖြစ်အပျက်ဟောင်းတွေကို တလွမ်းတဆွတ်နှင့် ပုလု တစ်ဖက်ခန်းကူးကာ သူ့ အဘွားနှင့် သွားအိပ်သည်အထိ အိပ်လို့ မရနိုင်တော့ဘဲ မျက်စိအကြောင်သား ဖြစ်နေမိလေသည်။

* * *

"ဆင်းချင်တာ ဘာလို့ လိုက်ဆွဲနေတာလဲ၊ တစ်ကွေ့ပဲ ဆင်းမယ်၊ တစ်ကွေ့တည်းပဲ"

အော်ဟစ်ပြောသံလေးနှင့်အတူ ဝရန်းသုံးကားနှင့် သူ့ ရှေ့နား ရောက်လာသော လူနှစ်ယောက်ကြောင့် ညီသည်



လှေကားတက်လာရာမှ ယောင်ယမ်း ဘေးကပ်လိုက်မိလေသည်။

"မီးမီး....အဆူခံရလိမ့်မယ်နော်၊ ငါ သိပ်စိတ်ညစ်တာပဲ ဟယ်၊ မလုပ်ပါနဲ့ မီးမီးရယ်"

"ဟင့်အင်း....ဆင်းချင်တယ်၊ ခဏလေးပါ"

ညီသည် မကျယ်မြန့်လှသော လှေကားအတွင်းမှာ သူတို့နှစ်ယောက်တည်းနှင့် ပြည့်နေတာကို သည်းညည်းခံ စောင့်နေရင်း ချိုင်းထောက်နှင့် ကလေးမလေးကို စိတ်ဝင်တစား ကြည့်နေမိလေသည်။

ကိုးနှစ် ဆယ်နှစ်လောက်ရှိသော ဖြူဖွေးဖွေး ပိန်လှပ်လှပ်ကောင်မလေးသည် အထိန်းအဖော်ဖြစ်ဟန်တူသော မိန်းကလေးလက်မှ ရုန်းလျက် လှေကားမှာ ရှူးဖိနပ်ခွာသံကလေး မြည်အောင် တခွပ်ခွပ် ခုန်ဆင်းနေသည်။

ကျိုးသော့ ကန်းမော့ ဆိုတာ ဒါပေါ့ ဟု ညီက ကရုဏာဒေါသကလေးနှင့် စိတ်ထဲက ပေါက်ငမ်းပစ်လိုက်မိသည်။ ချော်လဲတော့ ဘယ့်နှယ်လုပ်မလဲ။ လဲတော့မလို ပြုတော့မလိုနှင့် နောက်ကမိန်းကလေး အသည်းယားအောင် ပိုပြီး ယိုင်ထိုးပြနေတာကြောင့် ပိုဆိုးသည်။ ဆံပင်ပါးပျော့ကလေးတွေ ဖလတ်ဖလတ်နှင့် ဝဲလှုပ်နေအောင်ပင် သူမက အသည်းယားစရာ ယိုင်ထိုးပြနေသည်။

"မီးမီး....ပြုတ်ကျမယ်၊ ငါ သိပ်စိတ်ညစ်တာပဲ၊ အမေမြန်လာရင် ဆူလိမ့်မယ်လို့ ပြောနေမှ"

"အစ်မနော် ပြန်မတိုင်နဲ့ပေါ့၊ အစ်မနော် ပြန်မတိုင်ရ မေမေက ဘယ်လိုသိမှာလဲ၊ မေမေမသိရင် ဘယ်လိုလုပ် မလဲ"

"ငါ တိုင်မှာ"

"မတိုင်ပါနဲ့ အစ်မနော်ရယ်၊ မေမေက တစ်အားဆူမှာ"

"ဟိုမှာ ဟိုဦး လှေကားတက်မလို့၊ ဖယ်ပေးလိုက်ဦး"

"အစ်မနော်၊ သမီးနောက်မှာ ကပ်ရပ်လိုက်ပြီး ဖယ်ပေး လိုက်"

ပြောရင်းက မီးမီးဆိုသော ကလေးမသည် ညို့ကို သွား ဖြီကလေးနှင့် တောင်းပန်သလို ဂျစ်တူးကျကျ မျက်နှာပေးနှင့် ကြည့်လိုက်လေသည်။ နှာခေါင်းလေးကိုလည်း တစ်ချက်ရှုံ့ ကာ ညို့ကို နောက်ပြောင်လိုက်သေးသည်။ ညိုသည် ချာတိတ် မလေးကို ရုတ်ခြည်းပင် ခင်မင်စိတ် ပေါက်သွားရ၏။ ဂုဏ် ပဲ ချိုင်းတောက်ကလေးနှင့် ဖြစ်နေတာကြောင့် ဖြစ်လိမ့်မည် ထင်သည်။ ခေါင်းထဲမှာလည်း အကြောင်းတစ်ချက်ကို ဖျတ် ခနဲ သတိရသည်။ ဂုဏ်ပြောဖူးတာပဲ။ ဒါဖြင့် သည်ချာတိတ် မလေးဟာ ဒေါ်ခင်လေးနွယ်ရဲ့သမီး။ ဦးကျော်လွင်ရဲ့ သမီး လေးပေါ့။ ကလေးခမျာ သိတတ် နားလည်တတ်သည့်အရွယ် ပေါက်ကလေး ရှိနေပြီ။ သူ့အဖေဟာ နောက်ထပ်မိန်းမ တစ်ယောက်ယူလိုသည့်အတွက် သူ့အမေထံ ကွာရှင်းခွင့် တောင်းနေတာကိုလည်း သူကလေး သိမှာမလွဲ။

"ချော်လဲမယ်လေ....သမီး၊ ဆင်းချင်ရင်လဲ ဖြည်းဖြည်း နင်းဆင်းပေါ့"



"မဆင်းရဘူးလို့ သူ့အမေက မှာသွားတာဦး၊ ကျွန်မက အိမ်တံခါးသော့ဖွင့်ပြီး အပြင်မှာထားတဲ့ မီးသွေးအိတ်ထဲက မီးသွေးထွက်ယူတာ၊ လှစ်ခနဲ သူပါ လိုက်ထွက်တယ်"

အဖော်မလေးသည် ဆယ့်ခြောက်နှစ်သာသာလောက်သာ ရှိဦးမည်ဖြစ်လျက် ညို့ကို တိုင်တိုင်တည်တည်နှင့် အရာထား အရေးလုပ် တိုင်တန်းနေလေသည်။

"ကျောင်းပိတ်ကတည်းက အိမ်တံခါး သော့ပိတ်ထား တာ အထဲမှာပဲ နေရတယ်၊ မီးမီးလဲ အပြင်ထွက်ဆော့ချင် သေးတာပေါ့"

မီးမီးက သူ့ကို တစ်ပြန်တစ်လှည့် တိုင်ပြန်သဖြင့် ညို့မှာ အလိုလို ပုဏ္ဏားတိုင် ဖြစ်သွားရလေသည်။

"သမီး အောက်ဆင်းချင်ရင် မေမေလာမှ ပြောပြီးဆင်း ပေါ့ သမီးရဲ့၊ သမီးရဲ့အစ်မနော်ကလဲပဲ ကလေးပဲရှိသေးတာ ပဲ၊ မီးမီးကို ဘယ်ထိန်းနိုင်မလဲ၊ မေမေကမှ သေသေချာချာ ထိန်းနိုင်မှာ၊ မေမေပြန်လာမှ အပြင်လိုက်ပို့ပါလို့ ပြောပေါ့၊ မီးမီးက ကျောင်းတောင်တက်နေတာပဲ၊ မေမေက ပို့မှာပါ"

"မေမေမှ မအားတာ၊ မေမေက မိုးချုပ်မှ ပြန်ရောက် မှာတဲ့"

"မီးမီးအမေက ဒေါ်ခင်လေးနွယ်မဟုတ်လား"

မီးမီးက ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်ပြီး

"ဦးဦးမိန်းမက အန်တီဂုဏ် မဟုတ်လား"

"ဟုတ်တယ်၊ သမီးက သိလို့လား"

"ဦးဦး ရှီးသွားတာ မီးမီး သုံးခါလောက် လှမ်းမြင်ခဲ့တယ်၊ အန့်တီဂုဏ်ကို မနက်ကသွားတာ အန့်တီဂုဏ် ယောက်ျားလားလို့ မေးလိုက်တော့ ဟုတ်တယ်တဲ့၊ အန့်တီဂုဏ်အခု ဘယ်သွားနေလဲ၊ ဟိုတစ်နေ့က မေမေ့ကို လာနှုတ်ဆက်တယ်တဲ့၊ အဲဒီနေ့က မီးမီးက ကျောင်းမှာ စာမေးပွဲသွားဖြေနေလို့ အန့်တီဂုဏ်နဲ့ နှုတ်မဆက်လိုက်ရဘူး"

"အန့်တီဂုဏ်က ခြေထောက်ကို ဆေးကုစရာရှိလို့ ဆေးရုံသွားရမှာဆိုတော့ သူ့ဖေဖေ မေမေအိမ်မှာ ခေါ်သွားနေတယ်"

"ဦးဦး လိုက်မသွားဘူးလား"

"ဦးဦးကလဲ အလုပ်ရှိတယ်လေ၊ ရှီးသွားရမယ်"

ကလေးမို့ ဝါးကာ ဖြန်းကာ ရောချဖို့ကြံသော်လည်း ကလေးက ရောချမခံ။

"အဲဒီကနေပြီးတော့လဲ ဦးဦးရှီးကို တက်လို့ရတာပဲ"

"ဒီအိမ်မှာ အိမ်စောင့်မရှိဘူး"

"မီးမီးတို့လဲ အိမ်စောင့်မရှိဘဲ ဒီမှာ တံခါးပိတ်သွားတာပဲ၊ ခုမှပြောင်းလာတာပဲ ဦးရှာ၊ တံခါးသော့ပိတ်သွားပေါ့၊ အစ်မနော်တို့ မီးမီးတို့လဲ စောင့်ကြည့်ပေးလို့ ရတာပဲ"

ညီသည် နောက်ထပ် ဘာတစ်ချက်နှင့် အကြောင်းပြရမည် မသိသဖြင့် မဖြေရှင်းတော့ဘဲ ရယ်နေလိုက်ရတော့၏။ ချာတိတ်မလေးကို ခင်မင်စိတ် ကရုဏာစိတ်တို့နှင့် ညီက ခေါင်းကလေး ချစ်စနိုးပုတ်ရင်း...



"ကဲပါကွာ၊ မေမေပြန်လာမှပဲ ဆင်းပါတော့၊ သူ သနားပါတယ်၊ သူလဲ အလုပ်ရှိမှာ၊ သမီးကို ဘယ်လိုက်တွဲပြီး ထိန်းနေနိုင်မလဲ၊ သမီးအမေ ပြန်လာရင်လဲ သူရော သမီးရော အဆူခံနေရဦးမယ်၊ အိမ်ပေါ်ပြန်တက်ရအောင် ဟုတ်လား"

"ဟုတ်ကဲ့၊ မီးမီးက ပျင်းလို့ပါ၊ မနော် ာလဲ အလုပ်ပဲ လုပ်နေတာ"

"ပျင်းရင် တစ်ခုခုကစားနေပေါ့ ကလေးရယ်"

"ဦးအခန်းကို လာခဲ့မယ်၊ ချိုင်းနိုစ်ချက်ကာလာ ကစားမယ်"

ညီ့မှာ ငြင်းရခက် ဖြုရခက် ကိုယ့်စကားနှင့်ကိုယ် ရှေ့တိုးနောက်ဆုတ် မလွယ်ကူဘဲ ဖြစ်နေတော့၏။

မီးမီးက လှေကားပေါ် တစ်ထစ်ချင်းပြန်တက်သည်။ ညီ့အဖြေကို မစောင့်တော့။

"အစ်မနော်၊ ချက်ကာဘုတ်က ဗီရိုပေါ်ရောက်နေတယ်၊ တက်ယူပေးနော်၊ ဖုန်သုတ်ပေး၊ မီးမီးမကစားတာ ကြာပြီ"

ညီ့အခန်းထဲ ကူးလာပြီး ကစားမတဲ့။ သူ့ အမေက ကြိုက်ပါ့မလား မကြိုက်ဘူးလားလည်းမသိ။ ညီသည် စိတ်အိုက်လျက်ရှိသော်လည်း သည်ချိုင်းယောက်ကလေးကိုပဲ မျက်လုံးရောက်နေကာ မငြင်းနိုင်ရက်ခေ။ သူ့အမေက ဘယ်လိုပုံစံ ဘယ်လိုအမျိုးမှန်း မသိပေမယ့် ကလေးငယ်ကတော့ လှိုက်လှဲရင်းနှီးတတ်ပုံရသည်။

ညီက အခန်းထဲရောက်ပြီးသော် တံခါးကို ပြန်မပိတ်ဘဲ တံခါးဝသို့ စားပွဲနိမ့်ကလေးတစ်လုံးနှင့် ဆိတ်မွေး ခွေးခြေ

ကလေးနှစ်ခု သယ်ချလာခဲ့သည်။ ဟိုတက်ခန်းနှင့် သည်တက်ခန်း အဝင်တံခါးနှစ်ခုအကြား သံတလင်းကွက်လပ်ကလေးက မကျယ်ပြန့်လှပါ။ ထိုနေရာကလေးမှာ လင်းလင်းကျင်းကျင်းတော့ရှိသည်။ အပေါ်ထပ်မှာ ဆက်တက်စရာ အခန်းမရှိတော့သဖြင့်လည်း လူဖြတ်သန်းမှုမရှိ။

မမျှော်လင့်ဘဲ ညီသည် ဦးကျော်လွင် ဒေါ်ခင်လေးနွယ်တို့ သမီးလေး ခပ်ပန်းဖူးနှင့် ကစားနေရတော့သည်။ ဂုဏ်တို့ ဟိုဘက်ခန်းသို့ အားအားရှိ မလည်ဖို့ စကားမသယ်ဖို့ သူ တားမြစ်ခဲ့တာဟာ စကား အရှုပ်အရှင်းတွေ ဖြစ်မှာစိုးတာတစ်ကြောင်း၊ တစ်ဖက်လူ ဘယ်လိုအမျိုးအစားမှန်း မသိရတော့ အထီး အတဂုဏ်ကလေး ဗိုလ်ကျ နိုင်စားခံနေရမှာ စိုးရိမ်တာ တစ်ကြောင်း၊ ဒါတွေကြောင့် သူ တားမြစ်ခဲ့ရတာပါ။

ခုတော့ ညီကိုယ်တိုင်သည် ဟိုဘက်ခန်းက ကလေးမနှင့် တရင်းတနှီး။

"အန်တီဂုဏ်က ဒါ မကစားတတ်ဘူး၊ မီးမီးသင်ပေးရတယ်"

"ဟုတ်လား၊ အခု တတ်သွားပြီပေါ့"

"တတ်သွားပြီ၊ အန်တီဂုဏ်က မီးမီးကို ကစားပေးပေမယ့် သူ ကစားရတာ ပျင်းတယ်၊ သူက မေမေနဲ့စကားပိုပြောချင်တာ၊ မေမေစကားပြောနေရင် နားထောင်နေတာ ငေးစိုက်နေတာပဲ၊ ငြိမ်ငြိမ် လက်ဖက်စားနေရင်းနဲ့ စိတ်တွေဝင်စားနေတယ်၊ ဦးအကြောင်းလဲ မေမေ့ကို ပြောပြတယ်"

ကြည့်စမ်း။



တွေ့လား၊ ဟိုကပြောတာ နားထောင်ပြီဆိုတော့ ကိုယ်ကလည်း ဘာပဲဖြစ်ဖြစ် တစ်ချိန်လုံး နှုတ်ပိတ်နေဖို့ဖြစ်တာမှ မဟုတ်တာ၊ ပြန်ပြောဖြစ်ပြီဆိုတဲ့အခါ အဖြစ်နိုင်ဆုံးကတော့ တစ်ဖက်လူပြောနေတဲ့ အကြောင်းအရာ ခေါင်းစဉ်အောက်ကို အလွယ်တကူ ဝင်ပြောလိုက်ဖို့သာပေါ့။

ဒေါ်ခင်လေးနွယ်က သူ့ကို အိမ်တွင်းရေးအကြောင်း၊ သူနှင့် သူ့ယောက်ျားအကြောင်းပဲ ပြောသည်သေချာသည်။ ထိုအခါ ဂုဏ် စကားအလိုက်သင့်မည့် အကြောင်းအရာသည်လည်း သူ့ယောက်ျား ညီ့အကြောင်းပေါ့။

"ဦးဦးကို အန်တီဂုဏ်က သိပ်ချစ်တာတဲ့၊ ဦးဦးကလဲ သိပ်ချစ်တာပဲတဲ့၊ ဦးဦးနဲ့ ခိုးရာလိုက်ပြေးလာတာတဲ့"

ညီ့မှာ ပြုံးလို့သာနေရသည်။ မီးမီးသည် စကားအပြောအဆို သွက်လက်ချက်ချာသည်။ တီတီတာတာလေး ပြောတတ်သည်။ ညီသည် မီးမီးနှင့် တရင်းတနှီးလို တစ်ထိုင်တည်းဖြစ်သွားရကာ ဦးကျော်လွင်ကိစ္စမှာ သူအနည်းအကျဉ်း ပါဝင်နေမိတာကို စိတ်မကောင်းပေ၊ မီးမီးသည် လက်ကလည်း ကစား ပါးစပ်ကလည်း မနား။ သူ့မေမေ အကြောင်းလည်း စုံနေသည်၊ သူ့အဖေအကြောင်းလည်း ပါရဲ့။

"မေမေက သိပ်ဆူတတ်တာ ဦးဦးရဲ့၊ မီးမီးကိုလဲ ခဏခဏနဲ့ အမြဲဆူတယ်၊ မီးမီးကို ချစ်လို့ ဆူတာတဲ့၊ ဖေဖေရှိတုန်းကလဲ ဖေဖေ့ကို သိပ်ဆူတယ်၊ မေမေနဲ့ ရန်ဖြစ်ကြရင် ဖေဖေက ပထမတော့ ငြိမ်နေပါတယ်၊ မေမေက အများကြီးပြောလာရင် ဖေဖေက ငိုရော၊ မေမေက စိတ်ဆိုးရင် အားလုံး

ပေါက်ခွဲပစ်တယ်၊ မေမေက ချမ်းသာတယ်တဲ့၊ ငယ်ငယ်က အိမ်မှာ သူဇိုလ်ကျစရာ အိမ်ဖော်က ဆယ်ယောက်လောက် ရှိတာတဲ့၊ အခု ဇိုလ်ကျစရာ ဖေဖေပဲရှိတော့ ဖေဖေ့ကိုပဲ ဇိုလ်ကျနေတာတဲ့ ဖေဖေကပြောတယ်၊ ဖေဖေက မီးမီးကို ချစ်တယ်တဲ့၊ မေမေ့ကို သူကြောက်တယ်၊ မုန်းလဲမုန်းတယ်၊ မေမေက ဖေဖေ့ကိုနိုင်တယ်၊ နောက်တော့ ဖေဖေက သိပ်စိတ်ညစ်လာပြီဆိုပြီး အိမ်ကဆင်းသွားတယ်၊ ဖေဖေ့ရုံးက ပေးထားတဲ့ အိမ်ကြီး၊ ခြံအကျယ်ကြီးပဲ၊ ဖေဖေထွက်သွားတော့ မေမေကလဲ နေလို့မရတော့ဘူးဆိုပြီး သူ့အိမ်ပြန်ရော၊ မေမေ အိမ်ကလဲ ခြံအကျယ်ကြီး၊ အခု မေမေက အဲဒီအိမ်ကို ဘိုတွေကို ငှားခဲ့တယ်၊ မီးမီးတို့ ဒီမှာလာနေကြတယ်၊ ဖေဖေက မီးမီးမွေးနေ့ဆို အိမ်ကိုလာတတ်တယ်၊ ဒီတစ်ခါ လာပါ့မလားမသိဘူး၊ မီးမီးမွေးနေ့မှာ ဖေဖေ မိန်းမယူမှာတဲ့၊ အဲဒီမိန်းမက လှတယ်တဲ့၊ မီးမီးမွေးနေ့မှာ မိန်းမယူရမလားဆိုပြီး မေမေက ဖေဖေ့ကို စိတ်အရမ်းဆိုးနေတယ်၊ ဖေဖေ့ကို မေမေက ကွဲပေးမှ ဖေဖေကလဲ ကွဲလို့ရမှာတဲ့''

ညီသည် သတိတရနှင့်....

''နက်ဖြန် မီးမီးမွေးနေ့နော်''

မီးမီးသည် ဖြူးချိုစွာ အံ့သြသွားကာ....

''ဦးဦး ဘယ်လိုသိလဲ''

''ဦးဦးလား သမီးဖေဖေဆီက သိတာ''

မီးမီး မျက်လုံးကလေးသည် သနားစဖွယ် ဝိုင်းစက်သွားလျက်...။



''ဖေဖေနဲ့ ဦးဦး သိတယ်''

''နည်းနည်းသိတယ်၊ သူငယ်ချင်းတော့ မဟုတ်ဘူး''

''ဖေဖေ ဘာပြောလဲဟင်၊ ဖေဖေ မီးမီးမွေးနေ့မှာ လက်ဆောင်လာပေးမယ်တဲ့လား၊ ဘာပြောသေးလဲ ဦးဦး''

ညီ ဘာမှစကားမပြန်နိုင်။ ငိုင်တွေနေမိသည်။ ဘာမှမပြောတာ။ မဖြေဘဲ အချိန်ကြာသွားသောအခါ အလိုလိုစကားပြတ်သွားသည်။ မီးမီးက သူ့ဘာသာ တွေးကြည့်နေပုံနှင့် ဘာမှထပ်မမေးရှာ။ ညီသာ အနေခက်နေသည်။

သို့သော် ညီ ကြာကြာကြီးတော့ အနေမခက်လိုက်ရပေ။ ထိုအခြေအနေ၌ အထုပ်အပိုးတို့နှင့် ရောက်လာသူက ဦးကျော်လွင်။ မီးမီးသည် သူ့ချိုင်းထောက်လေးကိုပင် မေ့ကာ ခုန်ထပြီး ပျော်ရွှင် ဝမ်းမြောက်သွားလျက် ဦးကျော်လွင်သည် ညီနှင့် သူ့သမီး အဖွဲ့ကျ ရင်းနှီးမှုရှိနေတာကို အလွန်ပင် အံ့သြထူးဆန်း နေလေသည်။

* * *

ခြံအပြင်ဘက် လူသွားလမ်းကို မျှော်ကြည့်နေတတ်သော ဂုဏ်မျက်လုံးကလေးတွေသည် မျှော်လင့်ချက်နှင့် ထက်သန်နေတတ်လျက် အခံရခက်သော ဒေါသနှင့် ပူလောင်လို့လည်းနေတတ်သည်။

ဘယ်သူကမှ ဘာမှမမေးကြပေမယ့်....

"တဲ့....နင့်ယောက်ျားက လာလဲမတွေ့ပါလား" ဟု မေးချင်နေကြမှာပဲ ဟု ဂုဏ်ထင်သည်။ ဂုဏ့်ကို အားနာသနားစိတ်ကြောင့်သာ မမေးဘဲ ရှိကြမည်။ သူတို့စိတ်ထဲကတော့ ညီ့ကိုနဂိုကမှ ကြည့်မရချင်သည့်အထဲ လာတောင်မလာဘဲ နေနိုင်ကောင်းလားဟု အတော်ပင် အမြင်ကတ်ကြပေမည်။

နံနက်တိုင်း ဆေးရုံသွားနေရသော ဂုဏ်သည် နေ့လယ်ခင်း ပြန်ရောက်သစလျှင် လေ့ကျင့်ခန်းများကြောင့် ကြွက်သားတွေ နာကျင်ညောင်းတောင့်ကာ လူလည်း ပင်ပန်းလှသဖြင့် အိပ်ချင်သည်။ သို့သော် အိပ်ပျော်နေတုန်း ညီရောက်လာကာ အိမ်နှင့် စကားပြော တစ်စုံတရာ အဆင်မပြေဖြစ်ပြီး ပြန်သွားမှာကို ရှာကြံ ပူပန်နေသည်။ မဖြစ်နိုင်ပါဘူးဟု သဘောထားလို့မရ၊ ညီက မာနခပ်ကြီးကြီးရယ်။ မေမေကလည်း ကြံဖန်ပြီးတော့ သူ့အစ်ပါး အခံရခက်အောင် ပြောမှာမဟုတ်ပေမယ့် စိတ်နှင့် မတွေ့လျှင် မတွေ့သည့် အချက်ကို ကောက်ခနဲ ပြောချလိုက်ဖို့ မေမေက အားမနာတတ်ပါ။

"အန်တီလေး၊ ညနေ လမ်းလျှောက်ရင် သားတို့အိမ် လျှောက်ဦးမလား"

"ခြံထဲမှာပဲ လျှောက်မယ်ကွယ်၊ အပြင်ဘက် လမ်းမက နေပူတယ်၊ နေအေးမှ လျှောက်ရင်လဲ မှောင်လာပြီ၊ နေပူထဲ လျှောက်တော့ ချွေးထွက်တယ်၊ အန်တီလေးက ညနေပိုင်း ရေချိုးရမှာမဟုတ်ဘူး"

"ဒါဖြင့် ညနေကျရင် သားအိမ်ကို သားဘာသာ ခဏ ပြန်ပြီး မက္ကင်နိုဆက်တ် ပြန်ယူဦးမယ်နော်၊ ညကျ အန်တီလေး



ရယ် သားရယ် ထရပ်ခ်ီကားတွေ၊ သင်္ဘောတွေ ဆောက်ရအောင်....နော်"

သည်ကြားထဲ ပုလုက သူ့အိမ်ကို သူ့ဘာသာ ခဏ တစ်ဖြုတ် ပြန်နေကျ။ ဂုဏ်က ခေါင်းပဲ ညိတ်ပြလိုက်သည်။ ထမင်းစားပြီး အိပ်ရာပေါ် နာရီ[illegible]က်လောက် လှဲနေပြီးကတည်းက ဂုဏ် ခြံရှေ့ ဒန်းကလေးပေါ် ဆင်းထိုင်နေကာ လမ်းကိုကုန်းမြင့်မှ ဆီး၍ မျှော်ငေးနေမိသည်၊ ညနေစောင်း ...ရီလောက်ဆို ကျနေက ဂုဏ်တို့ ခြံရှေ့ဘက်သို့ ...ကာ ဝုန်း အိမ်မျက်နှာစာမှ နေဝင်သောကြောင့် သုံးနာ... အရိပ်လွှတ်ကာ ဒန်းကလေး၌ နေကျဲကျဲပူပြီ။ ...န်တီလေး ရှိ

အဲသည်တော့မှ ဂုဏ် အိမ်ထဲ ပြန်ဝင်လာခဲ့သည်။ လေးနာရီလောက်ဆို ခြံထဲပြန်ဆင်းပြီး နှစ်နာရီကြာအောင် သက်သောင့်သက်သာ လမ်းလျှောက်ရပေမည်။ ဂုဏ် အိမ်ပေါ်ပြန်တက်ပြီး ကက်ဆက်တစ်လုံးနှင့် နေစဉ်မှာ ပုလုက သီချင်းနားထောင်ရမှာ ပျင်းရိသလို သူ့အိမ်သွားဖို့ ပြင်ဆင်လေသည်။

"ပုလုရေ....မအုန်းခေါ်သွား"

ဂုဏ့် မေမေက ပြောသော်လည်း....

"ဟင့်အင်း....သားတစ်ယောက်ပဲသွားမယ်"

မအုန်းကို ဘော်ဒီဂတ်လုပ်ကာ မသွားလိုသော ပုလုက နယူးကစ်ဒ်စ်ဦးထုပ်ကလေး ခေါင်းပေါ်ဆောင်းကာ စက်[illegible]ဖိနပ်စီးလျက် တစ်ယောက်တည်းပဲ အပြေးထွက်သွားသည်။ လူလည်းရှင်း ကားလည်းရှင်းနေသော ကျောက်လမ်းသွယ်

ကလေးက ချိုင့်တွေခွက်တွေလည်း ရှင်းတာမို့ ပုလုက ရဲရဲ တင်းတင်းပင် စကိတ်ကို တွေ့ကာလိမ်ကာ စီးသွားသည်။

လမ်းကွေ့ချိုးထောင့်တစ်ခု အရောက်မှာ အရှိန်နှင့်ကွေ့ချ လိုက်သော ပုလုသည် ကွေ့မည်အချက်ပြကာ မှန်မှန်လာနေ သော ကားတစ်စီးနှင့် တည့်တည့်ကြီး ဘွားခနဲ ရင်ဆိုင်လိုက် ရလေသည်။ ကားက အရှိန်လျှော့ထားတာမို့ တုံ့ခနဲ ချက် ချင်း ဘရိတ်အုပ်လိုက်နိုင်လျက် ပုလုမှာ ကားရှေ့တည့်တည့် ... နက်ပေါ် လက်နှစ်ဖက် ထောက်လျက်သား ရပ် သားတွေ နှ ... ။

သဖြင့် အိပ်ချင် ... ...ငှာချိုသွေး ရယ်ကျဲလိုက်သော ပုလုသည် လာကာ အိမ်နှင့် ... ထဲမှလူကို ရုတ်တရက်တွင် မမှတ်မိ။ ညီက ပြီး ပြန် ... စကိတ်ဖိနပ် အဝါကလေးကစပြီး မှတ်မိနေလေသည်။ ထိုစကိတ်ကလေးစီးကာ ဂုဏ်ရဲ့စာကို ညီ့ထံပို့၊ ညီ့ရဲ့စာကို ဂုဏ့်ထံပို့။ ညီတို့နှစ်ယောက် တစ်နေရာ သွားတော့မည်ဆို လည်း နိုးနိုးနှားနှားဆိုပါက ပုလုပါသည်။ အနားမှာ ကာ တွန်းဖတ်ကာ ပါးစပ်တလှုပ်လှုပ်နှင့် တစ်ခုခုကို စားသောက် ပြီး စောင့်နေတတ်၏။

အဲသည်ကတစ်ဆင့် ခပ်လှမ်းလှမ်းကို သွားကြမည်ဆိုလည်း ကားနောက်ခန်းထဲ၌ ပုပုက ထိုင်လျက် ပါလာတတ်သည်။ ရှေ့ခန်းမှာ ညီနှင့်ဂုဏ် မျက်စိလစ်လျှင် လစ်သလို အမိုးမပါ သော ကားရဲ့ ဘေးပေါင်ပေါ် တက်ထိုင်ပြီး ကဲတတ်သေး သည်။ ညီဝတ်တာ စားတာကို သဘောကျ၊ ညီ့ ခါးပတ် ခေါင်းကို စိတ်ဝင်စား၊ ညီ့မျက်မှန်အနက်ကို အားကျ၊ ညီ့



စတိုင်လ်ကို အထင်ကြီးသော ပုလုကလေးသည် ညီ့ကိုအတော် ကြီး ခင်ရှာ၏။

ညီသည် သွားဖြူလေးနှင့် ရယ်ပြနေသော ပုလုကို သဘော ကျ ရယ်လိုက်ရင်း ကားဘေးဘက်မှ ခေါင်းထုတ်ကာ....

"ဟေ့ ဘောင်....ပုလု"

အသံခပ်ဆတ်ဆတ်နှင့် နှုတ်ဆက်လိုက် သည်။

"ဟာ...."

ပုလုသည် ဘေးဘီဝဲယာကြည့်ပြီး သွက်လက်ဖျတ်လတ်စွာ ပင် ညီ့ ကားရှေ့ခန်း တံခါးတစ်ဖက်ကို ဆွဲဖွင့်ကာ ဗုန်း ခနဲ ဝင်ထိုင်လိုက်၏။

"ဟာ....အန်တီလေးဆီ လာတာလား၊ အန်တီလေး ရှိ ဘယ်"

"ဟုတ်လား၊ မင်းက ဘယ်လဲ"

"သား အိမ်ခဏပြန်ပြီး မက္ကင်နီဆက်တ် ယူမလို့၊ ညကျ အန်တီလေးနဲ့ ကစားဖို့"

"ကဲ....ဒါဖြင့် အဲဒီ အလျှင်သွားမယ်"

ညီက ခြံဝင်းတစ်ခုထဲ ကားကို နောက်ဆုတ်ဝင်ကာ လမ်း မပေါ် ပြန်ကွေ့ပြီး ပုလုတို့အိမ်ဘက် ဦးတည်လိုက်သည်၊ ပုလု တို့နှင့် ညီက တစ်လမ်းတည်း။ ညီတို့အိမ်က ထိပ်ဘက်မှာ ရှိ လျက် ပုလုတို့က အတွင်းမှာ။

ညီသည် ဟိုတစ်နေ့က လာတုန်းကလည်း သည်နား တစ် ဝိုက် ခြံဝင်းတွေကို ပြန်မြင်တော့ ကိုယ် ကျက်စားခဲ့ဖူးတာ တွေ အမှတ်ရသည်။ ဂုဏ့်ရဲ့ ယယ်က အသွင်ပြင်ကလေး

တွေကိုလည်း ပြန်မှတ်မိမြင်ယောင်ကာ စိတ်ထဲ ကြည်နူးရလေသည်။

"မတီး အန်တီလေး နေကောင်းလား"

"ကောင်းပါတယ်၊ ဘာမှ မဖြစ်တာ"

"မင်းက အခု အဲဒီအိမ်မှာ နေနေသလား"

"ဟုတ်ကဲ့၊ အန်တီလေး ပြန် ရောက် လာ လို့၊ သားလဲ ကျောင်းပိတ်လို့ ခဏလာနေတာ"

"ဟော....ဟိုရှေ့က ကင်းတဲကလေးကိုမြင်တော့ မင်းတာ့တို့ သတိရလဲ ပုလု"

ပုလုသည် ညီ ညွှန်ပြသော ကင်းတဲကလေးကို ဖျတ်ခနဲ လှမ်းကြည့်ကာ ခေါင်းမော့ လှန်လျက်ဟက်ဟက်ပက်ပက်ရယ်လိုက်ခလေသည်။ အဲသည်နားက စာအုပ်ဆိုင်နံဘေး ကွမ်းယာဆိုင်သည် ညီနှင့်ခင်သော အစ်ကိုကြီးတစ်ယောက်၏ ဆိုင်။ ညီက ကွမ်းယာဆိုင်ပေါ် ထိုင်နေ၊ ဂုဏ်က စာအုပ်လာငှား၊ အဲသလိုနှင့် လမ်းကဲမှာတင် မသိမသာ ချိန်းတွေ့တာမျိုးလည်း ရှိသည်။

တစ်ကြိမ်မှာ အဲသလို နှစ်ယောက်စကားပြောနေတုန်း မမမိက စာအုပ်လာအပ်သည်၊ မမမိလာနေတာကို လှမ်းမြင်တာနှင့် ညီရော ဂုဏ်ပါ ပုန်းဖို့ကြံရတော့သည်။ ညီ ကွမ်းယာဆိုင်ပေါ်ရှိနေလျှင်လည်း မမမိက မသင်္ကာတတ်၊ သည်က အပြန် ဂုဏ် အိမ် တန်းဝင်လိုက်မှ....။

ထိုအခါ ညီရော ဂုဏ်ပါ ကွမ်းယာဆိုင်ကို ကွယ်လျက် ကင်းတဲကလေးဆီ ခပ်သွက်သွက် သွားရသည်။ ကင်းတဲပေါ်



မှာ ပုလုနှင့် သူငယ်ချင်းတစ်စု ထိုင်ကစားနေကြသည်။အဲသည်ရဲ့ နောက်မှာ ဝင်ပြီး ပုန်းနေရတာမို့ ပုလုခမျာလည်း ချွေးပြန်နေရှာသည်၊ မိသွားလျှင် သူပါ ပါသည်ဆိုပြီး သူ့ အမေ မမမိက ကြိမ်တို့လိမ့်မည်။ မမမိက စာအုပ်အပ်၊ စာအုပ်ထပ်ငှားပြီး သူ့ အိမ်ဘက်ပဲ တန်းတန်းမတ်မတ် ပြန်သွားမှ ညီရော ဂုဏ်ရော ပုလုပါ သက်ပြင်းချနိုင်ကြလေသည်။

ပုလုတို့အိမ်ရှေ့ ကားရပ်လိုက်လျှင် အိမ်ရှေ့ မြေကွက်တွင် အပင်ရေလောင်းနေသော မမမိက ဖျတ်ခနဲ စူးစူးစမ်းစမ်း လှမ်းအကြည့်နှင့် တန်းတိုးသည်။ ကားပေါ်မှဆင်းလာသော ပုလုကို "ဘာလဲသား" ဟု အပြေးလှမ်းလာရင်း စိုးရိမ်တကြီး မေး၏။

"ဦးညီရင်းက အန်တီလေးဆီလာတာ၊ သားက အိမ်မှာ အရပ်ပြန်ယူတာနဲ့ ကြုံလို့ လိုက်ပို့တာပါ"

ပုလုက ဖြေရင်း အိမ်ထဲ တန်းဝင်ပြေးပြီး ကစားစရာ ဆောက်လုပ်ရေးကိရိယာဘူးကြီးကို ပိုက်ကာ ချက်ချင်း ပြန်ထွက်လာ၏။ အချိန်က ဘာမှ သိပ်မကြာပါ။ သို့သော် ထိုတစ်ခဏအတွင်းမှာပင် မမမိသည် ညီ့ကို ဖော်ဖော်ရွေရွေမရှိလှ။ ကားပေါ်ကဆင်းဖို့၊ အိမ်ထဲဝင်ဖို့၊ စကားစခြင်း လုံး မရှိပေ။ ညီကလည်း ထူးထူးထွေထွေ ဘယ်လိုမှ မနေပါ။ ကားပေါ်မှာပဲ ခပ်အေးအေး နေလိုက်သည်။

"ပုလု...ဟိုအိမ် တန်း သွား နော်၊ ဟို လျှောက် သွား ဒီလျှောက်သွား လုပ်မနေနဲ့ဦး"

ပုလုက ခေါင်းညိတ်ပြီး ကားပေါ် တက်လိုက်သည်။ ညီလည်း အမြင်ကတ်ကတ်ရှိသည်နှင့် မမမိကို နှုတ်ဆက်မနေဘဲ မောင်းထွက်ခဲ့တော့သည်။

"အိမ်ထဲဝင်မှာ မဟုတ်လား ဦးညီရှင်း"

"ဝင်မှာပေါ့ကွ"

"ဘိုးဘိုးတို့ဘွားဘွားတို့က ဦးညီရှင်းကိုကြည့်သလား"

ညီ ပခုံးတစ်ချက်တွန့်လိုက်ရင်း ပြုံး လို့ သာ နေ သည်။ ဂုဏ်တို့ခြံ ကုန်းမော့မော့ကလေးကို ကားမောင်းတက်လိုက်သည်နှင့် ညီ့ ရင်သည် တဒိတ်ဒိတ် ခုန်မြည်လာလေသည်။ သည်ခြံထဲကို ညီ ခုတစ်ကြိမ်ရောက်တာသည် ဟိုတစ်နေ့ကနှင့်ပါ ပေါင်းမှ နှစ်ကြိမ်သာ ရှိသေးသည်။ ဟိုတစ်နေ့ကလည်း အိမ်ထဲအထိ မဝင်ခဲ့ရ....။

ဟိုးအလျင်တွေတုန်းကတော့ ခြံရှေ့ကို မကြာမကြာ ရောက်ခဲ့ပါသည်။ ခြံထဲထိဝင်ဖို့လည်း ကြိုးစားခဲ့သည်။ ဘာမှ ရည်ရွယ်ချက်မရှိဘဲ အိမ်မှာ သူ ဟာသူရှိနေမည့် ဂုဏ်ကလေးကို မြင်ရလိုမြင်ရငြား သူငယ်ချင်းတွေနှင့် ခြံမှားဝင်သလိုလို ကားမောင်းဝင်သွားဖို့ အကြံနှင့် ရောက်လာခဲ့ဖူးသည်။

သို့သော် အဲသည်တုန်းက ဂုဏ်ကလေးကို အပျိုစင်ဘဝနှင့် မိဘတို့က သိမ်းသိမ်းဝှက်ဝှက်ထားနေသော အချိန်ကာလဆိုတော့ ခြံတံခါးသော့ကို အစဉ်အမြဲ ခတ်ထားပုံရသည်။ အဲသည်နေ့ကလည်း ခြံဝ ကားရပ်ကာ တတီတီ ဟွန်းနှိပ်လျက် ကိုယ်တိုင်လည်း ခြံတံခါးကို တွန်းဖွင့်နေသော ညီတို့သည် သော့ခလောက်ကြောင့် အကြံအိုက်နေဆဲ ဂုဏ်တို့အိမ်မှ



အဖော် အမျိုးသမီးကြီးက ခြံတံခါးဆီ အိပဲ့ပဲ့ ထွက်လာသည်။ နာမည်မှားတစ်ခုမေးကာ အိမ်ဆီ မျက်စိရောက်နေသော ညီတို့ လူသိုက်ကို မိန်းမကြီးက ခပ်အအမို့သာ မရိပ်မိဘဲရှိသည်။

ဂုဏ့် မေမေက အိမ်တံခါးဝမှ လှမ်းကြည့်ကာ ကောင်ကလေးတစ်သိုက် မြင်ကတည်းက အဖော်မိန်းမကြီးပြောသော "ခြံနံပါတ်မှားမေးတာ၊ အိမ်ဟာစ်အိမ် လိုက်ရှာနေကြတာတဲ့" ဆိုသည့် စကားကို လုံးဝ မယုံကြည်ဘဲ "အလကားပါ၊ အကွက်တွေထွင်တာ၊ အကောင်စုတ်တွေ" ဟု ကြိမ်းဝါးခဲ့တာ ဂုဏ် ပြန်ပြောပြသည်။

ဂုဏ်ကလေးကလည်း အဲသည်နေ့က အိမ်ထဲရှိ ပြတင်းပေါက်တစ်နေရာမှ ရိုးတိုးရိပ်တိပ်မြင်ရုံနှင့် ရည်းစား ဖြစ်လုဖြစ်ခင် ဖြစ်နေသော ညီနှင့် ညီတို့အုပ်စုပဲဖြစ်မှာဆိုတာ ရိပ်မိပြီးသားတဲ့။

ညီသည် ပုလုနောက်မှာရပ်ကာ အိမ် တံ ခါး အ ဖွင့် ကို စောင့်နေလိုက်၏။ တံခါးလာဖွင့်သူက ဟိုတစ်နေ့က တံခါးမဖွင့်ရဲဘူး ပြောလိုက်တဲ့ မိန်းကလေး၊ ညီ့ ကိုမြင်တော့ အားနာပါးနာ ပြုံးစိစိဖြစ်နေသည်။ ပုလုက လေသံမျှနှင့် "အန်တီလေးကော" ဟု မေးတာကို "အခန်းထဲမှာရှိတယ်၊ မအိပ်ဘူး၊ ခေါ်ပေးမယ်" ဟု လေသံလေးနှင့်ပဲ ပြန်ဖြေတာကို ညီက ပြုံးပြီး စောင့်နေလိုက်သည်။

ပုလု ဝင်အပြီးမှာ ညီ ဧည့်ခန်းထဲ လှမ်းဝင်လိုက်သည်။ တည်ငြိမ်ရိုးသားသော အပြင်အဆင်ရှိသည့် ဧည့်ခန်း၌ နံရံ

များ၌ ဂုဏ့် ဓာတ်ပုံ မှန်ပေါ်င်ကြီးများသာတည်း။ စားပွဲပေါ်ကြည့်၊ ရှီးကော စ်ထဲမှာ ကြည့်၊ အခန်းထောင့်က စင်နိမ့်ကလေးမှာ ကြည့်၊ ဘယ်မှာကြည့်ကြည့် ဂုဏ့် ဓာတ်ပုံများကို ဂုဏ့် ဖေဖေနှင့် မေမေများ ဂုဏ့်ကို အတော်ကြီး ချစ်ကြပေါ့....။

"ဦးညီရှင်း....ဒီမှာထိုင်"

ညီက ပုလုည္ဆန်သောခုံ၌ဝင် ဝင်ထိုင်လိုက်သည်။ရွှေလူလည်လေး ညီ့ကို နေရာချသွားတာက နှစ်ယောက်ထိုင်ဆက်တီမှာ၊ အခန်းတစ်ခုထဲသို့ မအုန်းရော ပုလုပေါ် ဝင်သွားအပြီး တစ်ခဏအကြာ နှစ်ယောက်သား ဂုဏ့်ကို ကူညီဖေးမကာ ထွက်လာကြ၏။

ညီသည် အလိုလို မတ်တတ်ရပ် ကြိုမိလျက်သား။ ဂုဏ်ကလည်း အနည်းငယ် ရှေ့တိုးလာပြီးသော် နေရာမှာ ဆိုင်းဆိုင်းကလေးရပ်ပြီး ညီ့ကို အဝေးမောကြီး ငေးမောကာ ကြည့်နေလေသည်။နှစ်ဦးစလုံး အတွေးထဲမှာ တစ်ယောက်ကို တစ်ယောက် ပိန်သွားသလိုပဲဟု မှတ်ချက်အသီးသီး ချနေမိဧ မယ့် တကယ်တမ်း မတွေ့ရသော ရက်မှာ ခြောက်ရက်သာ ရှိသေးတာ....။

"ဂုဏ်....နေကောင်းတယ်မှလား"

ညီ့ထံမှ နူးညံ့သော အပြုံးနှင့် စကားတစ်ခွန်း ထွက်လာလေသည်။ ဂုဏ်သည် ခေါင်းကလေးညိတ်ကာ ညီ့ကို ကြည့်မဝနိုင်အောင် ဖြစ်နေမိ၏။

"ညီလေး ဒီနေ့ အလုပ်ကပြန်တာ စောတာလား"



"ဟုတ်တယ် ဂုဏ်၊ ဂုဏ်ရော ဒီနေ့ ဆေးရုံသွားသေးသလား"

"သွားတယ်၊ ဆယ်ရက်က နေ့တိုင်းသွားရဖယ်၊ တစ်ရက်ခြား ဆယ်ကြိမ်သွားရမယ်၊ သုံးရက်ခြား ဆယ်ကြိမ်သွားရမယ်"

"စုစုပေါင်း နှစ်လလောက်ပေါ့၊ အခု ဘာတွေ တိုးတက်လာသလဲ"

"ခြေထောက်ကတော့ အစကတည်းက ဘာမှ သိပ်ဖြစ်မနေတော့ ဘာမှ သိသိသာသာ မတိုးတက်ပါဘူး ညီလေးရယ်"

သိသာထူးခြားစွာ တရိပ်ရိပ် တိုးလျက်တက်နေတာကတော့ ညီလေးကို လွမ်းတဲ့စိတ်တွေပါပဲဟု တိတ်တခိုးလေး ဂုဏ် ဝန်ခံနေမိသည်။ ညီလေးကို ဘာမှ မဟုတ်တာလေးနှင့် အခြေအမြစ်ကင်းမဲ့စွာ သံသယတွေဝင်ပြီး ခုလို ဆုံးဖြတ်ထွက်လာတာကို တရေးရေး တစိမ့်စိမ့် ပြန်စဉ်းစားကြည့်လိုက်လျှင် အကြောင်းရင်း တစ်ခုတည်းကြောင့်....။

ဂုဏ့် ခြေထောက် မသန်စွမ်းလို့....

ဘာမှမဖြစ်တဲ့ အလိုလိုနေရင်း အားငယ်မှုနှင့် ဂုဏ့်စိတ်တွေဟာ ကိုယ့်ကိုယ်ကို အယုံအကြည်ကင်းမဲ့မှု ပယောဂတစ်ထပ်အောက်မှာ မှိုင်းမိနေတာ၊ ဆေးရုံသွားရလာရ အဆင်ပြေတာ၊ ကောင်းကောင်း အနားယူနိုင်တာ၊ မိဘရဲ့ ခွင့်လွှတ်ကြည်ဖြူမှုအောက်မှာ နေပျော်နေတာက လွဲလျှင် ဂုဏ်

သည့် အလွမ်းဒဏ်၏ ဖိစီးမှု ကောင်းကောင်းကြီး ခံစားနေရပြီ။

"ထိုင်လေ ဂုဏ်"

ဂုဏ် ညီ့ကို တသသကြည့်ကာ ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ဟိုတစ်နေ့က ညီ လာသွားတယ်"

"ဟုတ်ကဲ့၊ ညဘက် ထပ်လာမလားလို့ ဂုဏ် စောင့်သေးတယ်၊ ဂုဏ် အခု အဲဒီ ခေါင်းအုံးစွပ်ကလေး စွပ်ထားတယ်"

"ညီ လာချင်ပါတယ် ဂုဏ်ရယ်"

"ဒါဖြင့်...."

ဂုဏ်သည် စကားတစ်ဝက်တစ်ပျက်နှင့် ညီ့ကို မျှော်လင့်လင့်ကလေး ငေးမောနေမိ၏။

"ညီ ခဏခဏ လာချင်တယ်၊ နေ့တိုင်း လာချင်တယ်၊ ဂုဏ်နဲ့ တွေ့ချင်တယ်၊ ဒါပေမယ့် ဂုဏ် အိမ်ကို တသီးတခြား လာတွေ့နေရတာက ခွဲခွာနေရတာကို ပိုပြီး သိသာစေတယ်၊ ဂုဏ်နဲ့တွေ့ရင် ကိုယ် ပြန်ခေါ်သွားချင်စိတ် ပေါက်လာမှာ စိုးတယ် ဂုဏ်ရယ်"

ဂုဏ်သည် ရင်တဖျပ်ဖျပ်ခုန်ကာ ရှက်ကြည်နူးပြုံးလေးနှင့်....

"အခုကော...."

ညီသည် စကားရပ်တန့်ကာ ပွင့် ဟ လာ သော အခန်းတံခါးတစ်ခုမှ ထွက်လာသည့် ဂုဏ့်မေမေကို လှမ်းကြည့်လိုက်သည်။ ရိုသေလေးစားသမှု ပြရမှာမို့ ထိုင်ရာမှလည်း ထရပ်လိုက်၏။

"ဘယ်တုန်းက ရောက်နေလဲ"

"အခုပဲပါ ခင်ဗျ"

ဂုဏ့်မေမေက ဝင်ထိုင်လိုက်သဖြင့် ညီလည်း ထိုင်ချလိုက်သည်။

"သမီး....ဒီနေ့လယ် တစ်ရေးရရဲ့လား"

"ဂုဏ် အိပ်မပျော်လိုက်ဘူး မေမေ"

"ပျော်အောင်အိပ်တာ မဟုတ်ဘူး၊ သူ့ကို အားဆေး မှန်မှန်တိုက်၊ လေ့ကျင့်ခန်း မှန်မှန်လုပ်ခိုင်းပြီး ကြပ်ကြပ်မတ်မတ် စောင့်ကြည့် ဂရုစိုက်ရတယ် ညီရှင်းရေ့၊ လူစောင့်အဖော်မရှိဘဲ ဖြစ်ကို မဖြစ်ဘူး၊ ရေချိုးရင် ရေနွေးနဲ့ချိုးခိုင်းတော့ ရေနွေးအိုးကြီးတစ်လုံး သူ့အတွက် သတ်သတ်ကျိုခိုင်းပေးရတာ၊ ဘယ်ဖြစ်မလဲ၊ မင်းရဲ့ မြို့ထဲအိမ်မှာ အဖော်မရှိဘာမရှိ၊ အခု ဒီမှာမှ အဆင်ပြေနေတယ်"

ညီသည် ဘာမှမပြောသာဘဲ ခပ်ပြုံးပြုံး ငြိမ်နေရသည်။ ညီ့အိမ်မှာ ဘယ်ဖြစ်မလဲတဲ့။ ဘယ်လောက်ကြာကြာထိများ ညီ့အိမ်မှာ ထားလို့မဖြစ်ဘဲ ရှိနေမှာလဲ။ ညီသည် ဂုဏ့်မျက်နှာလေး မြင်လိုက်ရသည်နှင့် ထင်သည့်အတိုင်းပဲ တမ်းတစိတ်က ပိုသည်ထက် ပိုလာသည်။ ခဏနေလျှင် သူသည် ဂုဏ်မပါဘဲ တစ်ယောက်တည်း ကိုယ့်အိမ်ကိုယ်ပြန်ရမှာပဲ ဆိုသည့် အမှန်တရား အဖြစ်အပျက်ကို လက်မခံချင်အောင် ရင်ထဲ ပင်ပန်းနေလေသည်။

"အဲဒါ ကျွန်တော်တစ်ခု စဉ်းစားနေတယ်၊ဂုဏ် အတွက် အဖော်မိန်းမကြီး တစ်ယောက်လောက် ကျွန်တော်ရှာရမယ်"

"ဘာအတွက်လဲကွယ့်"

"ဂုဏ် အိမ်ပြန်ရောက်လာရင်"

"အို…ရှာဖို့ မလိုသေးပါဘူးကွယ်၊ သုံးလေးငါးလ တန် သပ်ရှာတော့ ဒီမှာပဲ ကောင်းကောင်းစား၊ ကောင်းကောင်း အိပ်၊ ကောင်းကောင်းအနားယူရဦးမှာ"

ညီသည် ခေသံကို အတတ်နိုင်ဆုံး နူးညံ့စေလျက်…

"အိမ်မှာလဲ ဂုဏ် ကို ကျွန်တော် အမြဲတမ်း နေလယ်တစ် ရေး အိပ်ခိုင်းပြီး အနားယူခိုင်းပါတယ် အန်တီ"

"ဘာပဲဖြစ်ဖြစ် အိမ်မှုကိစ္စ အိမ်ထောင့်တာဝန်မျိုး ဂုဏ် ရည် အပင်ပန်း မခံနိုင်သေးပါဘူးကွယ်"

"ဂုဏ် မှာ ဘာတာဝန်မှ မရှိပါဘူး အန်တီ၊ ကျွန်တော် ဂုဏ် ကို ဘာအိမ်မှုကိစ္စမှ မခိုင်းပါဘူး၊ ကိုယ့်မိန်းမ ချိုင်း ထောက်နဲ့ အားပြုပြီးမှ သွားလာလှုပ်ရှားနေရတာ ကျွန် တော် တာဝန်တွေ ပေးပြီး ခိုင်းထားရက်ပါ့မလား အန်တီ၊ အိမ်မှာလဲ သူ ဒီလိုပဲ နေရပါတယ်၊ နောက်ထပ် အဖော် တစ် ယောက် အိမ်မှာ ရှာခေါ်ထားလိုက်မယ် ဆိုရင် ပိုပြီးတော့ တောင် အဆင်ပြေသွားမှာပါ"

"ဘာပဲဖြစ်ဖြစ် မင်းအိမ်က လှေကား အဆင်းအတက်နဲ့ တင် သွားရ်လာရ ဒုက္ခရောက်နေပြီ ညီရှင်းရဲ့"

သည်တစ်ခွန်းကိုတော့ ညီ ဘာမှ မချေပနိုင်တော့ပေ။ မိမ်ကလည်း ပြောချင်တိုင်း ပြောစရာ။ ဟိုး အပေါ်ဆုံး



လေးထပ်မှာ ဖြစ်နေတာကိုး။ လှေကားတစ်ပေါင်း ငါးဆယ် ကျော် ခြောက်ဆယ်နီးပါး တက်ရတာ အမှန်ပင်။ လှေကား တက်ရသောအိမ်ပဲ သူ့ဆီမှာရှိတာကိုတော့ ညီ ဘယ်လိုမှ မတတ်သာနိုင်။ ညီသည် ခေါင်းကြီးအငုံ့သား စိုက်နေရာမှ ဂုဏ့်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

ဂုဏ်သည် သူ့ကို တွေတွေကလေးကြည့်နေသည်မှာ စိတ် မကောင်းချင်စရာ။

"ပြီးတော့ ဂုဏ် ကျန်းမာရေးဟာ စိတ်အပေါ်လဲအများ ကြီး မူတည်တယ်၊ စိတ်ဟာ အမြဲတစေ ကျန်းမာလွတ်လပ် ပြီး ပျော်ရွှင်နေရမယ်၊ အမြဲ စိတ်ချမ်းသာနေရမယ်၊ စိတ်က ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာနဲ့ တက်ကြွမှု လိုလားမှု အမြဲရှိနေမှလဲ လေ့ကျင့်ခန်း လုပ်တဲ့နေရာမှာ စိတ်ခွန်အားနဲ့ ပိုထိရောက်မယ်တဲ့၊ လေ့ကျင့်ခန်း လုပ်ချင်စိတ်၊ လုပ်တဲ့အခါ အမှန်တကယ် သက်သာ ပျောက်ကင်းလိုစိတ်၊ စိတ်ထဲမှာ ပြင်း ပြင်းထန်ထန်ရှိနေမှ ပိုကောင်းသတဲ့၊ ဟိုတစ်နေ့က ဆရာဝန် ပြောလိုက်တာ ကြားတယ်မဟုတ်လား သမီး"

ဂုဏ် ဘာက်လှည့်ပြီးသက်သေတောင်းလိုက်သောအခါ ဂုဏ် သည် ခေါင်းကလေး တစ်ချက် ညိတ်ပြလိုက်ရသည်။ ဆရာဝန် က ပြောတာ အမှန်ပင်။

"ကျွန်တော် ဂုဏ့်ကို ဘာမှ စိတ်ဆင်းရဲစရာ မပေးပါဘူး အန်တီ၊ ပျော်အောင်ပဲ ထားပါတယ်၊ သူ ကျွန်တော့် အိမ် မှာ နေရင်လဲ စိတ်မချမ်းသာစရာတော့ ဘာမှ မရှိနိုင်ပါဘူး အန်တီ"

ဂုဏ် မေမေသည် ညီ့ကို တစ်ချက်ဖျတ်ခနဲ အကဲခတ်လျက် ပြောချလိုက်ရကောင်းနိုး မကောင်းနိုး ချီတုံချတုံ စဉ်းစားနေသည်။ မိမိရဲ့ အပြောကြောင့် ညီရှင်းဟာ ဟိုးတုန်းက ရည်းစားဟောင်း တစ်ယောက်နှင့် ရိုးသလား ဆန်းသလား အတပ်မပြောနိုင်သော ဆက်ဆံမှု ပြန်လည်ရရှိနေတာ သိရပြီးပြီ။

အဲသည်ရဲ့နောက်မှာ သတင်းစာတိုက်၌ အမွေဖြတ် စွန့်ပစ်တဲ့သော ကြော်ငြာကို ရုပ်သိမ်းခြင်း သတင်း သွားတည့်သည့်နေ့က သူကိုယ်တိုင်ပါ မျက်စိနှင့် တပ်အပ် စုံတွဲ မြင်တွေ့လိုက်ရတာမို့ ဘယ်လိုမှ သဘောမတွေ့နိုင်၊ ခွင့်လွှတ်လို့မရဘဲ မကြည်လှသော သမက်အပေါ် စိတ်အနာကြီး နာနေတာ။

ဂုဏ့်ထံ လိုက်သွားသည် ဆိုတာဟာ သမီး လုပ်သူကို သနားကရုဏာ ထားစိတ်ကြောင့် သမီးရဲ့ ယောကျ်ားလုပ်သူကိုလည်း အာဃာတတွေဖျောက်ပြီး မနှစ်မြို့နိုင်ခြင်း နေရာမှာ ခင်မင်စိတ် အစားထိုး မွေးမြူယူဖို့ နှစ်ယောက်စလုံးကို ခွင့်လွှတ်လက်ခံတော့မည့် ဆုံးဖြတ်ချက်နှင့် လိုက်သွားခဲ့ခြင်းသာ။ ညီရှင်းကို အလျင်က ကြည့်မရ၊ အမြင်ကတ် စိတ်နှင့် သဘောမတွေ့နိုင်ခဲ့ပေမယ့် ကိုယ့်သမီးကလည်း အဆမတန် နှစ်သက်မြတ်နိုးနေကာ ပေါင်းသင်းနေတာပင် သက်တမ်း တစ်နှစ်ရလာခဲ့ပြီဆိုတော့....ဘာပဲဖြစ်ဖြစ်သားလိုမချစ်နိုင်လျှင်တောင် သဘာဝ တရားအရ သမက်အဖြစ်တော့ လက်ခံကာ အမျိုးစာရင်းသွင်း ဆက်ဆံရတော့မှာပဲ မဟုတ်လား။



မိမိရဲ့ သတင်းအခံကြောင့် စိတ်က တယ်ပြီး ရှင်းလှသည်တော့ မဟုတ်။ အဲသည်နေ့မှာပဲ မျက်ဝါးထင်ထင် တွေ့လိုက်ရတဲ့အခါ ပိုဆိုးတော့သည်။ ဂုဏ့်ကိုတောင်မှ ထိုနံနက်က ညီရှင်း အလုပ်သွားဖို့ ထွက်သွားတဲ့အချိန်မှာ မေးမြန်းမိသေးသည်။ သူ့ရည်းစားဟောင်းနှင့် ဆိုသော သတင်းက ဘယ်လောက်အတိုင်းအတာအထိ ဖြစ်နေတာလဲ ဆိုတာ။

သမီးဖြစ်သူက မျက်ရည်ကလေးစမ်းစမ်းဖြစ်လာကာ ဂုဏ်ဘာမှ မသိပါဘူး၊ မမပိ ပြောလို့သိတာ ဟု အရိုးခံကလေး ဖြေသောအခါ စိတ်ထဲ ဒေါသဖြစ်လိုက်တာဆိုတာ။ ဂုဏ့်ကိုတောင် ‘စောင့်ကြည့်ပြီး စုံစမ်းကြည့်သေးတာပေါ့ သမီးရယ်၊ ဒါ မျက်ရည်ကျစရာ မဟုတ်ပါဘူး’ ဟု အားပေးလိုက်ရသေးသည်။

ကားရှေ့ခန်းထဲ နှစ်ယောက်ယှဉ်တွဲကာ လူကြီးမျက်စိနှင့် မြင်လိုက်ရတော့ ဖော်တော်ကြီးကို အောင့်သီးအောင့်သက် အခံရခက်လှပေသည်။ ကိုယ့်သမီး ဖြစ်ပျက်နေသော အခြေအနေဟာလည်း စိတ်ပျက်မည်ဆိုလျှင် ပျက်လောက်ချင်စရာ ဖြစ်ချက်တစ်ခု သဘောပဲ မဟုတ်လား။

ဒါတောင် မိမိက တစ်ဖက်သတ် တစ်ဖက်စောင်းနင်းဆန်ဆန် တရားမရှိ ပြောတာ မဟုတ်ပါ။ ကောင်မလေးက အိမ်ထောင်ပြုတော့မှာပါတဲ့။ အဲသည်ကိစ္စမှာ ညီရှင်းက တချို့ကိစ္စတွေကို လိုက်ကူညီနေသတဲ့။ ဘာပဲဖြစ်ဖြစ် လူကြီး တစ်ယောက် ဆုံးဖြတ်ချက်အရ ဒါမျိုးဟာ ပြန်ကို မပတ်သက်သင့် မပတ်သက်ထိုက်တာမျိုး။

ရှိုးပဲ ရှိုးရှိုး ဆန်းပဲ ဆန်းဆန်း။

သတင်းစာတိုက်က အထွက်မှာ သမီးကလေး ငိုင်တွေနိုင်လေလျက် မျက်နှာပျက်နေတော့ အချစ်ကြီးသော မိဘတို့ ရင်ထဲ ပိုလို့သာ ဆူပွက်လေသည်။ တခြားဆီ စိတ်ရောက်သွားအောင် ဟိုလျှောက်ပို့ သည်လျှောက်ပို့နှင့် စိတ်ပြောင်းပေးရသည်။

ဟိုကို အချစ်ပိုလို့ မိဘသဘောမတူသည့်ကြားကပင် ဇွတ်လိုက်သွားခဲ့တဲ့ သမီးဟာ မိဘက ပြန်လည်ခွင့်လွှတ်သည်နှင့်သူ ဆုံးဖြတ်မှုနဲ့သူ မိဘထံ ကောက်ခနဲ ပြန်ပါလာတာဟာ ဘယ်လောက်များ မပျော်မရွှင် စိတ်မချမ်းမသာ ဖြစ်နေရရှာလိုလည်းမှ မသိနိုင်တာ။ ထိုအချက်ကိုက အဖြေပဲပေါ့။ သူတို့က ဇွတ်လိုက်ခဲ့ရမည်ဟု အတင်းအကျပ် ဖိအားမပေးလိုက်ရပါ။ နှုတ်ပိုင်းက ဟိုလိုလို သည်လိုလိုဖြစ်နေသော ဂုဏ်သည် နှလုံးပိုင်းမှာတော့ မေမေတို့နှင့် လိုက်ခဲ့မည့် အလိုလိုဖြစ်လာသည်။

ဘာမှတော့ မပြောရှာ။ မိဘက ကျန်းမာရေး အကြောင်းမြွက်နှင့် ပြန်ခေါ်တာမို့ သူကလည်း ကျန်းမာရေး အကြောင်းမြွက်နှင့်သာ လိုက်လာသည်။ သည် လောက်အချစ်ကြီးခဲ့ပြီး အိမ်ထောင်သက်ကလေး အချိန်တိုတိုနှင့် စိတ်ပျက်စရာ တစ်စုံတစ်ရာမရှိလျှင် သမီးဟာ သူ့ယောက်ျားကိုခွဲပါ့မလား။ ချိုင်းထောက်နှင့် မကလို့ ခြေဒုံးတိပင် မြှပ်နေပါစေဦး မိဂုဏ်ရည်တို့က ထိုကောင်ကလေးကို မျက်ကန်းတောတိုး ချစ်လွန်းအားကြီးတာမို့ ကောင်လေးရဲ့ ကြင်နာမှု



အပြည့်ရလို့ကတော့ ထိုခြေဒုံးတိနှင့် လေးထပ်မက တာဝတိံသာအထိ လှေကားတက်ရပါစေ၊ ပျော်နေဦးမည့် သမီး။

သည်လို စိတ်ထဲမရှင်းလင်းနိုင်အဲနှင့် ညီရှင်းလက်ထဲ သမီးကို မထည့်နိုင်။ ရှိုးသလား၊ ဆန်းသလား ကိုယ်လည်း အပိုင်မသိတော့ အကြောင့်ကြပိုသည်။ သမီး ကရိကထကို ဘယ်လောက် ခံနိုင်ရည်ရှိပြီး ဘယ်လောက် စိတ်ရှည်မှာလဲ။ နောက်တစ်နေ့ သတင်းစာထဲ ဟိုရည်းစားဟောင်း ကောင်လေးလက်ထပ်မင်္ဂလာ ရွှေ့ဆိုင်းသည့်သတင်း ပါလာတော့ လန့်ဖျပ်ပြီး မိမိကို စုံစမ်းမေးမြန်းကြည့်ရသေးသည်။

ဂုဏ်ကတော့ ထိုကိစ္စ စကားမစပ် ပါးစပ်မဟသဖြင့် မမေးချင်။

"ကောင်မလေးယူမယ့်သူက ကိုစိုးနဲ့လဲ မိတ်ဆွေပဲ၊ အဲဒီလူက မယားကြီးရှိတယ်၊ မိမိတို့နဲ့လဲ ခင်ပါတယ်၊ သမီးကလေးက ဂုဏ့်လိုပဲ ချိုင်းထောက်နဲ့၊ ဒါပေမယ့် သူက အရိုးသိမ်နေတာလေ၊ အဲဒီလူကြီးက မိန်းမဟောင်းနဲ့ လောလောဆယ် မပေါင်းပေမယ့် ခုထိ ဒိုင်ဗို့စ် မရသေးဘူး၊ မိန်းမကနည်းနည်းကတ်ထားလို့ သူတို့မင်္ဂလာပွဲ ရွှေ့ရတာ၊ အဲဒီမိန်းမကလဲ ပြန်ပေါင်းချင်လို့ မဟုတ်ပါဘူး၊ သူက ဖြတ်ပါတယ်၊ ဟိုလူ-ရက်စက်လွန်းလို့သာ တမင်သက်သက် ကတ်နေတာ"

ထိုအခါ အမယ်လေး....ဟု တ,ပြီး ရင်မအေးနိုင်ဘဲ ရှိရပြန်သည်။ ကလေးအဖေကိုတောင်မှ ထိုမိန်းကလေးက ယူနိုင်သေးတာ၊ ရည်းစားဟောင်းလည်း မြစ်ခဲ့တဲ့ မိန်းမကြိုက်တဲ့

ရုပ်ဖြောင့်ဖြောင့်နှင့် ညီရှင်းကိုရော၊ ရည်းစားဘဝ ကွဲတုန်းကတော့ သူ့ အကြောင်းနဲ့သူ ရှိပေမပေါ့၊ ခုလို ပြန်ဆုံတွေ့ပြီး တရင်းတနှီးနှင့် တစ်ယောက်ကိုစ တစ်ယောက်ပါပြီး တတွဲတွဲ ပြန်လုပ်နေတဲ့ အခြေအနေမှာ မိန်းကလေးက ဘယ်လောက် စိတ်ခိုင်မလဲ။ ယောကျ်ားလေးကရော ဘယ်လောက် စိတ်နိုင် မလဲ။

"စိတ်မချမ်းသာဘူး၊ စိတ်ချမ်းသာတယ် ဆိုတာကတော့ ကာယကံရှင်ကလွဲရင် ဘယ်သူက အတိအကျသိနိုင်မှာလဲ၊ စိတ်ဆင်းရဲစရာဆိုတာကတော့ ကြုံဖန်ပြီး ရှိတတ်တာပဲ"

ဂုဏ် မေမေက စကားကို ဝေ့လည်ကြောင်ပတ်ကလေး ဖြတ်ထားလိုက်သည်။ ညီသည် စိတ်ပေါက်ပေါက်နှင့် တစ်ခွန်းတော့ ထွက်တိုးလိုက်သည်။

"စိတ်ဆင်းရဲစရာ ဆိုတာမျိုးက ကြုံဖန် ဝင်လာတော့မယ် ဆိုရင် ဒီအိမ်မှာနေနေ ဟို အိမ် မှာ နေ နေ ဝင် လာ မှာ ပဲ အန်တီ"

ဂုဏ် မေမေမှာ ဒေါသထွက်လျက် မျက်နှာ ကွက်ခနဲ ပျက် သွားလေသည်။

"ဒါပေါ့ကွယ်၊ စိတ်ဆင်းရဲအောင်လုပ်တဲ့သူ ရှိနေမှတော့ ဘယ်မှာနေနေ စိတ်ဆင်းရဲနေမှာပေါ့၊ အမိကကတော့ စိတ် ဆင်းရဲအောင် မလုပ်ဖို့နဲ့ ဂုဏ် ကို ကြင်ကြင်နာနာရှိဖို့ ဒါပဲ လိုတယ်"

"ဂုဏ် ကို ကျွန်တော် ဘယ်တုန်းကမှ စိတ်ဆင်းရဲအောင် မထားခဲ့ပါဘူး အန်တီ။ ကျွန်တော့်ကြောင့် ဘယ်တော့မှလဲ



စိတ်မဆင်းရဲစေရပါဘူး၊ အဲဒါကိုတော့ ကျွန်တော် ကတိပေး နိုင်ပါတယ်၊ သူများသားသမီးကို ယူထားပြီးရင် ဘယ်လိုထား သင့်တယ်ဆိုတဲ့ လူ့ကျင့်ဝတ်ကို ကျွန်တော် နားလည်ပါတယ် အန်တီ၊ ဒီအိမ်မှာလောက် ပြည့်စုံချင်မှ ပြည့်စုံအောင် ထား နိုင်မယ်ဆိုပေမယ့် ပြည့်ပြည့်စုံစုံနဲ့၊ အဆင်ပြေပြေနဲ့ ဂုဏ် ကို စိတ်အချမ်းသာဆုံး ထားချင်တဲ့ စေတနာတော့ အန်တီတို့လိုပဲ ကျွန်တော့်မှာ ရှိပါတယ်"

ဂုဏ်သည် ဘာစကားတစ်ခွန်းမှမဆိုဘဲ နားထောင်သမား သက်သက် ဖြစ်နေရာမှ မျက်ရည်တလေး လည်လာသည်။ ဘယ်လိုများ ဆုံးဖြတ်ရပါမည်လဲ။ ဂုဏ် ကို နီးနီးကပ်ကပ် ပြန် ပြီး မြင်တွေ့နေရသဖြင့် ကျေနပ်နှစ်သိမ့်နေသော ဖေဖေနှင့် မေမေကို ဂုဏ် သနားသည်။ ချက်ချင်းကြီး ထွက်ပြန်လိုက် သွားဖို့ရာ မကြိုးစားရက်သေး။ တစ်ပတ်ပင် မပြည့်သေး သော ခွဲနေရရက်အတွင်းမှာ ညီလေးကိုလည်း လွမ်းလှပေပြီ။

"ဂုဏ် ကို မနက်ပိုင်း ကျွန်တော် အလုပ်သွားရင်းနဲ့ ဒီမှာ ဝင်ချ၊ ညနေပိုင်း အပြန်မှာဝင်ခေါ်ပြီး အိမ်ပြန်ခေါ်သွား တာမျိုး ကျွန်တော် လုပ်လို့မရနိုင်ဘူးလား အန်တီ"

"လေးထပ်အမြင့်ကို တစ်နေ့ အဆင်းတစ်ကြိမ်။ အတက် တစ်ကြိမ် နှစ်ကြိမ် လုပ်နေရမှာ၊ မတော်တဆ နောက်တစ်ကြိမ် များ ချော်ပြု ထပ်ကျနေမှဖြင့် မင်းရော ငါတို့ရော ရင်ကျိုးရ ချည်ရဲ့၊ ဂုဏ်လဲ သွားတယ်လာတယ် တက်တယ်ဆင်းတယ်နဲ့ ပင်ပန်းတယ်"

ဂုဏ်သည် ကိုယ်ကလေးကို တစ်ချက်လှုပ်ကာ ခါးဆန့်လိုက်သည်။ ဘယ်သူ့မျက်နှာမှ မကြည့်ဘဲ....

''ဂုဏ် လမ်းလျှောက်ရမယ်''

''အေး....အေး....ဟုတ်တယ်၊ ဂုဏ် လမ်းလျှောက်ဖို့ အချိန်တန်ပြီ၊ ကဲ....အုန်းအုန်းရေ....နှင့် မီးဖိုပေါ်ကအိုးတွေ ကျပြီလား၊ ဂုဏ် လမ်းလျှောက်မယ်''

နောက်ဖေးကို လှမ်းအော်ရင်း ညီ့ဘက် တစ်ဆက်တည်းကြည့်ကာ....

''အန်တီကတော့ ဂုဏ်နဲ့ နှစ်နာရီ ဘေးက လိုက်မလျှောက်နိုင်ဘူး၊မူးသိပ်နာတယ်၊သူ့တူလေးနဲ့ ကောင်မလေးနဲ့ပဲ တူတူလျှောက်တယ်''

ညီက ထိုင်ရာမှ ထလိုက်ရင်း....

''ဒီနေ့တော့ ကျွန်တော်နဲ့ လျှောက်လို့ရတာပေါ့ အန်တီ၊ ကျွန်တော် မပြန်သေးပါဘူး''

ဂုဏ်သည် စကားပြတ်အောင်သာ ဖြတ်လိုက်ပေမယ့် ညီထပြန်မှာလည်း စိုးရိမ်နေရာမှ မျက်နှာလေး ငေးလက်သွား၏။

''ညီလေး၊ ထမင်းစားပြီးမှပြန်နော်၊ ညစာ ဒီမှာစားနော်၊ နော်... ညီလေး''

ညီ ရုတ်တရက် မဖြေဖြစ်ဘဲ ရှိနေသည်။ ဂုဏ့်မေမေက ညီ့ကိုတစ်လှည့် ဂုဏ့်ကိုတစ်လှည့်ကြည့်ကာ....



''အေး....ဟုတ်တယ်၊ ဒါဖြင့် ဒီမှာ ညစာစားပြီးမှပဲ ပြန်'' ဟု မေမေကပါ ဖိတ်ခေါ်သဖြင့် ဂုဏ့်ခမျာ သနားစဖွယ် ...း ရွှင် မြူးထူးသွားလေသည်။ ဂုဏ့်မျက်နှာလေးကိုကြည့် ...း ညီ ဘာမှမပြောနိုင်တော့၊ ဂုဏ့်ကို ဖေးမ တွဲခေါ်ပြီး ...ထဲ အတူ ဆင်းလာခဲ့တော့သည်။

နှစ်ယောက်သား ဝမ်းသာတာလား ဝမ်းနည်းတာလား ...ပြောတတ်နိုင်သော ခံစားချက်ကိုယ်စီနှင့် ခြံထဲမှာ ဖြည်း...ည်းကလေး လမ်းလျှောက်နေဖြစ်ကြလေသည်။

* * *

## အခန်း (၆)

''ဒုတိယအကြိမ် မြန်ခိုးရှဦးမလို ဖြစ်နေပါလားကွာ''
မင်းဦးစကားကို ညီ ရယ်မောလိုက်မိလေသည်။

ဟုတ်တော့လည်း ဟုတ်ပါရဲ့၊ဟိုနေ့က ဂုဏ် ကို တစ်နေရာ သွားရအောင်ဟု ညီက ခွင့်တောင်းသည်။ ဂုဏ် မှာလည်း ည နှင့်အတူ တွဲပြီး အပြင်လောကထဲ လည်ရပတ်ရသည်ဆိုသည့် အခွင့်အရေးနှင့် ဝေးခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ဂုဏ်သည် စိတ်ဝင်တစား တက်ကြွနေလျက် သူ့ မေမေကို ခွင့်သွား တောင်းလေသည်။

''အေးလဲ အေးနေပြီကွယ်၊ မှောင်လဲ မှောင်ပြီ၊ ကားရှုပ် ရှုပ်နဲ့ စိတ်မချဘူးကွယ်၊ သွားချင်တာကဟုတ်ပါတယ်၊ နောက် တစ်ရက်ရက်မှ လင်းလင်းကျင်းကျင်းအချိန် သွားပါ ညီရှင် ရယ်''

ညီ ကိုပါ တစ်ပါတည်း လှမ်း ပြောလိုက် သော အခါ ညီသည် အခုပဲ သွားမယ်ဟု ဇွတ်တိုးလို့ မရနိုင်ပေ။ ဂုဏ်



မေ ပြောတာလည်း မှန်ကန်သည်။ လမ်းလျှောက်ချိန်ပြည့် ပြီးမှာ ခြောက်နာရီတောင် ကျော်ပြီမို့ မှောင်ရိပ်လည်း ပြီ၊ လမ်းမီးထွန်းပြီ၊ ကားတွေ မီးဖွင့်မောင်းရပြီ။

မတော်တဆနှင့် တစ်စုံတစ်ရာ အမှားအယွင်းရှိခဲ့သော် ဂုဏ် မေမေတို့လိုပဲ စိတ်မကောင်းနိုင်၊ ဖြေမဆည်နိုင် ဖြစ် မှာ။

''ဟုတ်ပါတယ်....ဟုတ်တယ်ဂုဏ်၊ အန်တီပြောတာ ဟုတ် ယ်၊ နောက်တစ်ရက်ရက်ကျမှပဲ ခပ်စောစောသွားမယ်၊ နေ့ မသွားတော့ဘူးနော်''

ဂုဏ် မေမေမျက်နှာက ဘဝင်ကျစွာ ကြည်လင်သွားတော့ အနည်းဆုံး အမှတ်ဝက်လောက်တော့ ညီ ရလိုက်ပုံ ပေါ် သည်။ ညီ့မှာ ခုတော့ ရည်းစားဘဝတုန်းက သူငယ်ချင်း တွေထဲ တဖွဖွ ရင်ဖွင့်ရသလို ဂုဏ် ကို တမ်းတမ်းတတနှင့် ငယ်ချင်းထံ ရင်ဖွင့် ပြောပြနေမိရပြန်ပြီ။ မင်းဦးက ရန် ကုန်က ဦးလေးတစ်ယောက်အိမ်မှာ လောလောဆယ် လာ သည်။ ညီ့ အဖြစ်အပျက်တွေ သိရပြီး ညီတစ်ယောက်တည်း နေတာကို သိသောအခါ ညီ့ အိမ်မှာ လာအိပ်နေသည်။

ဂုဏ်ပြောသလို ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းကလေးဆိုတာ ကိုဟုတ်မှာ၊ အခုလည်း မင်းဦး တစ်နည်းတစ်ဖုံ ပတ် ပြီး ဝင်လာပုံကို ကြည့်....။

မင်းဦးသည် သူ့ ကောင်မလေး နိုင်ငံခြားသွားမှာမို့ သယာဉ်ကွင်းလိုက်ပို့ဖို့ အမီ ရောက်လာခြင်း ဖြစ်သည်။ င်းဦး ကောင်မလေးသည် ဒေါ်ခင်လေးနွယ်နှင့် တစ်ဝမ်းကွဲ

ညီအစ်မ ဖြစ်လို့နေသည်။ လေဆိပ်လိုက်ပို့ကြတော့ မင်း[illegible] နှင့် ဒေါ်ခင်လေးနွယ် တွေ့ဖူးဆုံဖူး စကားပြောဖူးသွ[illegible] သည်။

မင်းဦးရောက်နေတာကို တွေ့ကာ နှုတ်ဆက်ကြမြ[illegible] ညီနှင့် ဒေါ်ခင်လေးနွယ်ပါ စကားပြောဆိုဖြစ်သော အ[illegible] သို့ ရောက်ရသည်၊ ဟိုတစ်ရက်က မီးမီးကို အကြောင်း[illegible] ညီနှင့် ဦးကျော်လွင် သိကျွမ်းကြသည်ဆိုတာကို သိရှိထား[illegible] သည့် ဒေါ်ခင်လေးနွယ်သည် ညီ့အပေါ် ဘယ်လိုမှ မနေ[illegible] ဂုဏ်ယောကျ်ားဆိုသော အသိနှင့် ဖော်ဖော်ရွေရွေပဲ ဆက်[illegible] သည်။

အဲသည်အပြင် 'ညီကား နေရင်းထိုင်ရင် နှစ်ဖက်ချွန်[illegible] ရဖြန်လေသည်၊

"ကိုညီရှင်းက ဦးကျော်လွင်နဲ့ ခင်တယ်ဆိုတော့ ကျွန်[illegible] ကို တစ်ခုလောက် အကူအညီပေးပါလား၊ သူ့ကို ဒိုင်ဗို့စ်ပေး[illegible] ဖို့အတွက် ရက်တစ်ရက် ချိန်းလိုက်ချင်လို့၊ အဲဒီနေ့ သက်သေ[illegible] နှစ်ယောက်ခေါ်ပြီး အိမ်လာခဲ့ဖို့ ကျွန်မမှာချင်ပါတယ်၊ ကျွန်[illegible] ဖုန်းမဆက်ချင်လို့"

ညီ့မှာ ဦးလူကလေးတပည့်လိုလို နန္ဒာ့အကျိုးဆောင်[illegible] လို ဦးကျော်လွင်ရဲ့ ဘက်တော်သားလိုလို...ခုတော့ ဒေါ်ခ[illegible] လေးနွယ်ရဲ့ ကိုယ်စားလှယ်လိုလို။ ညီက လိုလိုလားလား[illegible] ခေါင်းညိတ်ကူညီလိုက်ပါသည်။ အားလုံးရဲ့ ရှေးရှု ရည်ရွယ်[illegible] ရာဟာ ဒါကို ရဖို့ပဲမဟုတ်လား။



ညီမှာ ဘာမှ ထူးထူးခြားခြား စွမ်းဆောင်ကြိုးပမ်းလိုက်ရတာ မရှိသော်လည်း ဦးလူကလေး၊ဦးကျော်လွင်၊ နန္ဒာတို့အားလုံးက ကျေးဇူး ဝိုင်းတင်ကြတာကို အလကားသက်သက်ခံယူရသေးသည်။ နန္ဒာနှင့် ဖွဲ့လျက်ကြီးတွေ့တာမို့ မချိမချဉ်တစ်မျိုးထင်ချင်သလိုရှိကာ ညီ့ကို ဝေဖန်နှိပ်ကွက်ဖို့ မောင်းတင်ထားသည့် မင်းဦးသည် ဦးလူကလေးကြောင့် သက်သက်ညီ ကြားညှပ်ပါနေရတာကို လှောင်ပြောင် ဟားတိုက်နေတတ်သည်။

"ဂုဏ်သူ့အဖေအမေအိမ် ပြန်ပါသွားရတဲ့ အကြောင်းရင်းထဲမှာ ဒီကိစ္စလဲ တော်တော်လေးပါမယ်ကွ၊ ဒီနေရာမှာ ဒေါ်မကြီးသမီးက မြန်နန္ဒာမဟုတ်ဘူးဆိုရင် ဂုဏ့်အမြင်ဟာ အများကြီးပြောင်းလဲကြည်လင်သွားမယ်၊ အမှန်ကတော့ဂုဏ်ကလဲ သူ့အားနည်းချက်နဲ့သူ ဖြစ်နေလို့ပါ၊ တကယ်ဆိုမြန်နန္ဒာလက်ထပ်ဖြစ်တော့မှာဟာ သူ စိုးရိမ်နေတာတွေအတွက်ဆိုရင် ပိုတောင် စိတ်ချရကောင်းသေးတယ် မဟုတ်လား၊ မြန်မြန်ယောကျ်ားယူသွား မြန်မြန်အေးတာပေါ့"

"ဂုဏ်က ငါ့ကို အဲသလောက် အယုံအကြည်မဲ့နေတဲ့အထိတော့ ဟုတ်ပုံမရဘူး၊ မြန်နန္ဒာကိုခင်တယ်၊ သနားတယ်၊ ကူညီတယ်ဆိုတာလောက်ကိုပဲ တော်တော် မခံချိမခံသာ ဖြစ်နေပြီဆိုတဲ့ပုံစံ"

"မြန်နန္ဒာက မင်္ဂလာဆောင် မင်းကိုတော့ ဖိတ်မှာပေါ့"

"ဖိတ်ထားတယ်၊ မြန်နန္ဒာကရော၊ ဦးကျော်လွင်ကရော ဖိတ်တယ်၊ ဒါပေမယ့် ငါမသွားတော့ပါဘူး"

✽ အောင်မြင့်ထွန်း ✽ စာပေ
●-ရုပ်တွက်၊ မြို့သစ်
[illegible]

“သွားလိုက်ပေါ့၊ ဂုဏ့်ကိုပါ ခေါ်သွားလိုက်ပါလား၊ ဂုဏ်လဲ စိတ်ရှင်းသွားတာပေါ့”

“သူတို့က ဂုဏ့်ကိုပါ ထည့်ဖိတ်ကြတာပဲ”

“အေးလေ ခေါ်သွားလိုက်၊ ရက်အတိအကျ ထပ်သတ်မှတ်ပြီးပြီ မဟုတ်လား”

“အေး....သတ်မှတ်ပြီးပါပြီ၊ ဒီတစ်ခါတော့ သူတို့ ရက်သိပ်မရွှေ့နိုင်ဘူးပေါ့ကွာ၊ ခပ်နီးနီးက ရတဲ့ရက် ယူလိုက်ကြတယ်၊ ဟောလီးဒေး မဟုတ်တော့ဘူး၊ ဝီခ်ဒေးပဲ၊ မသွားချင်တော့ပါဘူး၊ ငါလဲ ဦးလူကလေးကြောင့်သာ ကြားချောင်ပါသွားတာ၊ တကယ်တမ်းက ဘာမှပတ်သက်တာလဲမဟုတ်”

“သွားလိုက်ပေါ့ကွ၊ မြန်မာ မင်္ဂလာဆောင်ကို ဂုဏ်နဲ့တွဲပြီး ပင်း တက်ရဲတယ်၊ မင်းစိတ်ထဲ ဘယ်လိုမှမရှိဘူး၊ မြန်မာလဲ ဘယ်လိုမှမနေဘူး၊ အဲဒါကို ဂုဏ့်ကို ပြရမယ်”

ပင်းဦးပြောတာကလည်း ဟုတ်သလိုလို ဘာလိုလို၊ သို့သော် ညီက ကိစ္စတွေပြီးသည်နှင့် ဘာမှထပ်ပြီး ရေရှည် ဆက်ဆံ မနေချင်တော့တာပါ။ စိတ်ထဲ ချစ်တာလည်းမရှိ မုန်းတာလည်းမရှိ။ ဆက်လက်ပြီး ခင်မင်ဝင်ထွက် ဖြစ်နေလျှင်တောင်မှ ပြဿနာဆိုတာက ကြံဖန်ဝင်ချင် ဝင်လာလိမ့်ဦးမည်။

ဘာမှ ရှေ့ ဆက် ဆက်ဆံမနေတော့ဘူး ဆိုလျှင် ကိစ္စပြတ်ရော။ အထင်လွဲတာတွေ ဘာတွေလည်း ထပ်ပြီး ဖြစ်ပွားစရာ အကြောင်းမရှိတော့။ ညီဟာ ဦးလူကလေးနှင့် အဆင်တပြေရှိလို့မှ တစ်ခုတည်းကြောင့် ဦးလူကလေး ဆန္ဒရှိရာကို အကူအညီပေးရရုံဆိုတာ ဂုဏ့်ကို အတိအလင်း သိစေချင်သည်။



ဂုဏ်ဆိုသည့် မိန်းကလေးအတွက်က လွဲလျှင် ညီသည် ဘယ်သူတွေ ဘာထင်ထင် ဘယ်သူတွေ ဘယ်လိုအထင်မှားမှား အချိန်ကုန်ခံပြီး ကိုယ့်မှာ အမှားမရှိပါကြောင်း ဖြေရှင်းသက်သေပြနေမည့်လူမျိုး မဟုတ်ချေ။ ဂုဏ့်ကိုမို့ ဂုဏ့်အတွက်မို့။

အများအပြားနှင့် ကြုံဆုံခဲ့ဖူးပါလျက် သည်ဘက်ယောက်ကျခါမှ သူ့နှလုံးသားကို ဘာကြောင့် ပုံအပ်ပေးလိုက်မိသလဲ ဆိုတာ အဖြေမရနိုင်မချင်းတော့ ဂုဏ်သည် ညီ့အတွက် တန်ခိုးရှင်မတစ်ဦး ဖြစ်နေဦးမှာမလွဲ၊ အဖြေကလည်း တစ်သက်လုံး ဘယ်လိုမှ မရနိုင်တဲ့အဖြေ။

ညကောင်းကင်မှ ငွေကြယ်ပွင့်တို့ အရေအတွက်ကို တစ်လုံးချင်း ရေတာ သူသိချင်သိနိုင်မည်။ ဂုဏ့်ကို ဘာကြောင့် သိပ်ချစ်ခဲ့မိသည်ကို ဘယ်တော့မှ သူသိမည်မဟုတ်။ ညီသည် ဂုဏ့်ကို တမ်းတမိတိုင်း ပုံတွေဖိဆွဲလျှင်ဆွဲ၊ မဟုတ်လျှင် အခန်းကို ရှင်းသ။ ဒါမှမဟုတ်ဘဲ အပြင်ထွက်ဖြစ်လျှင်တော့ ဂုဏ့်အတွက် အဖော်မိန်းမကောင်းကောင်း တစ်ယောက်လောက် ရှာဖွေတွေ့နိုင်မည့် အရေး ကြိုးပမ်းအားထုတ်နေမိသည်။

ဂုဏ့်ကို တစ်အားလိုအပ်လာတိုင်း စိတ်ကို ဖြေသိမ့် ပျောက်ကာ ညကြီးသန်းခေါင်လည်း စိတ်အပြောင်းအလွဲအတွက် ပုံတွေချည်း ထိုင်ဆွဲနေမိတာများတာမို့ ဦးလူကလေးကပင်လျှင် ညီ့အလုပ်ကို လာဘ်မြင်တာ တိုးတက်မှုရှိလာသည်ဟု စွတ်ရွတ် အမှတ်ပေး သဘောကျနေပြန်တော့သည်။

* * *

"မေမေ….ဒီမှာကြည့်ပါဦး"

ဂုဏ်က ချိုင်းထောက်ကို ကြမ်းပေါ် ချမ့်ချပစ်လိုက်ကာ လက်ကလေး ဘေးကားပြီး သုံးလေးလှမ်းမျှ တဆတ်ဆတ် လျှောက်ပြလိုက်၏။

"ဟဲ….ဟဲ….ခြေ….လဲပါဦးမယ် မိဂုဏ်ရယ်"

ဂုဏ့်မေမေက စာကြည့်မျက်မှန်ကို ချွတ်လျက် သတင်းစာကို ဘေးချကာ ကမန်းကတန်း ပြေးလွှားလာသည်။

"ဘာလဲစရာရှိလဲ မေမေရဲ့၊ လမ်းက လျှောက်နိုင်နေတာပဲဟာ၊ အစက စတီးပြားပိုးထားတယ်ဆိုတဲ့ နေရာက အေးရင်နာတယ်၊ အခု မနာဘူး၊ အားပြုမလျှောက်တာ ကြာလို့ အားမြှုရတာ အားမရတာပဲရှိတယ်"

အရိုးကျိုးသည့် နေရာမှ ဖြန့်လည်တော့ အဆက်မှာ အနည်းငယ်တိုသွားသည့် နေရာ၌ စတီးပြားကလေး အစားထိုး ပိုးထားရသော ဂုဏ့်ခြေထောက်သည် ထိုနေရာ၌ ခြေသလုံးရိုးအနည်းငယ် ကွေးသလို ဖြစ်နေသည့်အတွက် ဂုဏ့်မှာ ချိုင်းထောက်နှင့်မှ စခန်းသွားနိုင်သလို ဖြစ်ခဲ့သည်။

အန်တီအေးမှာ တဖျစ်တောက်တောက် ပြောမဆုံး။

ခွဲစိတ်ပြီးခါစကတည်းက လေ့ကျင့်ခန်း လုပ်နိုင်ခဲ့လျှင် အခုဆို မာရသွန့်တောင် ပြေးနိုင်နေပြီတဲ့။ စဖြစ်တုန်းက ဂုဏ်သည် ဆေးရုံကြီးမှာ တက်လိုက်တာကြောင့် အန်တီအေးနှင့် မဆုံရ။ ဆေးရုံကြီးက အရိုးဆေးရုံသို့ လွှဲလိုက်မှ ဂုဏ်က ဆေးရုံ ဆေးခန်းကို လမ်းစဖြတ်ပစ်လိုက်တာမို့ အန်တီအေး ရှိရာ ဆေးရုံဆီ ရောက်ကိုမလာတော့ပေ။



"လေ့ကျင့်ခန်းဆိုတာဟာလဲ ဘာမှ မခက်ခဲဘူး၊ ဆေးရုံလာမလုပ်နိုင်လဲ အလေးဆွဲတာတို့ ခြေကို ကြိုးဆွဲမြှောက်တာတို့၊ ကိုယ့်အိမ်ကိုယ်လုပ်လဲ ရပါတယ်၊ ဆေးရုံမှာက လိုအပ်တဲ့ အကူစက်ကိရိယာတို့ တတ်ကျွမ်းတဲ့ အတန်းဒင့်စ်တို့ ရှိလို့ ပိုထိရောက်ပေမယ့် ကိုယ့်အိမ်မှာပဲ ကိုယ် သေသေချာချာ ကြပ်ကြပ်မတ်မတ်လုပ်ခဲ့ရင် ဖြစ်တာပဲ၊ ခြောက်လအထိ မလုပ်ဘဲ အိမ်တွင်းအောင်းပြီး နေနေတာကို ငါ စိတ်ကုန်လွန်းလို့"

ဂုဏ့်ကို ကရုဏာဒေါသောနှင့် ပြောရသည်။ ဘာမှခက်ခဲလှသည်မဟုတ်သော လေ့ကျင့်ခန်းတို့၌ အသားကျလာပြီဖြစ်သော ဂုဏ်သည် လုပ်ခါစကလောက်လည်း ပင်ပန်းခြင်းမရှိတော့။ အတော်ကြီး သွက်သွက်လက်လက်နှင့် လုပ်နိုင်နေပြီ။

"ဘယ်လောက်ပဲ ကောင်းကောင်း အတင့်တော့ မရဲစမ်းပါနဲ့ ဂုဏ်ရယ်၊ ငါ အသည်းယားလွန်းလို့"

အနားရောက်လာသော မေမေ့ကို ဂုဏ်က ချစ်စနိုး နမ်းရှုပ်လိုက်သည်။

"တော်စမ်းပါ၊ မိဘထက်ပိုချစ်ရမယ့်သူရှိတဲ့ သမီးကများ မအေကို ချစ်ချင်ယောင်ဆောင်လို့၊ ကျုပ်က ယုံမယ် အားကြီး"

မလိုတမာပြောသံသည် စိတ်ဆိုး အာဃာတသံ မပါဘဲ သဝန်တို ဝမ်းနည်းခြင်းသာ ထင်းထင်းကြီး ပေါ်နေသည်။

"မဟုတ်ပါဘူး မေမေရယ်၊ အဖေ အမေ့ကို ချစ်ရတာထက်ပဲ ပြီး ခွဲချစ်လိုက်တာမှ မဟုတ်တာ၊ မေမေတို့ကို အရမ်းချစ်

တာ၊ ချစ်တုန်းပဲ၊ ဂုဏ် မိုက်မဲသွားတာကို မေမေတို့ကသာ
ခွန်းသွားတာပါ”

မေမေက ဂုဏ့်ကို တွဲဖက်ခေါ်ကာ တစ်နေရာ၌ ထိုင်စေ
ပျက်....

“မုန်းပါ့လားအေ၊ မုန်းတယ်လို့များ သမီးမို့ထင်သေး
တယ်”

“အချစ်တော့ လျော့သွားတာပေါ့”

“အချစ်လဲ မလျော့ဘူး၊ ကိုယ့်စကား နားမထောင်ဘဲ
ထင်ရာမိုင်းသွားရက်ပါကလား၊ ကိုယ့်ကို မငဲ့ပါလားဆိုပြီး
သူကျူးမရတဲ့ စိတ်ရယ်၊ မိုက်လို့ ဒေါသဖြစ်တဲ့ စိတ်ရယ်၊ ဒါပဲ
ရှိတယ်၊ အမုန်းကတော့ မရှိဘူး၊ ဒါပေမယ့်လဲ တရားနဲ့ပြန်
ဖြေကြည့်တော့ ကိုယ် သဘောမတူခဲ့တဲ့ဟာ ကိုယ့်အတွက်မှ
မဟုတ်ဘဲ ကိုယ့်သမီး လင်ရွေးမှားမှာ၊ ကံမကောင်းမှာ၊ စိတ်
ဆင်းရဲရမှာ စိုးရိမ်တာပဲကိုး၊ အခုလို ကိုယ်ထင်သလောက်
ဆိုးရွားမနေဘူးဆိုရင်ပဲ စိတ်ထဲက အတော်ကြီး ချမ်း
သာလှပါပြီ၊ ဒါဆိုရင် တော်တော်ကြီး ကျေနပ်ပါပြီလေ၊
သမီးအဖေကလဲ ဒေါသသာကြီးတာ၊ တကယ်တမ်း သမီးရဲ့
ခြောက်သတင်းလဲကြားရော ပွဲရုံတောင်မသွားနိုင်ဘဲ အဲဒီ
နေ့က တစ်နေ့လုံး ခွေပြီး အိပ်ရာပေါ် ပုံကျသွားတာ၊ မေ
မကတောင် ပြန် ဖျောင်းဖျရတယ်”

ဂုဏ်သည် လောလောလတ်လတ် သည်နေ့မှ မြို့ထဲကညပ်
ာသော ဆံပင်တိုကလေးကို မေမေ့ရင်၌ ပွတ်ကာဝေ့ကာ



စိတ်ကြည်နူးနေမိသည်။ စိတ်ကြည်နူးနေရာမှလည်း သက်ပြင်း
တစ်ချက် ချလိုက်မိသေးသည်။

ဂုဏ် ပြန်ရောက်လာသည့်အတွက် ခါတိုင်းထက်ပင် အစား
အသောက်ကောင်းကာ ကျန်းမာရွှင်လန်းလာကြသော မိဘ
နှစ်ပါးကိုလည်း ဟိုအိမ်ပြန်နေဦးမည်ဟု ဂုဏ် ဘယ်လို ပြော
ထွက်ရက်ပါမည်လဲ။ ညီ့ကိုလည်း သည်အိမ် လာနေရမည်ရယ်
လို့ တစ်ဖက်သတ် ခိုင်းစေမှုမျိုး ဘယ်လုပ်သင့်ပါမည်လဲ။

ဂုဏ့်ရင်၌ကား မိဘနားလည်း နေချင်၊ လောက်ဂြုံနား
လည်း နေချင်၊ ညီသည် သုံးရက်လျှင် တစ်ကြိမ်မျှ လာတတ်
လျက် ညစာ အတူစားသည်။ ပြန်ခါနီးလျှင် မျက်နှာ သိသိသာ
သာကြီး ပျက်ကာ ဂုဏ့်ကို အသေအချာပင် မကြည့်တော့ဘဲ
ခေါင်းကြီးငုံ့လျက်က ကမူးရှူးထိုး ပြန်တတ်သည်။

ဖေဖေကား ညီလာသည့်နေ့မှာ ညီ့အရိပ်အကဲကိုခတ်ကာ
မျက်နှာပျက်နေတတ်၏။ ဘယ်လိုပင်ဖြစ်ဖြစ် သူ့သမီးကို တရား
ဝင်ပိုင်ဆိုင်ထားသည့် သမက်ဆိုသည့်သူက ငွေတ် တ ရွှတ်
အတင်းအကျပ် ပြန်ခေါ်လိုသည်ဆိုလျှင်တော့ ဘယ်သူမှ ဘာမှ
ပြောပိုင်ခွင့်မရှိနိုင်တော့တာ မဟုတ်လား။

ညီ့ကို နှဂိုဓာတ်ခံနှင့် တယ်ပြီးတော့လည်း မကြည်၊ ညီ့ရဲ့
ဂျင်းတောင်းဘီကျပ်နှင့် ကျား ကျား လျား လျား လူစွမ်း
ကောင်းစတိုင်ကိုလည်း အပိုးချိုးခွင့်ရလျှင် ချိုးချင်နေပုံရ
သေးသည်။ လောလောဆယ်မှာတော့လည်း ဘာမှသိပ်အပြစ်
တင်စရာ မမြင်သဖြင့် ဆုံးမငေါက်ငမ်းလို့လည်းမရ၊ ခွကျကျ
နှင့် တစ်ခါတစ်ရံမှာ မျက်နှာပုပ်ထားတတ်ပြီး တစ်ခါတစ်ရံ

ခွာတော့ "ဟော့ကောင်...ဟင်းထည့်စားလေကွာ" ဟု
ခနဟာတ်သာ တောက်သာ ပြောက်တတ်သည်။

ထိုအခါ ဂုဏ့်မှာ ထမင်းပန်းကန်သို့ မျက်နှာအပ်မတတ်
ငုံ့ပြီး ကျိတ်ပြုံးရလေသည်။ ညီကလည်း တော်တော်ကြီးကို
အပိုး ချီးချက်ားပြီး ဆက်ဆံပါသည်။ မမမေနှင့်က အပြော
အဆိုပိုများသဖြင့် ပိုရင်းနှီးသလို ဖြစ်နေကာ ညီက နည်းနည်း
ပိုရှိသည်။ ဖေဖေ့ကိုတော့ အရောလည်း မဝင်ရဲလှ၊ ခပ်တည်
တည်လည်း နေဖို့မကောင်းတာနှင့် ညီ ကိုးရိုးကားရား ဖြစ်
နေတတ်၏။

အပြေလည်ကြီး မဟုတ်သော်လည်း ပုံမှန်ကလေး ခပ်
အေးအေး ငြိမ်နေသော မိဘနှင့် ချစ်သူ၏ ဆက်ဆံရေးကို
ဂုဏ်က သည်လောက်ဆိုလျှင်ပင် အတော်ကြီး ကျေနပ်နေလှ
ပါပြီ။ တစ်ခါတစ်ရံ ညီ့ကို သနား၊ တစ်ခါတစ်ရံ ဖေဖေတို့
မေမေတို့ကို သနား၊ ညီ့ကိုလွမ်းဟာ၊ ညီ့ရဲ့ ပျင်းကြောသန့်
အဖျင်းထူဘတ်ပုံလေးတွေကို မြင်ယောင်နေမိတာ၊ ညီ ကြွင်နေ
ခဲ့တာတွေကို အောက်မေ့တာ၊ ဒါတွေကလွဲလျှင် ဂုဏ်သည်
စိတ်ကလေးပျော်နေကာ၊ သည်နေ့များဆို ပြို့ထဲကို ချိုင်း
ထောက်တစ်လက်နှင့် တော်တော်စုံလင်အောင် ပတ်ပစ်လိုက်
ပြီး ဆံပင်တွေဘာတွေပင် ဝင်ညှပ်လိုက်သေးသည်။

မေမေကတော့....

"ညည်းထွက်မသွားခင်က ပုံကလေး ပြန်ဖြစ်သွားတယ်"
ဟု ဆိုကာ သဘောကျနေသည်။ ပခုံးမရောက်တရောက် တိုတို



ဝဲခါနေသော ဂုဏ့်ဆံပင်လေးတွေကို ညီ အုံ့ဖြဲစေလိုဇောနှင့်
ဂုဏ် ပိုလွမ်းမိနေသည်။

ဂုဏ် ခုတလော လွှချင်နေတာ လူတကာပင် ရိပ်မိယူရ
သည်။ ဂုဏ့်စိတ်ကူးက ဂုဏ့်ခြေထောက်ကလေးလည်း တစ်စ
တစ်စ ပြန်ကောင်းလာ၊ ဂုဏ့်မိဘနှင့် ညီလည်း တစ်စတစ်စ
အဆင်ပြေလာ၊ ဘဝသစ် တစ်ကြိမ်ပြန်စမည့် သဘောမျိုးမှာ
ဂုဏ်သည် အလှကလေးပါ သစ်နုဆန်းပြားနေချင်၏။

"ခုဆိုရင် ကြည့်စမ်း၊ သမီးဖေဖေ ဝတောင်လာတယ်"

အမှန်ပါပဲ...ဂုဏ်သည် ညီ့ကို သနားစိတ်နှင့် လွမ်းသည့်
ဒဏ် အတော်ပိလှပြီ၊ ခြေထောက်က အနည်းငယ်ကလေး
ကောင်းချင်လာသည်နှင့် စိတ်ဓာတ်ကလည်း အနည်းငယ်
တက်ကြွအားရှိလာကာ ညီ့အပေါ် လွှမ်းမိုးဖုံးအုပ်နေသော
မယုံမရဲ အားငယ် ဝမ်းနည်းမှုနှင့် တွေ့ကရာတွေ ကြံဖန်တွေး
တောလျက် မယုံရဲလိုမှုသည် တစ်စတစ်စ ပါးလျ ဖျော့တော့
လာသည်။ မမမိတို့ထံ ရောက်လာသော ဖိတ်စာလေးကြောင့်
လည်း ပါမည်။

ပထမ မဖိတ်ဘဲ ကျန်ရစ်ရာက ရက်ပြောင်းပြီးသော ခုတစ်
ကြိမ်မှာ ကိုကိုစိုးနှင့် မမမိတို့ ဦးကျော်လွင်က လှမ်းဖိတ်သဖြင့်
မမမိထံသို့ ဖိတ်စာရောက်နေသည်။

မြန်မြန် နက်ဖြန် သန်ဘက် လက်ထပ်ဖြစ်တော့မည်ဆိုသည့်
အချက်ကလည်း မိမိကိုယ်ကို ယုံကြည်မှု အားဆေးအတွက်
အထောက်အပံ့ တစ်ချက်ပါပဲ။ ဂုဏ်သည် ကြာလေလေ သူ
ညီလေးအပေါ် ကြံဖန် ဝန်တို ပူလောင်မိတာ၊ ကိုယ့်ခြေ

ထောက်အတွက် အားငယ်ခြင်းကြောင့် ကြံဖန် သံသယဝင်မိတာတို့အတွက် နောင်တရ လေလေ....။

အစကတော့ ဂုဏ်ခြေထောက် ပြန်မျှား မကောင်းတော့ဘူးလား၊ ချိုင်းထောက်နှင့်မျှား တစ်သက်လုံး သွားရမှာလား စိုးရိမ်ခဲ့မိသည်ကိုး....။

"ညီရှင်းကလဲ ခေါင်းတော့ အတော်မာတယ်"

ဂုဏ့်မေမေက တွေဝေးသွားသော ဂုဏ်မျက်နှာလေးကို ကြည့်ကာ ဆိုသည်။ ဂုဏ်သည် ခပ်မဆိတ် ငြိမ်သက်ဝန်ခံနေလိုက်၏။

"တကယ်တမ်းတော့ လင်မယား နှစ် ယောက် တကွဲတပြား ခွဲနေကြရတယ်ဆိုတာဟာလဲ မကောင်းလှဘူး"

"ညီလေးကလဲ နဂိုကသဘောတူလို့ လက်ထပ်ယူခဲ့ရတာဆိုရင် ဒီလောက် ဝန်လေးမှာ မဟုတ်ပါဘူး၊ အခုက သူ့ကို အမြင်ကတ်မုန်းလဲ သူသိနေ၊ သူကလဲ သဘောမတူလျက်က ခိုးပြေးခဲ့၊ သူ့လက်ထဲရောက်မှ ဂုဏ်ကလဲ ခုလိုဖြစ်ဆိုတော့ ပိုပြီး မျက်နှာပူစရာ၊ အနေခက်စရာတွေသာ ရှိနေလို့ထင်ပါရဲ့ မေမေ"

"ခိုးပြေးတာကတော့ ကြိုက်ကိုမကြိုက်ဘူး၊ အလျင်က အမြင်ကတ်တာက သူက အလျင်က တစ်စက်မှ မကောင်းဘဲ၊ မိုက်လိုက်ဆိုးလိုက်တာ အော့ကြော့လန်နေတာ၊ အခုက သူ လူကြီးဆန်လာပြီပဲ၊ သူ့လက်ထဲရောက်မှ ခြေထောက် ခုလိုဖြစ်တာကတော့ ကံကြမ္မာပဲကွယ်၊ သူတွန်းချတာမှ မဟုတ်ဘဲ၊ သူနဲ့ ဘာဆိုင်လဲ၊ သူ ဒီမှာသာ လာနေနိုင်ရင်...."



ညီက သူတွန်းချတာမဟုတ်ဟု အနေသာကြီး နေနိုင်သော်လည်း သူ့အခန်းသည် လေးထပ်မှာမို့လို့ ခုလိုဖြစ်ရသည်ဟု ဂုဏ်ကို တဖွဖွ သနားမဆုံး၊ ဂုဏ့်ကို အနည်းဆုံး အောက်ခြေမြေညီလေးမှာ ထားနိုင်ရင် ဂုဏ် သည်လိုလဲစရာ အကြောင်း မရှိဘူးတဲ့၊ အဲသည်တုန်းက ဗိုက်ထဲ၌ ကိုယ်ဝန်တည်ရှိစဖြစ်နေတုန်းမို့ ပိုလို့ ဆိုးသည်။

ညီသည် သွေးအိုင်ထဲမှ ဂုဏ့်ကို ပွေ့ချီ ဆေးရုံပြေးပြီး သွေးရူးသွေးတန်း ဖြစ်နေခဲ့သည်။ ညီ့လက်နှစ်ဖက်၌လည်း သွေးစသွေးန အနည်းငယ် စွန်းထင်းပေကျံ လျက်။ ထိုလက်နှစ်ဖက်ကို လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ကာ ညီ၏ ငိုသောအခါ ညီ့ဖုန်းဆက်ခေါ်သဖြင့် အကူအညီပေးဖို့ရာ လိုက်လာကြသော ညီ့အလုပ်မှ အင်ဂျင်နီယာ ဦးခင်မောင်ဇော်နှင့် သူ့ဇနီးသည်မှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်လျက် ဦးခင်မောင်ဇော်၏ဇနီးဆိုလျှင် ရောနှောမျက်ရည်ကျသတဲ့။

ခုမှမြင်ဖူးသောဂုဏ့်အတွက် သနားကရုဏာသက်ရသော်လည်း အေးလူဖြစ်သော ညီ့ဖုံစံဟာ ပိုပြီး ဆို့နစ်စရာကောင်းနေခဲ့သည်ဟု သူတို့ပြောပြတော့ ဂုဏ့်မှာ ညီ့ကို တစ်ပြန်စီးကြင်နာရပြန်သည်။

အဲသည်ရက်တွေက ညီသည် အလုပ်တစ်ဖက် ဆေးရုံတစ်ဖက် ပူဆွေးကြေကွဲမှုတစ်ဖက် ဘာပုပ်လို့ ဘာကိုင်ရမည်မသိ အယောင်ယောင် အမှားမှား၊ အပြေးအလွှားတွေနှင့် အတော်ကြီး ကသီလင်တနိုင်သည်။

ညို့မျက်နှာကို မြင်လိုက်သည်နှင့် လူသူစိမ်းတစ်ယောက် အဖို့ပင်လျှင် ညိုသည် ဂုဏ်အပေါ် ဘယ်လောက်ထိချစ်ပြီး ဘယ်လောက်ထိ စိုးရိမ်ပူပန် သောကတွေ ရောက်နေခဲ့သလဲ ချက်ချင်း သိသာနိုင်စေသည် ဟု ဆေးရုံပေါ်၌ပင် ပြောစမှတ် ဖြစ်ခဲ့လေသည်။

ဂုဏ် ခြေထောက် ခွဲစိတ်အပြီး ထွက်အလာ ဂုဏ့်မှာ နာကျင်မှုနှင့် မှိန်းနေစဉ် ညိုက ဂုဏ်အိပ်ပျော်နေပြီအမှတ်နှင့်....

"မျက်ကန်းတောတိုးနဲ့ ကိုယ့်နောက်ကို အဆင်ခြင်မရှိ ဘာမှမတွေးဘဲ ဒေါ့ပြတ်မျိုးပြတ်သိုက်လာခဲ့တဲ့ အမိုက်ကလေး ရယ်၊ ကိုယ်ကလွဲပြီး အားကိုးမရှိတော့တဲ့ အမိုက်ကလေးရယ်၊ ဖြစ်မှဖြစ်ရလေ"

နှုတ်ခမ်းလှုပ်ရုံ တီးတိုးရေရွတ်ပြီး ဂုဏ့်မျက်နှာကို အနီးကပ် စိုက်ကြည့်နေတာမို့ တိုးပင်တိုးငြားလည်း ဂုဏ်က အသေအချာ ကြားလိုက်သေးသည်။ ညို့ ရေရွတ်စကားကြောင့် ဂုဏ်သည် ဝမ်းနည်းတာ အားငယ်တာ ညိုလေးကို ချစ်တာ အားကိုးတာတွေ တစ်ပြိုင်နက် စုပြုံ ခံစားရကာ ရှတ်တရက် အမောဆို့သလိုလို သတိလစ်သလိုလို ဖြစ်ခဲ့ရ သေးသည်။

ဂုဏ့်ခြေထောက်မှာ ချုပ်ရိုးဖြေစဉ်ကလည်း ဂုဏ့်ချုပ်ရိုးသည် အသားတက်မြန်သဖြင့် ဖြေမည့်ရက်မှာ အနာက သိပ်ကိုကျက်နေတာမို့ အလွယ်တကူ ဖြေမရ။ အပ်နှင့်ပြန်ဆွ



ကာ ချုပ်ရိုးကို ထုတ်ယူရသည်။ အဲသည်ရက်က ဂုဏ့်ကိုဖက်ထားသော ညို့လက်ဖျံကို ဂုဏ် ယောင်ယောင်မှားမှားနှင့် အံကြိတ်ကိုက်ချပစ်လိုက်မိတာ ညို့မှာ အသားပေါက်ပြဲပြီး သွေးထွက်လာရသည်အထိ။

ညိုလေးရယ်....

ဂုဏ်သည် ညို့ကို အင်မတန်မှ တောင့်တလိုအပ်လာသည်။ သည်လောက် ကိုယ့်အပေါ် အချစ်ကြီးချစ် ကြင်နာသော ညိုလေးစိတ်ကို ဂုဏ် ယုံကြည်မှာ သိထားလျက်သားနှင့်ယုံကြည်စိတ်ချလို့လည်း ညို့နောက် လိုက်သွားခဲ့မိတာပေါ့။ ဒါနှင့်တောင် ဂုဏ်သည် ညိုလေးကို သံသယစိတ် ဝင်ခဲ့မိသေးသည်။

"ကိုယ့်ယောက်ျားလဲ ကိုယ် စည်းရုံးကြည့်ပါဦးအေ၊ မြို့သဲအိမ်ကတော့ အမြင့်ကြီးလဲဖြစ် မေမေတို့နဲ့လဲ သိပ်ဝေး"

မေမေက တွေးတွေးဆဆနှင့် တိုက်တွန်းလို့နေသည်။

"ဒီတစ်ခါလာရင်လဲ အိမ်မှာ သမီးတို့အတွက်ပါ ရည်ရွယ်ပြီး တနင်္ဂနွေနေ့ ဘုန်းကြီးဆွမ်းကျွေးမှာပါ ပြောလိုက်ဦး"

"ဟုတ်ကဲ့မေမေ"

ဂုဏ်သည် မေမေ့ရင်ခွင်မှ ထကာ ချိုင်းထောက်ကို ကောက်ယူပြီး အိမ်အပြင်ဘက်ကို လှမ်းထွက်လိုက်၏။ လှမ်းထွက်လိုက်သည်ဆိုလျှင်ပင် ဂုဏ့် မျက်ဝန်းအိမ်သို့ ကားဖြူကလေးရဲ့အရိပ် မင်္ဂလာရှိစွာ ဝင်လာသည်။

ညီလေး....။

ရင်ထဲမှာ ရေရွတ်ခေါ်ဝေမိသော မြတ်နိုးသံသည် တိုးတိုး ဆွတ်ပျံ့သွားလျက် ဂုဏ့်နှလုံးအိမ်ကို အငွေ့နံ့သာဖြင့် စီရင်ထားသော ရေနွေးနွေးထဲ စိမ်နှစ်လိုက်သကဲ့သို့ နှလုံးသားမှာတုံ့အိ မွေးပျံ့စွာ ဖွဖွကလေး နွေးသွားလေသည်။

မျှော်လင့် ကြိုစောင့်နေသလို သဏ္ဌာန်ရှိသော ဂုဏ့်ပုံကလေးကြောင့် ညီသည် ဝမ်းသာရွှင်မြူးစွာ ကားထဲမှ ထွက်လိုက်၏။ မဟုတ်သေးပါဘူး ဟု အထပ်ထပ် အဖြန်ဖြန် ကြည့်လိုက်မိသော်လည်း မျက်စိ၌ တိုသော ပုံရိပ်ကို ထင်ဟပ်စေသည့် ဂုဏ့်ဆံပင်လေးတို့ အပြင်မှာ အရှည်အဖြစ် ပြန်ပြောင်းမလာ။

"ဂုဏ်...."

ဆံပင်တွေ၌ မျက်လုံးစူးစူးစိုက်ကာ မှုန်ကုပ်ကုပ်ရှိသော ညီလေးဟန်ပန်ကြောင့် ဂုဏ့်မှာ ချစ်စနိုးကျိတ်ရယ်မိလေသည်။ လှေကားထစ်မှ ခပ်သွက်သွက်ဆင်းလာရင်း ညီလေးရှေ့မှ ကျော်ဖြတ် လျှောက်ထွက်သွားသောအခါ ညီက နောက်မှ ခြေလှမ်းကျဲနှင့် ဝါလာလျက်....

"ဆံပင်က ဘာဆိုင်လို့ ညှပ်ပစ်ရတာလဲ ဂုဏ်ရယ်"

"ဂုဏ် လှချင်လို့"

ဂုဏ်ကကိုတိုပဲ ပြုံးဖြေလိုက်သည်။

"အခုက ရုပ်ဆိုးနေလို့လား"



ဂုဏ်သည် ညီစိတ်တိုတာ မကြုံရတာ ကြာသဖြင့် မြူးထူးလာကာ အသံထွက်အောင် အမင် တဟိဟိ ရယ်လိုက်သေးသည်။

"အထူးတလည် လုပ်ဖို့ရာကော ဘာဖြစ်လို့ လိုအပ်နေရတာလဲ"

"ဘာဖြစ်လဲညီရယ်၊ ဂုဏ် လှချင်စိတ်ဖြစ်တာ အပြစ်လား"

"အဲဒီလှချင်စိတ်က ကျွန်တော်နဲ့ ခွဲနေတုန်းမှာ ထဖြစ်လာတော့ အပြစ်ပေါ့၊ ဘာလဲ ဆေးရုံမှာ ဟောက်စ်တွေ၊ ဆရာဝန်တွေ တော်တော်ဖြောင့်ကြသလား"

ဂုဏ်သည် ကြောင်အမ်းသွားပြီးနောက် အုတ်အက်မတတ်ပင် ရယ်ပစ်လိုက်မိလေသည်။ ညီ့ကို ချစ်စနိုးနှင့် လမ်းလျှောက်ရင်း လက်မောင်းတစ်ဖက် တွဲကိုင် ဖက်တွယ်ထားမိကာ ညီ့သဝန်တိုချင်တာကို တအံ့တဩ အူမြူးနေမိသည်။ ဂုဏ့်ကို များ ညီက သဝန်တိုသတဲ့။ ဂုဏ့်လို ချိုင်းထောက်ကူနေရတဲ့ မိန်းကလေးကို ဘယ်ဆရာဝန် ဘယ်ဟောက်စ်ကများ တလေးတနက်ထား စိတ်ဝင်စားမှာတဲ့လဲ။

စိတ်ဝင်စားသည်ပဲထား။ ဂုဏ်က ညီတစ်ယောက်လုံးရှိနေရဲ့နဲ့....

"ညီ ဂုဏ့်ကို ညီ သဝန်တိုတယ်၊ စိုးရိမ်တယ်ဆိုရင် ဂုဏ့်ကိုဂုဏ် ယုံကြည်ချက်တွေရှိလာပြီး အားတက်အောင် စိတ်

ထက်ကြွအောင် ပြောနေတာလား၊ ညီ တကယ်ပဲ ဂုဏ်ကို စိုးရိမ်နေတာလား"

"ဟာ....ဘာတွေလာပြောနေတာလဲ၊ ဒီအချိန်မှာ ခင်ဗျားရဲ့ ကိုယ့်ကိုယ်ကိုယုံကြည်ချက်တွေ အားငယ်တာ အားတက်တာတွေ ခေါင်းထဲ ဘာမှမရှိဘူး၊ ကျုပ်နဲ့လဲ နေ့တိုင်းတွေ့မနေရဘဲ၊ထူးထူးဆန်းဆန်း ကောက်ကာငင်ကာ လှချင်တယ်၊ အဲဒါ ဘာအတွက်လဲ၊ မျက်လုံးတွေကိုက တောက်လို့ ပလို့၊ဘာတွေဖြစ်နေသလဲ၊ ဘာတွေစိတ်ကူးယဉ်နေသလဲ ဂုဏ်"

ဂုဏ်သည် တည်တင်းထားသော ညီ့မျက်နှာကို မျက်လုံးလေး ကလည်ကလည်နှင့် မော့ကြည့်နေမိသည်။

"ညီ...."

"မေးတာကိုဖြေ၊ ဘယ်သူ့ကို မျက်စိအစာကျွေးချင်နေတာလဲ"

ဂုဏ်သည် မျက်နှာကလေး နီရဲသွားကာ တွဲထားသော ညီ့လက်ကိုဖြုတ်ပစ်လိုက်သည်။

"ညီ....ဂုဏ့်ကို အပြစ်ရှာနေတာ မဟုတ်လား"

"ဘာမှမရှာဘဲနဲ့ ခင်ဗျား အပြစ်ရှိနေတာ၊ မျက်နှာက ဒီနေ့ သိပ်ဖြူးနေတယ်၊ ဆံပင်တောင် ဖြုတ်ပစ်ထားတယ်၊ဘာတွေလျှောက်လုပ်နေတာလဲ၊ ပြော....ပြော....ဆေးရုံမှာ မျက်လုံးချင်းကြည့်နေတာ ဘယ်သူလဲ"

"ညီလေး....ဂုဏ့်ကို စော်ကားရာကျနေပြီ"



"ဘယ်မှာစော်ကားလို့လဲ၊ အချိုး နည်းနည်းပြောင်းလို့ သံသယဝင်နေတာ"

"ဘာမှမလုပ်တဲ့ တပ်ဖက်သားကို သံသယဝင်တာဟာ စော်ကားတာပဲ"

"ဩော်....ဟုတ်လား ဂုဏ်"

ညီသည် ပြုံးဖြဖြ နောက်ပြောင်လိုက်ကာ ဂုဏ့် ဆံပင်တိုလေးကို ဆွဲဆောင့် စလိုက်သည်။ ဂုဏ့်မှာကား အသက်ရှူ မြန်ချင်ထုန်း။

"ဘာမှမလုပ်တဲ့ တစ်ဖက်သားကို သံသယဝင်တာဟာ စော်ကားတာဆိုရင် ဂုဏ် ညီ့ကို ဘယ်နှစ်ကြိမ်လောက်များ စော်ကားနေမိပြီးပြီလဲ ဂုဏ်ရယ်၊ စဉ်းစားပါဦး၊ ညီ ဘယ်လိုခံစားနေရမယ် ဂုဏ်ထင်သလဲ၊ ဂုဏ့်ကို နှစ်မိနစ်စာလောက်နောက်တာတောင် ဂုဏ် ဝမ်းနည်းသွားပြီမဟုတ်လား"

"ညီ...."

"ဂုဏ့်ကို လှမ်းလှပြီ၊ ဆံပင်လေးတိုပြီး ပိုလဲ လှနေပြန်ပြီ၊ ညီ ဘယ်လိုဖြစ်နေမလဲ စဉ်းစားပါဦး ဂုဏ်ရယ်၊ ဂုဏ် ဒီကို 'လိုက်လာတာထဲမှာ' ခြေထောက်ကုဖို့ထက် ကိုယ့်ကို တင်နေတဲ့ သံသယတွေကြောင့် ပိုတယ်ဆိုတာ ကိုယ်သိပါတယ်၊ သန်ဘက်ခါ မြန်နွားလဲ မင်္ဂလာဆောင်ပြီး ကိုယ်နဲ့ဂုဏ့်ကို တောင် ဖိတ်ထားတယ်"

“ဟင်း....”

ဂုဏ်က ချစ်ဖွယ် နှာခေါင်းလေးရှုံ့သည်။

“မင်းဦးကတောင် ပြောနေတယ်၊ဂုဏ်ပါ စိတ်ရှင်းသွားအောင် ဂုဏ် ကိုပါ အဲဒီမင်္ဂလာဆောင် ခေါ်သွားပါလား တဲ့၊ ဂုဏ် လိုက်ချင်လား”

“မလိုက်ချင်ပါဘူး ညီလေးရာ”

“ကိုယ်လဲ မခေါ်ချင်ပါဘူး၊ သူတို့ကိစ္စ ဝိုင်းလုပ်နေရတာနဲ့ ချစ်ဇနီးရဲ့ အငြိုငြင်လဲ ခံရတယ်၊ ယူလိုက်ပြီဆိုရင် ကိစ္စပြတ်ပြီ၊ အလုပ်လဲခိုင်းစရာရှိတော့မှာနဲ့ မတူပါဘူး၊ မိတ်ဆွေတွေလဲ ဆက်ဖြစ်မနေချင်ဘူး၊ ကိုယ့်ဟာကိုယ် အေးအေးပဲ စိမ်းစိမ်းပဲ နေချင်တယ်၊ အဲဒါကြောင့် မင်္ဂလာဆောင်ကို ကိုယ်လဲမသွားချင်ဘူး”

“မသွားချင်တာဟာ အဲဒါကြောင့်မှ ဟုတ်ပါ့မလား”

ညီသည် ခေါင်းတချစ်ချစ်ကုတ်လျက်....

“ဟာ....ဂုဏ်ရာ၊စိတ်ညစ်လာပြီ....ဂုဏ်ရာ၊ ပြောရင် ယုံကွာ”

“နောက်တာပါ ညီလေးရယ်၊ ဂုဏ် သိပါတယ်၊ ညီလေး ချစ်တာ ဂုဏ်သိပါတယ်၊ ညီလေး နေတတ်နေတာလဲ ဂုဏ်သိပါတယ်၊ ဂုဏ်လဲ အဲသလိုပဲဖြစ်နေတယ်၊ အခုမှတော့ ချက်ချင်းလက်ငင်းပြန်ဖို့လဲ မသင့်ဘူး၊ မေမေပြောတာလဲ ဟုတ်သင့်တာတွေ ဟုတ်နေတော့ ဂုဏ် အကြံထုတ်ရခက်တယ်”



“ဂုဏ့် အတွက် အဖော်မိန်းမကြီးလဲလိုက်ရှာနေတာ၊ ရဖို့ သေချာပြီး တွေ့လဲတွေ့ပြီးပြီ၊ အသက်လေးဆယ်ကျော် ညီ့ စိတ်ကြိုက် ရွေးချယ်ပြောထားတာ၊ အခုတော့ အဖော်က အသင့်၊ ကာယကံရှင်က ဘယ်ရောက်နေမှန်းမသိနဲ့ ဖြစ်နေပြီ၊ အဲဒီမိန်းမကြီးဆိုရင် အခုခေါ်ရင် အခုရနေပြီ၊ ခေါ်ပြီးရင် ဘယ်ခေါ်သွားထားရမလဲ မသိလို့ စိတ်ညစ်နေပြီ”

ညီက ဂုဏ့် မျက်နှာကို တမ်းတမ်းတတ စိုက်ကြည့်လိုက်ရင်း....

“ဂုဏ်နဲ့အတူတူ ပြန်နေချင်ပြီဂုဏ်ရယ်၊ ဂုဏ့် ခြေထောက် မြန်မြန်ကောင်းပါတော့နော်၊ လေ့ကျင့်ခန်းတို့ ဆေးသောက်ဖို့ဘို့ ထိရောက်အောင် မြန်မြန်ကောင်းအောင် ဂရုစိုက်လုပ်ပါနော်၊ လှေကားပြန်တက်လို့ရမှ ကိုယ်တို့ အတူတူနေကြရမလို ဖြစ်နေပြီ ဂုဏ်ရယ်”

“ဒီကြားထဲ ညီ ဒီမှာလာနေလိုက်လေ”

ဂုဏ်က အရဲကိုး ပြောလိုက်တာ ညီ့မျက်နှာကို သွေးတိုးစမ်းသလိုလေး ကြည့်နေလိုက်၏။ ညီက သက်ပြင်းတစ်ချက်ချကာ စိတ်အိုက်နေပုံရသည်။

အခုအခြေအနေအားဖြင့် ဂုဏ့်မိဘတို့က ညီ့ပေါ် သည်လောက်ကြီး ငြိုငြိုငြင်ငြင်မရှိလှသော်လည်း အတူလာနေလို့ကတော့ ညီ အင်မတန် အနေကျုံ့ရမှာ ကိုယ့်ဘာသာ သိနေသည်။ ညီ့ထံမှ အဖြေစကား တစ်စုံတစ်ရာမရသော

အခါ ဂုဏ့်မှုတ်နှာကလေးက လင်ပုပ်ဖမ်းသလို ညှိုးမှောင်လာသည်။

"ဂုဏ်သိပါတယ်၊ ဂုဏ့်အတွက် ညီလေးမာနတွေကို ညီလေး ဘေးချိတ်မထားနိုင်ပါဘူး၊ ညီလေး မာနထားနေဦးမှာပဲ"

ညီသည် ဘာမှမဖြေရှင်းနိုင်ဘဲ ဂုဏ့်မျက်နှာ ညှိုညှိုလေးကိုသာ သက်ပြင်းရှိုက်လျက် ခိုးဂုဏ် ငေးကြည့်နေမိသည်။ ဂုဏ့်ထံကလည်း ဘာစကားသံမှ ထပ်ထွက်လာခြင်းမရှိတော့။ ဝမ်းနည်းနေပုံလေးနှင့် ခပ်မဆိတ်နေသောအခါ ညနေခင်းသည် အလိုလိုနေရင်း အကျည်းတန် အရုပ်ဆိုးသွားရတော့၏။

* * *

"ဒီတစ်ခါတော့ မလိုက်ပါရစေနဲ့ ဆရာရယ်၊ နဂ္ဂဘ်ကိစ္စလဲ အားလုံး အဆင်ပြေသွားပါပြီ၊ ကျွန်တော်လဲ ကျွန်တော် မိန်းမနဲ့ ကွဲသလောက်နီးနီး ဖြစ်နေပါပြီ"

ညီသည် တကယ့်ကို စိတ်ပျက်လက်ပျက် ညည်းတွားပစ်လိုက်မိတော့သည်။ ဦးလူကလေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

"အေး....အေး၊ မင်းမိန်းမကလဲ ဒီလောက်တောင်ပဲ သဝန်တိုရသလားကွာ၊ မင်းမှာ အဲသလောက် ဖြစ်နေလဲ ငါ



က ခိုင်းရမှာ မကောင်းတော့ပါဘူး၊ နေပါစေတော့ ချာလပတ်ယမ်းပြီဟေ့၊ တာဝန်က ယူထားပြီးနေပြီ"

ဦးလူကလေးသည် လက်ထဲမှ စီးကရက်ဘူးအကုန်ကို လုံးခြေကာ အမှိုက်တောင်းဆီ အားကုန်ပစ်ပေါက် လွှင့်ပစ်လိုက်သည်။ သူ ဟာသူ ဦးနှောက်ခြောက်သွားတာသာ ဖြစ်လျက် ညီ့ကို စိတ်ဆိုးသွားတာမဟုတ်ကြောင်းကိုတော့ ညီ သဘောပေါက်ပါသည်။ သို့သော် အလိုလိုနေရင်း ထိုင်ခုံခက်ကာ ညီသည် ခပ်ကုပ်ကုပ် ခပ်လျှိုးလျှိုးနှင့် ဘုမ်း တာဝန်အပြင်ဘက်ထွက်လာခဲ့၏။

ည်းအကျဉ်းမှုကို ပေးလိုက်တာမျိုး။

အခန်းရဲ့အပြင်ဘက်မှာ နံ့ရံကိုမှီထိုင်ပြီး ကူညီချင်တာက်ဆောက်လုပ်နေရာ တစ်နေရာဆီ ငေး

အခန်းပြင်ဆိုပေမယ့်လည်း အခန်းကိုက သုံး

ဖွဲ့ထားသော ယာယီအခန်းကလေး ဖြစ်သဖြင့်ယူထားသည့်က ဦးလူကလေး ဖုန်းလှည့်သံမှအစ ကြားနေရသည် ကြိုမှာ

ဟိုကိုဆက်....သည်ကိုဆက်။ ဘယ်ဆက်လို့မှ အဆင်မပြေပုံမရဘဲ တစ်ခုပြီးတစ်ခု လျှောက်ဆက်နေတာကို ညီ နားမထောင်နေဘဲနှင့် အလိုလိုကြားနေ၏။

မင်္ဂလာဆောင်က ညနေပိုင်း။

မင်္ဂလာဆောင်တစ်ခုဟာ ဘယ်လောက်ထိ အလုပ်ရှုပ်မှန်း ညီ တကယ့်ကိုမသိခဲ့ပေ။ ကိုယ်တိုင်က မိန်းမသာရခဲ့သည်။ မင်္ဂလာဆောင်ခဲ့ဖူးတာမှ မဟုတ်ဘဲ။ လက်မှတ်ရေးထိုးလိုက်ရုံနှင့်

ညီ မိန်းမရခဲ့ခြင်းမှာ အလုပ်ရှင်းလှသည်။အခု ဦးကျော်လွင်နှင့် နန္ဒာ့မင်္ဂလာဆောင်ကား အလုပ်ရှုပ်သွန်းလှပေသည်။

နန္ဒာ့အမေကြီးကား ဘာဆိုဘာမှ အရေးပါပါ မဆောင်ရွက်နိုင်သူ ဖြစ်သဖြင့် ဘာဘာဝန်ကိုမှ ပိုင်ပိုင်မယူနိုင်ရှာပေ။

အကြိုအဝို့ အသယ်အယူကိစ္စတွေ အခုရအတွက် မြောက်များ ရှိနေသည့်အတွက် နန္ဒာ့မှာ မိတ်ဆွေရင်းချာများကို ဂုဏ်ထံကငါ ဘစ်ခုခွဲဝေခိုင်းထားရသည်။နန္ဒာသိုသည့် နန္ဒာ ဝမ်းနည်းနေပုံ ငင်းကိုယ်ရင်း အားမနာရသော မိတ်ဆွေသည် အလိုလိုနေ အလွန်အလွန် ရှားပါးသူပို့ အခက်ကြုံရာ၏။

းအကျဉ်းရှိပါလဲ့။ခိုင်းလောက်စရာ သောက်ား ကျားကျားလျားလျား ဆောင်ရွက်နိုင်သတွေတော့။ ကလေးပေါက်စတွေနှင့် အသွားလွှ သာဖြစ်နေတာ နန္ဒာက ဘာများသွားခိုင်းလို့ ရပါသိမှမည်နည်း။ လုပ်နိုင်ကိုင်နိုင်သော အရွယ်ရောက်ယောကျ်ားမိန်းမ မှန်သမျှ အကုန်လုံးလိုလို နိုင်ငံခြားရောက်ပြီး အလုပ်သွားလုပ်နေကြတာချည်းမို့ တကယ့်ကို အသွားကြီးတွေနှင့် ကလေးတွေသာရှိသည်။

အသက်အရွယ် သိပ်ခအိုလှသေးသော ရှားရှားပါးပါး အမေဒါနှစ်ယောက်သည် ကားလည်းမမောင်းတတ်၊ လူတော့လည်း မတိုးတတ်။ နန္ဒာ့ကို နံဘေးမှ အနည်းငယ် ကူညီဖြင့်ဆင်ပေးနိုင်ရုံထက် ဘာမှ ပိုသုံးလို့မရနိုင်။



ထိုအခါ မြောက်များစွာသောကိစ္စတို့အတွက် အကြိုအပို့ ကိစ္စတို့သည် ဦးလူကလေးခေါင်းပေါ် အငှဲခနဲ ပုံကျလာသည်။

ဒါတောင်မှ ဦးကျော်လွင်ဘက်မှ ခိုင်းလို့စေလို့ရသော တပည့်တပန်းတို့က ကိစ္စများစွာ ခွဲ၍တာဝန်ယူထားသောကြောင့် ဖြစ်သည်။

အားလုံးလိုလိုကို ဦးကျော်လွင်ဘက်မှ တရကြမ်း တာဝန်ယူ ဆောင်ရွက်နေချိန်မှာ နန္ဒာသည် အနည်းအကျဉ်းမျှကို ဦးလူကလေးဘက် ယုံယုံကြည်ကြည် ပစ်ပေးလိုက်တာမျိုး။ ဦးလူကလေးမှာ စေတနာအစစ်နှင့်လည်း ကူညီချင်တာက တစ်မျိုး၊ တာဝန်ကျေချင်တာက တစ်မျိုး။

ဦးလူကလေးတာဝန်မှာ ပန်းအိုး တာဝန်ယူထားသည့်သူထံ ကားလွှတ်ပေးဖို့၊ ပန်းအိုးထိုးမည့်သူကို ခေါ်၊ ကြိုမှာကြားပြီးသား ပန်းခြံသို့ပို့၊ ပန်းတွေသယ်လာ၊ နန္ဒာ့အိမ်မှာ ထိုလူက ပန်းအိုးထိုင်ဖြင့်၊ ထိုပန်းအိုးများ ဟိုတယ်သို့ အလှမပျက် အချိန်မီရောက်အောင်ပို့၊ ပို့ရာတွင် ပန်းအိုးများကို ထိန်းဖို့ကိုင်ဖို့၊ ပန်းပွင့်တွေမနာဖို့၊ ဂရုတစိုက် ဖွဖွကလေး ထိန်းသိမ်းစောင့်ရှောက် လိုက်ပါသွားဖို့ လူနှစ်ယောက်ခန့် ပန်းအဖွဲ့လက်သို့ အပ်ရမည်။

ထိုလူနှစ်ယောက်မှာ ကိုဇော်ဝင်း၊ စိုးသန်း၊ ဦးလူကလေးက သတ်မှတ်လိုက်ပြီးပြီ။အဲသည်အတွက် ကားတစ်စီး၊

ဒရိုင်ဘာတစ်ယောက် လိုသည်။ နောက်ကားတစ်စီး၊ နောက်ဒရိုင်ဘာတစ်ယောက်မှာ နန္ဒာကို မိတ်ကပ်လိမ်းမည့် မိတ်ကပ်ဆရာကိုသွားကြိုကာ အင်းလျားသိတ်ပို့ပေးရမည်။ အရေးပေါ် လိုအပ်သော ကားကိစ္စရှိလာလျှင် ဆောင်ရွက်ရမည်။ မရှိလျှင် မင်္ဂလာပွဲအချိန်မတိုင်မီ ကြိုတင်၍ ဦးလူကလေးဇနီးကို အိမ်မှသွားကြိုပြီး မင်္ဂလာပွဲသို့ ပို့ပေးရမည်။ ဦးလူကလေးကတော့ ဟိုကို သူ့အစီအစဉ်နှင့်သူ ကြိုတင်ရောက်နေလျက် စီမံခန့်ခွဲစရာရှိသည်များ သွားလုပ်ပေးနေမည်။

ပန်းအိုးသယ်ဖို့ရာက အမိုးအကာနှင့် လုံလုံခြုံခြုံ ကြီးကြီးဆံဆံ ဖြစ်သင့်တာမို့ ဦးလူကလေးက လုပ်ငန်းမိတ်ဆွေတစ်ဦးထံမှ တောင်းအောစ်ကားတစ်စီးနှင့် ဒရိုင်ဘာအပါအဝင် ငှားရမ်းထားသည်။ မိတ်ဆွေက သူ့ကားကို လိုအပ်သမျှ အားလုံးသုံးဖို့ လိုလိုလားလား ခွင့်ပြုထားသော်လည်း ဦးလူကလေးက ဆက်တိုက်ကြီးစုံနဖာစေ့နေအောင် လူးလားခေါက်တုံ့ မခိုင်းလို....။

ဦးလူကလေးမှာ လိုအပ်နေသည့် မိတ်ကပ်အဖွဲ့ ကြိုရန်ကားမှာ ညီ့ကားက ပစ်ကပ်ပ်ဖြစ်သဖြင့် အဆင်ပြေသည်။ ဦးလူကလေးမိန်းမကို ကြိုလာရန်မှာလည်း တစ်ယောက်တည်းဖြစ်၍ ရှေ့ခန်းက ထားစီးရုံသာ အဆင်ပြေနေသည်။

ဦးလူကလေး ဖုန်းဆက်နေသံ၊ ကားခေါ်နေသံ၊ တစ်ဖက်က အဆင်ပြေပုံမရသဖြင့် ကိစ္စမရှိပါဘူးဟု အားလျှော့စိတ်ဝတ်ကျစကားသံ၊ ဒါတွေကို အားလုံးကြားနေရသော



ညီသည် နေရထိုင်ရတာ မလုံသလို ဖြစ်လာသည်။ ဦးလူကလေးမှာ ညီ့ကို တပည့်ရင်း သတ်မှတ်ထားလျက် ခိုင်းစရာတွေလည်း ပိုခိုင်းတတ်သလို သူကူညီစရာရှိလျှင်လည်း မတွက်ကတ်တတ်သူတည်း။

ပိုက်ဆံပေးစရာရှိလည်း ရက်ရောတတ်လျက် ကူညီဖို့လိုလာလျှင်လည်း စိတ်အား၊ လူအား၊ ငွေအားသုံးပေးသည်။ တပည့်လို ဦးနှိမ်ထားတာမျိုး မရှိ၊ညီ့အပေါ် ကောင်းတတ်လို့လည်း တစ်ခါတစ်ရံ စိတ်ပျက်ရယ်ချင်စရာကောင်းသော ကိုယ်ရည်သွေးတတ်မှုကို ညီက ချစ်စနိုးလောက် သဘောထားတာ အမှတ်မထင်။

နောက်ဆုံး လောလောလတ်လတ် ညီ့ကို ဦးလူကလေးကူညီထားတာက အိမ်အတွက် လူရှာသည့်ကိစ္စ၊ အသက်ကြီးကြီး လုပ်ရည်ကိုင်ရည်လည်းရှိ၊ ရိုးသားစိတ်ချရမည့် အိမ်ဖြေမည့်အဖော်မျိုးကို လိုချင်သည့် ညီ့အတွက် သူ ခင်မင်ရာအသိုင်းအဝိုင်းမှတစ်ဆင့် အကူအညီ အဆက်အသွယ်တောင်းပြီး မရရအောင် ရှာဖွေပေးခဲ့သည်။

ညီကိုယ်တိုင် ရက်ဆက် ကြိုးပမ်း စမ်းတဝါးဝါးရှာနေတာ အရာမထင်။ ဦးလူကလေး နှစ်ရက်ခန့်မျှ ဖုန်း သုံးလေးခါ လှည့်ပေးလိုက်ခြင်းအားဖြင့် ပြေလည်သွားခဲ့သည်။

"အင်း....မဖြစ်ပါဘူးကွာ"

ညီသည် လေသံမျှနှင့် ညည်းညူကာ စိတ်ပျက်လျက် ထိုင်နေရာမှ ထရပ်လိုက်ရသည်။ညီလည်း အားပါလျက် လုပ်မပေး

နိုင်ဘူးဆိုတာကြောင့် ကိုယ့်ဆရာမှာ အချိန်ကာစ်မှ မျက်ကလဲ ဆန့်ပျာ အကူအညီရှာနေရတာ အလုပ်မဟုတ်လှသေး။

ညီက ဦးလူကလေးအခန်းထဲ ပြန်ဝင်လာခဲ့၏။

မေးစေ ကို လက်ညှိုးနှင့်ပွတ်ကာ မျက်မှောင်ကုတ်ကုတ်နှင့် သူ တယ်လီဖုန်း မှတ် စု က လေး ကို လှန် ပြီး အကူအညီတောင်းရမည့်သူကို သဲသဲမဲမဲရှာဖွေနေသော ဦးလူကလေးက ညီ ကို မော့ကြည့်ကာ မျက်နှာရှုံ့ ခေါင်းယမ်းလျက်....

"အချိန်က တပ်နေတော့ကွာ ဘယ်သူ့ကားနဲ့ ဒရိုင်ဘာကို ဖမ်းရမယ် သေိပါဘူး။ ငါသတိရသမျှလဲ အဆင်မပြေဘူးကွ"

ညီက ကုလားထိုင်နောက်မှီတစ်ခုမှာ လက်ထောက်ကာ...

"ကျွန်တော်ပဲ လုပ်လိုက်တော့မယ် ဆရာ"

"ဟေ"

ဦးလူကလေးမျက်နှာက ဝင်းလက်သွားသည်။

ဦးလူကလေးမှာ ချစ်စရာကောင်းတာက အတေးအမှတ် အညိုးအမျက် မရှိတတ်တာ၊ ခုကိစ္စဆို သူ မွေးထား လခပေးထားသည့် တပည့်ကများ သူခိုင်းတာကို ကိုယ်ရေးကိုယ်တာကြောင့် လုပ်မပေးနိုင်ဘဲ ရှိရသလားဟု စိတ်ကွက်မည်ဆိုက စိတ်ကွက်ကာ မင်း လုပ်မပေးလည်း ဘာအရေးလဲ အချိုးမျိုးနှင့် ခပ်တင်းတင်းဖြစ်ကာ တချို့ကိစ္စတွေမှာ ပြန်ညစ်ချင်လျှင် အလွယ်လေး။ ခုကိစ္စမှာတင် မင်းက ဘာကောင်မို့ ငါခိုင်းတာကို ငြင်းရတာလဲဟု ဟောက်လိုက်နိုင်သည်။



ခုတော့ ညီလုပ်ပေးမည့် စကားကြားသည်နှင့် စိတ်အေးချမ်းသာသွားသလို မျက်နှာ ဝင်းထိန်ကာ ပြုံးသွားပုံက ကြည့်ချင်စရာဖြစ်၏။

"အေး...လုပ်စမ်းပါဦး၊ ငါ့ ခက်ခဲလွန်းလို့ပါ ဖိုးညီရာ၊ သို့ မင်းမိန်းမ "မင်း" ဘယ်လိုပြောမလဲ"

"ဒါ နောက်မှပဲ ကြည့်ကျက်ပြောရမှာပဲ ဆရာ၊ ကျွန်တော်က မင်္ဂလာဆောင်တောင် ဖိတ်ထားရက်သားနဲ့ မသွားဘူး စဉ်းစားဦးထားတယ်"

"အခုက ဘယ်လိုလဲ"

"ကျွန်တော် ကြို့ပေး ပို့ပေးစရာတွေ လုပ်ပေးမယ်လေ ဆရာ၊ ဒါပေမယ့် အပြင်မှာ ကားရပ်ပြီး ကားထဲမှာပဲ ကျွန်တော် နေပါရစေ၊ ကိစ္စပေါ်လာရင် ကားဆီကိုသာ လွှတ်ပေးလိုက်ပါ၊ အထဲတော့ မဝင်တော့ဘူး ဆရာ"

"အမယ်လေး...မင့် မ လဲ ကွာ ဒီ ကွ ရောက် လိုက် တာ ကောင်းတာပေါ့ကွာ၊ တကယ်လို့ မင်းမိန်းမက တစ်ခုခုမကျေနပ်ရင်လဲ ငါလိုက်ရှင်းပြပါ့မယ် ဖိုးညီရာ၊ ငါ့လခွေးမှပဲ"

"ရပါတယ်"

"ခုကတည်းက ကြိုပြောပြီးမှ လုပ်မယ်ဆိုလဲ မင်းမိန်းမဆီ ငါ့ခေါ်သွားပြီး ပို့ပေးလေ၊ ငါ အကူအညီတောင်းတာပါ ဆိုတာ ပြောမှုပြီး မင်းကိုခေါ်သွားမယ်"

"နေပါစေ၊ ရပါတယ်ဆရာ၊ နောက်မှ ကြည့်ရှင်းပါ့မယ်၊ ဂုဏ်ကလဲ အဲ့သလောက်ကြီးတော့ တင်းတင်းကျပ်ကျပ်

မဟုတ်ပါဘူး၊ ကျွန်တော်က မင်္ဂလာဆောင် မသွားတော့ဘူး လို့ ပြောမိထားလို့ပါ''

''ကဲ....လုပ်....လုပ်၊ ငါ့ကွာ....ခုမှ အသက်ရှူချောင်တော့တယ်၊ မင်း တစ်နာရီခွဲ ဒီကထွက်သွား၊ မြို့ထဲသွား၊ မိတ်ကပ်အဖွဲ့ခေါ်၊ ဟိုတယ်ကို နှစ်နာရီအရောက်၊ မြို့ရှင် ဟိုတယ်ရှေ့မှာ ကားရပ်ထား၊ ငါ့မိန်းမ ကြို့ချိန်တန်ရင် အါမှမဟုတ် ကိစ္စတစ်ခုခုရှိရင် ငါထွက်ပြောမယ်''

''ဟုတ်ကဲ့''

''မနက်စာ စားထားလိုက်တော့၊ မနေ့ဦးကွ၊ မိတ်ကပ်အဖွဲ့ကြို့ရမယ့်လိပ်စာ ဒီမှာ၊ ရော့....ရော့၊ အိုကေကွာ....သိုင်းခ်ကယူးပဲ၊ ငါလဲ အခု ထမင်းစားပြီးရင် ဟိုတယ်ကို ကြိုသွားနှင့်တော့မယ်၊ ဟိုမှာ ဦးကျော်လွင် လူတွေနဲ့ညှိပြီး လုပ်စရာရှိတာ လုပ်လို့ရအောင်၊ ကဲ....''

ညီ ခေါင်းတစ်ချက်ညိတ်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။ အလုပ်သမားတွေလည်း ထမင်းစားနေကြပြီ။ ညီက ထမင်းစားပြီးသွားသော ပန်းရန်ကောင်လေးတစ်ယောက်ကို ခေါ်ကာ မလှမ်းမကမ်း လမ်းထိပ်မှ ပုစွန်ခွက်ကြော်သုပ် ဝယ်ခိုင်းပြီး ထမင်းနှင့်စားလိုက်သည်။

ညီ ဦးလှုကလေးစကားအတိုင်း တစ်နာရီခွဲ အိမ်ကထွက်၊ ပေးထားသော လိပ်စာအတိုင်း မိတ်ကပ်အဖွဲ့ သွားကြိုရသည်။ ထိုအဖွဲ့မှာ လူဦးရေက များများ၊ ပစ္စည်းကိရိယာကများများ။ ရှေ့မှာထိုင်သော ခေါင်းဆောင်လုပ်သူ အလှပြင်သမားက ညီနှင့် တစ်လမ်းလုံးအဖွဲ့ကျကာ စကား ထဖောင်



ဖောင်ပြောပြီး ပါလာသည်။ သူပြောပြနေသော နယ်ပယ် လောကအစုံမှ သတင်းပလင်းတို့ကြောင့် ညီ့မှာ မပျင်းမရိရဘဲ ဟိုတယ်သို့ ရောက်လာရလေသည်။

အပြင်ဘက်မှာ ကားရပ်ထားပြီး ထိုင်နေပေမယ့် ဦးလှုကလေး မိန်းမကိုကြို့ဖို့သာ ရှိမှာပါဟု စိတ်ကထင်သည်။ အရေးပေါ်ကိစ္စဆိုတာကို မမှန်းဆတတ်ပေမယ့် ပေါ်လာလိမ့်မည် ထင်မထား။ သို့သော် ခဏအကြာမှာ အမျိုးသမီးတစ်ယောက် ထွက်လာကာ အရေးပေါ်ကိစ္စ ကြုံလာသည်။

''ကိုညီရှင်းထင်တယ်၊ ကားနံပါတ်ပြောပြီး ဦးလှုကလေးက အကူအညီ တောင်းခိုင်းလို့ပါ''

''ဟုတ်ပါတယ်၊ ဘာလုပ်ပေးရမလဲ ခင်ဗျ''ဟု ညီက မေးလိုက်သည်။

''နန္ဒာ့အိမ် ခဏပြန်ချင်တယ်''

ညီသည် ထိုအမျိုးသမီးကိုတင်ခေါ်ကာ နန္ဒာ့အိမ် မောင်းပို့ရသည်။ လမ်းမှာပြောလာသော စကားအရ သူမသည် နန္ဒာ့ အဒေါ်တစ်ယောက်ဖြစ်သည်။ နန္ဒာ့မှာ ပါလာသော အောက်ခံအင်္ကျီ အဆင်မပြေသဖြင့် တစ်ထည်လဲလှယ်ဖို့ ပြန်ယူရတာဖြစ်ကြောင်း၊ နောက်တစ်ခုက အသားကပ်ခြေစွပ် မေ့ကျန်ရစ်လို့ဖြစ်ကြောင်း။

ဩော်....အရေးပေါ်ကိစ္စဆိုတာ တကယ်ပဲ ရှိတတ်တာကိုးဟု ညီ ရယ်ချင်ချင် တွေးမိရသည်။ နန္ဒာ့အဒေါ် ယူစရာရှိတာ ဝင်ယူပြီးတော့ ဟိုတယ်သို့ ပြန်ရသည်။ ထိုကိစ္စပြီးချိန်မှာ မင်္ဂလာဆောင် အချိန်နားနီးပါး ရှိနေပြီ။ မင်္ဂလာပွဲစဖို့က

တစ်နာရီခန့် လိုသေးသော်လည်း ဦးလှကလေး မိန်းမကို ကြို တော့ဟု ဦးလှကလေးက ဆိုသဖြင့် သွားကြိုရလေသည်။

စိန်ရွှေရတနာ ဖြူးမှုပ်ဝင်းတိန်ကာ တောက်ပသော အဝတ်အစားတို့ဖြင့် မွေးကြိုင်ထုံအီနေသော ဦးလှကလေး မိန်းမကို တံခါးအပိတ်မှာ ပဝါမည်ပ်အောင်ကအစ ဂရု တစိုက် လုပ်ပေးကာ ခေါ်လာရလေသည်။ မိန်းမတွေ များလှချင်လွန်းသဖြင့် တစ်ကိုယ်လုံးမှာ ဘာတွေ ကျပ်စည်း ထားသည် မသိ။ ခန္ဓာကိုယ်က တောင့်ရောင့်နေသည်။ ကား အဆင်းအတက်မှာ ခြေတစ်ဖက်စီကြွပြီးမှ ချရကာ တဖြည်း ဖြည်း လှည့်ဆင်းရသည်အထိ အလှုပ်အရှား ခက်နေ၏။

ညီ ကားတံခါးဖွင့်ပေးပြီး နံဘေးမှာရပ်နေတုန်း အပြင် ကို ပျာယီးပျာယာနှင့် ထွက်လာသူမှာ အဝတ်အစား မလဲ လှယ်ရသေးဘဲ သာမန် ထသွားထလာအဝတ်နှင့် ဦးကျော် လွင် ဖြစ်လေသည်။ ဦးကျော်လွင်မှာ ယောက်ျားသားမို့ အထူးတလည် ပြင်ဆင်နေဖို့ မရှိတာကြောင့် အင်္ကျီကို အချိန် နီးမှ ကောက်လဲလိုက်ရုံသာ။

အပြင်မှာ ကြိုဆိုနေရာချထားရေး တာဝန်ယူထားသည့် သူ့တပည့်တချို့ကို စိတ်မချနိုင်သဖြင့် တစ်ချက်ထွက်ကာ သတိ ပေးခြင်းဖြစ်၏။ သူတို့ဌာန၏ ဝန်ကြီးနှင့်ဇနီး ကြွရောက်ရန် ရှိသဖြင့် ရီဇာ့ဗ်စားပွဲကိုပို့ဖို့၊ အသေအချာ ကြိုဆိုညွှန်ခံဖို့ တစ်ကြိမ်မှာပြီးသော်လည်း နောက်တစ်ကြိမ်ထွက်ကာ စိတ်ပူ ပန်စွာ မှာနေရသေးသည်။



အဲသည်လို အထွက်မှာ ကားရပ်လျက် ကားထဲမှ ဦးလှ ကလေးဇနီး ထွက်အပြီးမှာ တံခါးပိတ်ပြီး ကားထဲပြန်တက် ဖို့ပြင်နေသော ညီ့ကို မြင်သွားတော့တာပါပဲ။

"ကိုညီရှင်း"

အနားရောက်လာသည်နှင့် ညီ့မှာ စိတ်ဖိုက်သွားရသည်။ ဦးလှကလေးဇနီးက အတွင်းသို့ဝင်သွားပြီ။ ဦးကျော်လွင်က ညီ့လက်ကို တရင်းတနှီးဆွဲကာ....

"လာပါ ကိုညီရှင်း၊ ဝင်....ဝင်၊ ကိုညီရှင်းလဲ ဒရိုင်ဘာ တာဝန် ကူညီယူထားတယ်လို့ နန္ဒာပြောတယ်၊ တော်တော် ပင်ပန်းနေပြီလား"

ဖြူးချိုစွာ စိတ်ပါလက်ပါ နှုတ်ဆက်ရင်း ညီ့ကို တစ်ခါ တည်း ဟိုတယ်ထဲကို ခေါ်သွင်းသွားဖို့ ပြင်လေသည်။

"ကျွန်တော် မဝင်တော့ဘူး ခင်ဗျ၊ ကိစ္စပေါ်လာရင် ကားစတဲန်းဘိုင်ဖြစ်နေအောင် ကျွန်တော် ကားထဲပဲ နေလိုက် တော့မယ်"

"ဟာ....မဟုတ်တာ"

ဦးကျော်လွင်မှာ ညီ့ကို နေရင်းထိုင်ရင်း ကျေးဇူးတွေ ဒလဟော တင်နေသူဖြစ်သည်။ ညီနှင့် ဒေါ်ခင်လေးနွယ် အခန်းချင်း ကပ်နေတာသိရအပြီး ဒေါ်ခင်လေးနွယ်ကလည်း ချက်ချင်းလိုလို လက်မှတ်ထိုးပေးလိုက်တာက တိုက်ဆိုင်အချိန် ကိုက်နေသလိုမို့ ညီ့ တိုက်တွန်းအား ပါသလိုလို သူထင်နေ သည်။

အသားလွှတ် နာမည်ကောင်းရကာ ကျေးဇူးရှင်နေရာ ရောက်နေရမှာ ညီ အနေခက်သဖြင့် လက်မှတ်ထိုးသောနေ့က ညီ ထံ ဖုန်းဆက်ပြီး ကျေးဇူးစကားဆိုနေသော ဦးကျော်လွင်ကို "ကျွန်တော် ဘာမှ မလုပ်ရပါဘူး၊ သူ့သဘောနဲ့သူ အဆင့်မြင့်သွားတာပါ" ဟု ရှင်းပြပြီးပြီ။

ဒါကိုပင် ညီဟာ နာမည်ကောင်းမယူလိုသူအဖြစ် သူကား ပိုမိုလေးစားသွားလျက် ညီ့စကားကိုပင် မယုံကြည်။ ဒေါ်ခင်လေးနွယ် သက်သက်မဲ့ ကတ်ထားတာဟုသာ ထင်နေသော ဦးကျော်လွင်သည် ဒေါ်ခင်လေးနွယ်ဘက်က လျှော့ပစ်လိုက်တာတာ တစ်စုံတစ်ယောက်ရဲ့ တိုက်တွန်းမှု ပယောဂကြောင့်ဟု ယုံကြည်သည်။ နီးနီးစပ်စပ် သူ့ကျေးဇူးတင်ဖို့ မြင်သူကား ညီ။

ညီ့အိမ်ကို သူ့တပည့်တစ်ယောက် ရောက်လာကာ မုံလို၊ အိုဇာတင်းတွေ၊ ဘီစကွတ်ပုံး၊ လီမွော်သီးတွေ ပို့လွှတ်လိုက်သောအခါ ညီ့မှာ စိတ်ပျက်လက်ပျက်နှင့် အတန်တန်ငြင်းသော်လည်း တယ်လိုမှ မရလိုက်။ တပည့်လုပ်သူက ပြန်သယ်သွားရလျှင် သူ့ရဲ့ကြီးတော့မည့်အလား လက်နှစ်ဖက်ကို ဝှက်ကာဝှက်ကာ ကသုတ်ကရက် ထပြန်ပြေးသည်။

သည်နေ့လည်း ညီ ကားမောင်းကူညီတာကို ဦးလူကလေးမှတစ်ဆင့် နန္ဒာ၊ နန္ဒာမှတစ်ဆင့် ဦးကျော်လွင် သိလိုက်ပြီးပြီ ထင်ပါရဲ့။

"မလုပ်ပါနဲ့ဗျာ၊ ဒီလောက်တောင် အားလုံး လိုက်ကူညီနေတာ လုံလောက်နေပါပြီ၊ ကျေးဇူးတင်လှပါပြီ၊ မင်္ဂလာ



ပွဲကိုပါ ကိုညီရှင်း တက်ပြီး ချီးမြှင့်လိုက်မှ ပြည့်စုံသွားမယ်၊ လာပါ၊ ဝင်ပါ"

ညီ့မှာ လက်တကာကာ....

"ခုနလဲ အရေးပေါ် ထပြေးစရာတစ်ခု ပေါ်လာလို့ နန္ဒာ့အိမ်ကို ပြေးရသေးတယ် ဦးကျော်လွင်၊ ကျွန်တော် လိုအပ်ရင် အဆင်သင့်ရှိချင်လို့ပါ၊ ပြီးရင် ဦးလူကလေးကတော်လဲ ပြန်ပို့ရဦးမှာပါ"

"ဟာဗျာ....ဦးလူကလေးကတော်က ပွဲပြီးမှ ပြန်မယ်ဟာ၊ ခင်ဗျားနဲ့တူတူ ပြန်လိုက်ရုံပေါ့၊ အရေးပေါ်ကိစ္စလဲ ပြန်မပေါ်နိုင်တော့ပါဘူး၊ ပေါ်လာလဲ ကျွန်တော်တပည့်တွေရော ကားတွေရော တော်တော် အားကုန်ပါပြီ၊ ဟိုမှာ ကားသုံးလေးစီးတောင် စတဲန်းဘိုင် ရှိပါတယ်၊ ဒီရောက်ပြီးမှ အပြင်မှာ ထိုင်နေရမယ်လို့ဗျာ၊ မလုပ်ပါနဲ့၊ လာပါ၊ တခြားလူတွေမှ မဟုတ်တာ"

"ကျွန်တော့်ကို အားမနာပါနဲ့၊ ဦးကျော်လွင်ပဲ အချိန်မမီဘဲနေဦးမယ်၊ ရပါတယ်၊ ဝင်နှင့်ပါ"

"မလုပ်နဲ့....မလုပ်နဲ့၊ လာ....အတူတူ တစ်ခါတည်းလိုက်ခဲ့၊ ကျွန်တော်လဲ အဝတ်လဲရတော့မယ်"

"ကျွန်တော် အထဲမှာလဲ လူများတော့ စိတ်ကျဉ်းကျပ်လို့ပါ"

"ဒီပွဲကိုတော့ဗျာ ကိုညီရှင်း အမိက တက်ရမယ့်သူပါ၊ ဒီလောက် ကိစ္စမျိုးစုံပါပြီးကူညီထားတာ၊ စိတ်ကျဉ်းကျပ်လဲပဲ

တစ်နှင်ယောက်တော့ အရေးမဟုတ်ပါဘူး၊ ကျွန်တော်တို့ ဇနီးမောင်နှံကို ချီးမြှင့်ရာလဲ ရောက်ပါတယ် ကိုညီရှင်းရာ”

ညီ့မှာ ဘယ်ဘက်ကမှ လှည့်ပြင်းမရ။ အလွန်တရာ ဖြင်းရ မက်ကာ နှုတ်ဆိတ်သွားရ၏။ ထိုနှုတ်ဆိတ်မှုကို အခွင့်ကောင်း ယူကာ ဦးကျော်လွင်က အတင်းပင် လက်ဆွဲ ခေါ်ဆောင် ခဲ့တော့၏။

“ကျွန်တော်ဗျာ ကားမောင်းဖို့ပဲ အာရုံရှိတော့ တိုက်ပို တောင် ဝတ်မလာဘူး”

“တိုက်ပုံဝတ်မှ ဝင်ခွင့်ရှိတာ မဟုတ်ပါဘူး ကိုညီရှင်းရာ၊ ကိုညီရှင်းဘယ်လိုလာလာ လာတာကိုပဲ ကျွန်တော်က ကျေးဇူး တင်နေတာ”

ညီသည် ခပ်အင်အင် ခပ်တောင့်တောင့်ကြီးနှင့်ပင် ဟိုတယ် ခန်းမသို့ ပါသွားရတော့သည်။

“ဇနီးရော ပါဘူးလား”

“ကောင်းကောင်း နေမကောင်းလို့”

“ဟုတ်လား၊ ကျွန်တော်တို့ အေးအေးဆေးဆေးဖြစ်ရင် သတင်းလာမေးပါဦးမယ်”

“အာ...ရပါတယ်၊ ဒုက္ခမရှာပါနဲ့၊ သူလဲ နေ သိပ် မကောင်းတော့ ကျွန်တော် အလုပ်တစ်ဖက်နဲ့ ဆေးရုံသွားနေ ရဖို့ အဆင်မပြေတာနဲ့ မိဘအိမ် ခဏပြန်နေတယ်”

“ဒုက္ခရှာတယ် ဘယ်ဟုတ်မလဲ၊ ဘယ်အိမ်မှာဖြစ်ဖြစ်ပေါ့၊ သတင်းမေး ရောက်အောင်လာခဲ့မယ်၊ နှုတ်နဲ့ ပြောပြောနေ



တယ်၊ ကိုညီရှင်းဇနီးနဲ့ တစ်ခါမှ မကြုံဖူးလို့ သွားလည်ဦးမယ် ဆိုတာ”

ညီသည် အလကားနေရင်း သဘောတွေ စွတ်ကောင်း၊ ထာဝန်တွေစွတ်ကျေကာ အပ်ချတန်မှ ယဉ်ကျေး၊ လူကြီးလူ ကောင်းဆန်နေသော ဦးကျော်လွင်ကြောင့် သူ့လောက် ယဉ်ကျေးဖွယ်ရာအမူအရာမရှိနိုင်သော ကိုယ့်ကိုယ်ကိုပင် ခဏ ကြာလျှင် အပြစ်ဆပေးမိတော့မည်။အပိုလုပ်နေတာမျိုး လုံးဝ မဟုတ်ဘဲ ဖော်ရွေနူးညံ့သိမ်မွေ့ လှတာကြောင့် ကိုယ့်ကိုယ်ကို ပင် လူရိုင်းအလား ထင်မြင်မိတော့မည်။

“အမယ်လေး....သတို့သား၊ ရှာလိုက်ရတာ”

နန္ဒာ့အဒေါ်တစ်ယောက်က ဝင်လာသော ဦးကျော်လွင် ကို ပျာပျာသလဲ ဆီးကြိုကာ သူ့ရင်ဘတ်ကို ဖျတ်ခနဲရိုက် လျက်....

“ပွဲထုတ်ရတော့မယ်၊ အဝတ်မလဲဘဲ ပျောက်နေလို့ ရှာ လိုက်တာ....ကဲ....လာ....လာ”

“ဟုတ်ပြီ....ဟုတ်ပြီ၊ ကိုညီရှင်း၊ ဝင်သာသွားတော့ဗျာ [illegible]းဇူးတင်ပါတယ်ဗျာ နော်၊ ကျွန်တော် အဝတ်လဲလိုက်ဦး မယ်”

ညီသည်....ညီမှ ဧည့်ခံခန်းမသို့မဝင်လျှင် စိတ်မဖြောင့်သလို ဖြစ်နေသော ဦးကျော်လွင်ကို စိတ်ချသွား ဆိုသော အမူအရာ နှင့် လက်ပြကာ ကော်ဇောခင်း လမ်းမအတိုင်း မလွဲသာ မရှောင်သာ ဝင်ခဲ့ရတော့သည်။

အောင်မြင့်ထွန်း ❋ ၈၁၇၈ပ
စ-ရုပ်ကွက်၊ မြို့သစ်
ဆင်းစိန်၊

ရုပ်အဖြူလက်ရှည်နှင့် ယောပုဆိုး ဝတ်လာမိတာ မိုး အနည်းငယ် တော်ပါသေးရဲ့၊ ညီ ပုံသဏ္ဍာန်သည် မင်္ဂလာ ဆောင်လာသူတစ်ယောက်နှင့်မတူဘဲ ဧယျာဝစ္စ ဝိုင်းဝန်း ဆောင်ရွက်သူ တစ်ယောက်ပုံသာ ပေါက်နေသည်ဟု ကိုယ့် ကိုယ်ကို ထင်သည်။ ညီ ခန်းမထဲဝင်လာတော့ ခန်းမထဲမှာ လူ အတော်စုံလင်လျက် နေရာပြည့်စပြုပြီ။ တီးဝိုင်းကလည်း စတင် တီးမှုတ် သီဆိုနေပြီ။

ထိပ်မှာရပ်ကာ လူနည်းနည်းချောင်သောနေရာ မျှော် ကြည့်ပြီး တစ်ယောက်တည်း ဝင်လာခဲ့၏။ လစ်လပ်သော တစ် ယောက်စာနေရာကို ရှာဖွေရသည်။တချို့စားပွဲမှာ နှစ်ခုံလွတ် သုံးခုံလွတ် စသဖြင့်ရှိသော်လည်း ညီက တစ်ခုံလွတ်ကိုပဲ ရှာ သည်။ အတွဲလိုက်အဖွဲ့လိုက် လာသူတွေအတွက် အဆင်ပြေ ပြေ နေရာကျန်အောင် ကြံရွယ်ကာ တစ်ခုံပဲလွတ်နေသည့် စားပွဲတစ်ခုအနား ရပ်လိုက်ရင်း....

"နေရာ အားပါသလား ခင်ဗျာ"

"အားတယ်....အားတယ်၊ ထိုင်....ညီရှင်း"

ညီ လန့်ဖျပ်အံ့သြပြီး မျက်နှာကြည့်လိုက်မိသော် နံဘေးက တိုက်ပုံအဖြူနှင့် ခံ့ခံ့ကြီးသည် ဂုဏ့်အစ်ကို သူ့ယောက်ဖ ကိုစိုးအောင် ဖြစ်နေတာကို တွေ့ရလေသည်။

* * *



မသွားဘူးပြောထားပြီးမှ မတတ်သာမှာ ရောက်လိုက်ရ တာရယ်၊ မင်္ဂလာဆောင်မှာ ကိုစိုးအောင်တို့ မမမိတို့နှင့် တစ် စားပွဲတည်း ထိုင်ခဲ့ရတာရယ်ကြောင့် အဲသည်ညမှာ ဂုဏ့် အိမ်ကို ညီ မရောက်ရောက်အောင် ရောက်ခဲ့ရလေသည်။

အပြန်မှာ ညီသည် ဦးလူကလေးဇနီးကို အိမ်တစ်ခေါက် ပြန်ပို့ရသေးသည်။ ပြီးတော့ လက်ဖွဲ့အထုပ်တွေ သယ် ဆောင်ကာ တစ်ခေါက် မောင်းပို့လိုက်ရသေးသည်။ အား လပ်သွားချိန်မှာ ညီသည် စိတ်အိုက်လူအိုက်နှင့် ငြီးစီပူလောင် နေကာ ကျောပြင်နှင့် လည်ပင်းနားသယ်စပ်တို့၌ ချွေးပြန် နေသည်။

အချိန်ကလည်း ရှစ်နာရီထိုးခါနီး၊နီးပါး ဖြစ်နေပြီ၊

ဂုဏ်တို့ ခြံတံခါးပိတ်ထားပြီ၊ သို့သော် သော့မခတ်သေး သဖြင့် ညီက ခြံတံခါးဖွင့်ပြီး ကားမောင်းဝင်လာခဲ့၏၊ အိမ် က တိတ်ဆိတ်နေသည်။ တီဗွီထားရာ အခန်းက တီဗွီ ကာလာ တွေသည် ရုပ်တာမှန်ချပ် ခပ်နောက်နောက်တွေတို့ ဖောက် လျက် အပြင်ရောက်နေပုံထောက်လျှင် တီဗွီကို တစ်ယောက် ယောက်ထိုင်ကြည့်နေလို့သာ။ဂုဏ်တစ်ယောက်သာ တီဗွီကြည့် တတ်သည်။

ညီသည် စေ့ထားသောတံခါးမှ အိမ်ထဲစင်ကာ ဧည့်ခန်း ဘက် ကြည့်လိုက်၏။ လူမရှိ။ တစ်ဖက်ခန်းဆီးစကို အသာ လေးဟကာ တီဗွီရှိရာ အခန်းသို့ ခေါင်းပြူကြည့်လိုက်၏။

ဂုဏ်....။

ကြိမ်မိုကုလားထိုင်အဝိုင်းကြီးမှာ ခြေထောက်ပေါ်တင်ကာ ခွေခွေခေါက်ခေါက် ပုံ့ပုံ့ကလေး လှဲမှီနေလျက် လက်တန်းမှာ တင်ထားသော လက်သည် ဆံနွံတန်းလျက်သား ဂီမှတ်ကွန်ယံရှိုးလ်ကို ကိုင်ထားသည်၊

"ဂုဏ်...."

ညီ အသံကြားသည်နှင့် ဆတ်ခနဲထောင်ကာ ချာခနဲလှည့်လာသော ဂုဏ် ဦးခေါင်းထက်မှ ဆံပင်လေးတွေက ဖွာတ်ခနဲ ခါသွား၏။ ဂုဏ် မျက်နှာက ထင်သည့်အတိုင်း မှိုင်းညို့ကာ တစ်စုံတစ်ရာရှိနေသည်။ မမပိတို့ကတော့ သတင်းပေးမြန်လှပါကလား။

ညီက ဂုဏ်နှင့် ခပ်စောင်းစောင်းရှိ ကြိမ်ခုံဝိုင်းကြီးမှာ ခပ်ဖြည်းဖြည်း ဝင်ထိုင်ချလိုက်ရင်း....

"အန်တီတို့ရော"

"ရှိပါတယ်"

"ဂုဏ် ခြေထောက် ဒီနေ့ ဘယ်လိုလဲ"

"ဘယ်လိုရှိမလဲ၊ ဒီလိုပဲပေါ့၊ ထူးထူးခြားခြား မေးစရာမှမရှိတာ၊ အလကား အပိုတွေ လျှောက်မေးနေတယ်"

"ဂုဏ်ရယ်....ဘာတွေဒေါကန်နေတာလဲ"

"ဂုဏ့်ကို လိုက်မလားမေးပြီးမှ ဂုဏ် မလိုက်ဘူးပြောပြီးမှ ညီလဲ မသွားပါဘူးလို့ သေချာပြောပြီးမှ ရောက်ဖြစ်အောင် ရောက်သွားတာ ဘာကြောင်လဲ၊ ဘာ့ကြောင့်လဲညီ၊ ဂုဏ့်ကို ညာပါဦး"



"ဒီလိုမပြောပါနဲ့ ဂုဏ်ရယ်၊ ကိုယ်လဲ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းရတာ စိတ်ညစ်လှပါပြီ၊ ဘယ်သိုမှမလုပ်ပေးရင် မကောင်းလို့ ဦးလူကလေးခိုင်းတာကို ညီ ကူညီလုပ်ပေးရတယ်၊ ကား အကြိုအပို့တာဝန် ယူရတယ်၊ အဲဒါကို ဦးကျော်လွင်က တွေ့ပြီး မင်္ဂလာဆောင်ခန်းထဲ အတင်းဆွဲသွင်းတော့တာပဲ"

"အဲဒီ ဦးလူကလေးဟာ ဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ဒီကိစ္စနဲ့ပတ်သက်ရင် ညီ့ကို လာလာခိုင်းနေရတာလဲ၊ ဂုဏ်မကြိုက်တာ သူမသိဘူးလား၊ သူသိအောင် ဂုဏ်ကိုယ်တိုင် ပြောရမှာလား"

ဂုဏ့် မျက်လုံးတလေးသည် ဝင်းဝင်းလက်လျက် အသံလေးက တဆတ်ဆတ်တုန်လာသည်။

"ဂုဏ်မကြိုက်တာ သူသိတော့ ညီ့ကို ဇွတ်မခိုင်းတော့ဘဲ နေပစေတော့ဆိုပြီး တခြားက အကူအညီလိုင် တောင်းနေတာ ဘာတစ်ခုမှ အဆင်မပြေဘူး၊ ကိုယ်က မြင်နေ ကြားနေရတော့ ကိုယ်လဲ အားနေရက်နဲ့ အနေခက်လာတယ်ဂုဏ်၊ အဲ ကို ပါးစပ်နဲ့ပြောပြလို့ ဂုဏ်နားလည်အောင် ကိုယ်တတ်နိုင်မှာမဟုတ်ဘူး၊ ကိုယ်အနေအထားက သူ့အကူအညီတောင်းတာကို ဒီလောက် ပစ်ပစ်ခါခါ မငြင်းနိုင်ဘူး၊ ဘာမှအဆင်မပြေဘဲ ဖြစ်နေတာနဲ့ ကိုယ်ကပဲလုပ်ပေးပါ့မယ်လို့ သွားပြန်ပြောလိုက်တာ၊ ဂုဏ်မကြည်ဖြူတာသိလို့ ဆရာက ဇွတ်အမခိုင်းပါဘူး ဂုဏ်ရယ်၊ ကိုယ်လဲ မနေသာလွန်းလို့၊ အဲဒါကို

ဂုဏ်ယုံချင်မှယုံ၊ ဂုဏ်မယုံရင်လဲ ကိုယ် ဒီထက်ပိုရှင်းပြလို့ မရတော့ဘူး ဂုဏ်ရယ်''

ဂုဏ်သည် ချွေးတွေ အဆီတွေပြန်ကာ ခွမ်းနယ် ညိုးလျှ ရှာသည့် ညီ့မျက်နှာကို မျက်ရည်ဝဲလျက်သား ငေးငေးကလေး စိုက်ကြည့်နေရာမှ....

''ဂုဏ် ယုံချင်ပါတယ် ညီလေးရယ်၊ ဒါပေမယ့် မေမေ ရှေ့မှာ အဲသလို မမမိကလာပြောတော့ ဂုဏ် သိပ်ရှက်တယ်၊ ဂုဏ် တစ်အားအနေခက်တယ်၊ ဂုဏ် မျက်နှာမဖော်ရဲအောင် ဖြစ်နေတယ်၊ မမမိပြောကတည်းက ညီလေး အကြပ်အတည်း တွေ့ပြီးသွားလိုက်ရပြီဆိုတာ ဂုဏ် နားလည်ပါတယ်၊ ဒါ ပေမယ့် ဒီလိုစကား မကြားရဘူးဆိုရင် ဂုဏ့်အတွက် ညီ့ အတွက် ပိုကောင်းတာပေါ့ ညီရယ်၊ မေမေက ညီ့ကို သံသယ တစ်မျိုးဝင်မှာ ဂုဏ် စိုးလဲစိုးရိမ်တယ်၊ ရှက်လဲရှက်တယ်''

ဂုဏ် ဆိုလိုသော သဘောထားကို နားလည်နေလျက် ညီ စိတ်မကောင်းဖြစ်ရလေသည်။ ဂုဏ်လေးဟာ မကြည်ဖြူခဲ့ သော မိဘ ကြည်ဖြူလာအောင် သူ့မိဘထံမှာ ညီ့ကို သိပ် မျက်နှာရစေချင်တာ၊ ဒါကို ညီသိပါသည်။

''ဂုဏ် စိုးရိမ်တာကလေ''

ဂုဏ်က တီဗွီခလုတ်ကို ရီမုတ်မှတစ်ဆင့် နှိပ်ကာ ပိတ်လိုက် သည်။ ညီ အကျီ ရင်ညွန့်နေရာနားလေးသို့ မျက်လုံးစိုက်ကာ ငေးနေရင်း....

''ဂုဏ် တို့နှစ်လောက်ရဲ့ တကွဲတပြားအခြေအနေဟာ အချိန်တွေ သိပ်ကြာလာပြီး ဂုဏ့်ဘက်မှာရော ညီ့ဘက်မှာ



ပါ အဖုအထစ် အခုအခံတွေ ရှိလာမှာ....တဖြည်းဖြည်း အေး စက်ပြီး စိတ်ချင်းပါ ကွာလာမှာ''

''ဂုဏ်ရယ်....ဒါတွေ ဘယ်တော့မှ မဖြစ်စေရဘူး၊ ညီ့ ဘက်က ဘယ်တော့မှ ရှိမလာစေရဘူး၊ ဂုဏ် စိုးရိမ်တာထက် ညီက ပိုပါတယ်၊ ဂုဏ့်မှာ ညီကလွဲတဲ့ သံယောဇဉ်ဆိုတာ ရှိ သေးတယ်၊ မိဘဆွေမျိုး သံယောဇဉ် ဂုဏ့်မှာ ရှိပါသေး တယ်၊ ညီက တစ်ကောင်ကြွက်ပါ၊ ညီ့မှာ ဂုဏ်ကလွဲရင် တွယ် တာရမယ့် သံယောဇဉ် ဘယ်မှာရှိတော့လို့လဲ၊ ဂုဏ်နဲ့ တစ် ခုခုဖြစ်မှာကို ညီက ပိုကြောက်ဟယ်''

''ညီရယ်၊ ဂုဏ့်ခြေထောက် လုံးဝ ကောင်းသွားတဲ့အထိ ဒီမှ လာမနေနိုင်ဘူးလားဟင်''

ညီသည် ငိုင်ကျသွားရပြန်၏။ ဂုဏ့်ကို အလိုလိုက်ချင် သောဆန္ဒ ရင်ထဲမှာ တလိပ်လိပ် ကြွလာသည်။ သူ့ အနေရ ကျိုးမှာ မှန်ပေမယ့်....

''မောင်ညီရှင်းရေ၊ ဘေးကပြော၊ ဟိုကပြော၊ ဒီကပြော တွေ ကြားရဖန်များရင်လဲ ဟုတ်တာမဟုတ်တာ၊ ယုံတာမယုံ တာထား၊ ခံစားရသားကွယ်၊ သမီးကို အန့်တီက အားပေး ပါတယ်၊ စကားဆိုတာ ကားတတ်တယ်၊ လက်ဖမိုးကို ဟို ဘက်ကကြည့်ရင် လက်ဖဝါး၊ မိမိက မဟုတ်မမှန် လုပ်ကြံ ပြောမှာ မဟုတ်ပေမယ့် ညီမဘက်က နာချင်တဲ့စိတ်နဲ့ မုရင်း သူ့စိတ်အခံကိုက ကြည်ကြည်လင်လင် မြင်နိုင်မှာမဟုတ်ဘူးဆို တာ....အားပေးရတာပေါ့ကွယ်၊ သမီးက လောကဇာတ်၊ ဘဝဇာတ်ဆိုတာ မသိတော့ အားငယ်တယ်၊ ဝမ်းနည်းတယ်၊

မင်းကို ခုချိန်ထိ မယုံကြည်ဘူးရယ်လို့ အန်တီ မပြောလိုပါဘူး ကွယ်၊ ကိုယ်မသိနိုင်တာကို ရမ်းတော့ အယုံမလွယ်ပါဘူး၊ ဟာက မယုံလို့ သံသယဝင်လို့ အပြစ်တင်နေတာလဲ မဟုတ်ပါဘူး၊ တကွဲတပြားနေရတော့ ဘေးလူတွေက ပိုပြီး တစ်မျိုး မြင်မယ်၊ ပိုပြောစရာဖြစ်မယ်၊ အန်တီတို့ကတော့ မင်းတို့ နှစ်ယောက်ကို ခွဲထားချင်တာမျိုး၊ တစ်ဖက်သတ် ထိန်းချုပ်ထားလိုတဲ့စိတ် မရှိဘူးဆိုတာ မင်း သဘောပေါက်မှ ဖြစ်မယ်''

ညီသည် အခန်းထဲရောက်လာကာ တရစပ်ပြောလိုက်သော ဂုဏ့် မေမေစကားကြောင့် ခန္ဓာကိုယ်ပင် ကျုံ့ဝင်သွားချင်သလို ရှိလျက်....

''သဘောပေါက်ပါတယ်ခင်ဗျ''

''အေး....လူတွေ တလွဲ ပိုထင်ကြဖို့ အတွက် ဂုဏ့် ခြေယောက် မစွမ်းတာကလဲ အချက်တစ်ချက် အပါအဝင်ပဲ၊ ဒီလိုမိန်းမကို ယောကျ်ားဆိုတဲ့ သူက ပစ်သွားနိုးနိုးပေါ့ကွယ်''

ဂုဏ်က ပါးပေါ်ကျလာသော မျက်ရည်စက်ကလေးကို သုတ်လိုက်သည်။ ညီက ဂုဏ့် မေမေမျက်နှာကို မကြည့်ဘဲ ငြိမ်ပြီး နားထောင်နေသည်။

''ဒီကြားထဲ ခွဲခွာနေကြတာကို အကြောင်းရင်းသေချာသိတဲ့ ဘေးလူက အထင်လွဲစရာ ဖြစ်နိုင်သေးတယ်၊ ဘာကြောင့် ဒီလို ခွဲခွာနေကြပါလိမ့်ဆိုတဲ့ သံသယက တခြား အကြောင်းအရာတွေကို ဆက်တိုက် လျှောက်ပြီး ထင်သလို



အကျယ်ချဲ့တွေးဖို့ တွန်းအားပဲ၊ ဘာပဲဖြစ်ဖြစ် ပြောကြဆိုကြတာ ကြားရတော့ စိတ်မကောင်းဘူးပေါ့ကွယ်၊ မိမိကတော့ ဆွေမျိုးရင်းမို့ သူသိသလောက် သိသင့်တယ်ဆိုပြီး အပိုအလို မရှိ ပြောမှာပါပဲ၊ တခြားဘေးလူတွေ ဘယ်လိုတွက်ကြ ဘယ်လိုပြောကြမယ်ဆိုတာ ကိုယ်က မသိနိုင်ဘူး မဟုတ်လား''

ညီ ခေါင်းညိတ်လိုက်ရသည်။

ဂုဏ့် မိဘတို့ဟာ ညီ့ရဲ့ ငယ်စရိုက်ကို လူကြီး မျက်စိနှင့် ကြည့်မရခဲ့သော ဓာတ်ခံကြောင့်၊ မနှစ်မြို့သော ဓာတ်ခံကြောင့် သဘောမတူခဲ့ကြတဲ့ ရှိသော်လည်း ခုလို သူတို့သမီး ကိုတောင် ပြန်ခေါ်ပြီဆိုသည့်အခါမှာ ညီ့ကို မလိုတမာ ခွဲခွာချန်ရစ်လိုစိတ် ကျန်နေသေးပုံ မရပါ။

ပြီးတော့ စိတ်ရင်းသဘောထား ဆိုးရွားကြသူတွေလည်း မဟုတ်ပါ။

''ထမင်းစားပြီးပလား''
''အိမ်ရောက်မှ စားတော့မယ် အန်တီ''
''ချက်ပြီးနေလို့လား''
''လမ်းက တစ်ခုခု ဝင်ငယ်သွားလိုက်ပါ့မယ်''

''ဝယ်နေရမှာ ဆိုရင်တော့ စားသွားလိုက်ပါ၊ သမီးက မနေ့က ကတည်းက ဒီနေ့ညနေ မင်းလာမယ်ထင်တာ၊ ထမင်း ထည့်ချက်ထားခိုင်းတာ၊ သူတော့ စားပြီးသွားပြီ၊ ဒါပေမယ့် မင်းအတွက် အသင့်ရှိပြီးသား''

ညီက ဂုဏ့်မေမေကို မော့ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ဂုဏ့်မေမေကား စိတ်ပျောလှဟန် မျက်နှာထား ရှိသည်။

"အဆင်ပြေအောင် ကြည့်တိုင်ပင်ကြပေါ့"

နောက်ဆုံးတစ်ခွန်း ဆိုကာ အခန်းထဲမှ ပြန်ထွက်သွားတော့သည်။ ညီသည် ဂုဏ့်မေမေ အရိပ်ကွယ်သည်နှင့် ဂုဏ့်ကြိမ်ခုံကြီးနား တိုးကပ်ကာ ဂုဏ့်ပါးကလေး နှစ်ဖက်ကို ညှပ်ကိုင်ပြီး နဖူးကလေးကို ကြင်ကြင်နာနာငုံ့၍ နမ်းရှိုက်လိုက်သည်။

"ဂုဏ့်ကို ညီ သိပ်ချစ်တယ်၊ ဂုဏ်သိလား"

"ဂုဏ်သိပါတယ်"

ဂုဏ်က တိုးတိုးကလေး ဖြေသည်။

* * *

အခန်း (၇)

ကားတက်ဖုံးကိုဖွင့်ကာ အထဲငုံ့ပြီး စစ်ဆေးနေသော ကိုလှဦးက ခါးပြန်မတ်လိုက်ရင်း....

"မင်းကိုတောင် မေးမလို့ ဖိုးညီ"

"မေးလေ...ကိုလှဦး၊ ဘာများလဲ"

"စပ်စုတယ်တော့ မထင်နဲ့ကွာ၊ မင်းနဲ့ မင်းမိန်းမ ဂုဏ်နဲ့ ကွဲနေတယ်ဆို"

ညီသည် မျက်နှာပျက်ကာ စိတ်ရှုပ်သွားလျက်....

"ဘယ်သူကများ ပြောလိုက်လဲ ကိုလှဦးရာ"

"ဒီလိုပဲ၊ ငါ့ဆိုင်က ကောင်လေးတစ်ယောက် တခြားက ကြားလာတာ၊ ပြီးတော့ မင်းတို့ ချိုင့်ဆွဲစားတဲ့ ထမင်းဆိုင်ကလဲ ဒီသကုန်မှာ မင်းတို့ ဟင်းချိုင့်ဖြုတ်လိုက်တယ်လို့ ပြောတယ်၊ ဆိုင်ကကွာ ငါ့ဝပ်ရှော့ပ်နဲ့ ကပ်နေတာ၊ အဲဒီက မိန်းမကြီးကလဲ ထင်ကြေးတွေပေးနေတာပဲ၊ ဂုဏ် မရှိတော့ဘူးပေါ့ကွာ"

"မဟုတ်ပါဘူးဗျာ၊ မကွဲပါဘူး"

ညီသည် စိုးကြိဉ်စညစ်နှင့် ခေါင်းကုတ်ဖွကာ ငြင်းလိုက်သည်။

ညီသည် ကားကို ဘေးဘက်မှ တွေ့ပတ်လျှောက်ကာ ရှေ့ခန်းတံခါးဖွင့်ပြီး အထဲသို့ ကိုယ်ကိုင်းဝင်ကာ ဒက်ရှ်ဘုတ်မှ စာအိတ်တစ်အိတ် ဆွဲယူလိုက်၏။

"ခင်ဗျားကိုပေးဖို့ ယူလာတာပဲ၊ မေ့နေတယ်၊ အခု အဲဒီစကား ပြောလိုက်မှပဲ သတိရတော့တယ်"

"ဘာလဲကွ"

"ဖိတ်စာ....ရော့...."

ကိုလှဦးလက်ထဲသို့ ညီက ဖိတ်စာကမ်းပေးလိုက်သည်။ ကိုလှဦးက ဖွင့်ဖတ်ကြည့်ရင်း အောက်ဆုံးက ဖိတ်ကြားသူနေရာမှာ ဂုဏ် မိဘများ နာမည်နှင့်အတူ ညီရှင်းနှင့် ဂုဏ်ရည်ဆိုတာကို တွေ့လိုက်ရတာမို့ မျက်ခုံးပင့်လျက်....

"ဒီအပေါ်ကနာမည်တွေက မင်းယောက္ခမတွေလား"

"ဟုတ်တယ် ကိုလှဦး"

"ငါက ဘာဖိတ်စာများလဲလို့၊ သူတို့ဟာသူတို့ ရွှေပြားတွေလူပြီး ဘုန်းကြီးပင့်၊ ရေစက်ချ၊ ဆွမ်းကျွေးတာပဲဥစ္စာ"

"အေးလေဗျာ၊ သူတို့အလူက ပုံမှန်အတိုင်း ကမ္ဘာအေးမှသွားပြီး ရေစက်ချပြီးသား၊ အိမ်မှာ ဆွမ်းကပ်ကျွေးတာက တမင် ပွဲဖန်တီးပြီး ကျွေးတာပဲ၊ ဒီလောက်တောင် သဘောမပေါက်ဘူးလားဗျာ၊ ဂုဏ်နဲ့ ကျွန်တော်နဲ့က ရုံးတက် လက်မှတ်ထိုးလိုက်တာပဲရှိတာ၊ ဘာညှော်ခံပွဲ၊ ဘာဆွမ်းကျွေးမှ မရှိဘူး၊ ဆွေမျိုး အသိုင်းအဝိုင်းကို အသိအမှတ်ပြုဖို့ မလုပ်ရသေးဘူးပေါ့ဗျာ၊ သဘောက...."

"ဪ....အဲဒါကို အခု...."



"ဟုတ်တယ်၊ ယောက္ခမကြီးက အဲဒီအတွက် အဓိကထားသတ်သတ်လုပ်တာပဲ၊ အဲသလို နာမည်ခံတော့လဲ ဒီလောက် အိမ်ထောင်သက် တစ်နှစ်ရှိမှဆိုတော့ အဆင်မပြေဘူးမဟုတ်လားဗျာ"

"မင်းနဲ့ မင်းယောက္ခမ ကြည်နေပြီပေါ့"

"ဒီလိုပါပဲ၊ အဆင်ပြေပါတယ်၊ သူတို့က သဘောထားမဆိုးပါဘူး၊ ကျွန်တော့်ကို ပုဂ္ဂိုလ်ရေးအရ မကြိုက်နိုင်တော့လဲ ဒီလောက်တော့ ရှိခဲ့မှာပေါ့"

"ဒါနဲ့မျှားကွာ"

"ဒါနဲ့မျှား ဘာဖြစ်လို့လဲ"

"မင်း ဟိုမှာ လိုက်နေလိုက် ပြီးရော"

ကိုလှဦးက ကားစက်ဖုံးကို ပိတ်ချလိုက်သည်။ ညီ သက်ပြင်းတစ်ချက်ချလိုက်ရင်း ခေါင်းကိုလေးကန်စွာညိတ်လျက်....

"ဟုတ်တယ်၊ ကျွန်တော် ဂုဏ်ခြေထောက် ကောင်းတဲ့အထိတော့ သွားနေပေးလိုက်မလားလို့ အခု စဉ်းစားထားပါတယ်"

"သူတို့က ခေါ်တာပဲ မဟုတ်လား"

"ခေါ်ပါတယ်၊ ကျွန်တော်ကသာ မသွားဖြစ်တာပါ၊ ကျွန်တော် စိတ်ထဲမှာက...."

ညီသည် ကိုလှဦးကိုတော့ စိတ်ထဲရှိနေတာတွေ ပြောပြဖြစ်တော့သည်။ ကိုလှဦးတို့ လင်မယားက ဂုဏ် ကိုပါ သိကျွမ်းခင်မင်မှုရှိနေတာကြောင့်လည်း ပြောဖြစ်ခြင်းပါ။ ညီနှင့် ဂုဏ်ယူခါစက ဂုဏ်ပင် ကိုလှဦးတို့ထံ သွားရောက်လည်ပတ်ဖူး

သေးသည်။ နောက်ပိုင်းမှ ဂုဏ့်ခြေထောက်ကြောင့် ဂုဏ့် ဘယ်မှ မရောက်တော့တာ။

ကြည်ဖြူခံရသော သမက်လည်းမဟုတ်ပါဘဲ ဟိုအိမ်ပေါ် တက်နေ၊ ဟိုအိမ်မှာ စားသောက်လျက်၊ ဘာပဲဖြစ်ဖြစ် ယောက္ခမမျက်စိနှင့် အဝင်အောင် နေရမည်ဆိုသည့်အခါ ကိုယ်က တကယ်တမ်း ဘာမှ ဆင်ခြင်စောင့်ထိန်းနေစရာ မလိုသည့်တိုင်အောင် နေနေရသည့်အလား စိတ်မှာ တစ်မျိုးခံစားရမည်။

ခုလောလောဆယ်လည်း ညီဟာ ဟိုလည် သည်ပတ် လမ်းများများနှင့် လူကြီးမျက်စိနောက်လောက်စရာမျိုး ဘာတစ်ခုမှ ရှိမနေတော့ဘူးဆိုပေမယ့် ညီ့အတွက် မိဘထံမှ ဂုဏ့်ကဒ်လား မျက်နှာမငယ် အနေမကျပ်အောင် ညီသာ တာဝန်အရှိဆုံးမို့ ညီ့မှာ ဆင်ခြင်ဖို့မရှိသည့်အထဲကကို ရှာဖွေစစ်စီပြီး ဆင်ခြင်နေဖို့ တာဝန်ရှိနေသည်။

မမျှော်လင့်သော ပြဿနာတစ်ခု ဖြစ်လာခဲ့သည်ရှိသော် ဂုဏ်ကလေး စိတ်ဆင်းရဲရမှာ ညီ စိုးသည်။

''ဒါကတော့ကွာ၊ မင်းဆိုလိုတာ ငါနားလည်ပါတယ်၊ ဒါကလဲ ယောက္ခမ ဆိုတဲ့ ဝေါဟာရခံနေလို့ပါ၊ မင်းမိဘသာဆိုလဲ မင်း မဟုတ်တာလုပ်ရင် မနှစ်သက်ဘဲ ဆူမှာ ကြိမ်းမှာပဲ မဟုတ်လား၊ မိဘလို သဘောထားကြည့်လိုက်ရင် သူတို့ ဘာလုပ်လုပ် မင်းစိတ်ထဲ အမှတ်အထား ဘယ်ရှိမလဲ၊ ဘာမှ နာစရာမဖြစ်ဘူး၊ စိတ်ရှင်းရှင်းနဲ့ဆက်ဆံပေါ့ကွာ၊ မင်းရဲ့ ဂုဏ်ကို မင်း တကယ်ချစ်တယ်ဆိုရင်လေ''



မင်းရဲ့ဂုဏ်ကို မင်း တကယ်ချစ်တယ်ဆိုရင်....

ညီသည် ထိုစကားကို ဖြုံးခဲ့မိသည်။ ဂုဏ့်ကို ညီ့လောက် မြတ်နိုးချစ်ခင်နိုင်သည့် သူစိမ်းယောက်ျားတစ်ယောက်လောက် ရှာကြည့်စမ်းပါ။ ဘယ်လိုမှ မတွေ့နိုင်တော့ဘူး ရယ် လို့ ကောင်းကင်နှင့် မြေထုကို တိုင်တည်သစ္စာပြုပြီး ညီက အသက်ကြေးပင် ထပ်လောင်းရဲသည်။

ဂုဏ့်ခြေထောက် ခုလိုဖြစ်လာပြီးတဲ့နောက်မှာ ကိုယ်ဟာ ဂုဏ့်ကို အလှကလေးကြောင့် လည်းကောင်း၊ ကျန်းမာစွမ်းသန်မှုကို လည်းကောင်း၊ တခြား ဘယ်အရာတစ်ခုခုကို လည်းကောင်း၊ စွဲလမ်းမက်မောပြီး ချစ်မိခဲ့တာမဟုတ်ကြောင်း ပိုလို့ ခိုင်လုံစွာ ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်နိုင်ခဲ့လေသည်။

တစ်ယောက်ကို ခဏနှင့် ရိုးအီကာ အယောက်ယောက် ပြောင်းခဲ့နိုင်သော ညီ့နှလုံးသားသည် ဂုဏ့်ကို မရိုးမအီနိုင်ခဲ့တာ၊ တစ်ယောက်ကို ဘာမဟုတ်တာနှင့် စိတ်ပျက်လွယ်ခဲ့သော ညီ့နှလုံးသည် ဂုဏ့်ကို စိတ်မပျက်နိုင်တတ်တာ၊ ဒါတွေဟာ တစ်ချိန်ထက်တစ်ချိန် ပိုလို့သာ မြေချာခိုင်မာလာတဲ့ သက်သေတွေ။

''အမိကက ဂုဏ် စိတ်ချမ်းသာအောင်၊ နောက် ဒုတိယက ကျွန်တော်လဲ ခွဲမနေနိုင်လို့ အဲဒီမှာသွားနေဖို့ ကျွန်တော် စဉ်းစားနေပါတယ်ဗျာ''

''စဉ်းစားနေလဲ ဘာအချိန်ဆွဲနေမလဲကွာ၊ တစ်သက်လုံးလဲ မင်းပြောသလို ယောက္ခမအိမ်မှာ ယောက္ခမလုပ်စာ စားပြီး မှီခိုနေသလို နေရမှာမှ မဟုတ်ဘဲ၊ ဂုဏ့်ခြေထောက်

မကောင်းတုန်း ခဏတစ်ဖြုတ် မဟုတ်လား၊ သူ့မိဘတွေ ဂုဏ့်ကို ခေါ်သွားချင်တာလဲ မှန်တာပဲ၊ မတရားခေါ်သွားတာမှ မဟုတ်တာ၊ ချိုင်းထောက်နဲ့ လှေကားတက်ရတာ ဘယ်လွယ်မလဲကွ၊ ပိုဆိုးတာက တစ်ထပ်တလေမဟုတ်ဘူး၊ လေးထပ်ကွ....လေးထပ်”

“ဟုတ်ပါတယ်၊ ကျွန်တော်လဲ ဂုဏ် လေ့ကျင့်ခန်းလုပ်နေတုန်း၊ ပြန်ကောင်းအောင် ကြိုးစားနေတုန်းတော့ လေးထပ်ကို တက်ဖို့ဆင်းဖို့ ဇွတ်ပြန်မခေါ်ချင်တာ အမှန်ပါ”

“မင်းတို့ဟာကကွာ လွယ်လွယ်လေးနဲ့ ကိုယ့်စိတ်ကိုယ်ကို ဦးစားပေး၊ ကိုယ့်အတွေးကို ကိုယ် ရှေ့တန်းတင်ပြီး ခက်နေတာပါ၊ နှစ်လသုံးလပဲကွာ”

ညီ ခေါင်းညိတ်လိုက်ရင်း ကားသော့ကို လှဦးလက်ထဲ ထည့်လိုက်သည်။

“သန်ဘက်ခါမနက်နော်၊ ခင်ဗျား ဆက်ဆက်လာခဲ့ပါ၊ ဂုဏ်လဲ ခင်ဗျားတို့လင်မယားတွေ့ရင် ငြိမ်းသာမှာပဲ”

“အေးပါ၊ မင်းဆိုတဲ့ကောင်က သန်ဘက်ခါကိစ္စကို ခုမှ ဖိတ်စာပေးတယ်၊ ဒါတောင် ကားလာပြရင်း ကြုံလို့၊ မင်းကားသာကောင်းနေရင် ငါတို့ အဖိတ်ခံရမှာတောင် မဟုတ်ပေါင်ကွာ”

“တိုက်ဆိုင်သွားလို့ပါ ကိုလှဦးရာ၊ ကားကောင်းနေလဲ သက်သက်ကို လာဖိတ်မှာပါ၊ ဂုဏ်နဲ့ရော ကျွန်တော်နဲ့ရော စုံတွဲလိုက်ခင်တဲ့ မိတ်ဆွေဆိုတာ လက်ချိုးလို့ရအောင် ရှားပါတယ်၊ ဂုဏ် တွေ့ချင်မှာသိလို့ ဖိတ်ကိုဖိတ်ဖို့ စိတ်ကူးပြီး



သားပါ၊ ကားမကောင်းတာကတော့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားတာ”

“မင်းကားလဲ သန်ဘက်ခါမနက် လာယူလိုက်”

“ဟုတ်ကဲ့”

“ဒီကြားထဲ မင်းအလှူကိစ္စ ဘာသုံးဖို့ရှိလဲ၊ ကားလိုရင် ဒီကတစ်စီး ဆွဲသွား”

“ရပါတယ်၊ ဂုဏ့်အဖေနဲ့ အမေပဲ အားလုံး ကြည့်လုပ်သွားတာ၊ အခုမှ ဖိတ်စာပေးတာလဲ အပြစ်မပြောနဲ့ဗျ၊ ကျွန်တော်ကလဲ မနေ့ကမှ ဖိတ်စာသွားယူဖြစ်တာ၊ ကျွန်တော့် မိတ်ဆွေတော့ပါ ဖိတ် ဆိုပေမယ့် ကျွန်တော်လဲ လူသိပ်မရှိတာနဲ့ ဆယ်စောင်ပဲ ယူလာတာ၊ လူရင်းထဲကပဲ တမင်တကာ တကူးတက ရွေးဖိတ်တာပါ၊ ကြုံလို့ဖိတ်တာ မဟုတ်ဘူးဗျ”

“ငါသိပါတယ် ဖိုးညီရာ၊ ငါက တမင်ပြောတာပါ၊ ငါတို့လဲ လာကိုလာမှာ....စိတ်ချ၊ ငါရော ငြိမ်းမရောပေါ့ကွာ၊ ဂုဏ့်လဲ ပြောလိုက်”

“ကားကို သန်ဘက်ခါကျ မနက်စောစော ယူမယ်နော်”

“မင်းကလဲ....ငါများ....မနက်ဖြန်ညဘက် လာယူလဲ ရတယ်”

“ကျေးဇူးပဲ ကိုလှဦး”

ညီ ကိုလှဦး ဇနီးကိုပါ ဝင်နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ အိမ်အပြန်လမ်းမှာ ခေါင်းငုံ့ပြီး အတွေးကလေး တဝေဝေနှင့် အေးဆေးဖြည်းညင်းစွာ လျှောက်လာခဲ့၏။ ဂုဏ့်ကို ချစ်သည်။ သူ ဂုဏ့်ကို သိပ်ကိုချစ်ရပါလျက် ဘာတစ်ချက်နှင့်

တင်းခံနေမိတာလဲ။ သူ့ရဲ့ အနေခက် ကျဉ်းကျပ်မှု၊ သူ့မာန သူ့သိက္ခာကို စန်းဝင့် ရှေ့တန်းထားလိုမှု၊ သည်နှစ်ခုကြောင့် သူ ဂျက်နှင့် ခွဲနေရတာဆိုလျှင် အဲဒါဟာ ဖြစ်သင့်သလား။

ညီသည် ညည့်လည်း အိပ်မပျော်ပေ။

ဂျက်အိပ်သွားသော ခေါင်းအုံးကလေးကို ရင်ထဲယူကာ ပွေ့ဖက်ထားရင်း ချီတုံချတုံအတွေးနယ် ကျယ်နေသည်။ ဂျက်ကို လွမ်းလှပါပြီ။ ဂျက်ရယ်၊ ကိုယ် တကယ်ကို လွမ်းလှပါပြီ။

ဂျက်နဲ့ နှစ်ဦးအတူတူ ရှိချင်သည့် စိတ်နှင့် သူ အနေရခက်နေတာကို ဂျက်သိပါရဲ့လား။ ဂျက်လေး စိတ်ချမ်းသာပါကွယ်၊ ကိုယ် ဂျက်နဲ့အတူ လာနေတော့မယ်၊ အဲသည် အလှပွဲဟာ ပြီးပေါ့။ အဓိကက ကိုယ်တို့နှစ်ယောက်ရဲ့ ပတ်သက်မှု တော်စပ်မှုကို ဆွေမျိုးမိတ်သင်္ဂဟတို့ထံမှာ သက်သေထူတဲ့ပွဲ၊ ရုပ်ပြ မိတ်ဆက်တဲ့ပွဲ မဟုတ်သလား။

ကိုယ်ဟာ ဂျက့်ရဲ့ ခင်ပွန်းယောကျ်ားရယ်လို့ အသိုင်းအဝိုင်းကိုအသိအမှတ်ပြုစေတဲ့ပွဲ။ အဲသည်ပွဲကစလို့ ကိုယ် ဂျက့် အနားမှာ အတူတူလာနေလိုက်တော့မယ်။ ဂျက်ရှိနေတဲ့ နေရာမှာ ကိုယ်ရှိနေတော့မယ်။ ဂျက် စိတ်ချမ်းသာတော့ခဲလ....နော်....။

ညီသည် အိပ်လည်း မအိပ်လိုသဖြင့် ညဉ့်နက်သန်းခေါင် မျက်စိကြောင်ကြောင်နှင့် ထကာ သူ့သားရေသေတ္တာထဲ အဝတ်အစားတွေ ရှေ့ထည့်နေမိသည်။ သည်အိတ်တစ်လုံး ဆွဲသွားလိုက်ပြီး ဂျက်ရှိနေရာ အိမ်ပေါ် သူတက်လာတာ မြင်လျှင် ဂျက်တစ်ယောက် ဘယ်လောက်များ ကြည်နူး ပျော်ရွှင်သွားမလဲ။



ကိုညက ညီသည် မှေးခနဲ အိပ်ပျော်သည် ဆိုရုံလေး တစ်ခဏ တာမျှသာ အိပ်ပျော်သည်။ နံနက်အစောကြီးပဲ မြန်နိုးနေကာ တက်ကြွလန်းဆန်းနေသော ညီ့စိတ်တို့က ညီ့ခန္ဓာကိုယ်ကို ဂျက့်ထံအရောက် သွားဖြစ်အောင် တွန်းပို့သည်။

အိမ်မှ အစောကြီး ထွက်လာကာ ဘတ်စ်ကားနှင့် မြေနီကုန်းဈေးသို့ ခဏဝင်သည်။ မြေနီကုန်းဈေးမှာ နှင်းဆီပန်းတွေ တစ်ပွေ့တစ်ပိုက်ဝယ်ကာ အငှားကားနှင့် ဂျက့်ထံသို့ ရောက်သွား၏။

ခြံတံခါးမှာပင် သော့မဖြုတ်သေး။ ညီ ခေါင်းလောင်းလေးကို လှုပ်လိုက်သည်။ ခြောက်နာရီ ခွဲလောက်မို့ အိမ်ဖော်ကောင်မလေးမှလွဲလျှင် ဂျက့် ဖေဖေ မေမေရော၊ ဂျက်ပါ အိပ်ပျော်နေတုန်း ထင်သည်။ ညီ့ကို ထွက်ကြည့်ပြီး ကောင်မလေးက ခြံသော့ဖြန့်အယူမှာ ဂျက့်ကိုပါ နိုးလိုက်ပုံရသည်။

ညီ ခြံထဲသို့ လမ်းလျှောက်ဝင်လာသောအခါ ဂျက်သည် အိမ်တံခါးဝမှာ အနွေးထည်ညိုညိုကလေး ဝတ်လျက် ထွက်ရပ်နေသည်။ ဂျက့် မျက်နှာကလေးသည် အိပ်ရာမှ နိုးထစ။ ပြီးတော့ အံ့သြရွှင်ပြုံးနေသည်။

“ညီ အစောကြီး ပန်းတွေနဲ့”

အကျင့်ကတော့ အိပ်ရာမှ နိုးလာလျှင် နံဘေးကို တစ်ချက် ငဲ့စောင်းကြည့်လိုက်ရုံနှင့် ဂျက့်ရဲ့ သည်လိုမျက်နှာလေးကိုမြင် နိုင်သည်။ ခုတော့ ညီသည် ခုလို တကူးတကမှပဲ မြင်ရတော့ တာကို အားမလိုအားမရ တမ်းတမ်းတတနှင့် ဂျက့်ကို ချစ် မြတ်နိုးစွာ စိုက်ကြည့်နေမိသည်။

"ညီ ကားလဲ မပါဘူး"

"ကား အိပ်မကောင်းလို့ ကိုလှဦးဆီ ပို့ထားတယ်"

"ဪ...ညီလေး ကိုလှဦးတို့ကို ဖိတ်ရဲ့လား"

"ဖိတ်ခဲ့တယ်၊ လာလိမ့်မယ်"

ညီသည် ဖက်ထဲမှ ပန်းစည်းကြီးကို ကောင်မလေးဘက်
မ်းပေးလိုက်သည်။

"ပန်းတွေ လှလိုက်တာ ညီရယ်"

"ခုပဲ မြေနီကုန်းဈေးက ဝင်ဝယ်ခဲ့တာ၊ နက်ဖြန် ဘုရား
ဲတင်၊ ပန်းအိုးလဲ ထိုးလို့ရတာပေါ့"

"ဘုရားတင်ဖို့ ပန်းဝယ်လာရင် မေမေက သိပ်သဘော
ျတာ၊ ညီလာပေးသွားတာသိရင် ညီ့ကို ချီးမွမ်းလိမ့်မယ်၊
ဦလေး ရုံးတက်ရမလား"

"အင်း....သွားရမယ်၊ ဒီက တန်းသွားမယ်"

"ဦးလူကလေး ဖိတ်ရဲ့လား"

"ဖိတ်ရတာပေါ့"

"မြနန္ဒာကော"

ဂုဏ်က မေးအပြီး ပခုံးလေးလှုပ်ကာ ချစ်စဖွယ် ရယ်နေ
ည်။ ညီသည် ကြည့်ရင်းကပင် ဂုဏ့်ကို အတိုင်းမသိ မြတ်
းချစ်စိတ်တွေ တဖွားဖွား လျှမ်းတက်လာလျက် ဂုဏ့်နဖူး
သးကို ညင်သာစွာ မွှေးလိုက်မိသည်။ ဂုဏ့် ပါးကလေးတွေ
ည် ခုနက နှင်းဆီပန်းတွေအလား နီရောင်သွေး ပြေးလျက်
က် မျက်လုံးလေးမှာ အရည်တောက်လဲ့ လာလေသည်။

"ဂုဏ့်ကို ပြောစရာရှိတယ်"



"ဘာလဲဟင်"

ဂုဏ်သည် စိုးရိမ်တကြီးနှင့် မျက်နှာကလေးတည်ကာ စူးစူးစမ်းစမ်း မျှော်လင့်တကြီး ဖြစ်လာသည်။

"စိုးရိမ်စရာစကား မဟုတ်ပါဘူး ဂုဏ်ရယ်"

"ဘာလဲဟင်"

"ပျော်စရာ စကားပါ"

"ဘာလဲဟင်...ညီ ရာထူးတက်လို့လား"

"ဦးလူကလေးဆီမှာ ဘာရာထူးမှ တက်စရာမရှိဘူး၊ ဒါကဒါပဲ၊ ဂုဏ်က ရယ်ရတယ်၊ ညီက ရာထူးတိုးမှ ပျော်ရမှာတဲ့လား ဂုဏ်ရယ်"

ညီသည် ဂုဏ့်ကို ချစ်စနိုးနှင့် ရယ်မောလိုက်မိ၏။

"ဒါဖြင့် ဘာလဲ"

"ပျော်စရာ စကားလေ၊ အခုမပြောသေးဘူးနော်၊ နက်ဖြန် မနက်မှ ဂုဏ်သိရမယ်၊ နက်ဖြန်မနက်မှ ပြောမယ်"

"ဟင်....အခုပြောပါ ညီလေးရယ်"

"နက်ဖြန်မှပဲ ပြောမယ်ဂုဏ်ရယ်"

ဘယ်လိုမှ မေးမရနိုင်တော့မှန်း ဂုဏ်က ရိပ်မိလျက် နှုတ်ခမ်းစူသည်။

"ညီ ကိုလဲ ဝမ်းသာစရာတစ်ခု မပြောတော့ဘူး"

"နက်ဖြန်မှ ပြောမယ် မဟုတ်လား"

ဂုဏ်က ရယ်မောကာ ညီ့ပခုံးကို တဖျပ်ဖျပ် ရိုက်နေလေသည်။ ဂုဏ့်ရင်ထဲမှာ ပူနွေးနွေး။ ညီ့ရဲ့ ပျော်စရာစကားကို စိတ်နှင့် မှန်းဆ တွေးနေမိသည်။ ဘာမှ မရှိဘူး။ ပျော်စရာ

ရယ်လို့ ဂုဏ့်မှာ တစ်ခုပဲရှိတာ။ ညီလေးနှင့် နှစ်ယောက် အတူတူ နေခွင့်ရဖို့။ ဒါကို ညီလေးလည်း သိတာပဲ မဟုတ် လား။

"ညီလေး ဒါကို သိပါတယ်၊ အဲသည်တော့ ညီလေးရဲ့ ပျော် စရာစကား ဆိုတာဟာလဲ....

ဂုဏ်သည် ကိုယ့်စိတ်ကူးနှင့်ကိုယ် အလွန်တရာ ပျော်ရွှင် စိတ်ချမ်းသာလျက် ဝင်းပကြည်လင်သော မျက်နှာကလေး နှင့်....

"နက်ဖြန်ကျ မနက်အစောကြီးကတည်းက လာနော်၊ ရှည်သည့်ပုံစံချုံးပြီး စားရခါနီးမှ ကပ်လာရင် ဂုဏ်နဲ့ တွေ့ သွားမယ်၊ ဖိတ်စာထဲ ဆယ်နာရီကာ စမယ် ရိုက်ထားလို့ ဆယ် နာရီမှများ ရောက်လာလို့ကတော့...."

"ညီ မနက်အစောကြီးလာခဲ့မယ် ဂုဏ်"

"ဒီနေ့လိုနော်"

"ဒီထက်စောရင်သာ စောမှာပေါ့၊ နောက်မကျတူးနော်၊ အစောကြီးလာမယ်"

ဂုဏ်သည် စိတ်ချမ်းသာသောမျက်နှာကလေးနှင့် ကြည် လင်ရွှင်ပျနေ၏။ ဂုဏ့်ခြေထောက်က များစွာ အဆင်ပြေ ဟန်ကျနေပုံလည်း ရသည်။ ခြေလှမ်းတွေ သွက်လက်လာ သည်။ ညီ ပြန်ခါနီးမှာပင် ဂုဏ့်ဖေဖေနှင့် မေမေ ၊ နိုးလာ သည် ညီ့ကိုမြင်သောအခါ ထူးထူးဆန်းဆန်း အစောကြီးမို့ အံ့ဩသွားပုံရ၏။ ခုလိုလာတာကိုလည်း မျက်နှာမှာ ကျေနပ်ပုံ ရ၏။ သူတို့သမီးကလေးကို သည်ယောက်ျားက တာရှည်



မမြတ်နိုးမှာကိုသာ ဟိုတုန်းကတည်းက ဦးတည် ကြောင့်ကြခဲ့ ကြတာပဲ၊ ဂုဏ့်ကို ညီ ချစ်မြတ်နိုးပုံရတာကို ဂုဏ့်မေမေ နှစ် သက်သည်။

"မေမေ....ညီလေးက နက်ဖြန်ဖို့ ဘုရားပန်းတွေ လာပို့ တယ်"

ဂုဏ်ကလဲ မျက်နှာလိုအားရသူ့ အမေကို သီးပြောလိုက် သည်။ ဂုဏ့်မေမေသည် မျက်နှာ ပြုံးကြည်သွားကာ....

"ဟုတ်လား၊ အေး....အေး....သာဓု....သာဓု....သာဓု"

ညီသည် ဂုဏ့်ဖေဖေကိုရော မေမေ့ကိုပါ နှုတ်ဆက်ကာ ဂုဏ့် အမှာစကားတွေကို ခေါင်းတညိတ်ညိတ်နှင့် ပြန်ခဲ့ရ သည်။

"ညီလေး၊ ဒေါ်ခင်လေးနွယ်တို့သားအမိ ဖိတ်ခဲ့ဦးလေ၊ ညကျ စောစောအိပ်နော်၊ အလာမ်းဝေးအိပ်၊ အိပ်ပုပ်ကြီး မနိုးဘဲနေမယ်၊ အစောကြီးလာနော်၊ ပုဆိုးပဲဝတ်ခဲ့၊ စတစ် ကော်လာရှပ်အင်္ကျီအဖြူရယ်၊ ယောလုံချည်ရယ်နော်၊ နက် ဖြန် ပျော်စရာစကားလဲ ပြောရမှာနော်"

ညီသည် စိတ်ထဲ မြူးထူးပေါ့ပါးနေသည်။ သူယတိပြတ် ဆုံးဖြတ်လိုက်နိုင်တာအတွက် စိတ်ထဲရှင်း ပေါ့နေလေသည်။

* * *

နံနက်ခြောက်နာရီမှာ အိပ်ရာကထပြီး အဲသည်ကတည်းက စမျှော်သော ဂုဏ်သည် နာရီလက်တံတွေ တရွေ့ရွေ့ ရွေ့ တိုးလာသည်နှင့်အမျှ စိတ်က ပူလောင်ကျဉ်းကျပ်၍ လာသည်။

“ညီရှင်း ဘယ်အချိန်မှာလာလဲဟေ”

ဖေဖေမေးတာကို “စောစောလာမယ် ပြောတာပဲ ဖေဖေ”ဟု ပြန်ဖြေလိုက်ရသော ဂုဏ့်အသံကလေးသည် အိညက်ညက်နှင့် ဖျော့တော့ တိုးတိမ်နေသည်။ ဖေဖေက နာရီတစ်ချက်ကြည့်ပြီး ဘာမှဆက်မပြော။

ညီ့ရဲ့ စောစောဆိုတာကို ပွဲမစမီ ရှစ်နာရီ ကိုးနာရီဟု ဖေဖေတို့ မေမေတို့က ထင်ရင် ထင်ကြမှာပေါ့၊ ဂုဏ်ကတော့ မနေ့ကထက် စောမည် ဆိုသောစကားကြောင့် ဟိုးအစောကြီးကတည်းက မျှော်လင့်နေတာ၊ မနေ့က သူရောက်လာသော အချိန်ကို တစ်စထက်တစ်စ လွန်လာလျှင် ဂုဏ့်စိတ်သည် ဂနာမငြိမ်လှတော့၊ ဖြီးလိမ်းပြင်ဆင်ဖို့လဲ စိတ်မပါ၊ ထက်သန်မှုမရှိဘဲ နွေးကွေးကွေးနှင့် အတွေးခေတ္တ ချာလပတ်လည်နေလေသည်။

ညီ ဘာဖြစ်ပါသိမ့်....

နေများ မကောင်းလို့လား၊ အရေးအကြောင်း တစ်စုံတစ်ရာကြောင့် ဂုဏ့်ထံ သူဖုန်းဆက်နေလျှင်တော့ ဒုက္ခပဲ၊ ဂုဏ်တို့အိမ်မှဖုန်းက ပျက်နေတာ နှစ်ရက်ရှိသွားပြီ၊ ပုလုက ဂုဏ့်အခန်းထဲဝင်လာကာ....

“ဦးညီရှင်းကလဲ မလာသေးဘူးလား”

အော်ကြီးဟစ်ကျယ် လှမ်းမေးသည်။

“ဟဲ့ ကောင်လေး၊ ပေါက်ကရတွေမေးမနေနဲ့၊ လာစရာရှိတဲ့လူကို မတ ကောင်းဘူး၊ ခလုတ်တိုက်နေတတ်တယ်၊ လာမှာပေါ့၊ ဘယ်လိုဖြစ်နေလဲ”



မမမိက သူ့သားကို ဟန့်သည်။

မမမိတို့သားအမိက မနေ့ညကတည်းက အိမ်မှာ လာအိပ်ကြသည်။ မမမိသည် ချက်ပြုတ်ပေးသူများကို အိုးသူကြီးလုပ်လျက် စီမံခန့်ခွဲပေးနေရာ မနေ့ညက ကောင်းကောင်း မအိပ်ရရှာပေ။ သို့သော် ကျေနပ်မှုတစ်ခုကြောင့် မမမိက လန်းဆန်းတက်ကြွနေသည်။

သူ၏ ကျေနပ်မှုမှာ ဂုဏ့်အတွက် သက်ဆိုင်သည်။ မနေ့ညနေက မမျှော်လင့်ဘဲ ပေါက်ရောက်လာသော ဦးကျော်နှင့် မြနန္ဒာတို့ စုံတွဲကြောင့် ဖြစ်၏။

“ဦးကျော်လွင်ဆိုတဲ့လူက တော်တော် ရည်မွန် ယဉ်ကျေးတာနော်၊ ငါက အသက်ကြီးလှပလား ထင်တာ၊ အရွယ်က နုသားပဲ၊ ဟိုကောင်မကလေးကိုလဲ ယုယုယယနဲ့ မြတ်နိုးလိုက်တာ ပြောမနေနဲ့”

မီးဖိုဘက်က မေမေနှင့် မမမိစကားသံ ထွက်လာသည်။ ခုချိန်ထိ သည်ကိစ္စကို စကားမပြတ်သေး။ ညကလည်း မအိပ်ခင် ဒါပဲ ပြောနေကြသည်။ မမမိက နှစ်ဖက်လုံးနှင့် သိသူပီပီ သူသိသလောက် ဖောက်သည်ချနေသည်။ ဒေါ်ခင်လေးနွယ် အကြောင်း ပြောလျှင် သူ့ကြည့်ရတာ ဒေါ်ခင်လေးနွယ်ဘက်က ရပ်ပုံရသည်။ ဦးကျော်လွင်အကြောင်း ပြောပြန်တော့လည်း မမမိကြည့်ရတာ ဦးကျော်လွင်ဘက်သားလိုလို။ နှစ်ဦးနှစ်ဖက် သူ့ဟာနှင့်သူတော့ အဆိုးအကောင်း မှန်နေသလိုမို့ မမမိမှာ စကားသင့်သလို လိုက်လျော ပြောပါလျက်ရှိသည်။

"သူတို့ကို ထပ်ဖိတ်လိုက်သေးတယ် မဟုတ်လား"

"ဖိတ်လိုက်တယ် အန်တီ၊ ဂုဏ်လဲ ဖိတ်တယ်၊ မိမိလဲ ဖိတ်လိုက်တယ်"

"အေး....အေး....ချက် ပြုတ် ပြင် ဆင် နေ ကြ တာ အတွေ့ သွားကြီးနဲ့ မဖိတ်လိုက်ရင် ဘယ်ကောင်းမလဲ၊ လာမယ်တဲ့လား"

"လာမယ်တဲ့"

ဂုဏ်သည် ညီ့ကို ခလုတ်တိုက်မှာလဲစိုး၊ မတ,ဘဲလဲ မနေနိုင်၊ စိတ်ထဲက တိုးတိုးကလေး တ,နေမိကာ ဂုဏ်တ,တာက အသံမထွက်ဘဲတ,တာမို့ နတ်ဒေဝါအပေါင်း မကြားနိုင်ကြပါဘူးဟု ကြံဖန် ဖြေသိမ့်နေမိ၏။

မနေ့ညနေက အိမ်ရှေ့ ကားတစ်စီးရပ်လိုက်တော့ တံခါးနှင့် အနီးဆုံးလူသည် ဂုဏ်ပဲမို့ တံခါးထဖွင့်လိုက်သည်။ ကားပေါ်ကဆင်းလာသော မြနန္ဒာကို မြင်လျှင် ခေါင်းတွေ ချာလပတ်ယမ်း မူးနောက်သွားလျက် စိတ်ထဲကလည်း ထိတ်ခနဲ ဖြစ် သွား မိ လေ သည်။ တစ် ဖက် ဘေး က ဆင်း လာ သော ဦးကျော်လွင်ကိုလည်း ဂုဏ်က တစ်ကြိမ်မှ မမြင်ဖူး။ ပြုံးချို ဖော်ရွေတာ ဂုဏ့်ကို အရေးတယူ ရိုးရိုးကျိုးကျိုး စကားဆိုသော မြနန္ဒာသည် တစ်ချိန်က ညီနှင့် သူ ပတ်သက်မှုကြောင့် ဂုဏ့်ကို အားတုံ့အားနာဖြစ်နေဟန် ရှိလျက် စကားပြောတာပင် ကျိုးကျိုးယိုယိုရှိသော်လည်း ဂုဏ်ထက် အသက်အရွယ်ကြီးမှာ သေချာပါသည်။



မမပိရောက်နေပြီမို့ အများကြီး ပိုမိုအဆင်ပြေသည်။ မမပိက ဟုတ်တာမဟုတ်တာ အပထား၊ စကားကိုတော့ ပါးစပ်က တရစပ်မရပ်မနားနှင့် ရွှန်းရွှန်းဝေနေအောင်ပြောတတ်သူ ဖြစ်လေသည်။ စကားဝိုင်းမှာ မမပိနှင့် ဦးကျော်လွင် ရှိသဖြင့် စကားဝိုင်းက ပိုစိုပြည်ပြည် သိုက်သိုက်ဝန်းဝန်း ရှိသည်။

မြနန္ဒာကလည်း စကားနည်းသည်။ နည်းသည်ဆိုသော်လည်း ဂုဏ့်ထက်တော့ စကားပြောပေသည်။ ဂုဏ်သည် ရှက်သလိုထူသလို မျက်နှာပူအနေခက်လျက် ဒေါသထွက်ကာ ကိုးလိုးကန့်လန့်ကြီး ဖြစ်နေသေးသည်။ ဂုဏ့်အဖြစ်သနစ်ကို မြနန္ဒာလည်း သိမှာပင်။ ထို့ကြောင့် သူက ပြေပြေလျော့လျော့ရှိအောင် တကူးတက ဖန်တီးပေးသည်။

ဂုဏ်ရော သူပါ အနေခက်မည်ဆိုလျှင် ခက်ရမှာချည်းဖြစ်လျက် သူက ပိုနေသာထိုင်သာ နေတတ်ထိုင်တတ် ဖြစ်နေခြင်းဟာ ဂုဏ့်ရဲ့ လူတောမတိုး ရိုးအေးတုံးတာမှုကြောင့်ပင် ဖြစ်သည်။ ဂုဏ်သည် သူတောင်မှ အေးဆေးနိုင်သေးတာပဲဟု စိတ်ကို မနည်းကြီး အားတင်းယူသောအခါ အတန်ငယ် ရဲတင်းလာသည်။

တစ်ဖက်က တမင်တကာ တကူးတက ပြေလည်အောင် ကြိုးစားနေမှုကြောင့်လည်း ဂုဏ့်စိတ်တို့သည် သန့်ရှင်းသည်ထက် သန့်ရှင်းလာနိုင်ကာ အတန်ကြာလျှင် ဂုဏ်ပါ အေးအေးဆေးဆေး ဖြစ်လာ၏။

ထိုအချိန်မှစ၍ ဂုဏ်နှင့် မြနန္ဒာအကြား ရှိနေသော ဂုဏ်၏ စိတ်မှ အဖုအထစ်တို့သည် တစ်စတစ်စ ကျေအေးသွားကြရေတော့တာပါပဲ။

ဂုဏ် နေမကောင်းလျက်ကြားမှ သူတို့ မင်္ဂလာကိစ္စကို ညီမှာ လိုက်လံကူညီနေရခြင်းအတွက် လင်မယားနှစ်ယောက်စလုံး အားတုံ့အားနာစွာ ကျေးဇူးစကားဆို၍မဆုံး ရှိချေသည်။

“ကိစ္စမရှိပါဘူး၊ ဂုဏ် နေမကောင်းတာက ဆိုးဆိုးရွားရွား နာလန်မထနိုင်အောင် ဖြစ်နေတာမှမဟုတ်ဘဲ မြနန္ဒာရယ်၊ ခုမှ ကောက်ကာငင်ကာ အသည်းအသန် ထဖြစ်နေတာလဲ မဟုတ်ပါဘူး၊ ဖြစ်တာကကြာပြီပဲ၊ လူက ထူထူထောင်နဲ့ ကျန်းမာရေးကောင်းပါတယ်”

သူတို့စုံတွဲက မုန့်တွေဝယ်လာသည်။ ဂုဏ့်ကို လူမမာထင်ကာ ဟောလစ်လို အားရှိစေသော အစားအစာမျိုး၊ ကိတ်မုန့် ပန်းသီးလိုဟာမျိုးတွေယူချလာ၏။ ဂုဏ်သည် လက်မခံလိုသော်လည်း သူတို့လင်မယားပေးပုံက ငြင်းရမည့်သူပင် ရိုင်းရာကျတော့မလိုမို့ နောက်ဆုံး၌ အိမ်မှာ ကျန်ရစ်လေသည်။

“ကိတ်မုန့်တို့ဘာတို့က မနက်ဖြန် ဘုန်းကြီးအချိုပွဲထဲ ထည့်ကပ်လဲရပါတယ်၊ နန္ဒာတို့ပါ ကုသိုလ်ရတာပေါ့ ဂုဏ်ရယ်၊ နော်....နော်၊ တခြားဟာတွေက နေကောင်းလဲပဲ စားလို့ သောက်လို့ရတဲ့ ဟာတွေပါ”

အိမ်မှာ ကုလားထိုင် ဆက်တီစားပွဲတွေ ရှင်းကာ ခုံနိမ့်ကလေးတွေ ဝိုင်းချပြီး ပြင်ဆင်ထားတာမို့ မနက်ဖြန် အလှူ



ရှိတာကိုလည်း သူတို့သိတော့သည်။ ဂုဏ်ရော မမမိပါ သူတို့ကို ဖိတ်ဖြစ်လိုက်သေးသည်။ သူတို့ကတော့ ယဉ်ကျေးပျူငှာစွာပင်။

“ဟာ....လာရမှာပေါ့၊ လာမယ်” ဟု တစ်ထိုင်တည်း ခေါင်းညိတ်သွားကြလေသည်။

မနေ့ညနေက ဂုဏ့်အိမ်လာကြမည်ဆိုပြီး သူတို့ ညီရှိရာနေရာကို လိပ်စာမေးရန် ရောက်သွားကြသည်။ ညီက အလုပ်ကိစ္စနှင့် ထွက်သွားတာမို့ ဦးလူကလေးပဲ ရှိနေသည်။ ပုံမှန်ဆိုလျှင်ဖြင့် ဦးလူကလေးသည် ဂုဏ့်လိပ်စာကို မသိပါ။ သို့သော် မနေ့ကမှ ဖိတ်စာရထားတာမို့ ဖိတ်စာထဲမှ ဂုဏ့်လိပ်စာကို ဦးကျော်လွင်နှင့် မြနန္ဒာအား ပြောပြလိုက်နိုင်သည်။

အဲသလိုနှင့် သူတို့ ညနေစောင်း ညဦးပိုင်းမှာ ရောက်လာကြတာပါပဲ။

“ဦးညီရှင်းမှာ ကင်မရာရှိလား”

ပုလုက အခန်းထဲ ပေါက်ချလာကာ မေးမြန်းသည်။

“မရှိပါဘူး ပုလုရယ်”

ဂုဏ်က စိတ်ပျက် လက်ပျက် ဖြေလိုက်မိသည်။ ညီရောက်မလာသေးတာကို ဝမ်းနည်းပူပန်စိတ်နှင့် ဂုဏ့်မျက်နှာလေးမှာ ဘယ်လိုမှ မကြည်လင်။

“ဟင်း....ကင်မရာရှိရင် ယူလာရင် ကောင်းမယ်”

“ပုလုရေ....မရှိပါဘူးဆိုနေမှ၊ အန်တီလေးပဲ သွားသွား နှောင့်ယှက်နေတယ်၊ မရှိပါဘူးဆိုမှ ယူလာရင် ကောင်းမယ်တဲ့”

မမမိက လှမ်းအော် ဟန့်ပြန်သည်။

"သားက နှောင့်ယှက်တယ်ပြောရအောင် အန်တီလေးက ဘာလုပ်နေလို့လဲ"

"မြော်...ပြင်ဆင်နေမှာပေါ့၊ ရှုပ်ကိုရှုပ်တယ်"

"မပြင်ပါဘူး၊ ပြီးနေပြီပဲဟာ၊ ထိုင်နေတာပါ"

"ဘာပဲဖြစ်ဖြစ် ပုလုရေ၊ စကားမရှည်နဲ့၊ လာစမ်း လက်သုတ်ပဝါတွေလာယူ၊ တစ်စားပွဲစီမှာ လိုက်ချ"

မမမိက ပုလုကို ဖမ်းခိုင်းပစ်လိုက်သည်။ ပုလုက ရှုံ့မဲ့မဲ့နှင့် လက်သုတ်ပဝါအခေါက်ကလေးတွေ ယူချနေလေသည်။ မမမိသည် ဂုဏ် စိုးရိမ်တကြီး မျှော်နေပြီဆိုတာ ရိပ်မိပုံရပါသည်။ သူကိုယ်တိုင်လည်း ကိုးနာရီကျော်တဲ့ထိ ရောက်မလာနိုင်သေးသော ညီ့ကို အိမ်ရှေ့ခန်းမှ ဖြတ်လျှောက်တိုင်း တံခါးအပြင် မျှော်ကြည့်ပြီး စောင့်မျှော်နေသည်။

ဘုန်းကြီးများ သွားပင့်သောအခါ မေမေနှင့် ကိုကိုစိုးက ကိုကိုစိုးရုံးကားနှင့် ထွက်သွားကြသည်။ မေမေသည် ညီဘာဖြစ်လို့ မရောက်သေးလဲဟု သိပ်ပြီး ကြည်လင်လှပုံမရှိသော်လည်း ဘာမှထုတ်မပြော။ တကယ်ဆို ရောက်လာပါတော့လား ညီရယ်။ ဘုန်းကြီးသွားပင့်သည့် ကိစ္စတို့ ဘာတို့ ကူညီညာပေါ့ကိုင်ပေးရင်း မေမေနှင့် ရင်းနှီးမှု ရယူပါတော့လား။

ဂုဏ်သည် တစ်ချက် တစ်ချက်၌ အားမလိုအားမရ ညီ့ကို စိတ်တိုချင်သည်။ တစ်ချက်တစ်ချက်၌လည်း ဒေါသထွက်လာမိတာကို နောင်တရလျက် ဘာများဖြစ်နေပါလိမ့်ဟု ပူပန်သည်။



ဘုန်းကြီးများကြွလာကာ ဆွမ်းဘုန်းပေးပြီး ပြန်ကြတော့မည်အထိ ညီမရောက်သေး။ ဧည့်သည်အချို့ စတင်ရောက်လာပြီ။ မေမေသည် စိတ်ရှုပ်သလို မျက်ခုံးတွန့်ကာ....

"ညီရှင်းတစ်ယောက်လဲ ဘယ်လိုဖြစ်နေတယ်မသိဘူး၊ ခုထိကို မလာနိုင်ဘူး၊ သူ့ဟာက ဧည့်သည်ကျနေတာပဲ၊ စောစောစီးစီးလေး လာပါတော့လား၊ ဧည့်သည်တွေတောင်မှ လာကုန်ပါပြီ၊ ဧည့်သည်လိုလာချင်သပဆိုရင်တောင် ခုလောက်ရှိ ရောက်သင့်ပြီ"

ဧည့်သည်တွေရှေ့ 'ဒါက သမက်လေ၊ ဂုဏ့်အမျိုးသားပေါ့၊ သူတို့အိမ်ထောင်ကျတာ တစ်နှစ်ရှိပြီလေ' ဘာဘာညာညာနှင့် မိတ်ဆက်ချင်တာ အဓိကဖြစ်သော မေမေ့သည် အောင့်အည်းမနေနိုင်တော့ဘဲ နှုတ်မှ တစ်စွန်းတစ်စ ပွင့်အန်လာ၏။

ဧည့်သည်တွေ တစ်စတစ်စ များလာသည်။ ဖိတ်စာအောက်ခြေမှာ ဖိတ်ကြားသူနေရာမှ ဂုဏ့် မိဘများ နာမည်အပြင် ညီလေးနှင့် ဂုဏ့်နာမည်ပါ ယှဉ်တွဲထည့်ရိုက်ထားတာကြောင့် ဂုဏ် အိမ်ထောင်ကျသွားတာ မသိသူတွေလည်း မှန်းဆတွေးနိုင်သလို လိုက်သွားပြီဟု သတင်းကြားထား သူတွေကလည်း မေမေတို့ ပြန်လည်လက်ခံလိုက်ပြီဆိုတာ နားလည် သဘောပေါက်ကြသည်။

ဂုဏ်သည် 'အမျိုးသားရော ဘယ်မှာလဲ၊ ဘယ်သူလဲ' ဟု တွေ့ဖူးလိုသဖြင့် မေးကြ မြန်းကြသူတွေကို 'ကိစ္စတစ်ခုရှိလို့၊

ခဏနေ ရောက်လာပါလိမ့်မယ်’ ဟု ဟန်မပျက်နှင့် နှုတ်တိုက်ရွတ်နေရလေသည်။

ဦးလှကလေးတို့ ဇနီးမောင်နှံရော ဦးကျော်လွင်နှင့် မြနန္ဒာပါ အတူတကွ ရောက်လာသည်။ ညီရောက်မလာသေးတာအတွက် ဦးလှကလေးက စိတ်ထင့်သည်။ ‘ဘာများဖြစ်ပါလိမ့်’ ဆိုသည့် စကားက ဂုဏ့် အစိုးရိမ်ကို ဒီရေလို တိုးစေသည်။

ကိုလှဦးတို့ရောက်လာသည့်အခါ ဂုဏ်မှာ ပိုပြီး စိတ်ပူပန်ရတော့သည်။

“ဟ….ဖိုးညီ ဘာများဖြစ်နေလဲ၊ တစ်နေ့က သူ သေချာမှာသွားတယ်၊ ဒီမနက်အစောကြီး သူ့ကားကို ရအောင်လုပ်ပေးပါတဲ့၊ ငါက မနေ့ညနေကတည်းက ပြီးအောင် ပြင်ဆင်ပေးထားပါတယ်၊ ဒီမနက် သူ ကိစ္စဝိစ္စရှိမှာပဲ ကားသုံးဖို့ လိုမှာပဲ ဆိုပြီးတော့ ဒီမနက် သူ ကားလာမယူဘူးဗျာ၊ ဒါနဲ့ ငါတို့လင်မယားလဲ အချိန်တန်လို့ ထွက်လာတာ၊ ဝယ်ရှော့ပ်ကကောင်လေးတွေကိုတော့ မှာခဲ့တယ်လေ၊ ဖိုးညီရောက်လာမယ်၊ ကားယူသွားမယ်ဆိုတာ၊ ကားလဲ လာမယူဘူးဆိုတော့ ဘာဖြစ်ပါလိမ့်”

ဂုဏ်သည် ပိုလို့ပင် စိတ်ပူပန်လာသည်။ မျက်နှာကလေး ပျက်လာကာ….

“သူ ဘာဖြစ်နေလဲမသိဘူး ကိုလှဦး၊ ဂုဏ် စိတ်ပူလိုက်တာ”

“အေးဟ….ငါလဲ စဉ်းစားနေတယ်”



“သူ ဘာပြောသွားသေးလဲဟင်၊ ထူးခြားကိစ္စ”

“ဘာကိစ္စမှ ရှိတယ်မပြောပါဘူး၊ ငါနဲ့တွေ့တာလဲ တစ်နေ့ကကိုး၊ ထူးထူးခြားခြား ပြောတာတစ်ခုပဲ၊ သူ ဒီအိမ်မှာ လိုက်နေဖို့ စဉ်းစားထားပြီးပြီတဲ့”

ဂုဏ်သည် နံဘေးက မေမေ့ကို မျက်လုံးကလေး ကလည်ကလည်နှင့် မော့ကြည့်လိုက်သည်၊ ထိုမျက်လုံးကလေးသည် မျက်ရည်စိုစွတ်လျက် ရှိပြီ။ ခုနက စိတ်တိုဟန်ရှိသော မေမေပင် ကိုလှဦး စကားတွေကြောင့် စိုးရိမ်လာဟန် ရ၏။ သည်အိမ်မှာ လိုက်နေဖို့ စဉ်းစားထားပြီ ဆိုတာ တစ်ခုနှင့်ပင် အတော်ကြီး ကျေနပ်ဝမ်းမြောက်လျက်စိတ်ကြည်လင်သွားသောဂုဏ့် မေမေသည် ညီ့ကို ပူရကောင်းမှန်း သိပြီ။

“အေး….ကြည့်လုပ်ကြပါဦး၊ မေးကြ မြန်းကြပါဦး၊ ကောင်လေး နေမှကောင်းရဲ့လားဟယ်”

“ဒီကအပြန် ကျွန်တော် ဒီကောင့်အိမ် ဝင်သွားလိုက်မယ် အန်တီ”

ကိုလှဦးက ဆိုသည်။

“ဂုဏ်လဲ လိုက်ချင်တယ်”

“အို….သမီးက ဘယ်ကိုလိုက်မှာလဲ”

“အိမ်ကို မေမေ”

ဂုဏ်သည် မေမေ့ မျက်နှာကို အသနားခံကာ မော့မော့ကလေး ကြည့်မိသည်။

“တစ်ခုခုဆိုရင် အိမ်ကဖုန်းလဲ ပျက်နေတာ၊ ဖုန်းဆက်ပြောလိုက်လို့လဲ မရဘူးမေမေ၊ ဂုဏ် စိတ်ပူနေတာ မနက်

ကတည်းက၊ ညီလေးက အစောကြီး လာမှာလို့ ပြောသွားတာ၊ အခု သူ ကားတောင့် ခုထိ လာမယူဘူး”

“သမီး ဘယ်လိုပြန်မလဲ”

“ကျွန်တော်တို့ ပို့ပေးလို့တော့ ရပါတယ်”

ကိုလှဦးဇနီးကလည်း ဂုဏ်နှင့်ညီ ကွဲနေသည့် သတင်းကြားကာ စိတ်မကောင်းလို့ ဆိုနေသူပီပီ ထည့်လိုက်ဖို့နှင့် သူတို့ ပြန်ပို့ပေးပါမည့်အကြောင်း မေမေ့ကို ဝင်ပြောရလသည်။

“သမီးခြေထောက် သက်သာခါစနဲ့ လှေကား ပြန်တက်ရင်....”

“မေမေ၊ ဘယ်အချိန်ထိ ဂုဏ် ထိုင်စောင့်နေရမှာလဲဟင်၊ ဂုဏ် ခြေထောက်က သိပ်ကောင်းနေပါပြီ၊ အိမ်ကိုလိုက်ပြီး အိမ်မှာမတွေ့ရင် ဘာဆက်လုပ်ရမယ် စဉ်းစားလို့ တောင်မရသေးဘူး၊ ဂုဏ်တို့ဘက်က နောက်ကျသွားတာမျိုး....”

“ဟဲ့....ဖွဟဲ့၊ ကဲ...လိုက်သွား....လိုက်သွား၊ ဖေဖေနဲ့မေမေတော့ မလိုက်နိုင်ဘူးကွယ်၊ ဒီမှာ အလှူကြီး ဆွမ်းကျွေးကြီး တန်းလန်းနဲ့”

“ဂုဏ်လိုက်သွားမယ်နော် မေမေ”

ကိုလှဦးတို့ ဇနီးမောင်နှံမှာလည်း ကသုတ်ကရက် ထကြရတော့သည်။ သုံးယောက်သား ဂုဏ်တို့ တိုက်ခန်းငယ်လေးဆီသို့ တိတ်ဆိတ်သော အတွေးကိုယ်စီနှင့် ဦးတည်လျက်သား။

သို့ရေ....ဂုဏ်....ချိုင်းထောက်ကဖေး ဖယ်ပြီး အစောကြီး



ကောင်းကောင်း လျှောက်နိုင်နေပြီဆိုတာ ညီ့ကို ပြောပြမလို့ကွယ်။

* * *

ညီသည် ဟင်းခန်း သက်ပြင်းကြီး တစ်ချက်ချကာ အိတ်ကို ဇစ်နှစ်ခု ဆွဲပိတ်ပြီး ပြေးလွှားခုန်ပေါက် နေရတာကြောင့် ချွေးတွေ ပေတူးရွှဲနစ်နေကာ ရေချိုးချင်လှပြီ ဖြစ်သော်လည်း ရေချိုးမနေအားပါ။ ဆယ့်တစ်နာရီ ကျော်ပြီ။

ဂုဏ် ဒေါသတွေထွက်၊ ဝမ်း တွေ နည်း နေ လောက် ပြီ၊ ယောက္ခမများဟာလည်း ကဗ် ဘက်တောင် စိတ်တိုနေလိုက်မလဲ။

ဂုဏ်နှင့် ပြေလည်ကြည်နူးမှုလေး စမည်ကြံခါရှိသေး။ သူ့ဘက်က ပျက်ကွက်မှုက ရုပ်ဆိုးနေပြီ။ ဘယ်လိုမှလည်း သူလွှဲရှောင်လို့ မရနိုင်တာ။ နံနက်ငါးနာရီလောက်မှာ အခန်းဝက ဘဲလ်မြည်သံကြားရပြီး ထဖွင့်လိုက်တော့ တစ်ကြိမ်မှမမြင်ဖူးသော လူငယ်ကလေးသည် ညီ့ဒေါ်လေး ခိုကိုးနေသော ဘုန်းကြီးကျောင်းမှ ကျောင်းသားကလေး ဖြစ်နေသည်။

ဒေါ်လေးကို ညက ဆေးရုံတင်လိုက်ရကြောင်း။ အူမကြီးမှာ အနာဖြစ်လျက် အူပိတ်မလိုဖြစ်ကာ အလူးအလိမ့် ဗိုက်အောင့်လာတာကြောင့် ညတွင်းချင်း ဆေးရုံပို့ပြီး သည်နေ့ နံနက် ရှစ်နာရီမှာ ခွဲစိတ်ခန်းသို့ ဝင်ရမည် ဖြစ်ကြောင်း။ အဖော်အလော့ဆို၍ ဒေါ်လေးကဲ့သို့ပင် ဘုန်းကြီးကျောင်းမှာ ဘုရားတရားကိစ္စ၊ သံဃာတော် ဝေယျာဝစ္စ လာလုပ်နေ

သည့် မိန်းမကြီးတစ်ယောက်သာ ရှိကြောင်း။ ဘာလုပ်လို့ ဘာကိုင်ကြရမည်မသိသည့်အပြင် ဒေါ်လေးသည် ညီ့ကိုအား ကိုးအားထား တမ်းတမှာယူနေကြောင်း။ သူ့ကိုယ်သူလည်း တစ်စုံတစ်ခု ဖြစ်မည်ဟုသာ အထင်ရောက်လျက် ညီ့ကို ခွဲခန်း မဝင်ပဲ 'တွေ့သွားရမှ စိတ်အေး မဖြောင့်ဖြူးနိုင်မည် ဖြစ်ကြောင်း။ ချက်ချင်းလိုက်ခဲ့ဖို့....။

ညီသည် အတူနေစဉ်ကရော၊ ခုလို ခွဲနေခိုက်မှာရော သံယောဇဉ် အကင်းလုံးကြီး မဟုတ်သော ဒေါ်လေးကို ခုလို ကြားရတော့ စိုးရိမ်တကြီး သနားသွားရသည်။ သူ့ တစ်သက်လုံး ဆိုးချင်သလိုဆိုးပေရော့ကာကို သည်းခံခွင့်လွှတ်ကာ အပြုံးတစ်ချက် မပျက်ဘဲ သူ့ကို ချစ်ရှာသည့် ဒေါ်လေး....။ ဂုဏ်ကို ခိုး ပြေး တော့ လည်း ဒေါ်လေးကို ဘာအကျိုး အကြောင်းမှ မပြောခဲ့။ ဒေါ်လေးခမျာ စိတ်ပူငိုယို ကျန်ရစ်ရှာသတဲ့။ နောက်မှ သတင်းစုံစမ်းကာ ဒေါ်လေး နေ နေသော ဘုန်းကြီးကျောင်းသို့ ညီ လိုက်သွားပြန်တော့လည်း ဒေါ်လေးက တရားရိပ်၌ မွေ့ချင်ပြီ၊ ဘယ်လောက်ပဲ တရား ရိပ်၌ မွေ့ချင်ပြီဆိုဆို ပါရမီဓာတ်ခံ နုနယ် နေသေးတော့ လည်း သေခါနီးဟု သူ့ကိုယ်သူ စိတ်မချနိုင်ချိန်မှာ ချစ်သော တူကို တမ်းတနေရရှာသည်။

ညီသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် ဆေးရုံသို့ ရောက် သွားရသည်။ ညီ့ကိုတွေ့သောအခါ ဒေါ်လေးသည် ဝမ်းသာအားတက်လျက် ဗိုက်အောင့်နေတာပင် မေ့ကာ စကား တွေ မရပ်မနား ပြောတော့သည်။



ရှစ်နာရီ ခွဲခန်းဝင်ရမည် ဆိုပေမယ့် ရှစ်နာရီမှ ခွဲစိတ်မှု စကြသည် မှန်သော်လည်း ဒေါ်လေးက ပထမဆုံး ခွဲလူနာ မဟုတ်။ နံပါတ်ငါး....။

“ဖိုးညီ၊ ဒေါ်လေးက ဘာဖြစ်မယ်မပြောနိုင်ဘူး၊အသက် ကလဲ ကြီးပါပြီ၊ သားဆီ ဒေါ်လေး လာတွေ့ဖို့ ကြိုးစား နေတာ၊သားကိုလဲ မလာနဲ့ ပြောထားတော့ သားကမရောက် လာ၊ ခုတလော ကျန်းမာရေးက တချောင်ချောင်နဲ့မို့ မလာဖြစ်တာ၊ လာဖို့ ကြံစည်နေတာ နှစ်ပတ်လောက်ရှိပြီ။ ဒေါ်လေးငှားထားတဲ့အိမ်ကို ငှားထားတဲ့လူငှားတွေက [illegible] စေ့လို့ ပြန်အပ်သွားပြီလေ၊ ဒီအိမ်ကလေး သားကို အမွေ ပေးချင်လို့၊ ဒေါ်လေးမှာလဲ ပေးစရာဆိုလို့ ဒီတစ်ခုပဲ ရှိတာ ပါ၊ ဒေါ်လေးပိုင်တာလဲ ဒါပဲ၊ ဒေါ်လေးမှာ ပေးစရာရှိ တာလဲ သားတစ်ယောက်ပဲ၊ အဲဒီအတွက် သားကို လာတွေ့ ချင်တာ ဖိုးညီရယ်”

ဒေါ်လေး ခွဲခန်းထဲဝင်သွားသောအခါ ညီသည် ဒေါ်လေးအတွက် စပါယ်ရှယ် နာ့စ်ရဖို့ လိုက်လုပ်ရသည်။ နာ့စ် ရမှ ဖြစ်မည်။ ဒေါ်လေးရဲ့ အဖော်မိန်းမကြီးသည် ဘာမှ မလုပ်တတ် မကိုင်တတ်။ နာ့စ်ရအောင်လည်း သူ ကြံဆောင် နိုင်မှာမဟုတ်။ ညီသည် အလွယ်တကူ ရှာမရသဖြင့် သူနာပြု များ အဆောင်အထိ လိုက်ရသည်။ ဆရာမတစ်ယောက်က စေတနာနှင့် လိုက်လံကူညီသဖြင့် စပါယ်ရှယ် နာ့စ်ငှားရ အဆင်ပြေသွားသည်။

ဒေါ်လေး ခွဲခန်းမှ ထွက်လာပြီးသော် သတိရသည်အထိ ညီ စောင့်နေဖို့ လိုအပ်သည် မဟုတ်လား။ သည်ကြားထဲ ညီ ဂုဏ်တို့အိမ်ကို ဖုန်းနှစ်ကြိမ် ခေါ်ပါသည်။ လာကိုင်မည့်သူ မရှိ။ အလှူနေမို့ လူမရှိတာတော့ လုံးဝမဟုတ်။ မအားလပ်လို့ပဲ ဖုန်းခေါ်ဖြုတ် ထားသလား။ ဒါမှမဟုတ် ဖုန်းပျက်နေသလား။

ဒေါ်လေး သတိရလာပြီ။ အခြေအနေ ငိုးရိမ်စရာ မရှိတော့မှ ဒေါ်လေးကို နာ့စ်နှင့် ခေါ်ထားရစ်ကာ ညီ အိမ်ကို ပြန်ရသည်။ သူ သည်လောက် နောက်ကျနေတာအတွက် ဂုဏ် အားလုံး စိတ်ပျော်ရွှင်နိုင်အောင် တစ်ခါတည်း အိမ်ပေါ် အပြီးတက်သည့်သဘော။ သူ အဝတ်သေတ္တာပါ သယ်သွားချင်သည်။ သည်လောက် နောက်ကျပြီးမှတော့ မိနစ်နှစ်ဆယ် နာရီဝက် ထပ်နောက်ကျလို့လည်း ဘာမှ မထောင်းတာတော့ပြီ။

လှေကားမှ တက်လာသော ဂုဏ်သည် အပေါ်ထပ် မရောက်မီ လှေကားတစ်ဆစ်ချိုး၌ မမနွယ်တို့ သားအမိနှင့် ဘွားခနဲ တွေ့လိုက်ရလေသည်။

"ဟယ်....ဂုဏ်"

မမနွယ်က အံ့အားတသင့်နှင့်....

"မမတို့က ခုပဲ ဂုဏ်တို့အိမ် လာမလို့၊ အခု ထွက်လာတာ"

"ဟို....ညီ....ညီလေးရောက်မလာလို့ မမနွယ်၊ ဂုဏ်စိတ်ပူပြီး လာကြည့်တာ"



ဂုဏ့် လေသံလေးနှင့် မျက်နှာထားကြောင့် မမနွယ် မျက်မှောင်ကုတ်သွားပြီး....

"မရောက်သေးဘူးလား၊ အခုအဆင်းမှာတော့ [illegible] အခန်း မကြည့်မိခဲ့ဘူး၊ မနက်ကတော့ ကိုညီရှင်း..."

"ညီ....ညီလေး ဘာဖြစ်လဲဟင်"

"ညီရှင်း ဘာမှမဖြစ်ပါဘူး၊ နံနက်အစော[illegible]ကြီးကွယ်၊ သူ့ အခန်း ဘဲလ်ကို ထပ်ခါထပ်ခါ နှိပ်နေတာကြား[illegible]ဘာနဲ့ မမနွယ် [illegible]ထိ ဆိုပြီး လဲ ထကြည့်မိသား၊ သူ့ အဒေါ် အသည်းအသန်ဖြ[illegible]ကာ ကောင်လေးတစ်ယောက် လာခေါ်သွားတာ ကော[illegible]င်ကာပဲ ပါသွားလေရဲ့"

ဂုဏ်သည် ရင်ဘတ်လေးဖိကာ ခဏမျှ အမောဖြေလိုက်ရင်း....

"သူ့ ဒေါ်လေးများ စိုးရိမ်နေရလို့လား မသိဘူး"

ပြန်ဆင်းရန်း ဆက်တက်ရန်းနှင့် ကိုလှဦးတို့ ဇနီးမောင်နှံလည်း လမ်းခုလတ်မှာပဲ ရပ်နေကြလေသည်။ အဲသည်အခိုက် အတန့်ကလေးမှာပဲ အပေါ်က ဒရောသောပါး ဆင်းလာသော ညီသည် လက်ဆွဲသေတ္တာကြီး မနိုင်မနင်းနှင့် လှေကားလက်ရန်းကို အားပြုကာ ကသုတ်ကရက်နိုင်နေသဲ အောက်မှာ ရုံးစုစုဖြစ်နေသော ဂုဏ်တို့အုပ်စုကိုမြင်လျှင် အံ့အားသင့် ဝမ်းသာသွားမိလျက်....

"ဟင်....ဂုဏ်"

"ညီ"

"ညီရှင်း ဘယ်တုန်းက ပြန်ရောက်နေတာလဲ"

တစ်ယောက်တစ်ပေါက်နှင့် စကားသံတွေ လုံးထွေး ထွက်လာရ၏။ ညီသည် ကမန်းကတန်း ဆက်ဆင်းလာရင်း....

"ဂုဏ်ရယ် လိုက်လာရတယ်လို့၊ လှေကားတက်နေရပြီကွာ၊ မနက်က ဒေါ်လေး...."

"ညီ၊ ဂုဏ်[illegible]ပြုံးပြီ"

ဂုဏ်က ပြုံးချိုစွာ စကားလက်စကို ဖြတ်ပစ်လိုက်ရင်း....

"ဂုဏ်ရဲ့ ခြေထောက်လေး အတက်အဆင်း ကောင်းကောင်း ရနေပြီ၊ ဟာဒီချိုင်းထောက် မပါရင်တောင် အဆင်ပြေစ ပြုနေပြီ၊ ဂုဏ် လှေကားတက်နိုင်ပါတယ်....သိလား"

ဂုဏ်သည် ညီ့ လက်မှ အငတ်သေတ္တာကို ကျေနပ်စွာကြည့်ရင်း နှုတ်ကလည်း တီတီတာတာ ပြောပြလျက် ချိုင်းထောက်ကို လှေကားလက်ရန်းမှာ မှီလိုက်သည်။

"ဂုဏ်၊ အဲလိုမလုပ်နဲ့ဦး၊ လဲဦးမယ်"

ညီ စိုးရိမ်တကြီး တားမြစ်လိုက်ပေမယ့် ဂုဏ်က ချစ်စဖွယ်သော အပြုံးကလေးနှင့် ညီရှိရာ လှေကားထစ်ဆီသို့ တစ်ထစ်ချင်း ခပ်ဖြည်းဖြည်း တက်ပြလိုက်သည်။ လက်ကလေးနှစ်ဖက် ဘေးသို့ကားလျက် စမ်းစမ်း....စမ်းစမ်းတက်လာသော ဂုဏ့်ကို ညီ မြတ်နိုးကြင်နာစွာ ငုံ့ကြည့်စောင့်ကြိုနေမိလေသည်။

လမင်းမိုမို